www.burmeseclassic.com

# ကမ္ဘာ့ သရဲ တစ္ဆေ ဝတ္ထုတိုများ

BURMESE CLASSIC

min khaik soe san

မင်းခိုက်စိုးစန်



www.burmeseclassic.com

www.burmeseclassic.com


**ပုံနှိပ်မှတ်တမ်း**

| | | |
|---|---|---|
| **စာမူခွင့်ပြုချက်အမှတ်** | – | ၅၁၀၀၁၅၀၉၁၁ |
| **မျက်နှာဖုံးခွင့်ပြုချက်အမှတ်** | – | ၅၁၀၀၆၃၀၉၁၁ |
| **ထုတ်ဝေသူ** | – | ဦးဝင်းသူရလွင်<br>(အိပ်မက်အသစ်စာပေ)<br>၃၈ (၃ လွှာ)၊ ၁၅၃–လမ်း၊<br>တာမွေမြို့နယ်။ |
| **မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်** | – | ဦးဇော်မြင့်ဝင်း<br>(ကာလာရနံပုံနှိပ်တိုက်)<br>၁၈၄ (ဘီ)၊ ၃၁ လမ်း (အထက်)<br>ပန်းဘဲတန်းမြို့နယ်။ |
| **မျက်နှာဖုံးဒီဇိုင်း** | – | Antt Bwere Zin |
| **ပုံနှိပ်ခြင်း** | – | ဒုတိယအကြိမ်<br>စက်တင်ဘာလ၊ ၂၀၁၁ ခုနှစ်၊ |
| **အုပ်ရေ** | – | ၁၀၀၀ |
| **တန်ဖိုး** | – | ၁၈၀၀ ကျပ် |

၈၉၅ ● ၈၃

မင်းခိုက်စိုးစန်

ကမ္ဘာ့သရဲသရဲွေ့ဝတ္ထုတိုများ။ မင်းခိုက်စိုးစန် ။ – ရန်ကုန်၊ အိပ်မက်အသစ် ၊ ၂၀၁၁။

၂၀၅– စာ၊ ၁၃. ၅ × ၂၁ . ၅ စင်တီမီတာ။

(၁) ကမ္ဘာ့သရဲသရဲွေ့ဝတ္ထုတိုများ


BURMESE CLASSIC

**အိပ်မက်အသစ် မှ ထွက်ရှိပြီး စာအုပ်များ**


| | | |
|---|---|---|
| ၁၈။ | တစ်ဝက်တစ်ပျက်ည | မင်းခိုက်စိုးစန်၊ L မင်းမြင့်ဆန်း |
| ၁၉။ | ငှက်စိုးထွန်းမိုး | သတိုးတေ |
| ၂၀။ | စောင့်နေသူ | သတိုးတေ |
| ၂၁။ | ညည့်နက်သန်းခေါင်ချေးတစ်ကောင် | သတိုးတေ |
| ၂၂။ | နွံလမ်းခြင်းရေးသည် | သတိုးတေ |
| ၂၃။ | အပြာရောင်မှတ်ဉာဏ်အပိုင်းအစများ | ထေမှုးသွင် |
| ၂၄။ | ချစ်သူရှာ | လူမေ |
| ၂၅။ | ညည်းတွားနိုက်တဲ့ ဖုံသံ | သတိုးတေ |
| ၂၆။ | ဦးရှင်ကြီး | ဒီပွကျော်မှာ |
| ၂၇။ | ပန်းဝင်စား | ထေမှုးသွင် |
| ၂၈။ | ဓနေရယ် | လူမေ |
| ၂၉။ | ကလေးအတွေး Essay | မင်းခိုက်စိုးစန် |
| ၃၀။ | ကိန္နရာပြည်သို့ အလည်ရောက်သူ | ဒီပွကျော်မှာ |
| ၃၁။ | ဘာဆိုလားပဲ | လူမေ |
| ၃၂။ | ခေါင်းညိမ့်ပြေးတဲ့ အရိပ်တစ်ခု | ထေမှုးသွင် |
| ၃၃။ | လိပ်ပြာနွဲ့တဲ့ည | ဒဿကျော်မှာ |
| ၃၄။ | စေ့ညှိန်ရာက်ကြမ္မာဆိုး | သတိုးတေ |
| ၃၅။ | 25 | လူမေ |
| | မိစ္ဆာမျက်ရည် | ဒဿကျော်မှာ |
| ၃၇။ | နှင်းဆီရောင်မုန်တိုင်း | ထေမှုးသွင် |
| ၃၈။ | အလင်းအရောင်ကတြိုး | ထေမှုးသွင် |
| ၃၉။ | မိုနိုပိုလီ | လူမေ |
| ၄၀။ | ဆင်ဝင်စားတဲ့လူ | ဒွေ့ကျော်မှာ |
| ၄၁။ | လရိုက်ညခေါ်သံ | ဒဿကျော်မှာ |
| ၄၂။ | သွေးနက္ခတ်ရှင် | ဒွေ့ကျော်မှာ |
| ၄၃။ | အချို့မြစ် | လူမေ |
| ၄၄။ | နတ်သမီးအဆောင် | လူမေ |
| ၄၅။ | ဝိဘတ်ကြမ္မာ | ဒဿကျော်မှာ |
| ၄၆။ | ဘုတာကြီး | လူမေ |
| ၄၇။ | သတ်ပျောက်သစ်ပင် | ဒဿကျော်မှာ |
| ၄၈။ | နွယ်နီဆင်ရိုင်း | သတိုးတေ |
| ၄၉။ | နဂါးခံတွင်းခရီးသည် | ဒွေ့ကျော်မှာ |
| ၅၀။ | တတိယမျက်လုံးရှင် | ဒဿကျော်မှာ |
| ၅၁။ | ပါဆယ် | လူမေ |
| ၅၂။ | ခေါင်း…ခေါင်း…ခြေတစ်ချောင်း | သတိုးတေ |
| ၅၃။ | မနောမဟိဒ္ဓိ | ဒဿကျော်မှာ |
| ၅၄။ | သရဲကျမ်း | ဒဿကျော်မှာ |
| ၅၅။ | မိန်းမရှာရှာ | လူမေ |
| ၅၆။ | ခြေကလိမ်မ မယ်ကာက | ဒဿကျော်မှာ |
| ၅၇။ | သမီးရည်းစားအဘိဓာန် | လူမေ |
| ၅၈။ | မြို့တစ်မြို့ | လူမေ |
| ၅၉။ | သန်းခေါင်ယံညည်းသံ | ဒဿကျော်မှာ |
| ၆၀။ | ဘီဆိုဆိုကေ | လူမေ |
| ၆၁။ | သွေးနီမိတ်တျောက်တိုင် | ဒဿကျော်မှာ |
| ၆၂။ | တစ္ဆေသိုလ် ဖ ခု | လူမေ |
| ၆၃။ | နေ့/ည ၂၄ နာရီကစီး | လူမေ/မှုး |
| ၆၄။ | မြေကြမ်း | ဒဿကျော်မှာ |
| ၆၅။ | ဆက်စေက်ရုံတဲ့ အိပ်မက်ယောင်း | သတိုးတေ |
| ၆၆။ | ကမ္ဘာ့သရဲသရဲွေ့ ဝတ္ထုတိုများ | မင်းခိုက်စိုးစန် |


<u>*ဆက်လက်ထွက်ရှိမည့်စာအုပ်များ*</u>


| | | |
|---|---|---|
| ၆၇။ | ကျားနိုင်ဝိဇ္ဇာ | ဒွေ့ကျော်မှာ |
| ၆၈။ | ရည်းစားထားတဲ့ဂိမ်း | လူမေ |


www.burmeseclassic.com

www.burmeseclassic.com

Eainmakathit presents

မြန်ချိုရေး-ရသ စာအုပ်တိုက်
09-5409322, 09-49220959

# မင်းခိုက်စိုးစန်

## ကမ္ဘာ့သရဲသရဲ့ဝတ္ထုတိုများ

Eainmakathit
38 (3rd-fl), 153rd Lane, Tamwe Ts, Yangon.
095112428, 551403

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

ရုပ်ရှင် ---------- ၇
ချစ်သူတစ္ဆေ ---------- ၂၃
မိစ္ဆာအိမ် ---------- ၄၁
အရင်းနှီးဆုံးသူစိမ်းများ ---------- ၄၉
နောက်ယောင်ခံလိုက်သူများ ---------- ၆၁
ငွေညှစ်သမား ---------- ၈၃
ခေါ်သံ ---------- ၁၀၅
ညနှင့်လူ ---------- ၁၃၉
သင်္ကေတများနှင့်လူ ---------- ၁၅၅
ကတ္တီပါလည်စီးနှင့်မိန်းမပျို ---------- ၁၈၁
စိတ်တစ္ဆေ ---------- ၁၉၅

# ရုပ်ရှင်

A little place off the Edgware Road (Graham Green)

www.burmeseclassic.com

www.burmeseclassic.com

နွေရာသီမိုးက ပါးပါးကလေး ဖွဲဖွဲရွာသွန်းနေ၏။ မိုးရေစက်တွေထဲတွင် တရာဗင်သည် သူ့ရဲကောင်း အာခိလိရုပ်တုနံဘေးမှ ဖြတ်လျှောက်လာခဲ့သည်။ လမ်းမီးတွေ ထွန်းပြီးစအချိန်သာ ရှိသေးသည်။ ကျောက်ဖြူသားမုခ်ဦးဆီ သွားရာ လမ်းတစ်လျှောက်မှာ ကားတွေစီတန်းလျက် ရှိနေကြသည်။ လေ့လာရေး ခရီးတစ်လျှောက်မှာ တွေ့သမျှကို စိတ်ဝင်စားပစ်လိုက်ဖို့ရန် အဆင်သင့် ပြင်ဆင်ထားသော အာရုံနိုးကြား ပြင်းပြနေသည့် မျက်နှာတွေကိုလည်း မြင်ရသည်။

ကရာဗင်သည် မိုးကာအင်္ကျီကော်လာကို တင်းတင်းဆွဲဖေ့လိုက်ရင်း စိတ်ထဲမှာ ခါးသီးခံပြင်းစွာဖြင့် ဆက်လျှောက်လာခဲ့၏။ ဒီနေ့သည် သူ့အတွက်တော့ ဆိုးရွားလှသော နေ့တစ်နေ့ပင်ဖြစ်လေသည်။

ပန်းခြံအတိုင်း လမ်းတစ်လျှောက် သူဆက်လျှောက်လာရင်း ရင်ထဲမှာ တနုံ့နုံ့ဖြစ်နေ၏။ အချစ်ကို လိုချင်ရင် ပိုက်ဆံရှိမှ ဖြစ်မတဲ့လား။ ယောဒီကောင် မွေ့အဖို့ကတော့ ပြင်းထန် အုံကြွနေတဲ့ နှလုံးသားတစ်ခုသာ ပိုင်ဆိုင်လေရဲ့။ အချစ်ကို ရယူပိုင်ဆိုင်နိုင်ဖို့ဆိုလျှင် ဝတ်စုံအကောင်းစား တစ်စုံလိုသည်။ မော်တော်ကား တစ်စင်းလိုသည်။ တစ်နေရာရာမှာ အိမ်ခန်းတစ်ခန်းလိုသည်။ သို့မဟုတ် ဟိုတယ်ကောင်းကောင်းတစ်ခုလိုသည်။ အဲဒါကို ဆယ်လိုဖိန်းစက္ကူစနဲ့ ထုပ်ပိုးထားဖို့ကိုလည်း လိုအပ်မှာပေါ့။



သူ့မိုးကာအင်္ကျီအောက်မှာ ကြိုးတစ်ချောင်းလို တင်းနေသည်ကို တစ်ချိန်လုံး သူသတိထားနေမိခဲ့သည်။ ပြီးတော့ ပွန်းရိရုတ်ပြဲနေတဲ့ အတို ထောက်တွေကိုရောပေါ့။

သူ့ခန္ဓာကိုယ် အတ္တဘောကြီးကို သူစက်ဆုပ်မုန်းတီးသော အရာဝတ္ထုကြီး တစ်ခုလို သယ်ပိုးယူဆောင်လာခဲ့ရသည်။

(ဖြတိသျှ ပြတိုက် စာဖတ်ခန်းထဲမှာ တုန်းကတော့ စိတ်ရှမ်းမြေ့စရာ အကောင်းသား၊ ဒါပေမဲ့ ဟောဒီခန္ဓာကိုယ်ကြီးက သူ့ကို အိမ်ပြန်ခေါ် လာခဲ့တာပါ)

သူ၏ တစ်ခုတည်းသော ခံစားချက်ကတော့ ပျင်းရိငြီးငွေ့ ခြင်းပင် ဖြစ်သည်။ ခန်းခြံထိုင်ခုံတွေပေါ်က အရုပ်ဆိုး အကျည်းတန် လှသော အဖြစ်များအကြောင်း သတိရနေသည်ကို ငြီးငွေ့လှပါပြီ။ လူတွေပြောပြော နေကြပုံက ခန္ဓာကိုယ်ကြီးကပဲ သေဆုံးတာ စောလွန်းသလိုလို ကရာဗင် အတွက်ကတော့ အဲသည်ကိစ္စသည် နိုးရိမ်လောက်စရာ ဒုက္ခတစ်ခု မဟုတ်ပါ။ လုံးဝမဟုတ်ပါ။

သူ့ခန္ဓာကိုယ်ကြီးက အသက်ရှင်မှုကို ထုပ်သိမ်းထားဆဲပင် ရှိသေး၏။ ချွဲခြည်လက်ပသော မိုးရေစက်တွေကြားမှဖြတ်ကာ ပန်းခြံအတွင်းရှိ စတား ဗြောဝင်မြင့်ရှိရာဆီ သူလျှောက်လာခဲ့သည်။ တံခွန်အလံတစ်လက်ကို သယ်လာသော ဝတ်စုံအနက်နှင့် လူခပ်ညှက်ညှက် တစ်ယောက်ဘေးမှ ဖြတ်လျှောက်ခဲ့၏။

"သေဆုံးသွားပြီးတဲ့ ခန္ဓာကိုယ်တွေဟာ တစ်ဖန်ရှင်သန် နိုးထကြလိမ့်မယ်"

အိပ်မက်တစ်ခုကို သူပြန်သတိရလာသည်။ သုံးကြိမ် တိတိ သူလန့်နိုး ခဲ့ရသော အိပ်မက်ပင်ဖြစ်၏။ ထိုအိပ်မက်ထဲတွင် ကမ္ဘာကြီး၏ မြေလွှာအောက် ကြီးမားမည်းမှောင်သော တွင်းထဲ၌ သူတစ်ယောက်တည်း ရှိနေခဲ့သည်။ မြေကြီး အောက်တွင် သချိုင်းမသာ ကျင်းများသည် တစ်ကျင်းနှင့် တစ်ကျင်း ဆက်နေ ကြ၏။ သေဆုံးပြီးသူများ ဘက်ကနေ ကြည့်မည်ဆိုလျှင်တော့ ကမ္ဘာမြေသား အုံလုံးကြီးသည် သူတို့အတွက် ပျားအုံကြီး တစ်အုံပင် ဖြစ်သည်။

အိပ်မက်တိုင်းမှာ ကြောက်စရာကောင်းသော အချက် တစ်ခုကို သူသိ ရသည်။ ယင်းမှာ အလောင်းကောင်ခန္ဓာ ကိုယ်ကြီးပုပ်သိုး ဆွေးမြည်

www.burmeseclassic.com

www.burmeseclassic.com



ပျက်ဆီးသွားမှု မရှိခြင်းပင်ဖြစ်၏။ တီကောင်တွေလည်း ရှိမနေပါ။ ကွဲပျက်ပြီး ဆုံးခန်းတိုင်သွား ခြင်းလည်း မရှိပါ။

မြေသားထုအောက်တွင် ကမ္ဘာကြီးသည် အမှိုက်ပုံးကြီး တစ်ပုံးလို ဖြစ်နေ၏။ ရှင်သန်ထမြောက်ဖို့ တမျှော်မျှော် အသင့် ပြင်ဆင် ထားကြတဲ့ အသားတုံးကြီးတွေ သွေးပြည်တစ္ဆဲ့ရွဲ ဖုးပွ ရောင်ကိုင်းပုံရှုံနေတဲ့ အလောင်းကောင် ခန္ဓာကိုယ်ကြီးတွေနဲ့ ပြည့်သိပ် နေတဲ့အမှိုက်ပုံးကြီးပါပဲ။သူနိုးလာသည့်အခါ အိပ်ရာပေါ်တွင် လှဲရင်းခန္ဓာကိုယ်ဆိုသည့် အရာကြီး တစ်ခုလုံး ပျက်သုဉ်းသွားပြီးသည့်နောက်မှာ ကြီးကျယ်ခမ်းနားလှသော ပျော်ရွှင်မှုသတင်းကောင်း ကြားရကဲ့သို့ အမှတ်ထင်ထင်ရှိနေခဲ့ဖူးလေသည်။

အက်ဝဲလမ်းထဲသို့ သူစပ်သုတ်သုတ်ကလေး လျှောက်သွား လိုက်သည်။ နှစ်ယောက်တတွဲပတ္တရောင် လှည့်သူတွေ လမ်းပေါ် ထွက်လာကြပြီ။

အင်မတန်ခွန်အားနည်းလှတဲ့ရှည်မျောမျောသတ္တဝါ ကောင်တွေပေါ်။ ခပ်တျပ်တျပ်ဆောင်းဘီရှည်များ ဝတ်ထားကြသည့်သူတို့ ခန္ဓာကိုယ်များသည် တီကောင်များနှင့်တူနေ၏။အဲသည် ငတိတွေကို သူမုန်းတီးသည်။နောက်ပြီး ထိုမုန်းတီးမှုကို သူ့ဘာသာသူ ပြန်မုန်းတီးလေသည်။ အဘယ်ကြောင့်ဆိုသော် ယင်းကိစ္စသည် သူ၏မနာလို စိတ်သာ ဖြစ်ကြောင်း သူသိနေ သောကြောင့်ပင် ဖြစ်၏။

သူတို့ထဲကလူတိုင်းလူတိုင်းသည် သူ့ထက်ပိုကောင်း သော ခန္ဓာကိုယ် တခုစီပိုင်ဆိုင်ထားကြသည်ချည်းပင်ဖြစ်သည်။ သူကတော့.....၊ သူ့အစာအိမ်သည် အစာမကြေမှုကြောင့် ခေါက်ရိုးကျိုးနေ၏။သူ့ပါးစပ်မှ အာပုပ်စော်လည်း နံနေမှာသေချာသည်ဟုခံစားရ၏။ ဒါပေမယ့် အဲဒါ၊ သူ...ဘယ်သူ့ကို ဘာသွားပြောရမှာလဲ?



တစ်ခါတလေ.....သူ့ခန္ဓာကိုယ်ကိုသံသယဖြင့် သူပြန်ပြီး ဟိုနားတို့ကြည့်ဒီနားထိကြည့်ပုန်းလျှိုးကွယ်လျှိုး လုပ်ကြည့်သည်။ယင်းသည်သူ၏ အရုပ် အဆိုးဆုံးလျှို့ဝှက်ချက်များထဲမှ တစ်ခုဖြစ်လေသည်။

သူမေ့လျော့ပစ်ထားချင်သောဟောဒီခန္ဓာကိုယ်ကြီးကို ဖြန်လည်ရှင်သန် ယမြောက်လာအောင်လုပ်ဖို့ကိစ္စမှာ သက်ဝင် ယုံကြည်မှုရှိရဲ့လား . . . လို့လာ မမေးကြစမ်းပါနှင့်။ တစ်ခါတလေ ညဘက်များတွင် သူဆုတောင်းဖူးသည်။

(ဘာသာရေးဆိုင်ရာ သက်ဝင် ယုံကြည်မှု တစ်စွန်း တစ်စသည် သစ်သီးမာမာ တစ်လုံးထဲက ပိုးလောက်တစ်ကောင်လိုမျိုး သူ့ရင်အုံထဲတွင် ရှိအောင်းနေပုံရ၏)

သူ့ ဆုတောင်းက

"ဘယ်လိုအကြောင်းနဲ့မှ တပည့်တော်၏ ခန္ဓာကိုယ် ရှင်သန် ထမြောက်ခြင်း မရှိပါရစေနဲ့ ဘုရား"

အက်ဝဲလမ်းမကြီး ဘေးတစ်လျှောက်ရှိ လမ်းမြှောင် ကလေးတွေ အားလုံးကို သူကောင်းကောင်း နှံ့စပ်သိကျွမ်းသည်။ စိတ်လိုသည့်အခါမျိုးဆိုလျှင် ရည်ရွယ်ချက် မည်မည်ရရ မရှိဘဲ အဲသည်လမ်းတွေအပေါ်မှာ သူလမ်းလျှောက်လေ့ရှိ၏။ ဆိုင်ပြတင်း ပေါက်မှန်များပေါ် ထင်ဟပ်နေသော သူ့ပုံရိပ်ကို စွေစောင်းစောင်းကြည့်ရင်း မောပန်းလာသည်အထိ သူလမ်းလျှောက်တတ်သည်။

ထို့ကြောင့် ကူလ်ပါးလမ်းရှိ အသုံးမပြုတော့ဘဲ စွန့်ပစ် ထားသော ဖြစာတ်ရုံ အပြင်ဝတွင် ပိုစတာများ ချိတ်ဆွဲထားသည်ကို သူ့ချက်ချင်းသတိထားမိ သွားခြင်းဖြစ်၏။ ဒါ... လုပ်ရိုးလုပ်စဉ်မှ မဟုတ်ဘဲ၊ ရံဖန်ရံခါဆိုသလိုတော့ သည်ပြဇာတ် ရုံဟောင်းကြီးကို တာက်လေဘာထ်ပြဇာတ်အဖွဲ့မှ တစ်ညနေလောက် ငှားရမ်းခြင်းမျိုး ရှိတတ်သည်။ သို့မဟုတ်လျှင်လည်း ချစ်ရှင်ထရှေးဟောင်း အစုတ် အပြတ်တွေ ကြည့်ချင်ပွဲပြဖို့ ငှားတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သည်ပြဇာတ်ရုံကို ၁၉၂၀ ခုနှစ်တွင် တည်ဆောက်ခဲ့ခြင်း ဖြစ်၏။ ပြဇာတ်ရုံအများအပြား စည်စည်ကားကားရှိရာ နေရာ၏ အပြင်ဘက် တစ်မိုင်လောက် ဝေးနေသောကြောင့် ပရိသတ်များများ စားစား ရဖို့ရန် အကွက်အကွင်း မကျလှသည့်တိုင် နေရာက ဈေးပေါပေါဖြင့် ဝယ်ယူရနိုင်သည့် အတွက် စရိတ်ကာ မိလောက်သည်ဟု အကောင်းဘက်က လှည့်တွက်သူ တစ်ယောက် ယောက်က တည်ဆောက်ခဲ့ခြင်း ဖြစ်ပုံရ၏။ သို့သော် . . . . ဘယ်ပြဇာတ်မှ အောင်မြင်သွားခဲ့ဖူးသည် မရှိပါ။ နောက်တော့ . . ဇာတ်ရုံတစ်ခုလုံးသည် ကြွက်တွင်းများ ၊ ပင့်ကူအိမ်များ ဖြင့်သာ ကျန်ရစ်ခဲ့ တော့သည်။ အပျော်တမ်း ဂုရိယာသမားတွေ ရသေ့စိတ်ဖြေသုံးဖို့လောက် . . . ကြည့်ချင်ပွဲကလေးတွေ ပြဖို့လောက် ဇာတ်ရုံအဖြစ်သဘောသာ ရှိတော့၏။

ကရာဗင်က ရပ်ပြီး ပိုစတာကို ဖတ်ကြည့်လိုက်၏၊ ဩော် ၁၉၃၉ ခုနှစ် ရောက်နေတဲ့ ခုချိန်အထိ အကောင်းမြင် ဝါဒီတွေ ပေါ်ထွန်းလာ သေးသကိုး။ 'အသံတိတ်ရုပ်ရှင်ဂေဟာ' ဒီဇာတ်ကားမျိုး ကနေပြီး ပိုက်ဆံ ဝင်မယ်လို့ အောက်မေ့တာ ကတော့ တော်တော်တုံးတဲ့ အကောင်းမြင်သမားပဲ ဖြစ်မှာပါ၊ ဘာတဲ့ 'ခေတ်ဟောင်းရုပ်ရှင် မြတ်နိုးသူများ၏ ပထမအကြိမ် တင်ဆက်မှု..တဲ့။ အေးပေါ့လေ 'ဒုတိယအကြိမ်' ရှိလာတော့မှာမှ မဟုတ်တာ။

အင်း...ထိုင်ခုံလက်မှတ်ခကတော့ ဈေးပေါမှာပဲ။ သူလမ်းလျှောက် ရသည်မှာ ပင်ပန်းလှပြီ၊ မိုးလွတ်ရာမှာလည်း ခိုချင်သေး၏ ဒီအတွက်--- တစ်သျှိလင်လောက်တော့ တန်ကောင်းပါရဲ့။ သူလက်မှတ်ဝယ်ပြီး မှောင်မည်း နေသည့် ရုံထဲဝင်ခဲ့၏။

အသက်ကင်းမဲ့သော အမှောင်ထဲတွင် စန္ဒရားသံက အနိမ့် အမြင့်မရှိ ငြီးငွေ့ဖွယ် မြည်နေ၏။ လမ်းဘက်ကျကျ ခုံတွင် သူဝင်ထိုင် လိုက်သည်။ ချက်ချင်းဆိုသလိုပင် သူ့ပတ်ပတ်လည်မှာ လူတစ်ယောက်မှ မရှိသည့် အဖြစ်ကို သူသတိထားမိသွား၏။



ဟုတ်နေပါပြီ... ဒုတိယအကြိမ် စီစဉ်တင်ဆက်မှုဆိုတာတော့ မရှိနိုင်တော့ဘူးဆေ၊ ပိတ်ကားပေါ်တွင် နန်းဝတ်နန်းစား ဝတ်ဆင်ထားသည့် မိန်းမကြီးတစ်ယောက်က စိတ်နှလုံးညှိုးနွမ်းနေသည့် အမူအရာဖြင့် လက်ဖဝါးချင်း ဆုပ်ခြေနယ်နေ၏။ နောက် သလွန်ညောင်စောင်း ရှိရာဆီ ယိုင်တိယိုင်ထိုးဖြင့် သွားပြီး ထိုင်ချလိုက်သည်။ အဲသည်မှာ သိုးထိန်းခွေး တစ်ကောင်လို ထိုင်ရင်း ဧရိဗရဲဖြစ်နေသော အနက်ရောင် ဆံနွယ်မျှင်စတွေ ကြားကနေ အဝေးတို ငေးမောကြည့်နေ၏။ တစ်ချက် တစ်ချက်တော့ တုန်ယင်မှုန်ဝါးနေသော ဖလင်ကော် ပြားပေါ်မှ အစက် အပြောက်တွေကြောင့် အရုပ်က ပျောက်ပျောက် သွား၏။ အသံတိတ် ရုပ်ရှင်ကား ဖြစ်သောကြောင့် စာတန်းက ထိုးလာသည်။

"ချစ်သူ ဩဂတ်စတပ်၏ သစ္စာဖောက်ခြင်းကို ခံရသော ပွန်ပီလီယာ တစ်ယောက် သူမ၏ ဒုက္ခဝေဒနာကို အဆုံးသတ် ပစ်လိုက်ဖို့ တွေးနေသည်။"

အမှောင်ထဲမှာ ကျင့်သားရပြီ ဖြစ်သောကြောင့် ကရာဗင် မျက်လုံးထ ဒုံးတန်းတွေကို မြင်နိုင်စပြုလာ၏။ ရုပ်ရှင်ကြည့် ပရိတ်သတ်က အယောက် နှစ်ဆယ်ပင် မပြည့်၊ စုံတွဲအချို့က ခေါင်းချင်း ဆိုင်မှီကာ စကားတွတ်ထိုးနေ ကြသည်။ တစ်ကိုယ်တည်း သမားတွေလည်းရှိ၏။ သူ့လိုပင် အဝေါစား နိုးဟာအကျီလောက်သာ ဝတ်ထားနိုင်ကြသူများ ဖြစ်၏။

အဲသည်လူတွေ ထိုင်ခုံပေါ် လှဲမှီနေကြပုံမှာ အလောင်းကောင်များနှင့် တူနေသည်။ ကရာဗင်၏ စိတ္တဇအစွဲက ပြန်ပေါ်လာ၏။ သွားကိုက်သလိုမျိုး ကိုက်ခဲနာကျင်စေတဲ့ ကြောက်ရွံ့စိတ်ပေါ့။ သူ စိတ်မချမ်းမြေ့စွာ တွေးလိုက်မိ သည်။

ငါရူးတော့မယ်။ အဲသည်လိုမျိုး တခြားလူတွေက ခံမှ မခံစားကြတာ ---။ စွန့်ပစ်ခံထားရသော ဇာတ်ရုံကြီး၏ အနေအထားက ရှင်သန် ထမြောက်မှီ စောင့်ဆိုင်းနေသော အလောင်းကောင်ခန္ဓာကိုယ်များ လဲလျောင်းရာ အဆုံးမရှိ သည်လျားမည်းမှောင်နေသည့် မြေတွင်းလိုဏ်ခေါင်းတွေကို ပိုသတိရစေသည်။

"ဩဂတ်စတပ်က ဝိုင်အရက် ထပ်ယူလာရန် အစေခံကို ခေါက်ငင်း

www.burmeseclassic.com



စေလိုတ်သည်။”

သက်လတ်ပိုင်းအရွယ်ရှိ ကျူတန်ရုပ်ရှင်သရုပ်ဆောင် တစ်ယောက်က မိန်းမကြီးတစ်ယောက်ကို ပွေ့ဖက်လဲလျောင်း နေပုံ ဖျတ်ခနဲပေါ်လာ ပြန်၏။ နွေဦးပေါက်ရာသီဘွဲ့သီချင်းသံက မဆီမဆိုင် ကြောင်တက်တက် ထွက်ပေါ်လာသည်။ ရုပ်ရှင်ပိတ် ကားမြင်ကွင်းက အစာမကြေသည့်နှယ် တဖျပ်ဖျပ်ဖြစ်သွား၏။

အမှောင်ထဲတွင် သူ ထိုင်နေရာခုံတန်းအတိုင်း တစ်ယောက်ယောက် လာနေသည်ဟု ခံစားသိဖြင့် သိလာသည်။ ထိုလူက သူ့ဒူးခေါင်းကို ပွတ်တိုက်သွား၏။

ခပ်သေးသေးညှက်ညှက် လူတစ်ယောက်။

ထိုလူ့ပါးစပ်ကို ပွတ်တိုက်နေသည့် မုတ်ဆိတ်မွေး ထူထူကို ကြည့်ရင်း ရင်ထဲမှာ မနှစ်မြို့မှု အာရုံတစ်မျိုးကို အလိုလိုခံစားလာရသည်။ ထိုဝင်လာသူက တစ်လျက်ထိုင်ခုံတွင် ဝင်ထိုင်လိုက်ပြီး သက်ပြင်းတစ်ချက် ရှည်ရှည်လျားလျား မှုတ်ထုတ် လိုက်သံကို ကြားရ၏။ ပိတ်ကားပေါ်တွင် အဖြစ်အပျက်များက လျှင်မြန်စွာ လှုပ်ရှားပြောင်းလဲလျက် ရှိကြသည်။ ပွန်ပီလီယာက သူမကိုယ်သူမ ဓားဖြင့်ထိုးကာ အဆုံးစီရင်ပြီး တောင်နေပြီ။(သူမကိုယ်သူမ သတ်သေလိုက်ခြင်းပဲ ဖြစ်မည်ဟု ကရာဗင် ကတော့ထင်သည်။) ပွန်ပီလီယာက လဲကျငြိမ်သက်နေသည့်တိုင် ရှိုက်ဖိုကြီးငယ် အသွယ်သွယ်တို့က မက်မောစဖွယ် ကြည့်ကောင်းနေဆဲ။ သူမဘေးတွင် အစေခံများက ဝန်းရံငိုကြွေးနေကြ၏။

အသက်မရှူဘဲ ခပ်တိုးတိုးပြောလိုက်သည့် လေသံက ကရာဗင်၏ နားရွက်နားကပ်လျက် ထွက်ပေါ်လာသည်။

“ဘာဖြစ်တာလဲဗျ။ ဟို မိန်းမ အိပ်နေတာလား”

“ဟင့်အင်း ၊ သေနေတာ”

“အသတ်ခံရတာလား”

မေးလိုက်သည့်အသံက စိတ်ဝင်စားမှု ထက်သန်လျက်။

“အသတ်ခံရတယ်လို့တော့ မထင်ဘူး၊ သူ့ကိုယ်သူ ဓားနဲ့ထိုးတာပဲ”



သူတို့နှစ်ဦးစကားပြောနေကြသည်ကို “ရှူး ၊ တိုးတိုး”ဟု ဟန့်တားမည့်သူ မရှိပါ။ ဘယ်သူကမှ ရုပ်ရှင်ကို စိတ်မဝင်စားသောကြောင့်ဖြစ်၏။ ထိုင်ခုံ အလွတ်တွေကြားမှာ ငြီးငွေ့စိတ်ပျက်စွာ ခေါင်းငိုက်စိုက်ကျနေသူများ ရှိသည်။

ရုပ်ရှင်က ခုထိ မပြီးနိုင်သေး။ ခွေစဉ်မျိုးဆက်တွေအထိပါ ဇာတ်လမ်းတဆက်နေဦးမယ်ထင်ပါရဲ့ဟု သူတွေးလိုက်မိ၏။ သူနှင့်ကပ်လျက် ထိုင်ခုံတွင် ထိုင်နေသော မုတ်ဆိတ်မွေးနှင့် လူညှက်ညှက်ကတော့ ရုပ်ရှင်ထဲမှ ပွန်ပီလီယာ သေဆုံးခန်းကိုသာ စိတ်ဝင်တစားရှိနေပုံရသည်။ ထိုလူ့အတွက်တော့ စဝင်လာလာချင်း တွေ့လိုက်ရသည်။ ဖြကွက်ဖြစ်သောကြောင့် သူ့ကို ညို့ငင်ဖမ်းစားထားနိုင်စွမ်း ရှိပေမည်။

“တိုက်ဆိုင်လိုက်တာ”

ဟူသည့်စကားတစ်ခွန်းတည်းကို ထိုသူ နှစ်ခါထပ်၍ ပြောသံကြားရသည်။ ထိုလူက သူ့ကိုယ်သူ ကြားရရုံလေသံဖြင့် ခပ်တိုးတိုး ဆက်ပြောနေ၏။

“စဉ်းစားကြည့်စမ်း၊ အမီပွါယ်မဲ့လိုက်တာ”

ဟုတ် . . . ဆက်ပြောနေပြန်သည်။

“သွေးတစ်စက်မှ မထွက်ဘဲနဲ့”

ကရာဗင်က ထိုသူ့စကားကို နားထောင်မနေပါ။ ဒူးခေါင်းနှစ်လုံး ကြားတွင် လက်များကို ချိတ်လျက် ရုပ်ရှင်ပိတ်ကားပေါ်မှ အဖြစ်အပျက်များကို ငေးကြည့်နေသည်။ သည်လိုအဖြစ် အပျက်ပေါင်း များစွာကို အရင်က မထေမဆာကြုံတွေ့ဖူးသူ တစ်ယောက်လိုမျိုး အကြည့်ဖြင့် ငေးနေခြင်းဖြစ်၏။ သူ့အတွက် အန္တရာယ်က သူ့ရှေးသွပ်သွားတော့မည်ဟု ခံစားနေရခြင်းပင် ဖြစ်လေသည်။ သူ့ကိုယ်သူ ဆွဲထူ အားလပ်ရက် တစ်ရက်ယူပြီး ဆရာဝန် တစ်ယောက်ဆီ သွားပြရမည်။

(သူ့သွေးပြန်ကြောတွေထဲမှာ ဘယ်လိုရောဂါပိုးမွှားတွေ လှုပ်ရှားဖျည့်ဝတ်နေတယ်ဆိုတာကိုတော့ ဘုရားသခင်မှပဲ သိပေမပေါ့။)

www.burmeseclassic.com

www.burmeseclassic.com



ဘေးထိုင်ခုံက မုတ်ဆိတ်မွေးနှင့်လူက သူ့ကို စကားလှမ်း ပြောနေကြောင်း သူသတိထားမိသွား၏။

"ဘာ?"

သူက စိတ်မရှည်စွာ ပြန်မေးလိုက်သည်။

"ခင်ဗျား ဘာပြောလိုက်တာလဲ"

"ခင်ဗျားထင်တာထက်တောင်မှ ပိုပြီး သွေးတွေအများကြီးထွက်တာဗျ"

"နေစမ်းပါဦးဗျ ၊ ခင်ဗျား ဘာအကြောင်းပြောနေတာလဲ" ထိုမုတ်ဆိတ်နှင့် လူက ပါးစပ်ကို သူ့ဘက်လှည့်ပြီး စကားပြော သည့်အခါ နီထိုင်းထိုင်းလေငွေ့ဖြင့် အမှုတ်ခံရသလို ခံစားရ သည်။ ထစ်အသူတစ်ယောက် စကားပြောပုံမျိုး လေးလုံးမကွဲ။ ထိုလူက ပြော၏။

"ခင်ဗျား လူတစ်ယောက်ကို သတ်တဲ့အခါကျရင် . . ."

"ဒီကားထဲမှာ သေတာက မိန်းမပါဗျ"

"ယောကျ်ားဖြစ်ဖြစ် ၊ မိန်းမဖြစ်ဖြစ် အတူတူပါပဲလေ"

"ကျုပ်က လူသတ်စရာ ဘာအကြောင်းမှမရှိတာ"

"အဲဒီလို ကျုပ်က ဆိုလိုတာမဟုတ်ဘူးလေ"

အမှောင်ထဲတွင် အနှစ်သာရကင်းမဲ့စွာ အဓိပ္ပါယ်မရှိ ငြင်းခုံနေ ကြသူ နှစ်ယောက်လို ဖြစ်နေ၏။

မုတ်ဆိတ် နှင့် လူက သူ့ကိုယ်သူ လွန်စွာမှ အထင်ကြီး လှသည့် လေသံမျိုးဖြင့် ပြောလိုက်သည်။

"ဒီမယ် ၊ ကျုပ်သိတယ်ဗျ"

"ဘာသိတာလဲ"

"အဲဒီ သတ်တဲ့ ဖြတ်တဲ့ကိစ္စမျိုးကိုပေါ့"

ထိုလူပြောနေပုံက အဓိပ္ပါယ်မရေမရာ ထိန်းထိန်းသိမ်းသိမ်း သတိထားပြီး ပြောနေရပုံမျိုး။ ကရာဗင်က ထိုလူဘက်သို့ လှည့်လိုက်ပြီး သဲသဲကွဲကွဲ



မြင်ရအောင်ကြိုးစားကြည့်သည်။ ဒီလူ ရူးများ ရူးနေသလား။ ရုပ်ရှင်ရုံထဲ ဝင်ပြီး ဘာမသိ ညာမသိ သူစိမ်းတွေကို မပြောသင့်တာတွေ လျှောက်ပြောနေတာ သူကိုယ်တိုင်လည်း အဲသည်လို ရူးသွပ်သွားနိုင်တဲ့ အကြောင်း သတိပေးတာများလား။

ဘုရား ဘုရား ၊ ဟင့်အင်း ငါ မရူးဘူး။

ငါ အခုချိန်ထိတော့ လူကောင်း ပကတိပဲ။ နောင်ဆိုရင်ကော။ နောင်ဆိုရင်လည်း ငါ့စိတ်က ကျန်းကျန်းမာမာ ရှိနေဦးမှာပါလေ။ ခန္ဓာကိုယ် အသားတုံးအပုံ မည်းမည်းကလေးတစ်ခုအကြောင်း စဉ်းစားပြီး သောကဖြစ်နေမိသည်မှ လွဲ၍ သူ့စိတ်ဘာမှ မဖြစ်ပါ။

မုတ်ဆိတ် နှင့် လူက သူ့ကို စကားလှမ်းပြောနေပြန်လေ သည်။

"ပြောပုံက ၊ ပြောပုံက . . . ။ ဟင်း . . ပေါင်ငါးဆယ်ကြောင့် လုပ်တာလို့ သူတို့က ပြောတာပဲ။ လိမ်ပြောနေတာပါ။ အကြောင်းပြချက်တွေ . . . ဆင်ခြေတွေ။ ခင်းတို့က ပထမ အကြောင်းပြချက်ကိုပဲ အတည်ယူကြတယ်လေ။ ဘယ်တော့မှ နောက်ကို မကြည့်ဘူး။ နှစ်ပေါင်းသုံးဆယ်စာ အကြောင်းပြချက်တွေ။ သောက် . . . အလကားကောင်တွေ ငတုံးတွေ"

အသက်မရှူစတမ်း ပြောနေသည့် လေသံထဲမှာ ကိုယ့်ကိုယ် ကိုယ် အထင်ကြီးပြီး သွေးနားထင် ရောက်နေပုံက မထိန်းနိုင် မသိမ်းနိုင် ဝါလာ ဖြန်သည်။ ဒါဆို . . . အဲဒါ ရူးသွပ်မှုပေါ့။ ကရာဗင်က သူ့ကိုယ်သူ ထိုလူနှင့် နှိုင်းယှဉ်ကြည့် လိုက်သည်။ ငါကတော့ စကားကို မှုမှုတတ ချင့်ချင့်ချိန်ချိန် ပြောတာပဲ။ ဒါဆို . . . ငါ မရူးဘူး။ အက်ဝဲလမ်းပေါ်မှ ပတ္တရောင်တွေ ပန်းခြံထဲက လူတွေလောက်တော့ ငါ့စိတ်ကျန်းမာရေးက ကောင်းချင်မှ ကောင်းမှာပေါ့။ ဒါပေမဲ့ . . . ဟောဒီ မုတ်ဆိတ်နဲ့ ငတိထက်စာရင်တော့ ငါ့စိတ်က အများကြီး ပိုကောင်းတယ်။

ထိုအသိကြောင့် သူ့မှာ သတ္တိစွမ်းအားတွေ ရှိလာသလို ခံစားရလေ သည်။ စန္ဒရားသံက ဆက်လက်ထွက်ပေါ်နေဆဲ။

www.burmeseclassic.com

www.burmeseclassic.com



မုတ်ဆိတ်နှင့် လူက သူ့ဘက်လှည့်ပြီး စိုထိုင်းထိုင်း အာငွေ့ဖြင့် ရှုတ်ပြန်လေသည်။

"ဟိုမိန်းမက သူ့ဘာသာသူ သတ်သေတာလို့ ခင်ဗျားပြောတယ်နော်။ ဒါပေမဲ့ အဲသည်လို ဟုတ် မဟုတ်ဆိုတာ ဘယ်သူက သိလို့လဲ။ ဓားရိုးကို ကိုင်တဲ့လက်က ဘယ်သူ့လက် ဆိုတာ သေချာဖို့ အရေးကြီးတယ်။ ပေါ့ပေါ့မတွေးနဲ့နော်"

ရုတ်တရက်ဆိုသလို ထိုသူ၏ လက်က ကရာဗင်၏ လက်ပေါ် ထုံကြည် ရင်းနှီးပုံမျိုး လာရောက်ဆုပ်ကိုင်သည်။ ထိုသူ့လက်က စိုထိုင်းထိုင်း စေးကပ်ကပ်။

ထိုစဉ်မှာပင် ကရာဗင်က ဖြစ်ချေရှိသော အဓိပ္ပါယ်တစ်ခုံ တစ်ခုကို တွေးမိသွားပြီး အထိတ်ထိတ် အလန့်လန့်ဖြင့် ပြော လိုက်၏။

"ခင်ဗျား ဘာအကြောင်း ပြောနေတာလဲ" မုတ်ဆိတ်နှင့် လူညှက်ညှက်လေးက

"ကျုပ် သိတယ်ဗျ။ ကျုပ်လို အနေအထားမျိုးမှာ ရောက်နေတဲ့ လူတစ်ယောက်အဖို့တော့ အားလုံးလောက် နီးနီးကို သိတော့တာပဲ။"

"ခင်ဗျားရဲ့အနေအထားကဘာလဲ"

ကရာဗင်က မေးလိုက်သည်။ သူ့လက်ပေါ်လာတင် ထားသည့် စေးကပ်ကပ်လက်ကြီး၏အထိအတွေ့ကို ခံစား နေရ၏။ ရူးနေသလား၊ မရူးဘူးလား ဆိုသည်ကိုလည်း စဉ်းစားနေဖြစ်သည်။

ဘာပဲဖြစ်ဖြစ်လေ၊ အကြောင်းပြချက်တွေကတော့ တစ်ဒါဇင်လောက် ရှိနေတာပဲ၊ ဒီစေးကပ်ကပ်တွေက ထန်းလျက်ရည်တွေဖြစ်ချင်ဖြစ်မည်။

"ခင်ဗျားပြောတာနော်၊ သနားစရာပဲ"

တစ်ချက်တစ်ချက်တွင် အသံက လည်ချောင်းထဲ တိမ်ဝင်သွားသေးသည်။ ရုပ်ရှင်ပိတ်ကားပေါ်တွင် ဘာတွေဖြစ်နေ မှန်းမသိ။

ရုပ်ရှင်ပိတ်ကားဆီက မျက်နှာလွှဲလိုက်လိုက်မိတဲ့ အချိန်မှာ



ဓာတ်လမ်းကသူ့ဟာနဲ့သူဆက်သွားနေတဲ့ဥစ္စာ။ ဓာတ်ကောင်တွေ ဖြည်းလေး ဖြင့် ထုံ့ပိုင်း ထုံ့ပိုင်း ရွေ့လျားနေကြ ၏။ ညအိပ်ဝတ်စုံဝတ်မိန်း မပျိုတစ်ယောက်က ငိုကြွေးနေသည်။ သူမကို ရောမစစ်သူကြီး တစ်ယောက်က ပွေ့ဖက်ထားလျှက် သား ရှိ၏။ အဲသည် ဓာတ်ကောင်တွေကို အရင်က ကရာဗင် တစ်ယောက်မှ မမြင်ဘူး။

"မင်းရဲ့ ရင်ခွင်ထဲမှာသာဆိုရင် သေရမှာ ငါမကြောက်ပါဘူး ချစ်းယပ်ရယ်"

ဘေးထိုင်ခုံမှ လူညှက်ညှပ်ကလေးက တစ်ခစ်ခစ် ရယ်မောစပြုနေဖြစ် လေသည်။ ထိုလူက သူ့လက်ကြီးကို ပြန်ရုပ်သိမ်း သွားပြီးသည့်တိုင်ရုတ် ကရာဗင်၏ လက်ပေါ်မှာ စေးကပ်ကပ် တွေစွန်းထင်းကျန်ရစ်နေဆဲရှိသေး၏ အဲဒါသာမရှိရင် ဒီငတိကို လျစ်လျူရှုလိုက်ဖို့ မခဲယဉ်းပါဘူး။

ရှေ့က ထိုင်ခုံကို ထိုငတိက လက်ဖြင့် စမ်းသလိုလို လုပ်နေ၏။ ထိုလူ၏ ဦးခေါင်းက ဘေးသို့ တစောင်းကြီး ငိုက်စိုက်ကျနေသည်။ မွေးရာပါ ချော်မပြည့်သည့် ကလေးတစ် ယောက်၏ အကြောဆွဲပုံမျိုး။

"ဘေးစ်ဝါးတား အလွမ်းဓာတ်"

"ဘာဖြစ်တယ်"

ကရာဗင်က ခပ်ဆတ်ဆတ် ပြန်မေးလိုက်သည်။ ဒီစကားလုံးကို နှမ်းခြံထဲ မဝင်ခင်က ပိုစတာတစ်ခုပေါ်မှာ မြင်ခဲ့ဖူးသည်။

"ဘာ"

"အလွမ်းဓာတ်ဆိုတာကို မေးနေတာ"

"ကူးလင်း မြူးစ် ဘေးစ်ဝါးတားလို့ ခေါ်ကြ တာပဲလေ"

ရုတ်တရက် ဆိုသလို ထိုလူက ချောင်းဆိုး လိုက်သည်၊ ကရာဗင်၏ မျက်နှာဆီတည့်တည့် လှည့်ပြီး ချောင်းဆိုးလိုက်ခြင်းဖြစ်၏။ ရှိုင်းစိုင်း စုတ်ပွဲ ဆိုတ်တာ၊ ထိုလူက အသံကွဲကွဲကြီးဖြင့် ပြောသည်။

"ပြစမ်းပါဦး၊ ကျွန်တော့်ထီး"

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက မတ်တပ်ထရပ်လိုက်သည်။ ကရာဗင်က...

"ခင်ဗျားမှာ လာတုန်းက ထီးမှ မပါလာတာ"

"ကျွန်တော့်ထီး"

ဟု ထိုလူက ထပ်ပြောပြန်၏ နောက်...

"ကျွန်တော့်..."

စကားလုံးတွေ ဆုံးပါးပျောက်ကွယ်သွားကြပုံရ၏။

ထိုလူက ကာရာဗင်၏ ဒူးများကို ထိခတ်ပွတ်တိုက်ပြီး အပြင်သို့ တိုးထွက်သွားသည်။

ကရာဗင်က ထိုလူထွက်သာစေရန်တိမ်းဖယ်ပေးလိုက်၏ ထိုလူက ထွက်ပေါက်လိုက်ကာတွန့်တွန့်ကြီးများဆီသို့ မရောက် ခင်မှာပင် တစ်ရုံတစ်ယောက်က မီးပန်းဆိုင်းကို ဖွင့်လိုက်သည်။ လင်းထိန်သွားသောကြောင့် သူ့လက်ပေါ်မှ အစွန်းအပေများကို ကရာဗင်မြင်တွေ့သွား၏။

ထိုလူပေါက်ကရတွေ လျှောက်ပြောသွားခြင်းမဟုတ်။ အမှန်အတိုင်း ပြောသွားခြင်းပင်ဖြစ်သည်။

သူမရူးပါ။

သူသည် အရူးတစ်ယောက်နဲ့ ခုံချင်းကပ်ထိုင်နေခဲ့ခြင်း ဖြစ်တော့သည်။ အဲဒီလူက မြူးစ်တော့ မြူးစ်ပါပဲ။ နာမည်က ဘာတဲ့ ကိုးလွန်းလား?၊ တောလင်းလား?၊

ကရာဗင်သည် ထိုင်ရာမှ ခုန်ပြီးထလိုက်မိ၏။ နောက်အပြင်သို့ အပြေးအလွှားထွက်သည်။ ကန့်လန့်ကာစ အဝတ်မည်းကြီးက သူ့ပါးစပ်ထဲထို လာတိုးသွား၏။ သို့သော်...သူ နောက်ကျသွားခဲ့ချေပြီ။

ဟိုလူမရှိတော့၊ သွားပြီ။

ရွေးချယ်စရာ နည်းလမ်းသုံးခုပဲရှိသည်။ သူ တာဝန်ရှိသူ များဆီ တယ်လီဖုန်းဆက်ပြီး အကြောင်းကြားရန် ရွေးချယ်လိုက်၏။ ဆုံးဖြတ်ချက်ချလိုက်ပြီးသည်နှင့် သူနှင့်စိမ်းနေသည့် အရေး ပေါ်ဖုန်း နံပါတ် ၉၉၉ ကို



ကြည့်လိုက်သည်။

နှစ်မိနစ်ပင်မကြာ၊ သူဆက်လိုသော ဌာနကို ဆိုက်ဆိုက် မြိုက်မြိုက် ရောက်သွား၏။ တစ်ဖက်မှ တယ်လီဖုန်း ကိုင်သူက စိတ်ဝင်တစားလေသံနှင့် အေးလေးနက်နက် ကြွင်နာ ပုံရသည့် လေသံကို ကြားရလေသည်။

"ဟုတ်ကဲ့....၊ လူသတ်မှုတစ်ခု ဖြစ်သွားခဲ့တယ်။ ဟုတ်တဲ့ ရှိနေပါတယ်ခင်ဗျ။ ကူးလန်းမြူးစ်ပါ။ လည်ပင်းကို ပေါင်မုန့်လှီးတဲ့ ဓားနဲ့ ထိုးသွားလိုက်တာ၊ နားရွက်တစ်ဖက်ကနေ တစ်ဖက်ကို ထိရောခင်ဗျ။ ကြောက်စရာကောင်းတဲ့ မှုခင်းပါပဲ"

ရုပ်ရှင်ရုံထဲ၌ လူသတ်သမားနဲ့ ကပ်လျက်ထိုင်ခုံမှာ သူထိုင် နေခဲ့ရသည့်အကြောင်းကို စတင်ပြောပြသည်။ တခြားသူ မဖြစ်နိုင်ပါ။ အဲသည် ကောင်သာလျှင် လူသတ်သမားဖြစ် ရပေမည်။ သူ့လက်ခုံပေါ်တွင် ယခုထိတိုင် သွေးတွေ စွန်းပေလျက်ရှိနေသေး၏ စိုထိုင်းထိုင်း မုတ်ဆိတ်မွေး တွေနှင့် ထိုလူစကားပြောသည့်အခါ မနှစ်မြို့ဖွယ် ခံစားရပုံကို သူ ပြန်အမှတ်ရလာ၏။

ကြောက်စရာကောင်းလောက်အောင်ကို သွေးတွေအိုင်ထွန်း နေခဲ့သည်။ သို့သော် စကော့တလန်ယဒ် စုံထောက်အဖွဲ့မှ တာဝန်ရှိသူ၏ အသံက ကြားဖြတ်ပြောလာသည်။

"ဟင့်အင်း၊ မဟုတ်ဘူးခင်ဗျ။ လူသတ်သမားကို ကျွန်တော် တို့ ဖမ်းမိထားပါပြီ။ သေချာပါတယ်ခင်ဗျာ၊ မှားစရာ အကြောင်း မရှိပါဘူး။ ပျောက်နေတာက အသတ်ခံရ တဲ့ အလောင်း ခန္ဓာကိုယ်ပါ"

ကရာဗင်က တယ်လီဖုန်းခွက်ကို ပြန်ချထားလိုက်သည်။ သူ့ကိုယ်သူ ယုယ်လောင်စွာ ပြောလိုက်၏။

"ငါ့ကျမှ ဘာလို့ ဒါမျိုးလာဖြစ်နေရတာလဲ"

"ဘာကြောင့် ငါ့ကျမှ"

သူသည် သူ့အိပ်မက်၏ ကြောက်စရာအဖြစ်ထဲသို့ ပြန်ရောက် နေလေပြီ။ အပြင်အပမှ ညစ်ပတ်မှောက်မိုက်နေသည့် လမ်းလေးသည်

www.burmeseclassic.com

www.burmeseclassic.com



အဟောင်းဟောင်း ခန္ဓာကိုယ်တွေ မပျက်မစီး လဲလျောင်းနေရာ အုတ်ဂူ မြေကျင်းများ အချင်းချင်း ဆက်ထားရာ လိုဏ်ခေါင်းများစွာ အနက်က တစ်ခုရှိသော ဖြစ်၏။

"ဒါ အိပ်မက်ပဲ၊ အိပ်မက်ပဲ"

သူပြောရင်း ခန္ဓာကိုယ်က ရှေ့သို့ စိုက်မိုက်ကျသွားသည်။ တယ်လီဖုန်း အထက်နားရှိ မှန်ထဲတွင် သူ့မျက်နှာကို သူပြန်မြင် နေရ၏။

မျက်နှာပေါ်တွင် သွေးစက်ဥကလေးများသည် မှုတ်ဆေးဘူးဖြင့် ချန်းဝက်ခံထားရသလိုမျိုး ပေပွေစွန်းထင်နေ ကြ၏။

"ငါ ရူးမှာမဟုတ်ဘူး၊ ငါရူးသွားမှာမဟုတ်ဘူး။ ငါလုကောင်းပါ၊ ငါ့မရူးဘူး"

လူတွေစုအုံစပြုသည်။ မကြာမီပင်ရဲတစ်ယောက်ရောက် လာလေ တော့သည်။

* * *

# ချစ်သူတစ္ဆေ

The Demon Lover (Elizabeth Bowen)

www.burmeseclassic.com

www.burmeseclassic.com

မစွက်ဒရိုဗာအဖို့ လန်ဒန်ကို နှုတ်ဆက် ခွဲခွာရတော့မည့် နောက်ဆုံးအချိန်ဝင်ဖြစ်သည်။ ပိတ်ထားခဲ့ပြီဖြစ်သော အိမ်ဆီ သူမရောက် လာခဲ့သည်။ ယူသွားရမည့်ပစ္စည်းများကို လျှောက် ကြည့်ရဦးမည်။ တချို့ပစ္စည်း ပစ္စယများက သူမကိုယ်ပိုင်၊ တချို့ကတော့ သူမ မိသားစု၏ ပစ္စည်းများဖြစ်ကြ၏။ သူမ၏ မိသားစုက ယခုတော့ ကျေးလက် ဘဝမှာ နေသားကျနေကြပြီ။

ဩဂုတ်လနှောင်းကိုပင် ရောက်နေကြပြီကော...။

မိုးရေတွေ စိုစွတ်ကာ ရေငွေ့တို့ဖြင့် ထိုင်မှိုင်းနေသည့် နေ့ရက်တစ်ရက်ဖြစ်သည်။ နေ့လည်ခင်း နေရောင်ခြည်က စိုထိုင်းထိုင်း အဝါရောင်၊ နေရောင်အောက်တွင် သစ်ပင်တွေက လှဲသိပ်ထားသည့် လူသွားလမ်းကျဉ်း ကလေးကထင်လက်နေ၏။ တရိပ်ရိပ် တက်လာသည့် မိုးသားတိမ်တိုက်တို့ကို နောက်ခံပြုလျက် မည်းမှောင်ကျိုးပျက်နေသည့် မီးခိုးခေါင်တိုင်နှင့် အိမ်မိုးဆင် ဝင်ပေါက်တို့က ထီးထီးမားမား။

တစ်ချိန်တုန်းကသူမရင်းနှီးကျွမ်းဝင်ခဲ့ရာ သည်လမ်းကလေးထဲမှာ. . . ။

အသုံးမပြုတော့ပဲ ပစ်ထားသည့် မြောင်းတစ်ခုထဲ ရောက်နေရသလိုမျိုးပါပဲ။ သူစိမ်းဆန်သော 'ထူးခြားမှုတစ်ခု' က အနည်းအနစ် ရွံ့နွံနံ့ အငွေ့တွေ ပိတ်ဆို့ဖုံးလွှမ်းထားသလိုမျိုး သူမရင်ကို လွှမ်းမိုးဆို့ကျပ်သွားစေ၏၊ ကြောင်တစ်ကောင်က အမဂ်လာသံဖြင့် ညည်းတွားနေ၏။



အသံက ကျယ်လာလိုက် တိုးသွားလိုက်။

မစွက်ဒရိုဗာ၏ အိမ်အပြန်ကို စောင့်ကြည့်နေမည့် မနုဿ မျက်လုံးတစ်စုံမှ ရှိမနေပါ။ သူမက အထုပ်အပိုးများကို လက်ထဲ ပွေ့လိုက်ပြီး သော့ကိုတံခါးမင်းတုံး သော့ခလောက်ထဲသို့ ထိုးထည့် လိုက်၏။ သော့က တော်တော်နှင့်မွှင့်ချင်။ သော့တံကို ဖြည်းဖြည်းချင်း သွင်းတာ အားဖြင့် ဖိလှည့်ရ၏။

နောက်..တံခါးကို တွန်းဖွင့်လိုက်သည်။ ပျက်ရွှဲ့စောင်းနေသော တံခါးက သူမ၏ ဒူးခေါင်းကို လာတိုက်၏။ သူမ ဝင်သွားသောအခါ စိတ်လှောင်နေခဲ့သည်မှာ ကြာပြီဖြစ်သော လေထုက ထောင်းခနဲ သူမကို ထိုးထွက်လာ၏။

ပြတင်းပေါက်ကို ပျဉ်ပြားဖြင့် အသေရိုက်ပိတ်ထားပြီ ဖြစ်သောကြောင့် ခန်းမကြီးထဲတွင် မှောင်မိုက်နေ၏။ သို့သော် ..ဟနေသည့် တံခါးတစ်ချပ်ကို သူမမြင်လိုက်ရသည်။ ထို့ကြောင့် အခန်းထဲသို့ သူမ ခပ်သွက်သွက် ဝင်သွားလိုက်ပြီး ထိုနေရာရှိ ပြတင်းပေါက်ကို တွန်းဖွင့်ပစ်လိုက်သည်။

မံစားချက်တွေ ကွဲပြိုနေသည့် မိန်းကလေးတစ်ယောက် အဖို့သူမမြင်ရသော အရာရာတိုင်းသည် သူမသိထားခဲ့သည်ထက် များစွာပို၍ စိတ်ရှုပ်ထွေး ညစ်ညူးစရာကောင်းနေလေသည်။ ကြာမြင့်ခဲ့ပြီဖြစ်သော ထိုတစ်ချိန်တုန်းက ဘဝ၏ နေထိုင်ခဲ့ရပုံ ခြေစလက်စတွေ။

ဝါကျင့်ကျင့် မီးခိုးတွေ စွန်းထင်းနေသည့် ကျောက်ဖြူ သားထျော်ခိုအင်၊ စာရေးစားပွဲခုံပေါ်တွင် ပန်းအိုးတင်ထားခဲ့သည့် အရာအကွက်ဗိုင်းဗိုင်းသေလေး၊ တံခါးစွန်းကို ခပ်ပြင်းပြင်း တွန်းဖွင့်လိုက်တိုင်း လက်ကိုင်ဘုဖြင့်ထိုက်မိနေသောကြောင့် နံရံကပ် စက္ကူပေါ် ထင်ကျန်နေရစ်ခဲ့သည့် အညိုအစည်းရာ။

စန္ဒရား...စန္ဒရားကိုတော့ သိမ်းဆည်းထားဖို့ရန် သယ်ယူ သွားခဲ့ပြီဖြစ်သောကြောင့် ယခင်က ထိုစန္ဒရားထားရှိရာ ကြမ်းခင်းပါကေးပေါ်တွင်ခုံးတိုက်ခြစ်မိရာ ကျန်ရှိနေတော့သည်။ ဖုန်မှုန့်တွေ တင်ကြမ်းထုထပ်

www.burmeseclassic.com

www.burmeseclassic.com



မနေသည့်တိုင် အရာရာသည် အလွှာပါးပါးကလေးတစ်ချပ်ဖြင့် အုပ်ဖုံးခံထား ရသလို ဖြစ်နေ၏။ လေဝင်လေထွက်ဟူ၍ မီးခိုးခေါင်းတိုင် တစ်နေရာသာ ရှိသည်။ ပုံဆွဲခန်းတစ်ခုလုံးသည် အေးစက်စက် မီးဖိုဆောင်တစ်ခု၏ အနံ့မျိုး ထွက်နေလေသည်။

မစ္စက်ဒရိဗာက သူမလက်ထဲမှ အထုပ်များကို စာရေးစားပွဲပေါ် တင်ထားလိုက်ပြီး ... အခန်းထဲမှ ထွက်ကာ အပေါ်ထပ်ဆီ တက်ဖို့ ပြင်သည်။ သူမလိုချင်သော ပစ္စည်းများသည် အိပ်ခန်း သေတ္တာထဲတွင်ရှိ၏။

အိမ်ကြီးသည်လို ဖြစ်နေပုံကို မြင်ရသောကြောင့် သူမရင်ထဲတွင် သောကဝေဒနာ တစ်မျိုးခံစားလာရသည်။ အိမ်နီးချင်းတစ်ချို့နှင့် သူမစပ်တူ ငှားရမ်းခိုင်းစေထားသည့် အိမ်သန့်ရှင်း ထိန်းသိမ်းရေး အလုပ်သမားကလည်း ဒီတစ်ပတ် ကျခါမှ သူ့အားလပ်ရက်ယူထား သည်။ ယခုထိ အလုပ်ပြန်မဝင် သေး။ ဒီလူ မျက်နှာလွှဲ ခဲပစ်လုပ်တတ်သမျှထဲမှာ တကယ် အချိန်ကောင်း ပါပဲ။ အဲသည် အလုပ်သမားအပေါ် သူမယုံကြည် စိတ်ချရှိရဲ့လား ဆိုသည်ကို သူမ ဘယ်တုန်းကမှ မသေချာခဲ့ပါ။

စစ်ပွဲအတွင်းက နောက်ဆုံးအကြိမ် ဗုံးကြဲတိုက်ခိုက်မှု ကြောင့် ဖြစ်ပေါ်လာခဲ့ရသော အက်ကွဲကြောင်းများပေါ်သို့ သူမမျက်စိ အကြည့်ရောက် သွားသည်။ ရင်ထဲက သောကဝေဒနာကြောင့် ကြာကြာမကြည့်ရဲ။ စစ်ဆိုတာ...။ ဘာတစ်ခုမှ မတတ်နိုင်ခဲ့ပါလားကွယ်...။

နေ့အလင်းရောင်တန်းက အခန်းကို ကန့်လန့်ဖြတ်ယိုင် ဆင်းကျ လာခဲ့သည်။

သူမ...အသက်မဲ့သွားသလို တောင့်တောင့်ကြီး ရပ်ကာ စားပွဲဆီ ကြက်သေသေ ကြည့်နေမိ၏။ စားပွဲပေါ်တွင် သူမ၏ အမည်ကို လိပ်စာ တပ်ထားသည့် စာတစ်စောင်...။

စစချင်းတော့ အိမ်သန့်ရှင်းရေး အလုပ်သမား အလုပ်ပြန်ဝင် နေတာ ဖြစ်ရမယ်ဟု သူမတွေးလိုက်မိသေး၏။ အို...မဟုတ်သေးပါဘူး။ အိမ်



...စိတ်ထားတာခြင်မှာပဲ...စာကို စာထည့်သေတ္တာထဲ ထည့်ပစ်ခဲ့ရမှာပေါ့။

ဒါ...လာနေကျ စာမျိုးမဟုတ်။ ဒါ...ငွေတောင်းခံလွှာ လည်း မဟုတ်။ သူမထံသို့ စာတိုက်ပုံးထဲထည့်ကာ ပို့လိုက်သော အရာမှန်သမျှ စာတိုက်ရုံးမှ တစ်ဆင့်သာ လွှဲယူလေ့ရှိသည်။ အိမ်သန့်ရှင်းရေးအလုပ် သမားသည် (အကယ်၍ အလုပ် ပြန်ဝင်ရန် ရောက်လာသည်ပဲ ထားဦးတော့) ...နေ့သူမ လန်ဒန်မှာရှိနေမည်ကို မသိ။

အငိုက်ဖမ်းရန်တမင်ရည်ရွယ်ပြီး အကြောင်းမကြားဘဲ သူမ ပြန်းစားကြီး ရောက်ချလာခဲ့ခြင်း ဖြစ်၏။ အိမ်သန့်ရှင်း ရေးသမား၏ ပစ်စလက်ခတ်နိုင်ပုံ ...ကြည့်ပြီး သူမစိတ်ပျက် သွားသည်။ ကြည့်စမ်းပါဦး...ဒင်း လုပ်ပုံက၊ ဒီစာ ...အ အတိုင်း ဖုန်မှုန့်အလူးလူးဖြင့် စားပွဲထဲ မှာပဲ သူမအလာကို စောင့်မျှော်နေ ...စေထားခဲ့ရပုံရ၏။

စာကိုကောက်ယူကြည့်လိုက်သောအခါ သူမစိတ် အနှောင့်အယှက် ဖြစ်သွားသည်။

စာမှာ ...ဘာတံဆိပ်ခေါင်းမှ ကပ်မထား။

အရေးမကြီးတဲ့စာနဲ့တူပါရဲ့...နို့မဟုတ်ရင် သူတို့ သိကြမှာပေါ့။

သူမစာကို ယူပြီးအပေါ်ထပ်သို့ တက်ခဲ့၏။ အလင်းရောင်ရသည့် သူမ၏ (တစ်ချိန်တုန်းက) အိပ်ခန်းဆီ ရောက်သည်အထိ စာအိတ်ပေါ်မှ လက်ရေး... သူမမကြည့်ဖြစ် သေး။

အခန်းသည် ဝန်းခြံကို အပေါ်စီးမှ မြင်နေရသည်။ တိမ်တွေညို့ မှိုင်း... နိမ့်ဆင်းလာပြီ ဖြစ်သောကြောင့် နေအလင်း ဝင်သွားသလို ဖြစ်သော... သစ်ပင်များနှင့် အရွက်တွေ ထူပိန်းနေသော မြက်ခင်းတို့သည် အမှောင်ထုကြား မှိုင်းနေသယောင် ထင်ရသည်။

တစ်စုံတစ်ယောက်က သူမကို ချိုးနှိမ်စော်ကား သရော်နေသလို... စိတ်မလုံခြုံမှု တစ်ခုကို ခံစားရသောကြောင့် လက်ထဲမှ စာကို ...တစ်ကြိမ် ထပ်ကြည့်ဖို့ရန် သူမတွန့်ဆုတ်နေလေသည်။ မိုးတွေ...စပြေလာသည်

www.burmeseclassic.com



သူမစိတ်ကို တင်းလျက် စာကို ဖတ်လိုက်၏။

စာကြောင်းရေက အနည်းငယ်မျှသာ–

ချစ်သော ကက်သလင်း.....

ဒီကနေ့ဟာတို့နှစ်ယောက်ရဲ့ နှစ်ပတ်လည်ပြည့်တဲ့နေ့ ဆိုတာ မင်းမမေ့လောက်သေးပါဘူးနော်။ တို့များ ပြောခဲ့ကြတဲ့ နေ့လေ။ နှစ်တွေ ထလည်း ကုန်လွန်သွားခဲ့ လိုက်ကြတာ..၊ နေ့လည်းနေ့ရဲ့၊ မြန်လည်းမြန်ရဲ့။

ဘာမှပြောင်းလဲသွားခဲ့မှာ မဟုတ်ပါဘူးလို့ အောက်မေ့ရင်း မင်းရဲ့ ကတိကို တည်အောင် ထိန်းသိမ်း ထားမယ်ဆိုတာ ကိုယ်ယုံမှတ်ထားရတော့ မှာပဲလေ။ မင်းလန်ဒန်က ထွက်သွားတော့ ကိုယ့်မှာ ဝမ်းနည်း စိတ်မကောင်း ဖြစ်ရသေးတယ်။ ဒါပေမဲ့ မင်းအချိန်မီ အရောက်ပြန်လာမှာပဲ ဆိုတဲ့ အသိနဲ့ ကိုယ်ဖြေသိမ့်နိုင်ပါတယ်။ ချိန်းထားတဲ့ အချိန်ရောက်ရင် ကိုယ့်ကို မင်း မျှော်နေမှာပေါ့နော်...။အဲဒီကျမှပဲကွယ်....

ကေ(K)

မစွက်ဒရိဗာသည် စာရွက်ပေါ်တွင် တပ်ထားသည့် ရက်စွဲကို ကြည့် လိုထ်၏။

ဒီနေ့...ရက်စွဲပါလား။

သူမ စာကို လွှတ်ချလိုက်မိသည်။ အိပ်ရာပေါ်ကျသွား၏။ နောက်... လက်ရေးကို ကြည့်ရန် ပြန်ကောက်ယူမိပြန်၏။

နှုတ်ခမ်းနီ ဆေးသားကြွင်းတို့အောက်မှ သူမ၏ နှုတ်ခမ်းတွေ ဖြူရော်ရော်ဖြစ်သွားကြသည်။ သူမမျက်နှာပေါ် မှာ အပြောင်း အလဲတစ်ခု သိသိသာသာကြီးဖြစ်သွားမှန်း ခံစားလိုက်ရသည်။ ကြည့်မှန်ဆီသူမ ပြေးသွား၏ မှန်ပေါ်တွင် ကြည့်သာ မြင်သာရုံ လက်တစ်ဝါးစာ သာသာမျှ ကြည်လင် သွားအောင်ပွတ်တိုက် ပစ်လိုက်ပြီး ကိုယ့်မျက်နှာကိုယ် မှန်ပေါ်တွင် ကမန်းကတန်း ပြန်ကြည့်လိုက်သည်။ ရဲရဲတင်းတင်း မကြည့်ရဲ။ မိုးကြောင်မိုးဝှက် ချောင်းမြောင်း ကြည့်ပုံမျိုး။



မှန်ထဲတွင် အသက်လေးဆယ့်လေးနှစ်အရွယ် မိန်းမ တစ်ယောက်ကို တွေ့လိုက်ရသည်။ အမွှေးမဲ့ အမှတ်မဲ့ ဆွဲချထားသော ဦးထုပ်အနားစိုင်း အောက်မှာ မျက်လုံးတွေက ကြောင်တောင်ငေးစိုက်လျက်၊ ခြောက်တိခြောက်ထစ် ထက်ဖက်ရှည်သောက်အပြီး ဆိုင်ထဲမှ ထထွက်လာကတည်းက သူမ မျက်နှာကို ပေါင်ဒါထပ် မဖိုဖြစ်ခဲ့။ လက်ထပ်စဉ်က သူမ၏ ခင်ပွန်းဖြစ်သူ လက်ဆောင် ဆေးထားသည့် ပုလဲပုတီးကုံးက လည်တိုင်မှာ လျော့ရဲရဲ တွဲခိုလျက်။

လည်ပင်းက အခုပို၍ ပိန်လှီနေယောင်ယောင်။ ဗွီပုံသဏ္ဌာန် ဝန်းရောင်း အိုးမွေးအင်္ကျီလည်ပတ်အဝထဲမှ ထိုးထိုးထောင်ထောင် ထွက်နေ၏။ ဒီသိုးမွေး အင်္ကျီက မနှစ်က ဆောင်းဦးပေါက်တွင် မီးလင်းဖိုနံဘေးတွင် ထိုင်၍ မီးလှုံကြရင်း ညီမဖြစ်သူက ထိုးပေးခဲ့ခြင်းဖြစ်၏။

မစွက်ဒရိဗာ၏ ပုံမှန် အဆန်နိုင်ဆုံး အသွင်အပြင်က စိုးရိမ်သောကထို ထိန်းသိမ်းထားရပုံမျိုး ဖြစ်၏။ တတိယ မြောက် ကလေးကို မီးဖွားပြီးချိန်မှစ၍ သူမမှာ အတော် ဆိုးရွား ပြင်းထန်သော နာမကျန်းမှုတစ်ခု စွဲကပ်လာခဲ့သည်။ ကြောခဏ ဆိုသလို သူမပါးစပ်၏ လက်ဝဲဘက်အခြမ်းမှာ ကြွက်သားတွေ တဆတ်ဆတ် ဆွဲတတ် လှုပ်တတ်သည်။ ဖြစ်လိုက်၊ ပျောက်သွားလိုက်၊ ထင်းကိစ္စမှလွဲ၍ သူမကိုယ်သူမ တည်ငြိမ်သော ၊ ဖျက်လတ်တက်ကြွသော သူတစ်ယောက်၏ ဟန်မျိုးပေါက်အောင် ထိန်းထားနိုင်ခဲ့သည်။

မှန်ထဲမှ သူမရုပ်ပုံလွှာကို ကြည့်နေရာမှ မျက်နှာလွှဲပြီး သူမယူချင်သော ပစ္စည်းများထည့်ထားရာ သေတ္တာဆီ လျှောက်လာလိုက်သည်။ သေတ္တာက သော့ခတ်မထား။ အဖုံးကို ဆွဲမလိုက်ပြီး ပစ္စည်းပစ္စယများကိုရှာရန် ဒူးထောက် ထိုင်ချလိုက်သည်။ စောစောကစာကို တင်ထားရာအိပ်ရာဆီ မကြည့်ဘဲ မနေနိုင်ပြန်။

မိုးစက်ခြုံလွှာတို့၏ နောက်ကွယ်မှ ဘုရားကျောင်း နာရီစင်ပြင်၏ ခြောက်နာရီထိုးသံ ထွက်ပေါ်လာ၏။ နေ့ကွေးလေးလံသော နာရီထိုးသံ တစ်ချက်တိုင်းကို ရေတွက်နေမိရင်းက သူမ ရင်ခုန်လာသည်။

www.burmeseclassic.com



"ချိန်းထားတဲ့ အချိန်ရောက်ရင်တဲ့...။ဘုရားရေ..အဲဒါ ဘယ်နှနာရီကို ပြောတာပါလိမ့်၊ ငါ...ငါ...နှစ်ဆယ့်ငါးနှစ် တောင်ကြာပြီးမှပဲ။ ဘယ့်နှယ်လုပ်ပြီး...ငါ..."

* * *

ဉယျာဉ်ထဲ..၊ မှောင်မိုက်နေ၏။ သစ်ပင်အောက်မှာ ..မိန်းမငယ်လေး၊ စကားပြောနေသူက စစ်သားတစ်ယောက်။ (ထိုသူ့မျက်နှာကိုမမြင်ရ။)

သူတို့နှစ်ဦးခွဲခွာဖို့ နှုတ်ဆက်စကားဆိုနေကြခြင်းဖြစ်လေသည်။

ဝိုးတဝါးအမှောင်ထဲမှာ သူရှိနေသေးရဲ့လားဟု သေချာ အောင်သူမ လက်ဖဝါး ဆန့်ထုတ်ကာ စမ်းကြည့်မိသည်အထိ၊ ကြင်ကြင်နာနာကိုင်တွယ်ပုံ မျိုးတော့မဟုတ်။ သူက သူမလက်ဖဝါးကလေးကို ဖိညှစ်ဆုပ်နယ်၏။ ခပ်ကြမ်းကြမ်းပဲ...နာလိုက်တာ...။သူမ၏ လက်ဖဝါးက သူ့ယူနီဖောင်းရင်ဘတ် ကြယ်သီးတွေပေါ် ပိကပ်နေသည်။ အဲသည်သူမ လက်ဖဝါးပေါ်က ကြယ်သီး အပြုတ်ကလေးကိုသာ ယုငင်ပိုင်ဆိုင်ထားရတော့မှာပေါ့..။

ပြင်သစ်မှ ခွင့်ကာလ ကုန်ဆုံးရန် အလွန်နီးကပ်နေပြီ။

၁၉၁၆ ခုနှစ်၊ ဩဂုတ်လ။

အနမ်းများမရှိ၊ ဝေးငင်ဆွဲယူခြင်းခံနေရသော အသိတစ်ခုဖြင့် သူမကို သူစိုက်ကြည့်နေသည်။ တုန်လှုပ်ချောက်ချားနေသော ကက်သလင်း၏ စိတ်အာရုံမှာ သူ့မျက်ဝန်းထဲရှိ တစ္ဆေဆန်ဆန်လင်းလက်မှုကို မြင်သည် အထိပင် ဖြစ်၏။

မျက်နှာလွှဲပြီး မြက်ခင်းဟိုဘက်ဆီ သူမနောက်ပြန်လှည့် ကြည့်မိသည်၊ သစ်ပင်ကိုင်းခက်တွေကိုဖြတ်ကာ စာကြည့်ခန်း ပြတင်းပေါက်မီးရောင်ကို မြင်ရ၏။ အဲသည်ကို ပြန်ပြေးသွားပြီး မိခင်နှင့်အစ်မဖြစ်သူတို့၏ နွေးထွေး လုံခြုံသော ရင်ခွင်ထဲ တိုးဝင်ပွေ့ဖက်ကာ 'သမီး ဘာလုပ်ရမှာလဲ..အမေ သမီး ဘာလုပ်ရ မှာလဲ၊ သူ..သွားပြီအမေရဲ့'ဟု ပြောရင်းငိုချလိုက်ရမည်



အချိန် ကို တွေးမိသောကြောင့် ပင့်သက်ရှိုက်ဆို့သွားမိ၏။ သူမ၏ ဝင့်သတ် ချိန်ခွင့် ရှိုက်သံကို ကြားသွားပြီး၊ ချစ်သူက...

"ချမ်းနေလား"

ဟု မေးသည်။ သူမက..

"ကို..အဝေးကြီး သွားရမှာပဲနော်"

"မင်း ထင်သလောက် မဝေးပါဘူးကွာ"

"ကျွန်မ နားမလည်သေးဘူး"

"နားလည်ဖို့ မလိုပါဘူးကွာ၊ မင်းနားလည်လာမှာပါ၊ တို့ပြောများ ပြောတာ မင်းသိပါတယ်"

"ဒါပေမဲ့ အဲဒါ..သဘောက၊ ကျွန်မဟိုဒင်းလေ၊ ဆိုလိုတာက"

"ကိုယ်...မင်းနဲ့အတူရှိနေမှာပါ။ အနေးနဲ့အမြန်ပဲ ကွာ မယ်၊ မင်း..မေ့မသွားနဲ့နော်။ မင်းဘာမှလုပ်စရာ မလိုဘူး၊ ကိုယ့်ကို စောင့်နေဖို့ပဲ ဆိုတယ်"

နောက်တစ်ခဏအကြာတွင် တိတ်ဆိတ်နေသော မြက်ခင်း ကလေးကို ဖြတ်လျှောက် အိမ်ဆီသို့ သူမပြန်ပြေးလာခဲ့ တော့သည်။ ပြတင်းပေါက်ကိုဖြတ်၍ မိခင်နှင့် အစ်မဖြစ်သူတို့ ကို မြင်နေရသည်။ အဲသည်အချိန်မှာ..သူတို့နှစ်ယောက် အဖို့တော့ သူမကို သိမြင်နားလည်နိုင်စွမ်း ရှိခဲ့ကြမည်မဟုတ်ပါ။

သူမချစ်သူ၏ 'ထူးဆန်းသော၊ သဘာဝမဟုတ်သော ကတိတောင်းဆိုမှုက သူမနှင့် အခြားလူသားတို့အကြား ခြားနားသော အပြောင်းအလဲတစ်ခု ဖြစ်သွားစေသလိုမျိုး ခံစားရ၏။ အဲသည်ကတိက သူမ၏ ဝိညာဉ်၊ သူမ၏ ရှင်သန်မှု၊ သူမ၏ လူ့ဘဝတစ်ခုလုံးကို ပုံပေးလိုက်ရသလိုမျိုး။ မည်သည့် အဆောပ်မှုကမှ သူမကို တခြား လူတွေနှင့်သည်လို သူစိမ်းပြင်ပြင် ကွာလှမ်း နေရသည့်အဖြစ်၊ ဆုံးရှုံးကျိန်စာသင့်နေရသည့် အဖြစ်မျိုးကို ရောက်ရှိစေနိုင် လိမ့်မည်မဟုတ်ဟု ခံစားနေရ၏။

အဲသည်လို အတိတ်နိမိတ်မကောင်းသည့် ကတိသစ္စာတစ်ခုကို

www.burmeseclassic.com

www.burmeseclassic.com



သူမပြုမိခဲ့ဖို့ မသင့်ပါ။

နောက်...လပေါင်းအတော်ကြာပြီးချိန်တွင် သတင်းတစ်ခု ရောက်လာ သူမချစ်သူသည် စစ်ပွဲအတွင်း ပျောက်ဆုံးနေသည်။ အသတ်ခံရပြီ ယူဆရသည့်အကြောင်းပင်ဖြစ်သည်။

သူမ မျက်နှာတစ်ချက်မှမပျက်ခဲ့။

သူမ၏မိသားစုကလည်း သည်အတွက်ဝမ်းမနည်း။ သူမအတွ ယောကျာ်းတစ်ယောက်(သူတို့ဘာမှ ရေရေရာရာ သိမထားရသည့် လူတစ်ယော သေဆုံးရခြင်းမှာ ဘာကြေကွဲစရာမှ အကြောင်းရှိမနေပါ။ ထို့ကြောင့် သူတို့ သူမ၏ တုန်လှုပ်ဟန်မပြသည့်သတ္တိကို ပိုင်း၍ပင် ချီးကျူး ကြသေးသည်။

တစ်မိသားစုလုံးက နှောင်...တစ်နှစ်တန်သည်၊ နှစ်နှစ်တန်သည်- စသည်ဖြင့် ကြာမြင့်သွားခဲ့ပြီလျှင် သူမအနေဖြင့် ဖြေဆည်ရာ ရသွားလိမ့်မည် ဟုသာ အောက်မေ့ထားခဲ့ကြ၏။

ဖြေဆည်နှစ်သိမ့်ဖို့ဆိုလျှင်တော့..အရာရာဟာ အရထက်ပိုပြ ဖြောင့်ဖြောင့်ဖြူးဖြူးဖြစ်ပျက်ခဲ့ဖို့ ကောင်းတယ်မဟုတ်လား ဆိုသည် မေးခွန်းသာမေးရန် ရှိတော့သည်။

သူမ၏ဒုက္ခကတော့(အနည်းအပါးမျှသာ ကြေကွဲပူဆွေးမှု နောက်ကွယ်မှ အရာရာနှင့်သဘာဝမကျစွာ လုံးဝ နေရာ လွဲချော်မှား ယွင်းရခြင်းပင်ဖြစ်၏

နှစ်ပေါင်းအတော်ကြာသည်အထိ သူမမှာ နောက်ထပ် ချစ်သူရှိမလာ ခဲ့ပါ။ သူမအနေဖြင့် ယောကျာ်းတို့အတွက် ဆွဲဆောင်ရာမဲ့နေခဲ့၏။

အသက်(၃၀)နားနီးလာချိန်မှာတော့ သည်ကိစ္စနှင့် ပတ်သက်ပြီး မိသားစု စိုးရိမ်ပူပန်မှုကို မျှဝေခံစား နားလည် ပေးနိုင်လောက်သည်အထိ သူမစိတ်ဓာ ဆောက်တည်ရာ ရလာခဲ့ပြီဖြစ်သည်။ (သဘာဝမကျသော သူမချစ်သူ ဟောင်း၏ ကတိစကားအရိပ်မှ လွတ်မြောက်ကာ) သူမကိုယ်သူမ သဘာ ကျကျ ရှင်သန်နေစေနိုင်ခဲ့ပြီ။

ထို့ကြောင့် သူမအသက်(၃၂) နှစ်တွင် ဗီလျံဒရီဗာနှင့် လက်ထပ်



ပြီးနောက် ရင်ထဲက ဝေဒနာတွေပျောက်ကင်း သက်သာသွားကြောင်း ရသည့်အခါ ကိုယ့်ကိုကိုယ်ပင် စိတ်ဆိုးရမလို၊ ဒေါသဖြစ်ရမလို ခံစား သည်။

ဗီလျံဒရီဗာကို လက်ထပ်ပြီးနောက် ကင်ဆင်တန်ဒေသရှိ ဆိတ်ငြိမ်၍ နှံ့သော ရပ်ကွက်မှာ သူတို့စနီးမောင်နှံ အခြေချ ကြ၏။ အဲသည်မှာပဲ ဝ်တွေအတော်ကြာအောင် နေဖြစ်ခဲ့လေသည်။ သားတွေသမီးတွေ ထွန်းကား သည့်အထိပင်။ နောက်တော့... ဒုတိယအကြိမ်စစ်ကြီးဖြစ်လာပြီး ဆ်ကြောင့် ကျေးလက်ဒေသဘက် ရွှေ့ပြောင်းနေထိုင်ဖြစ်ခဲ့ကြသည်။

သူမ၏ အသက်ရှင်လှုပ်ရှားမှုများကတော့ မစ္စက်ဒရီဗာ ဘဝ နှင့် သားတကျကန့်သတ်လည်ပတ်နေလေပြီ။ တစ်စုံတစ်ယောက်၏ စောင့်ကြည့် ရာသလိုမျိုး နောက်ကျောမလုံသည့် စိတ်ခံစားမှုကိုလည်း သူမ မေ့ပျောက် ထားနိုင်ခဲ့လေပြီ။

* * *

သူမကို ခြိမ်းခြောက်ဖို့ ဒီစာကို ပို့လိုက်ခြင်း ဖြစ်ပေမည်။ အခန်းလွတ် လာဟင်းလင်းဆီ ကျောပေးပြီး ဒီအတိုင်း ဒူးထောက်နေရမည်ကို သူမ တ်မရဲတော့။ နံရံကို ကျောမှီထားသည့် စာကြည့်ကုလားထိုင်ပေါ်သွားထိုင်ရန် ဆတ္တာကြီးရှေ့မှ သူမထရပ်လိုက်၏။

သူမအိပ်ခန်းဟောင်း၏ ယခင်အတိုင်း သမာရိုးကျဆန်မှု တွေ...။ ြီးတော့ သူမလက်ထပ်ခဲ့ရာ ဟောသည့်အိမ်ကြီး၏ အငွေ့အသက် အလုံးစုံ ..တို့သည် အက်ရာကွဲကြောင်းတွေထနေသည့်ပန်းကန်ခွက် တစ်ခုလုံးလို...။ အဲသည် ပန်းကန်လုံးထဲက သတိရလွမ်းဆွတ်စရာ ဘယ်ရောက် ကုန်ပြီလဲ... အငွေ့ပျံသွားကြတာ ဖြစ်ချင်ဖြစ်မည်။ ဒါမှမဟုတ် ပန်းကန်လုံး အက်ကွဲ ကြောင်းတွေထဲကနေ စိမ့်ယိုထွက်သွားကြတာလည်း ဖြစ်ကောင်းဖြစ်မည်။

ဒါဟာ...အကျဉ်းအကျပ်တစ်ခုကို စီရင်ဖန်တီးခဲ့တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



အရင်းစစ်ကြည့်လိုက်လျှင်တော့ ဟောသည်အဖြစ်ရဲ့ လက်သည်ဟာ ဒီစာကို သူမထံရေးပို့လိုက်သူပါပဲလေ...။

သည်ညနေခင်းမှာ နှစ်အဆက်ဆက်တည်ခဲ့ရှိခဲ့သော ခြေသံများ စကားပြောသံများ၊ အလေ့အထဖြစ်နေသော လှုပ်ရှားမှုများအားလုံး ပျောက်ကွယ်ပြီးဆုံးခဲ့ပြီဖြစ်ကြောင်းကို ဟောသည်အိမ်ကြီး၏ ဟောင်းလောင်းပေါက်ဆန်ဆန် သေ့ခြောက်နေမှုက ဖော်ပြလျက်သားရှိ၏

ပိတ်ထားသော ပြတင်းပေါက်တို့ကို ဖြတ်လျက် ခေါင်မိုးပေါ်ရွာကျနေသည့် မိုးစက်တို့၏ အသံကို သူမကြားနေရသည်။ သူမ စိတ်ကိုပြန်တည်ငြိမ်စေနိုင်ခဲ့ မိအောင် ကြိုးစားသည်။ ငါ... စိတ်ကူးထဲမှာ အိပ်မက်မက်ပြီး မျောပါနေမိတာပဲ ဖြစ်မှာပါလေ။ တကယ်တော့ ဒီစာဟာ ငါ့စိတ်ရဲ့ထင်ယောင် ထင်မှား ပုံရိပ်တစ်ခုပါ၊ တကယ်မရှိပါဘူး...ဟု သူမကိုယ်သူမ ပြန်ပြောရင်း မျက်လုံးများကို နှစ်စက္ကန့်သုံး စက္ကန့်မျှ ပိတ်ထားမိသည်။

သို့သော် မျက်လုံးများကို ပြန်ဖွင့်လိုက်သောအခါ...၊ စာက အိပ်ရာပေါ်တွင် တင်လျက်သားပင် ရှိနေသေး၏။

ဒီစာဟောသည့်အခန်းထဲ ရောက်နေပုံကိုက သဘာဝလွန်ကိစ္စ တစ်ခုဖြစ်နေမှန်မတွေးမိအောင် သူမစိတ်ကို အတင်း ချုပ်ထား ရသည်။

ဒီနေ့ ဟောသည်အိမ်ကို သူမ လာမယ်ဆိုတာ ဘယ်သူသိသလဲ?၊ အိမ်ထိန်းသန့်ရှင်းရေး အလုပ်သမားဆိုလျှင် သူမ အလာကို မျှော်လင့်ပြီး စာကို ဒီနေရာမှာ ချထားခဲ့ရန် ဘာအကြောင်းမှမရှိ။ အိတ်ထဲထည့်ယူသွားပြီး သူ့အားလပ်သည့်အခါ စာတိုက်မှ ပို့လိုက်ရုံသာ ရှိသည်။ နောက်ပြီး... ဒီအိမ်ထဲကို အိမ်ထိန်းအလုပ်သမား ဝင်ခဲ့ဟန် ဘာလက္ခဏာမှာ မတွေ့ရပါ။

လူသူမနေသော အိမ်များ၏တံခါးဝတွင် ချထားခဲ့သည့် စာများသည် ခန်းမထဲရှိ စားပွဲပေါ်ရောက်အောင် သူတို့ဘာ သာသူတို့ လမ်းလျှောက်သွား ကြတာမျိုး (သို့မဟုတ်) ပျံဝဲသွား ကြတာမျိုးတော့ မဖြစ်တန်ရာ။ လူတစ်ယောက် ယောက်က ကိုင်တွယ်ပြီး လာထားသည်ပဲဖြစ်ရမည်။



သို့သော်...စက်နေသည်က အိမ်ထိန်းအလုပ်သမားမှလွဲ၍ ဧည့်ချ ထံမှာမှ သော့မရှိ။

သော့မရှိဘဲနှင့်ကော အိမ်တစ်အိမ်ထဲကို ဝင်လို့မရနိုင်ဘူးလား သည်အတိုင်းဆို ဟောဒီအိမ်ထဲမှာ သူမအပြင်တစ်ရုံ တစ်ယောက်ရှိနေ နိုင်ပေသည်။ အခုလောက်ဆို အောက်ထပ်မှာ များ သူမကို ထိုင်စောင့်နေဓ လေား။ စောင့်နေရင်း...။ ဘယ် အချိန်ရောက်အောင် စောင့်နေတာလဲ?

"ချိန်းထားတဲ့အချိန်..."ထိအောင်များစောင့်ဆိုင်းနေတာလား အနည်းဆုံးတော့ ထိုအချိန်သည် ခြောက်နာရီကိုဆိုလို ခြင်းမဟုတ်သည်မှ သေချာ၏။ ခြောက်နာရီက ထိုးပြီးသွားပြီလေ...။

သူမ ကုလားထိုင်ပေါ်မှ ထလိုက်၏။ ခပ်သုတ်သုတ်သွားပြီး တံခါး သော့ခတ်လိုက်သည်။ ပြဿနာက ဒီအိမ်ထဲမှ သူမ ထွက်ခွာနိုင်ဖို့ ဖြစ်၏ မိုးပေါ်က ပျံသွားရမှာလား...ဟင့် အင်း။ ရထားမီအောင်တော့ သွားမှဖြစ်မည်

အိမ်ထောင်ရှင် မိန်းမတစ်ယောက်အတွက် အဲသည် မိန်းမ လုံးဝဥဿုံ မှီခိုနိုင်စွမ်းသည် မိသားစု၏ ဘဝပင်ဖြစ်သည်။ အဲသည် မိန်းမတစ်ယောက်အနေဖြင့်ဆိုလျှင်တော့ သူမ၏ ကျေးလက်အိမ် ကလေး သူမ၏ ခင်ပွန်းဆီ ကလေးတွေဆီ ပြန်သွားဖို့ရန် အလဟဿ မလိုလာ

လုပ်လက်စအလုပ်ကို ဆက်လုပ်ရန် သေတ္တာကြီးဘေးတွင် ထိုင်ချလို ယူစရာရှိသည့် ပစ္စည်းများကို စိတ်ထင်ရာ ခပ်မြန်မြန် ဆုံးဖြတ်ပြီး အထုပ် ကလေးတွေဖြစ်အောင် ထုပ်လိုက်သည်။ အဲသည်အထုပ်အပိုးတွေနှင့် အ ဈေးဝယ်ရာမှပါလာသည့် ပစ္စည်းထုပ်များကို ပေါင်းလိုက်လျှင် အ များနေပြီ။ သည်အတိုင်း သယ်သွားဖို့မလွယ်တော့။ တက္ကစီငှားမှ ဖြစ်မည်

တက္ကစီ..ဟုတွေးလိုက်မိသည်နှင့် သူမနှလုံးအိမ်သည် ဆတ် ခုန်သွား၏။ အသက်ရှူနှုန်းပုံမှန်ပြန်ဖြစ်လာသည်။

ဟုတ်တာပေါ့...ငါအခုတယ်လီဖုန်းဆက်ပြီး တက္ကစီတစ်စီး လှမ်း လိုက်မယ်။တက္ကစီက သိပ်စောစောကြီး တော့ ရောက်နိုင်မှာ မဟုတ်သေး

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့မှာ ကားရပ်သံ ကြားရပြီဆိုမှ ...ဒီအခန်းထဲက ငါထွက်မယ်။ ပြီး... အောက်ထပ်ဆင်း၊ ဒါဆို...ခန်းမကြီးထဲက ဗူဖြေရရှုဖြတ်လျှောက်ပြီး အိမ်ပြင် ထွက်လို့ရပြီပေါ့။ ငါ...ဖုန်းဆက်မှာပဲ။ အို..ဟင့်အင်း၊ တယ်လီဖုန်း ဖြုတ်ထားပြီးပြီပဲ။

သွားပြီ။

စိတ်ကူးထဲမှာ ဒီလောက်အဆင်ချောနေပြီးခါမှ ဆင်ပြောင်ကြီးအမြီး ကျမှ တစ်ရတယ်လို့။

ဒီအိမ်ထဲက လွတ်မြောက်အောင် ဘယ်လိုထွက်ပြေးရပါ့မလဲဟု သူမ စဉ်းစားသည်။ 'သူ' ကငါ့ကို ဘယ်တုန်းကမှ ကြင်နာခဲ့ဖူးတာ မဟုတ်ဘဲလေ။ ဟုတ်ပါတယ်။ ငါ့ကိုသူ ကြင်ကြင်နာနာနဲ့ဆက်ဆံခဲ့တာဆိုလို့ တစ်ခါမှ ငါပြန်စဉ်းစားလို့ မရဘူး။ အမေကတောင်ပြောသေးတယ် ... နင့်ယောကျ်ားက နင့်ကို ဘယ်တုန်းကမှ ထည့်စဉ်းစားတာမဟုတ်ဘူး...တဲ့။

သူငါ့အပေါ်ထားတဲ့စိတ်က...အဲဒါ'အချစ်'တော့မဟုတ်ဘူး။ သူ...ငါ့ကို ကောင်းသောချစ်ခြင်းနဲ့ မချစ်ခဲ့ ပါဘူးလေ။ တကယ် ချစ်ရိုးမှန်ရင် ငါ့ကို ဘာဖြစ်လို့ ဟို 'ကတိ'ကို ပေးနိုင်းရတာလဲ။ သူ...ဘာလုပ်ခဲ့တာလဲ ငါမှတ်မိတော့? ငါမှတ်မိတော့ဘူး။

သို့သော်...သူမမှတ်မိနေဆဲပင်ဖြစ်ကြောင်း တွေ့ရပေသည်။ သူမ မှတ်မိနေသည်။ လွန်ခဲ့သည့်(၂၅)နှစ်ကတည်းက မီးခိုးငွေ့ မီးခိုးမျှင်တွေလို ပါးလျားပျော်ဝင်သွားခဲ့သည့် ကြောက်မက်ဖွယ်ကောင်းသော စူးရှထက်မြက်မှု တစ်ခုကို သူမမှတ်မိနေသေးသည်။ နောက်...သူမ၏ လက်ဖဝါးပေါ်မှာ ကျန်နေရစ်ခဲ့သော ကြယ်သီးဖုဒဏ်ရာကလေးကို စိတ်ညို့ခံရသူတစ်ယောက်လို ရှုကြည့်နေမိသည်။

သူမမှတ်မိနေသည်။ 'သူ'ပြောခဲ့သည့် စကားတွေ အားလုံးကိုသာမက အဲသည့် ဩဂုတ်လရက်များအတွင်းက သူမဘဝရှင်သန်ခြင်းရင်မောရသော လုံးလုံးလျားလျားမသေချာမှုကိုပါ ပြန်သတိရမှတ်မိနေခြင်းဖြစ်၏။ ငါဟာ



ငါမဟုတ်ဘူး။ အဲဒီကတည်းက သူတို့အားလုံးက ငါ့ကို အဲသည်လို ပြောခဲ့ တာပဲ။ သူမ မှတ်မိနေသည်။ သို့သော်... အရာရာအားလုံးထဲတွင် ခါတ်ပုံ အက်စစ်အစက်ကျပြီး လောင်ကျွမ်းထားသောကြောင့် အဖြူရောင်ထွက်ထ ထစ်ခု ဖြစ်ကျန်နေသလိုမျိုးလစ်ဟာနေ၏။ 'သူ့မျက်နှာ'ကို မမှတ်မိ။

အဲဒီတော့..သူဘယ်နေရာမှလဲ စောင့်နေစောင့်နေ ငါက 'သူ့' သိမှာမှမဟုတ်တာ။ မင်းမျှော်လင့်မထားတဲ့ မျက်နှာတစ်ခုဆီကနေ ထွက်ပြေ ခင်းမှာအချိန်သိပ်မရှိတော့ဘူး။

ပြဿနာက...

(ချိန်းထားတဲ့အချိန် ဖြစ်ကောင်းဖြစ်နိုင်မည်) နာရီမထိုးခင်မှာ တကျ တစ်စီးပေါ်ရောက်နေဖို့ပဲဖြစ်သည်။ (ဘယ်နာရီမှန်းတော့မသိ)

စိတ်ကူးက...သူမလမ်းပေါ်ဆင်းသွားလိုက်မည်။ နောက်... လမ်းထော ရင်ပြင်ကွက်လပ်ကိုပတ်ကာ လမ်းမကြီးနှင့် ဆက်နေရာဘက်ဆီ တိတ်တဆိ ပြေးသွားပြီး တက္ကစီတစ်စီးငှားမည် ... ဒါဆို အန္တရာယ်ကင်းပြီပေါ့။

အိမ်ထဲပြန်ဝင်သည့်အခါ အထုပ်အပိုးများကို သယ်ဖို့ တက္ကစီဒရိုင်ဘာကို ခေါ်လာလိုက်မည်။ အဲသည်စိတ်ကူးက သူမဆုံးဖြတ်ချက်ကို အတည်ဖြစ်သွ စေခဲ့၏။

ဟုတ်ပြီအဲဒီအတိုင်းလုပ်မယ်။

တံခါးသော့ကို သူမဖွင့်လိုက်သည်။ နောက်...လှေကား ထိပ်ဆီ ပြေးသွားပြီး အောက်ထပ်မှအသံကို နားထောင်၏။ ဘာသံမှ မကြားရ

သို့သော်...အဲသည်အခိုက်မှာပင် လှေကားတစ်လျှောက်ရှိ ဖုတ် အိုဆွေးနေသော လေထုထဲသို့ လေစိမ်းတစ်ဝေ့တိုးဝင်လာပြီး သူမမျက်နှာ ဟပ်သွား၏။ အောက်ထပ်မှလာသော လေစီးကြောင်း ဖြစ်သည်။ အောက်ထပ် တံခါးသို့မဟုတ် ပြတင်းပေါက်တစ်ခုခုသည် အိမ်ထဲက ထွက်ခွာသွား ယောသည် အခိုက်အချိန် ကလေးကို တမင်စွေးချယ်ခဲ့သူ တစ်ယောက်ဘက်ကြ ဖွင့်နေခဲ့ခြင်းဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးတိတ်သွား၏။ လူသွားလမ်းကျဉ်းကလေးများသည် ရေငွေ့ဖြင့် တောက်ပနေကြသည်။

မစ္စက်ဒရိုဗာသည် အိမ်ရှေ့တံခါးမမှထွက်ကာ လူသူ ကင်းရှင်း နေသည့် လမ်းသွယ်ပေါ်ရောက်လာ၏။ မျက်နှာချင်းဆိုင် လမ်းတစ်ဖက်တွင် လူမနေသည့် အိမ်လွတ်များရှိရာ လှမ်းကြည့်လိုက်သည့်အခါ သူမ၏ မျက်ဝန်းများနှင့် ထိုအိမ်တို့၏ ပျက်စီးယိုယွင်းနေသော ပြတင်းပေါက်တို့ အကြည့်ချင်းဆုံသွားသည်။

ဟာလာဟင်းလင်းလမ်းဆီမျက်နှာမူထားပြီး တက္ကစီ တစ်စီးတလေ တွေ့မလားဟုရှာလိုက်၏။ သူမနောက်ကျောဘက်ဆီ ပြန်လှည့်မကြည့်မိစေရန် မနည်းအားတင်းထားရ သည်။ တိတ်ဆိတ်မှုက သိပ်သည်းစေးပျစ်လွန်းလှ၏။ (စစ်ဘေးစစ်ဒဏ် အပျက်အစီးများကြောင့်)ဒီနှစ်နွေရာသီကျမှ လန်ဒန်မြို့ရှိ လမ်းကျဉ်းကလေးများ၏ တိတ်ဆိတ်ခြောက်ကပ်မှုက ပို၍ သည်းထန်ဆိုးရွားနေလေသည်။

လမ်းထောင့်ရင်ပြင်ကွက်လပ်ဆီရောက်ပြီး လူတွေသွား လာနေကြသည်ကို မြင်လိုက်ရတော့မှပင် သူမ၏ ခြေလှမ်းတွေ သဘာဝမကျပုံကို ပြန်သတိပြုမိပြီး သတိဝင်လာလေသည်။ ရင်ပြင်ကွက်လပ်၏ ဖွင့်ထားသော တစ်ဖက်စွန်းဆီ ထွက်သွားလိုက်သည်။ ဟတ်စ်ကားနှစ်စီး တစ်စင်းနှင့်တစ်စင်း ဖြတ်သန်းသွား ကြ၏။ အမျိုးသမီးကြီးတွေ၊ ကလေးစီးတွန်း လှည်းကလေးတစ်စီးရှိသည်။ ဘော်တော်ဆိုင်ကယ်စီးသူတွေလည်းရှိသည်။ လူတစ်ယောက် တွန်းလှည်း ကလေးတစ်စီးကို တွန်းလာရင်းလက်ဖြင့် အချက်ပြနေ၏။ အားလုံးဟာ နဂိုအတိုင်းပါပဲ။

ရင်ပြင်ကွက်လပ်၏ လူအစည်ကားဆုံးနေရာ ဖြစ်ပေလိမ့်မည်။ အဲသည်မှာ တက္ကစီတွေရပ်နားထားရာ အတန်းလည်းရှိ၏။ ဒီညနေအဖို့တော့၊ တက္ကစီ တစ်စီးသာရှိနေသည်။ ခရီးသည်မရှိသေးသော နောက်ခန်းအလွတ်ကို မြင်ရသည်။ ဤအလာကို နီးနီးကြားကြား စောင့်နေပုံမျိုးနှင့်ပင် တူနေသေးတော့၏။



တကယ်ပဲ ထင်မယ်ဆိုထင်လောက်၏။ သူမက အမော တကောဖြင့် နောက်ခန်းထဲ ပစ်ထိုင်ချလိုက်ပြီး တံခါးပိတ်ရန် လက်တင်လိုက်သည်နှင့် ပြိုင်နက် ဒရိုင်ဘာက ဟိုဟိုသည်သည် ကြည့်မနေဘဲ ကားစက်နှိုး သည်။ အဲသည် အချိန်မှာပင် ရုနှစ်နာရီ ထိုးသံကြားရ၏။

တက္ကစီက လမ်းမကြီးဆီမျက်နှာမူလိုက်သည်။ သူမအိမ် ဘက်ရှိရာဆီ သွားရန်ပြန်ကွေ့ရဦးမည်ဖြစ်၏။ သူမက ကားကုရှင်ပေါ် ကျောမှီချလိုက် သည်။ ကားကကွေ့လိုက်ပြီ။ အဲသည်အခိုက်အတန့်လေး မှာပင် သူမသိလိုက်ပြီ သွားသည်။ "ဘယ်ကိုသွားမည်"ဆိုသည်ကို ပြောမှ မပြောရသေးဘဲနဲ့...

ဒရိုင်ဘာ၏ဦးခေါင်းနှင့် ခရီးသည်အခန်းကို ပိုင်းခြား ထားသည့် မှန်ချပ်ကို ခေါက်ရန် သူမခန္ဓာကိုယ်ရှေ့ပိုင်းကို ညွတ်ကိုင်းလိုက်သည်။

ဒရိုင်ဘာက ဘရိတ်ကို ကားရပ်သွားလုနီးနီးဖြစ်အောင် နင်းလိုက်ပြီး ခေါင်းကို နောက်လှည့်ကာမှန်အကာကို နှိမ့်ချသည်။ ဘရိတ်ကို ဆောင့်အုပ်လိုက် လိုဖြစ်သွားသောကြောင့် မစ္စက်ဒရိုဗာ အရှိန်လွန်ပြီး မျက်နှာနှင့် မှန်ချပ်ထိလု တတ်ဖြစ်သွား၏။ ကားမောင်းသူနှင့် သူမတို့ မျက်နှာကြား ခြောက်လက်မဝင် တွာတော့။ မျက်လုံးမျက်လုံးချင်း ဆိုင်မိလျက်သား။

မစ္စက်ဒရိုဗာထံမှ ပထမဦးဆုံး စူးစူးရှရှအော်ဟစ်လိုက်သံ ထွက်ပေါ် လာနိုင်ခင် စက္ကန့်အတော်ကြာအောင် ပါးစပ်တွဲ လောင်းကျကာဟလျက် ဖြစ်နေ၏။ နောက်တော့ သူမဆက်ကာ ဆက်ကာ ငယ်သံပါအောင် အော်တော့ သည်။ မှန်ချပ်ကို လက်ဖြင့်ထုရိုက်သည်။ တက္ကစီကတော့ အကြင်နာကင်းမဲ့စွာဖြင့် အရှိန်ကို မြှင့်တင်လိုက်ပြီး လူသူကင်းမဲ့သော လမ်းသွယ်များထဲသို့ သူမကို ခေါ်ဆောင်ကာ တစ်ဟုန်ထိုး မောင်းဝင်သွားလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# မှိုင်းအိမ်

A Haunted House (Virginia Woolf)

www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျားတို့ အိပ်ရာက ဘယ်နှနာရီမှာပဲနိုးနိုး၊ တံခါး တစ်ချပ်ကတော့ ဖိတ်လျက်သားရှိနေခဲ့တာပဲ။ အခန်းတွေ တစ်ခန်းကနေ တစ်ခန်းသူတို့ လျှောက်သွားခဲ့ကြတယ်။ နှစ်ယောက်သား လက်ချင်းတွဲလို့၊ ဒီမှာ(အဖုံးကို) မလျက်သား၊ အဲဒီမှာ (အဖုံးကို) ဖွင့်လျက်သား၊ သေချာအောင် လျှောက်လုပ်နေကြတာ တစ္ဆေသရဲလိုလို စုံတွဲတစ်တွဲပါပဲ။

"ကျွန်မတို့ အဲဒီဟာကို ထားပစ်ခဲ့ကြတာ ဒီနေရာပဲ"

လို့အမျိုးသမီးက ပြောလိုက်တယ်။ အမျိုးသားကဖြည့် ပြောလေရဲ့။

"အင်း၊ ဒီနေရာမှာကောပဲလေ"

အမျိုးသမီးက...

"အပေါ်ထပ်မှာ ရှိတယ်"

တိုးတိုးညည်းညည်း ပြောတယ်။ အမျိုးသားက...

"ပြီးတော့ ပန်းခြံထဲမှာကောပဲ"

ပြောတဲ့အသံက တီးတိုးလေသံကလေး။ သူတို့နှစ် ယောက်က...

"ညင်ညင်သာသာလုပ်၊ နို့မဟုတ်ရင် တို့နှစ်ယောက်က သူတို့ကို နိုးလိုက်သလို ဖြစ်သွားဦးမယ်"

ဒါပေမဲ့၊ ကျုပ်တို့ကို ခင်ဗျားတို့ နိုးလိုက်တယ် ဆိုတာတော့ မဟုတ်



ခဲ့ပါဘူး ၊ ဟင်အင်း၊ ဟုတ်ကို မဟုတ်ဘူး။

"သူတို့က အဲဒီဟာကို ရှာနေကြတာ၊ ကားလိပ်တန့်လန့် တာထို သူတို့ဆွဲဖြိုးမိတော့မယ်"

တစ်ယောက်က ပြောလိုက်ပုံပဲ။ ပြီးတော့ စာမျက်နှာ တစ်ရွက်မှာ နှစ်ရွက်နှာ ဆက်ဖက်ကြ။

"ဟော၊ သူတို့ အဲဒီဟာကို တွေ့သွားခဲ့ကြပြီပဲ"

တစ်ယောက်က သေချာပေါက်၊ စာအုပ် ဘေးမျဉ်းပေါ် မှာ ခဲတံထို မှတ်လို့။

နောက်တော့ စာဖတ်ရတာ ငြီးငွေ့သွားကြပြီး တစ်ယောက်က မတ်တတ် ရပ်လိုက်တာ ဖြစ်ကောင်းဖြစ်ခဲ့ပါလိမ့်မယ်။ ကြည့်လိုက်တော့ အိမ်တစ်အိမ်လုံး ဟာလာဟင်းလင်း...။ တံခါးတွေကလည်း ဖွင့်လျက်သား။ တံခါးဆောင့်ချိုး သစ်သားက စိတ်ရှိလက်ရှိ ဖလုံစီမြည်နေတာ၊ ယယ်ကွင်းဆီထ ထုန်ခါနေတဲ့ စက်တစ်ခု တဝီဝီမြည်နေတာပဲ ရှိတယ်။

"ဒီနေရာကို ငါဘာအတွက် ရောက်လာခဲ့ရတာလဲ၊ ငါရှာတွေ့ချင် နေတာက ဘာလဲ"

ကျုပ်လက်တွေထဲမှာတော့ ဘာမှမရှိဘူးနော်။

"ဒါဖြင့်၊ အဲဒီဟာက အပေါ်ထပ်မှာပဲရှိတယ်ပေါ့လေ"

အိမ်ပေါ်အထပ်ခိုးထဲမှာ ပန်းသီးတွေရှိတယ်လေ။ ပြီးတော့ အောက်ကို တစ်ခါပြန်ဆင်းခဲ့ကြပြန်ရော။ ဥယျာဉ်က ခါတိုင်းလိုပဲ။ တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ်သက်သက်။ မြက်ပင်တွေထဲမှာ အမှတ်တမဲ့ ကျနေရစ်ခဲ့တဲ့ စာအုပ်ပဲ ရှိတယ်။

ဒါပေမဲ့ သူတို့က အဲဒီဟာကို ပုံဆွဲခန်းထဲမှာ တွေ့သွားခဲ့ ကြပြီးပြီပေါ့။ သူတို့ကို တစ်ယောက်ယောက်က တွေ့လိုမြင်လို့ ရနိုင်တာမဟုတ်ပါဘူး။ ပြတင်းပေါက်မှန်တွေပေါ်မှာ ပန်းသီး တွေ အရိပ်ထင်နေခဲ့တယ်။ နှင်းဆီပန်းတွေ အရိပ်ထင်နေခဲ့တယ်။ သစ်ရွက်တွေအားလုံးဟာ မှန်ထဲမှာ စိမ်းလို့။ ပုံဆွဲ

www.burmeseclassic.com

www.burmeseclassic.com



ခန်းထဲမှာ သူတို့ လှုပ်ရှားခဲ့ကြရင် ပန်းသီးက မှန်ထဲမှာ စိမ်းလို့။ ပုံဆွဲခန်းထဲမှာ သူတို့လှုပ်ရှားခဲ့ကြရင် ပန်းသီးအဝါရောင်ဘက်ခြမ်းကို ပြောင်းရော။ နောက်တော့ တဒင်္ဂ(တံခါးက လည်းဖွင့်နေခဲ့ရင်)ပေါ့။ ကြမ်းပေါ်ပြန့်ကျဲ နံရံတွေပေါ်မှာ တွဲလောင်းချိတ်၊ မျက်နှာကြက်ကနေ ပန်းဆိုင်းလို စီတွဲကျ ဘာလဲကွယ်?

ကျုပ်လက်တွေထဲမှာတော့ ဘာမှမရှိဘူး။ မြေတူးငှက် တစ်ကောင်ရဲ့ အရိပ်က ကော်ဇော်ပေါ် ကန့်လန့်ဖြတ်ကျနေလေရဲ့၊ တိတ်ဆိတ်ခြင်းရဲ့ အနက်ရှိုင်းဆုံး တွင်းတွေဆီကနေ သစ်သားထောင့် ချိုးပလုံစီမြည်သံဟာ ဖွတ်တိုက်ဆွဲထွက် လာတော့တယ်။

"အန္တရာယ်ကင်းပြီ၊ အန္တရာယ်ကင်းပြီ၊ အန္တရာယ်ကင်းပြီ"

အိမ်ရဲ့သွေးခုန်နှုန်းက နူးနူးညံ့ညံ့။

"မြှုပ်နှံထားတဲ့ရတနာ၊ အခန်း ..."

သွေးခုန်ချက် ခဏရပ်တန့်သွားတယ်။ အိုး! . . . မြှုပ်နှံထားတဲ့ ရတနာလား။

နောက်...ခဏနေတော့၊ အလင်းရောင်မှေးမှိန်သွား တယ်။ ဒါဖြင့် အပြင်က ဥယျာဉ်ထဲမှာလား? နေရောင်ခြည်က မြေဦးတည့်ရာ ခရီးဆက်လေရော၊ ဒီတော့ သစ်ပင်တွေက အမှောင်ထုကို သိမ်းကျုံး ရစ်ငင်လေတော့ရဲ့။ သိပ်ပြီးတော့ နူးညံ့ လှပ၊ သိပ်ပြီးတော့ ရတောင့်ရခဲ၊ ကျုပ်အမြဲတမ်းဖမ်းယူ ရှာဖွေဆုတ်ကိုင်ခဲ့တဲ့ (မှန်သားပြင်နောက်မှာ လောင်ကျွမ်းသွားခဲ့တဲ့) နေရောင်တန်းကို မြေသားမျက်နှာပြင် အောက်မှာ အေးစက်စက် မြှုပ်နှံခဲ့။

သေခြင်းတရားဟာ မှန်သားပြင် တစ်ချပ်ပါပဲ၊ သေခြင်းတရားဟာ ကျုပ်တို့ကြားထဲမှာရှိတယ်။ မိန်းမသား ဆီကို အရင်လာဖို့ရှိပေတယ်။ လွန်ခဲ့တဲ့ နှစ်ရာပေါင်းများစွာ၊ အိမ်ကို စွန့်ခွာလို့ ပြတင်းပေါက်တွေကို ပိတ်လျက်သား။ အခန်းတွေဟာ မှောင်မိုက်။

သူက အဲဒီဟာကို စွန့်ထားပစ်ခဲ့တယ်၊ သူမကို ထားပစ်ခဲ့တယ်၊ မြောက်အရပ်ဆီသွားတယ်၊ အရှေ့အရပ်ဆီ သွားတယ်၊ ဒက္ခိဏ ကောင်းကင်ယံမှာ



ကြယ်တွေပြောင်းလဲ သွားကြတာကို တွေ့ခဲ့တယ်။ အိမ်ကိုရှာဖွေခဲ့၊ လောကစံ အထု အထောင်းတွေ အောက်မှာ ပြုတ်ပျက်ကျနေတာကို ရှာဖွေတွေ့ရှိခဲ့ တော့တယ်။

"အန္တရာယ်ကင်းပြီ၊ အန္တရာယ်ကင်းပြီ၊ အန္တရာယ်ကင်းပြီ"

အိမ်ရဲ့ သွေးခုန်သံက ဝမ်းပန်းတသာ။

"မင်းရဲ့ဥစ္စာ၊ ရတနာလေ"

ရိုပ်သာလမ်းတစ်လျှောက်လေက ဟိန်းဟောက်သံပေးပြီး တိုက်ခတ် ချိတ်တယ်။ သစ်ပင်တွေ ဟိုယိမ်းဒီယိုင် ကွေးညွတ်ကြ။ မိုးရေထဲမှ လရောင်က ချန်းဆက် ဖိတ်လျှံကျလို့။ ဒါပေမယ့် မီးအိမ်အလင်းတန်းကတော့ ပြတင်းပေါက် ညှိတည့်မှာ၊ ဖယောင်းတိုင် တည့်တည်ငြိမ်ငြိမ်နဲ့ မတ်မတ်ကြီး လောင်ကျွမ်း နေတယ်။

တခွေ့သရဲလိုလို နှစ်ယောက်ကတော့ တစ်အိမ်လုံးအနှံ့ဟိုဟို သည်သည် လျှောက်သွားရင်း၊ ပြတင်းပေါက်တွေကို ဖွင့်ပစ်ရင်း၊ ကျုပ်တို့ နိုးမသွားအောင် တားကို လေသံတိုးတိုး ကလေးပြောရင်း သူတို့ရဲ့ ပျော်ရွှင်မှုကို ရှာဖွေ နေကြတယ်။

"ကျွန်မတို့ အိပ်ခဲ့ကြတာ ဒီနေရာပေါ့"

လို့ သူမက ပြောတယ်။ နောက်...အမျိုးသားက...

"မရေတွက်နိုင်တဲ့ အနမ်းတွေ"

"နံနက်ခင်းမှာ အိပ်ရာက နိုးထရင်း"

"သစ်ပင်တွေကြားမှာ ငွေလရောင်"

"ဥယျာဉ်ထဲမှာ"

"နွေရောက်လာတော့"

"ဆောင်းနှင်းတွေ ကျချိန်မှာ"

အတော်ဝေးဝေးမှာ နှလုံးခုန်သံလိုမျိုး ညင်ညင်သာသာ တဒုတ်ဒုတ် မြည်ရင်း တံခါးတွေ ပိတ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့တွေ နီးသထက်နီးလာကြ။ တံခါးပေါက်ဝနားမှာ ရပ်သွားကြတယ်။ လေတိုက်သံဟာ ငြိုလဲကျလေရဲ့။ မိုးကလည်း မှန်ပေါ်ကို ငွေခြည်ရှင်တွေလျှောကျစီးလာစေတယ်။ ကျုပ်တို့ နံဘေးက ခြေသံတွေကို လုံးဝမကြားရဘူး တစ္ဆေသရဲဆန်ဆန်ဝတ်ရုံကို ဖြန့်လွှားလိုက်တဲ့ အမျိုးသမီးကိုလည်း မမြင်ရဘူး။ အမျိုးသားရဲ့ လက်က ဖန်မီးအိမ်ကို ကာထားတယ်။ သူ့ထ လေသံတိုးတိုးကလေးနဲ့။

"ကြည့်စမ်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေလိုက် ကြတာ၊ သူတို့နဲ့နှုတ်ခမ်းသားတွေပေါ်မှာ 'အချစ်'ရှိတယ်"

ယိမ်းထိုးနေတဲ့ ငွေမီးအိမ်ကို ကျုပ်တို့အပေါ်မှာ မြှောက်ကိုင်ထားရင်း သူတို့နှစ်ယောက်က ကြည့်လိုက်ကြလေရဲ့။ အကြာကြီး ... နက်နက်ရှိုင်းရှိုင်းကြည့်တာ။

အတော်ကြီးကြာအောင် သူတို့ တိတ်ဆိတ်ငြိမ်သက် ရပ်တန့်နေကြလေရဲ့။ လေကတည့်တည့်ကြီးတိုက်နေတာ၊ မှန်အိမ်မီးတောက်က နည်းနည်းယိမ်းထိုးလာတာပေါ့။ လရောင်ရဲ့ အလင်းတန်းရိုင်းရိုင်းတွေဟာ ကြမ်းပြင်နဲ့ နံရံနှစ်ခုစလုံးအပေါ် ကန့်လန့်ဖြတ်ကျလာတယ်။ ပြီးတော့ (ကျုပ်တို့ကို) ငုံ့ကြည့်နေတဲ့ မျက်နှာပေါ်မှာ လရောင်ခြည် ရိုင်းရိုင်းတွေ စွန်းထင်းသွားလေရဲ့။ အတွေးထဲမှာ နစ်မျောနေတဲ့ မျက်နှာတွေ၊ အိပ်ပျော်နေသူတွေကို ရှာဖွေနေတဲ့ မျက်နှာတွေ၊ သူတို့ရဲ့ ပုန်းလျှိုးပျောက်ကွယ်နေတဲ့ ပျော်ရွှင်မှုကို ရှာဖွေဖမ်းယူဆုပ်ကိုင်နေတဲ့ မျက်နှာတွေပေါ်ကိုလေ။

"အန္တရာယ်ကင်းပြီ၊ အန္တရာယ်ကင်းပြီ၊ အန္တရာယ်ကင်းပြီ"

အိမ်ကြီးရဲ့နှလုံးသားက ဝှံဝှံကြွားကြွားရင်ခုန်လာတယ်။ အမျိုးသားက သက်ပြင်းချသံနဲ့ . . .

"နှစ်တွေအများကြီးကြာပြီးမှ..မင်းကိုယ့်ကို တစ်ခါ ပြန်တွေ့ ရှိလိုက်တာပဲ"

သူမက ညည်းသံတိုးတိုးနဲ့



"ဒီနေရာမှာလေ၊ အိပ်စက်ကြရင်း..ဥယျာဉ်ထဲမှာ၊ စာဖတ်ကြရင်း ရယ်မောကြရင်း၊ ထပ်ခိုးပေါ်မှာ ပန်းသီးတွေကို လှိမ့်ကစားကြရင်း...ပေါ့၊ ဒီနေရာမှာ ကျွန်မတို့ရဲ့ ရတနာကို ထားပစ်ခဲ့မိကြတာပဲ"

ယိမ်းထိုးနေတဲ့ သူတို့ရဲ့ အလင်းရောင်က ကျုပ်မျက်လုံးတွေ အပေါ်က မျက်ခွံကို ဖွင့်လှစ်မတင်လိုက်တယ်။

"အန္တရာယ်ကင်းပြီ၊အန္တရာယ်ကင်းပြီ၊အန္တရာယ်ကင်းပြီ"

အိမ်ကြီးရဲ့ နှလုံးခုန်သံက အရိုင်းဆန်ဆန်။

အိပ်ပျော်နေရာက နိုးလာပြီး ကျုပ်အော်ပြောလိုက်တယ် ...

"အား...ဒါခင်ဗျားတို့မြှုပ်နှံထားခဲ့တဲ့ရတနာပဲ မဟုတ်လား နှလုံးသားထဲက အလင်းရောင်ပဲလေ"

* * *

www.burmeseclassic.com

www.burmeseclassic.com

# အရင်းနှီးဆုံးသူစိမ်းများ

The Others (Joyce Carol Oates)

www.burmeseclassic.com

www.burmeseclassic.com

မတော်တဆ ကြုံကြိုက်မှု တစ်ခုပင်ဖြစ်သည်။

ညနေ။

လူတွေက တရုန်းရုန်း။ အဲသည်လူတွေထဲက အများစု ကတော့ ဝစ္စည်းအလိုက်ပေး၍ လဲလှယ်ကြသည့် စီးပွားရေး သမားများ ဖြစ်ကြ၏။ ထို လူအုပ်ထဲမှာ သူမြင်လိုက်ရခြင်း ဖြစ်လေသည်။

မတော်တဆပါပဲ။

သူကလည်း ဒီနေ့ကျခါမှ လာနေကျလမ်းက မပြန်ဘဲ တခြားလမ်းက ပြန်မိလျက်သားဖြစ်နေ၏။သူ့အလုပ်ခန်းရှိရာ အဆောက်အဦမှ အထွက်တွင် ယခင်က သူထွက်လေ့မရှိသော တံခါးပေါက်မှ ထွက်လိုက်သောကြောင့် ဖြစ်သည်။ (ရှေ့ခန်းမကြီး ပြုပြင်နေသည်ကို သတိရသွားပြီး)

အဲသည်လို အလေ့သုံးဆယ် လုပ်တတ်သည်ကိုက ငယ်ငယ်ကတည်းက သူ့စရိုက်ဖြစ်၏။ သည်စရိုက်ကလည်း သူ့လုပ်ငန်းကို အထောက်အကူပြုပါသည်။

အဲသည်မှာပင် ထိုလူ့ကို သူမြင်တွေ့လိုက်ရခြင်းဖြစ်သည်။

ဒီလူ့ကိုသူမတွေ့ရသည်မှာ နှစ်ပေါင်းများစွာသို့မဟုတ် ဆယ်ရ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ တစ်ချိန်က ရင်းရင်းနှီးနှီး နောက်ပြောင်ကျီစယ်



ခဲ့ဖူးသည့် မျက်နှာတစ်ခုပင်ဖြစ်သည်။ သို့သော် အခုကျမှ ပြန်တွေ့လိုက် ခြင်းကြောင့် ထူးဆန်းသလို ဖြစ်နေ၏။ ပြိုကွဲဝါးမှုန်သွားပြီဖြစ်သော ဓာတ်ပုံဟောင်း တစ်ချပ်လိုပင်ဖြစ်သည်။

ထိုသူဝင်သွားရာ လမ်းကလေးထဲသို့ စပင့်လိုက်ဝင်ခဲ့၏ စိုထိုင်း စွတ်နေသည့် ဆည်းဆာထဲသို့ တိုးဝင်သွားလိုက်သည်။ သို့သော်…ထိုလူကို မမီလိုက်။ ထိုလူ ဝင်သွားသည့် လမ်းမဟုတ်ချေ။ ဒီလူ့ကို သူသိတာ ပါသည်။ ဒီလူကလည်း သူ့ကို သိပါသည်။ သို့သော်…သူ့ဘဝမှာ ဒီလူ့ထို ဘယ်လိုဖြစ်ပြီး သိကျွမ်းခဲ့သည်ကိုလည်းကောင်း၊ ဘယ်အချိန် ပြီး ဘာကြောင့်ရင်းနှီးသွားခဲ့သည်ကိုလည်းကောင်း သူမပြောတတ် ပါ။

စပင့်သည်ပင် အသက်လေးဆယ့်နှစ်နှစ်ရှိပြီဖြစ်သည်။ ဟိုလူကလည်း ရွယ်တူပင်။ သို့သော်…ထူးဆန်းသည်က ထိုလူက ပို၍ အိုစာသလိုဖြစ်နေ ၏။ အသားအရေကလည်း ညိုညစ်ညစ်၊ ဘေးတိုက်မြင်ရသည့် မျက်နှာက ဘာဝါး။ မသဲမကွဲ၊ ကြည့်လင် သော်လည်း သိပ်သည်းဆများသော ရိုမျိုး၊ ပစ္စည်းတစ်စုံတစ်ရာကို ထွင်းဖောက်၍ မြင်ရသလိုလို ဖြစ်နေသည်။ ဖြင့် ချုပ်ထားသည့် အပေါ်အင်္ကျီ၊ အစင်း အစင်း တွေပါသော မီးခိုးရောင် ဘောင်းဘီရှည်ကို ဝတ်ထား၏။ အဝတ်အစားများက အဆမတန်ကြီးမား ချောင်း နေသည့်နှယ်။ ထိုသူ့ကိုယ်ခန္ဓာပေါ်တွင် တွဲလောင်းပုံကျ နေသည်။

လမ်းကို ခြေလျင်ဖြတ်ကူးနေသည့် လူအုပ်ကြီးထဲတွင် ထိုလူပျောက် သွားသည်။ ဘယ်ကိုရောက်လို့ ရောက်သွားမှန်း အရိပ်အယောင်ပင်မပြတော့။

အိမ်ပြန်လာရာ လမ်းတစ်လျှောက် ရထားပေါ်တွင် တစ်ချိန် လုံးနီးပါး ခြားဘာအကြောင်းမှ မစဉ်းစားမိ။

အဲသည်လူဘယ်သူလဲ? ဒီလူက သူ့ကို သိနေပြီးသားလို့ ဘာကြောင့် အရှာရတာလဲ? သူနဲ့ဒီလူနဲ့ကြားမှာ တစ်စုံတစ်ရာ ရှိနေတာတော့ သေချာသည်။ ဆိုးဝါးတာပါပဲ။ ဒါပေမဲ့ သူတို့ နှစ်ယောက်ကို အမြွှာညီအစ်ကိုတွေလို

www.burmeseclassic.com



တူညီပုံးဝင်နေစေတဲ့အရာပါပဲ၊ ဘာပါလိမ့်?

တုန်လှုပ်ချောက်ချားစိတ်က သူ့ရင်ကို ဝါးဖြင့် ဆောင့် ထိုးလိုက်သလို ခံစားရသည်။ အသက်ဝင် မရှုနိုင်၊ အားအင်တွေ ဆုတ်ယုတ်ပြတ်ကျသွား၏။

အဲသည်ည၊ သူနှင့်သူ့ဇနီးတို့ အိပ်ရာဝင်ဖို့ ပြင်နေကြစဉ်မှာ သူပြောလိုက်မိသည်(သို့မဟုတ်)သူ့နှုတ်က စကားတစ်ခွန်းထွက်သွားသည်ကို သူပြန်ကြားလိုက်ရခြင်းဖြစ်မည်။ သူ့လေသံက အကြောက်ကြောက် အရှုံ့ရှုံ့ နံ့နဲ့ရိုက်မဲ့သော အံ့သြမှုမျိုး ပါနေ၏။

"ဒီနေ့ ငါ့အစ်ကို ဝမ်းကွဲ ဆင်ဒီနဲ့ တော်တော်တူတဲ့ လူတစ်ယောက်ကို တွေ့ခဲ့တယ်ကွ"

"ဆင်ဒီကို ကျွန်မ သိလို့လား

ဟု သူ့ဇနီးက မေးလိုက်သည်။

"ကောလိပ်မှာ တို့နှစ်ယောက် တက်ခဲ့ကြတုန်းက ရေနစ်ပြီး သေသွားတဲ့ ဆင်ဒီလေကွာ'

"ကျွန်မ သိလို့လား"

ဟု သူ့ဇနီးက ထပ်မေး၏။ ဘေးတိုက်လှည့်ကြည့်လိုက်သော သူမ၏ အကြည့်က စိတ်မရှည်ပုံ ပေါ်လွင်နေသည်။ ရှိုရှည်သော အပြုံးတစ်ပွင့် ပြုံးလိုက်ပုံက ထွေသလိုလို ငေါ်သလိုလို။

"ကျွန်မမှ မမြင်ဖူးတာ၊ မျက်စိထဲ ဘယ်လို မြင်ယောင် ကြည့်လို့ ရမှာလဲ။ နောက်ပြီး သူသေတာပဲ ကြာလှပြီဆို၊ ဘာဖြစ်လို့ ရှင်က ဒီလောက်တောင် ကယောင်ချောက်ချား ဖြစ်နေရတာလဲ"

စပင့်ချွေးပြန်စပြုလာသည်။ နှလုံးခုန်သံပြင်းလာ၏။ အန္တရာယ်တွေ့နေသူ တစ်ယောက်၏ တည်ငြိမ်ပုံမျိုးဖြင့် သူငြိမ်သက်နေမိလေသည်။

"မင်းပြောတာ ကိုယ်နားမလည်ဘူး"

"စကားလုံးတွေကို"

သူမ ရယ်မောလိုက်ပုံက ပြက်ချော်ချော် တစ်ခုခု သူပြောလိုက်မိ



သလို။ သူမပြန်မဖြေပါ၊ သူ လှဲအိပ်ရင်း သူ့ကအစ်ကို ဝမ်းကွဲ ဆင်ဒီအကြောင်း မေ့ပစ်လိုက်အောင် ကြိုးစားသည်။ ဆင်ဒီကို သူမမြင်ရသည်မှာနှစ်ပေါင်း မြောက်ဆယ်ရှိပြီ။ သူ့ကို နောက်ဆုံးမြင်ခဲ့ရသည်မှာ မင်နီဆိုးတားပြည်နယ်၊ ကော်စကတ်ရှိ အသုဘအိမ်မှ အဖုံးဖွင့်ထားသော ခေါင်းတလား တစ်လုံး ထဲမှာ ဖြစ်သည်။

ဒုတိယအဖြစ်အပျက်ကတော့ နောက်ရက်သတ္တပတ် အနည်းငယ် ကြာမှာ ကြုံရခြင်းဖြစ်သည်။ စပင့်က စာတိုက်တွင် တန်းစီနေသည်။ သူ အလုပ်ဝင်ထည့်နေကျ စာတိုက်မဟုတ်။ သူနေထိုင်မြို့နယ်နှင့် ကပ်လျက် ခြားမြို့နယ်က စာတိုက်ဖြစ်၏။ အဲသည်မြို့နယ်က ကြီးမားသလို ဗိုဖြိုး လှဆန်၏။ လူနေပိုထူထပ်၏။ စာတိုက်ကလည်း အလုပ်လည်းပိုများ ၏။

စပင့်တန်းစီနေစိုက်သူရှေ့မှ အသက်ကြီးကြီး မိန်းမကြီး တစ်ယောက်ကို သူ လှည့်စိုက်မိသွားသည်။ ဒီမိန်းမကြီးလည်း သူသိကျွမ်းရင်းနှီးခဲ့တဲ့ တစ်ယောက်ပဲ မဟုတ်ဘူးလား? ဟိုး... နှစ်ပေါင်းများစွာကတည်းက သိကျွမ်းခဲ့သူ တစ်ယောက်ပေါ့။

ထိုမိန်းမကြီး၏ ချုပ်ရိုးရာတွေလို အစင်းထနေသည့် အသားအရေကို ငြို့လူခံရသူလိုမျိုး သူစိုက်ကြည့်နေမိသည်။ အဘွားကြီး၏ အရေပြားက အနှံ့လိမ်နုးညံ့ပျော့ဖပ်ကာ ထူးဆန်းသော ပစ္စည်းအမျိုး အမည် တစ်ခုဖြင့် ပြုလုပ်ထားသည့် လက်အိတ်လိုမျိုး ခြောက်ကပ်နေ၏။ သဘာဝမကျစွာ ဖြူရော်နေ၏။

အဘွားကြီး၏ မျက်လုံးများက သေးငယ် ရှုံ့တွဝင်နေသည်။ ဖျော့သော် တလက်လက် အရောင်ထွက်နေ၏။ သူမ၏ လက်များက အရိုးငေါငေါ ဖြစ်နေသည့်တိုင် အံ့သြစရာ ကောင်းလောက်အောင် နူးညံ့နေကြသည်။ အဝါးပိုင်းခန့်ရှိသော နီညိုရောင် အကွက်အကွက်များ ထနေသည်။ သွယ်သော် လက်ချောင်းများတွင် လက်စွပ်များဝတ်ဆင်ထား သောကြောင့် တစ်နည်း တစ်ဖုံ လှပသလို ဖြစ်နေ၏။ စိတ်ရှုပ်နေခြင်း ဖြစ်ဖို့ များသည့် အဘွားကြီးက

www.burmeseclassic.com

www.burmeseclassic.com



အသက် ၉၀ တစ်ဝိုက်တော့ရှိရော့မည်။ ပုပန်ကြောင့်ကြနေသည့်အသွင်ရှိ၍ ချာတီးပျာယာဖြစ်နေ၏။ သူမကိုယ်သူမ တချစ်တောက်တောက် ရေရွတ်နေသည်။ သူမ အနီးက လူများကို မကျေမနပ် ရေရွတ်နေတာလည်း ဖြစ်နိုင်ဖြစ်ပါလိမ့်မည်။ သို့သော် သူမ၏ ဟန်ပန်က မမြင်ရသော ပျား တွေတစ်စီးစီး အော်မြည် နေပုံမျိုး ခွန်အားတွေ ဖျိုးဖျိုးဖျစ်ဖျစ် မြည်ဟည်းကာ ကွဲထွက်တော့မတတ်မြူးထူးနိုးကြွားထက်သန် နေလေသည်။

သူဘယ်သူဘယ်ဝါဖြစ်မှန်းသိသည်ဟု သူ့ကိုယ်သူယုံ၏။ မစ္စရေယူတာ...၊သူငယ်ငယ်တုန်းက ကျောင်းဆရာမဖြစ်ခဲ့၏။ သူမကို မတွေ့ရသည်မှာ နှစ်ပေါင်းများစွာကြာပြီ။ တွက်ကြည့်ရှင်စိတ်ပင် မရှိတော့လောက်ကြာလှပြီ။

အလွန်အမင်းအသက်ကြီးနေသည့်တိုင် မစ္စရေယူတာသည် သူ့ရှေ့ဘာသာသူ မသွားနိုင်လာနိုင်သေးပုံပေါ်သည်။ ငွေလို ပစ္စည်းတစ်မျိုးဖြင့်ပြုလုပ်ထားသည့် ဈေးဝယ်အိတ်ကြီး တစ်လုံးကို လွယ်ထား၏။ ခြေထောက်နားမှာလည်း နောက်ထပ် ပြောင်ပြောင်လက်လက် အိတ်တစ်လုံး ချထားသေးသည်။ အဘွားကြီးက ဟိုထဲနှိုက်လိုက်သည်ထဲနှိုက်လိုက်ဖြင့် သူမ၏ ပိုက်ဆံအိတ်ကို လှန်လှောရှာဖွေနေသည်။ တွေ့ပုံမပေါ်။

စာတိုက်စာရေးက အတင်းဆွဲဆန့်ထားရသော သည်းခံ ပုံမျိုးဖြင့် စောင့်နေသည်။ တန်းစီနေသူများက ခြောက်ယောက် လောက်ရှိနေပြီ။ ဒီအဘွားကြီးသည် (သူသိသော မစ္စရေယူတာ မှန်းသေချာသောကြောင့် ဖြစ်သည်) စပင်က အဘွားကြီးကို ကူညီရမလား ဟုမေးလိုက်သည်။ သူက အဘွားကြီးကို နာမည်တပ်ပြီး မခေါ်လိုက်။ သူမက သူ့ဘက်လှည့်ကြည့် သည်။ ကျေးဇူးတင်သည့် အကြည့်ဖြစ်သည်။ စိတ်တိုနေပုံလည်းပေါ်၏။ အဘွားကြီး အကြည့်က သူဖြစ်စေသို့မဟုတ် အခြားတစ်ယောက်ယောက် ဖြစ်စေ မလွဲမသွေ လာကူကို ကူညီရမည်ဟု တပ်အပ်သိနေသည့် အလား ဖြစ်သည်။

စပင်က အဘွားကြီးအတွက် တံဆိပ်ခေါင်းဖိုးနှင့် စာပို့ခတို ပေးလိုက်



သည်။ မစ္စရေယူတာက အိတ်ထဲတွင် လှန်လှော ရှာဖွေနေဆဲ ရှိသေး၏။ သူ့ကို မော့မကြည့်ဘဲ ကျေးဇူးတင်ပါ တယ်ဟု လှမ်းပြောသည်။ သူမအသံက စိတ်အနှောင့်အယှက် ဖြစ်နေသည့်ဟန် ၊ ရိုဝေနေသည့်ဟန်။

အဘွားကြီးက ထိုပိုက်ဆံကို ကျေကျေနပ်နပ် ချေးငှားသည်ဟု အဆောတထားဖို့ရန်အထပ်ထပ်ပြောနေသည်။ မေတ္တာဖြင့်အလကား ဝင်ပေးခြင်းကို လက်မခံနိုင်သည့်သဘော။

"ကျွန်မက ခုထိတော့ သူများပေးစာ ကမ်းစာစားနေရ တဲ့သူမှ တော့ဘူးတော်သေးတာ"

အဲသည်နောက်မှာ စပင်က ရုတ်တရက် သတိရသွားသည်။ ဒီမိန်းမကြီး ဆုံးလွန်ခဲ့ပြီးပြီပဲ။ အဲသည်အကြောင်းကို မရည်ရွယ်ဘဲ တွေးမိသွားခြင်း ဖြစ်သည်။ နောက်တော့ သူ့စိတ်တွေဖြောင်းဆန်သွား လေတော့သည်။

အဲသည်နောက်ပိုင်း ထိုလူများကို အမြင်ရအတွေ့ရ ပိုများသည်။ ထိုသူတို့ကို 'ဘဝခြားသူများ'...ဟု သူ့စိတ်ထဲက အမည်ပေး ထား၏။ လမ်းပေါ်မှာ၊ အဆောက်ဆိုင်ထဲမှာ ၊ ဘုရားရှိခိုးကျောင်းမှာ၊ သူ့အလုပ်ခန်းရှိရာ အဆောက်အဦမှာ၊ သူ့အလုပ်ခန်းရှိသည့်အထပ်မှာ၊ သူ့အလုပ်ဌာနမှာ၊ သူ့ရုံးမှာ...။

(သူက အမေရိကန်ရှိ စီးပွားရေးလုပ်ငန်းရှင်ကြီးများထဲမှ တစ်ဦးအတွက် အကျိုးဆောင် ပေးနေရသော အကြီးမားဆုံးရှေ့နေ တစ်ယောက်ဖြစ်၏။ ဝင်ငွေကလည်း ကောင်းကောင်း ရပါသည်။)

တစ်မနက်ခင်းတွင် အိပ်ခန်းပြတင်းပေါက်အနီးရပ်ကာ အပြင်လမ်းဆီ ငေးကြည့်နေသည့် စပင်ကို သူ့ဇနီးက တွေ့လိုက်ရသည်။ သူမက သူ့နံကြားကို ဆိုးစယ်သလို လက်ညှိုးဖြင့် ဆက်ခနဲ တို့လိုက်ရင်း

"ဘာဖြစ်လို့လဲ"

ဟုမေးလိုက်၏။

"ရှင် အရင်ဒီလိုမဟုတ်ပါဘူး"

"ဟိုးအပြင်မှာ ...လူတစ်ယောက်ကွ၊ တို့ဘက်ဆီ ကြည့်နေလို့"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမှ...မရှိပါဘူး"

"သူ..ကိုယ့်ကိုစောင့်နေတာထင်တယ်"

"အဲ...ဟုတ်တယ်၊ ကျွန်မတွေ့ပြီ"

သူ့ဓနီးက အမှုမဲ့အမှတ်မဲ့ ပြောလိုက်သည်။

"အဲဒီလူကို မကြာခဏ အဲသည်နားမှာ တွေ့နေကျပါ၊ ရှင့်ကို စောင့်နေတာ ဟုတ်မယ်မထင်ဘူး"

ကိုယ့်အရှင်းချင်းသာသိသော ပြက်လုံးတစ်ခုလိုမျိုး သူမ ရယ်မောလိုက်သည်။ သူမက မျက်နှာပေါ်တွင် မဲ့ခြောက် အနည်းငယ်ရှိသည်။ နှာခေါင်းက ပုတိုတို။

သူမကို သူလက်ထပ်ခဲ့သည်မှာ ကြာပါပြီ။ အဲသည် ကာလ တစ်လျှောက်လုံး ချစ်ခြင်းမေတ္တာထဲမှာ သူနစ်မြုပ်မေ့ မောနေခဲ့သည်ပဲဖြစ်၏။ အခုတော့ သူလန့်နိုးလာခဲ့ပြီ။

စပင့်ကပြောလိုက်သည်။ သူ့အသံက တုန်ခါနေ၏။

"ကိုယ်ထင်တယ် ဟို...ကိုယ့်အာရုံကြောတွေ ဦးနှောက် ပျက်ကုန်ပြီလားလို့ အောက်မေ့ပြီး စိုးရိမ်နေတယ်၊ ကိုယ်... အရမ်း၊ အရမ်းကြောက်တယ် ကွာ"

"ဟင့်အင်း"

သူ့ဓနီးကပြောလိုက်၏။

"ရှင်မရူးပါဘူး၊ ကျွန်မသိသမျှ လူတွေထဲမှာတော့ ရှင်က လူကောင်း ဝတတ် အဖြစ်ဆုံးပါပဲနော်၊ မျက်နှာပြင်တစ်ခုလုံး အရုတ် အပြဲမရှိ၊ အကွဲ အအက်မရှိ စင်းလုံးချော"

စပင့်က သူမဘက်လှည့်ကြည့်လိုက်သည်။ သူ့မျက်ဝန်းများထဲတွင် ချက်ရည်တို့ဖြင့် ပြည့်နေ၏။

"နောက်မနေနဲ့ ၊ ဒါ...ဝမ်းနည်းရမှာ"

သူမဘာမှပြန်မပြော တိတ်နေသည်။ တစ်ရပ်တစ်ပါးသို့ လွင့်စဉ်



သွားတော့ကွယ်ပြီဟုပင် အောက်မေ့ရသည်။ နောက်တော့.. သူ့ခါးကို သူမ၏ လက်အစုံက လာရောက်ပွေ့ဖက်ပြီး သူ့ပခုံးပေါ် သူမ ခေါင်းကို မှေးတင်ထား လိုက်သည်။ ဘဝမှာ အရာရာကို လက်တွဲမဖြုတ် စတမ်း ရင်ဆိုင်မည့် ရဲဘော် ရဲဘက်ပီသသော အပြုအမူပင်ဖြစ်၏။ သူ့ကို တမင်ရွဲ့ပြီး လှောင်ပြောင်နေ သလား၊ တကယ်ပဲလားတော့ စပင့် မပြောတတ်ချေ။

"ငါစိုးရိမ်နေတာက အဲဒါပဲ"

"အင်း ရှင်ပြောပြီးသားပဲလေ"

"ငါဦးနှောက်တော့သွားပြီ၊ ရူးတော့မယ်"

သူမ ခဏရပ်ပြီး လမ်းမဘက်ဆီချောင်းကြည့်နေ၏။ လမ်းပေါ်မှ အသက်ကြီးကြီးလူက နောက်ဘက်တစ်ချက် လှည့်ကြည့်လိုက်သည်။ အိမ်ခန်းစာကန့်လန့်ကာများအကြွယ်တွင် ရှိနေသောသူတို့ဓနီးမောင်နှံကို သူမမြင်မသွားပါ။ မည်သူ တစ်ဦးတစ်ယောက်ကိုမှလည်း တွေ့မသွားဝါချေ။ ထိုသူက အဝတ်အစားကို ကျကျနန ဝတ်ထားပြီး လက်ထဲတွင်လည်း ထီးတစ်ချောင်းကို ကိုင်ထား၏။ ထီးလား? ကြိမ်တုတ်တစ် ချောင်းဖြစ်ဖို့များ ပါသည်။

စပင့်ကပြောလိုက်သည်။

"အဲဒီလူတွေကို ငါပို...ပိုပြီး မြင်နေရဦးမှာကွ၊ အဲဒီလူတွေ... တကယ်ရှိမနေတဲ့လူတွေ"

"ဟိုမှာ ရှိနေသားပဲရှင်"

"ငါဆိုလိုတာက သူတို့ဟာ သေဆုံးပြီး လူတွေ၊ လူသေတွေ ကို ပြောတာ"

သူ့ဓနီးက နောက်သို့ဆုတ်သွားသည်။ အားတိုက်မပ် စောင်းစောင်း သုမ်းကြည့်၏။ နားလည်ရခက်စွာ ပြုံးရင်း...

"ရှင့်ကို စိတ်ကယောင်ချောက်ချား ဖြစ်အောင် လုပ်နေတာပါကိုး"

"သူတို့ ဒီလောကမှာ တကယ်မရှိဘူးဆိုတာ ငါက သိထားတော့"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုလူက ဟောဟိုမှာ ရှိနေတာပဲ"

"အဲဒါကြောင့် ငါရှုးသွားတော့မယ် ပြောတာပါ၊စိတ် ကစဉ့်ကလျား ရောဂါ တစ်မျိုးပါပဲ။ ချောက်အိပ်မက်တွေ ထင်ယောင်ထင်မှားတွေ"

စပင့်က စိတ်လှုပ်ရှားစွာပြောနေမိ၏။ သူဘာပြောလို့ ပြောနေမိ မှန်းလည်း ရေရေရာရာမသိ။ သူ့ဖနီးက သတိကြီးစွာ (သို့မဟုတ်) မနှစ်မြို့စွာ သူနှင့်ဝေးရာသို့ ဆုတ်သွား၏။

နှစ်သစ်ကူးနေ့ပြီး မှားမကြာမီ တစ်မနက်ခင်းတွင်ဖြစ်သည်။ လေထုက ဓားသွားတစ်ချောင်းလို့ ထက်မြနေပြီး ကောင်းကင်ကလည်း ပြာထဲ လွှင်နေသောကြောင့် အဲသည်နေ့ မနက်ခင်းသည် မျက်ဝန်းတွေထဲသို့ ဝေဒနာ ချက်ရည်စတွေ ဆောင်ကြဉ်းပေးလာသလို ဖြစ်နေလေသည်။

စပင့်သည် သူ့အလုပ်ခန်းရှိရာသို့ သွားရန် မြေအောက်ရထား လမ်းထဲသို့ ဝင်လိုက်သည်။ မြို့တော်ပလက်ဖောင်း လူသွားစင်္ကြံ လမ်းများ အောက်ဘက်အလွှာသည် မြေအောက် မီးရထား လိုဏ်ခေါင်းပြွန်ပေါက် များဖြင့် ပြည့်နေသည့် ပျားအုံတစ်အုံပင်ဖြစ်၏။ တချို့လမ်းများက စိုထိုင်းပြီး ပျက်စီး နေကြ၏။ အများစုကတော့ အခြေအနေကောင်းသေးသည်။ ရုံဖန်ရုံခါဆိုသလို အဖြူရောင် ဘောက်တောက် အုတ်ကြွတ်များဖြင့် ပြုလုပ်ထားသည့် စင်္ကြံလမ်းသည် လက်ဖြင့် တယုတယ ပွတ်သပ်အရောင်တင်ထားပုံမျိုး ပေါ်နေ၏။

စပင့်က အပေါ်လမ်းမှ သွားရသည်ကို ပိုကြိုက်၏။ တစ်နည်းအားဖြင့် အပေါ်လမ်းမှ သွားရသည်ကို သူပိုကြိုက်သင့်သည်ဟု သူ့ဘာသာသူ ယုံကြည် နေမိ၏။ ဘာကြောင့်မှန်းတော့ မပြောတတ်။ အကြောင်းပြချက်က ဝိုးတိုး ဝါးတား၊ ဒါမှမဟုတ် ရှေးရိုးသိပ်ဆန် နေတာ လည်းဖြစ်ချင်ဖြစ်မည်။ သို့သော် ရာသီဥတုက ဆိုးဝါးနေသောကြောင့် မြေအောက်လမ်းမှပင် သွားမှ ဖြစ်တော့ မည်ဟု သူဆုံးဖြတ်လိုက်၏။



သူကလမ်းပျောက်မှာတစ်ခုပဲစိုးသည်။ ကြောဆောလည်း ထမ်းမှေ့တ် ခဲ့ရခြင်းကြောင့်ဖြစ်၏။

(အင်းလေ လမ်းပျောက်သွားဦးတော့၊ လှေကားတစ်ခုခုဒါမှမဟုတ်၊ စက်လှေကားတစ်စင်းစင်းနဲ့ မြေပေါ်ကို ပြန်တက်လို့ရတာပဲ၊ သိပ်တော့ ကြာကြာလမ်းပျောက် နေစရာ အကြောင်း မရှိပါ)

အဲသည်နေ့ နံနက်ကျခါမှ မြေအောက်လမ်းတွေက ခါ တိုင်းထက်ပိုပြီး ရှုပ်ပြည့်ကျပ်နေ၏။ အဘိုးကြီးတွေ အဘွားကြီးတွေက အများစုဖြစ်သည်။ ထိုင်နေရာ၊ သည်နေရာတွေမှာ လူငယ်တစ်ယောက် တစ်လေကိုလည်း မြင်ရ၏။ သူတို့အသွင် တွေက တုန်လှုပ်ချောက်ချား နေပုံမျိုး သဘာဝမကျ ချွတ်ချော် နေသည်ဟုခံစားရ၏။ ဟိုနားသည် နားတင် ပို၍ တုန်လှုပ် ချောက်ချား နေသည့် ကလေးငယ်တစ်ယောက်စ၊ နှစ်ယောက်စ တို့၏ မျက်နှာတွေတိုပါ မြင်ရသည်။ အဲသည် မျက်နှာတွေထဲမှ လျှို့ဝှက်ဆန်းကြယ်ပြီး ကြောက်စရာ ကောင်းသည့် ရင်းနှီးမှုမျိုးဖြင့် တစ်ချိန်က သူသိကျွမ်းခဲ့သော မျက်နှာတွေ တည်းဝါသည်။ သူအနေရအထိုင်ရခက်လာ၏။

သူစိတ်ခိုင်ခိုင်ထားပြီး လျစ်လျူရှုပစ်လိုက်၏။

မကြာခင်မှာပင် လူအုပ်ထဲမှာ သူ့ခြေလှမ်းတွေ ရောပါ သွားတော့ သည်။ လူအုပ်ကြီး၏ ခြေလှမ်းရွေ့ပုံအတိုင်း သူလိုက်ပြီး ခြေထောက်တို ရွှေ့နေရ၏။ လူအုပ်ကြီး၏ ခြေလှမ်းတွေက ပုံမမှန်၊ လှိုင်းတွေလို တလိမ့်လိမ့် တရွေ့ရွေ့၊ လမ်းကြောင်းဖြောင့်သော နေရာများ၊ လမ်းကွေ့နေရာများတွင် နေးသွားကြသည်။ဒီရေတစ်ခုလိုမျိုး လိုက်ပါစီးမျောရသည်ကို သူသဘောကျ သလို ဖြစ်လာသည်။

သဲဆန်ခါမှန်ကူကွက်တွေ တပ်ထားရာ မြင်နေကျ လမ်း ကြောင်းမှ တစ်ဆင့် သားသားနားနား တောက်ပလင်း ထိန်နေသည့် နောက်ထပ် မြေအောက်လမ်းတစ်ခုထဲသို့ ရောက် လာကြသည်။ ထို့နောက် တစ်မျိုးထပ်ပြီး ဆိုးဆိုးရွားရွား ပျက်စီးနေသည့် လမ်းတစ်ခုထဲ ရောက်သွားကြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်လမ်း ဖျက်စီးနေ လိုက်ပုံက အလုပ်သမားတွေတစ်နေ့လုံး တစ်ညလုံး မြေအောက်မှာ ၂၄ နာရီ အပြည့်ပြင်ဖို့ လိုအပ်နေ သည် အထိ။

အလျှင်အမြန် ရွေ့လျားနေရင်းက တူထုသံလိုမျိုး နားပင်း သွားစေနိုင်လောက်သည့် လေထုတုန်ခါသံကို ဖြတ်သန်း လာရသည်။ စဝင့်သည် သူမသိသော မြေအောက် နောက်တစ်ထပ်သို့ လှေကားထစ်များ ပေါ်မှ ဆင်းသွားနေရကြောင်း တွေ့လာ၏။

နွေးထွေးသော နေရာတစ်ခုပင်ဖြစ်သည်။ ပျားတွေလို တဝီဝီမြည်သံ တွေလည်းကြားနေရ၏။ စကားပြောသံတွေလိုမျိုးပင်။ သို့သော် သူနှင့် အတူ လမ်းလျှောက်နေသည့် အုပ်စုထဲမှ မည်သူမျှ စကားပြောနေခြင်း မရှိ။

သူတို့ဘယ်ကိုသွားနေကြတာလဲ? ဒီလောက် လူတွေ အများကြီး။ ဆုံရပ်တစ်ခုတည်းဆီသို့ ဦးတည်လို့?

ဒီရေလှိုင်းလုံးကြီးထဲမှာ သူတစ်ယောက်၊ ငါတစ်ယောက် ဆိုသည်မှာ မရှိတော့ အားလုံးသည် တစ်ယောက်တည်း တစ်ခုတည်းလိုလိုပင် ဖြစ်သွား သည်။ ဟိုနားသည်နား ဆိုသလို စိတ်ပျက်စရာ ခေါင်းစဉ်ဆိုးတစ်ခု အောက်ရောက်နေ သလိုမျိုးဖြူဖပ် ဖြူရော် မျက်နှာနှင့် ဖျတ်ခနဲ လှမ်းကြည့် တတ်သော မျက်လုံး များကိုလည်း မြင်ရသည်။

သူတို့နှင့်အတူရောလိုက်လာရင်း သူ့မှာ အင်အားသစ်တွေ ရှိလာသလို စဝင့်ခံစားနားလည်ရလေသည်။

* * *

# နောက်ယောင်ခံလိုက်သူများ

The Followers (Dylan Thomas)

www.burmeseclassic.com

www.burmeseclassic.com

ဆောင်းဥတု ညနေခင်း(၆)နာရီ။

လမ်းဘေးမီးတိုင်တွေ လင်းလာသည်။ ညစ်ထိုင်းထိုင်း စိုပုပ်ပုပ် မိုးစက်တွေ တဖွဲဖွဲတဖြောက်ဖြောက် ရွာကျလာ၏။ လူသွားလမ်းကလေး များက ရှည်ရှည်လျားလျား၊ အဝါရောင် လက်ပနေကြ၏။ မိုးတွင်းစီးသား ရေဖိနပ်သံတွေ တကျွိကျွိ၊ မိုးကာအကျီင်္ကော်လာစတွေထောင်လျက် ဦးထုပ်ကြမ်းဝိုင်းဝိုင်းကြီးများ ၊ မိုးကာဦးထုပ်ပျော့များ . . . စိုရွှဲလျက် အရွယ်ကောင်းယောကျ်ားတွေ ရုံးအဆောက်အဦးများထဲမှ ထွက်လာကြပြီး အိမ်အပြန်လမ်း မိုးရေထဲတွင် စေးပျစ်ခဲလျက် ၊ လေရိုင်းကို အန်တုရင်း အိမ်ပြန်ကြပြီ။

"ဂွတ်နိုက်၊ မစ္စတာ မာဆေး"

"ကိုယ်နဲ့ တစ်လမ်းတည်းပြန်မှာမဟုတ်လား၊ ချာလီ"

"အတော်ဆိုးရွားတဲ့ ညပဲကွ"

"ဂွတ်နိုက်၊ မစ္စတာဆွမ်း"

လူကြီးတွေကတော့ ထီးကောက်ကောက်မည်းမည်းကြီး များ၏ လက်ကိုင်ရိုးကိုကိုင်လျက် အိပ်တန်းပြန်ငှက်တွေလို လေစီးကြောင်းထဲတွင်



ငှင်ခါနေကြသည်။ မီးအလင်းဖြင့် နွေးထွေးရာ တောင်တုန်းတွေဆီ၊ မိုးရေ လွတ်ရာ လေပြင်းဒဏ်ကင်းရာ နွေးထွေးသောနေရာဆီ၊ ရာသီဥတု အကာ အကွယ်ရသော မီးလင်းဖိုတွေဆီ၊ "အမေကြီး" ဟုခေါ်ကြသော အိမ်သူဇနီး သည်တွေရှိရာဆီ၊ သန်းတွေ တစ်လေကြီး ပြည့်နေသည့် သူတို့ အာလုပ် သံဖြင့် ချစ်စရာ ခွေးအိုကြီးတွေဆီ၊ အသံမကွဲမကွဲ တရှဲရှဲ တရျစ်ရျစ် မြည်နေသည့် ရေဒီယို နံဘေးဆီ...။

ရုံးတွေထဲက ထွက်လာကြသည့် မိန်းမပျိုကလေးများကတော့ ခေါင်းခါတွေ ဖွေးလျက်၊ မွှေးရနံ့တွေ တထောင်းထောင်း သူတို့ခေါင်း ပေါ်တွင် ဦးထုပ်ဆောင်းသေးသေးကလေးတွေ၊ ဆံပင်တွေကလည်း စိုရွှဲလျက်သား၊ အသံချင်း တွဲရိုက်ကာ စကားတွေ တွတ်ထိုး ပြောလိုက်ကြ၊ ခိုးခိုးခစ်ခစ် ရယ်မော လိုက်ကြနှင့် တရှုးရှုး တရှဲရှဲ ခုတ်မောင်းလာသော ဓါတ်ရထားများ၊ ဘတ်စ်ကားတွေနှင့် မိုးရေစက်များ ရောနေကာ သက်တံ့ရောင်ထနေသည့် ကုန်းခုံများထဲမှာ ရေစိုနေသည့် ခြေအိတ်တွေကို ညစ်ခါလိုက်သလို မြည်သံ ထွက်လာ၏။

အဝတ်အစားအရောင်းပြခန်း ပြတင်းပေါက်တွင်၊ ကောင်မလေး နှစ်ယောက်က အဝတ်အစားပုံစံကြော်ငြာရုပ်တုများပေါ်မှ အဝတ်အထည် တွေကို ပြန်ချွတ်ယူ သိမ်းဆည်းနေကြ၏။

"နင်ဒီည ဘယ်သွားမယ် စိတ်ကူးလဲ"

"အာသာအပေါ် မူတည်တာပဲ အဲ...အရုပ်ကို နည်းနည်းကြွအောင် ပေး"

"အက်နာ၊ ရုပ်တုက အောက်ခံအဝတ်အစားတွေ ချွတ်ရင် ဂရုစိုက် နော်"

နောက်ပြတင်းပေါက်တစ်ခုပေါ်ကို ယင်းလိပ်အကာ ဖုံးသွား၏။ ရှေ့တွင်သတင်းစာ လက်ပွေ့ရောင်းသည့် ကောင်လေး တစ်ယောက် ရပ်နေ၏။

"လျှော်သတင်းခင်ဗျ၊ လျှော်၊ ဂျပန်မှာ လျှော်လှုပ်တဲ့"။ တစ်ရုံ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကြားရအောင် အော်ဟစ်ရောင်းချနေပုံမျိုးမဟုတ်၊ သူ့အသံက ခပ်တိုးတိုးသာ။ သူရပ်နေရာ တည့်တည့်ဆီ တံစက်မြိတ်မှ ရေတွေ တစက်စက် ကျနေ၏။ သူက အဲသည် သူအပိုင်သိမ်းထားသော မိုးရေအိုင်ကွက် ထဲမှာ စောင့်စားနေဆဲပင် ရှိလေသည်။

အရပ်ရှည်ရှည် ကိုယ်လုံးကိုယ်ထည် ဖြားချပ်ချပ် မိန်းကလေး တစ်ယောက် လက်ကိုင်ပုဝါဖြင့် မျက်နှာကို ကွယ်ကာ ဟန်ဆောင်ပန်ဆောင် ငိုရှိုက်ရင်း လျှောက်မျက် ရတနာ ဆိုင်ထဲမှ ထွက်လာ၏။ နောက်... သံမဏိ လျှောတံခါးကို ချိတ်ဆွဲချပြီး ပိတ်လိုက်သည်။ မှိုင်းမှုန်ရီဝေသော မိုးရေစက် တွေထဲမှာ သူမ ပုံစံက တစ်ကိုယ်လုံး ရွဲနစ်သွားအောင် ငိုချနေသလိုမျိုး ဖြစ်နေ၏။

အနက်ရောင် အဝတ်အစားများ ဝတ်ဆင်ထားကြသည့် ယောကျ်ား တစ်ယောက်နှင့် မိန်းမတစ်ယောက်တို့သည် တိတ် ဆိတ်စွာ နှင့် သူတို့ ဝန်းဆိုင်ရှေ့မှာ ပန်းစည်း ပန်းကုံးများကို ပြတင်းပေါက် မီးအလင်းရောင်အောက် နောက်က ပန်းရနံ့သင်းသော မရဏဆန်ဆန် အမှောင်ထုထဲသို့ သယ်ယူ သွင်းသွားကြ၏။

နောက်တော့ မီးတွေ မှိတ်သွားလေသည်။

မိုးပျံပူဖောင်းတစ်လုံးကို ကိုင်လာသူ လူတစ်ယောက်၊ တိတ်ဆိတ် ကြေကွဲ ဆွေးမြည့် အိုမှိုင်းနေသည့် မျက်နှာနှင့် ကလေးတစ်ယောက်က အပြင်ဘက် မိုးရေထဲမှာ ငြိမ်သက်စွာ ထိုင်နေ၏။ သူ့တစ်ကိုယ်လုံး ရွှဲရွှဲစိုနေပြီး သူ့ပတ်ပတ်လည်ကို စိတ်မရှ မလုံခြုံသလို သတိထားကြည့်နေရသည့် ပုံမျိုး။

သည်ညနေသည် ကျွန်တော်သိခဲ့ကြုံခဲ့ဖူးသမျှ ညနေခင်း များထဲတွင် ကြေကွဲစရာ အကောင်းဆုံး ညနေခင်းဖြစ်ပါသည်။

လူရွယ်တစ်ယောက်က သူ့ချစ်သူကို ပွေ့ဖက်ရင်း ရယ်ကာ မောကာဖြင့် ကျွန်တော့အားမှ ဖြတ်လျှောက်သွားသည်။ ကောင်မလေးက ချစ်သူမျက်နှာကို တည့်တည့်ကြည့်ပြီး တို့လည်း ရယ်မောလိုက်သည်။



အဲသည်အဖြစ်အပျက်က ညနေခင်းကို ဗိုလ်ဝင် ကြေကွဲ ဝမ်းနည်းစရာ ကောင်းသွားစေလေသလို ဖြစ်နေလေသည်။

ခရင်မေး လမ်းထောင့်တွင် ကျွန်တော်လက်စလီနှင့် ဆုံသည်။ ကျွန်တော်တို့နှစ်ယောက်သားက သက်တူရွယ်တူ။

လက်စလီက ထီးတစ်လက်ကို လိပ်ယူလာ၏။ အဲသည်ထီးကို သူသယ်တုန်းကမျှ မဆောင်းဖူး။ တစ်ခါတလေတော့ တံခါးမှာ တပ်ထားသည့် ခေါင်းလောင်းခလုတ် ကိုဖိဖို့ သုံးတတ်သည်။ သူက ခုတ်ဆိတ်ထားရှိ ပြီး မွေးနေသည်။ စနေနေ့များတွင် ကျင်းပတတ်သည့် ပါတီပွဲတက်ညည့် မျိုး ကျွန်တော်က ဝတ်စားလာသည်။ အင်္ကျီကွက်ကျားအဆင် နှင့် ကျွန်တော်တို့ နှစ်ဦးသား တစ်ယောက်ကို တစ်ယောက် ပြောနေဆိုနေကျ ပုံအတိုင်း နှုတ်ဆက်ဖြစ်သည်။

"မင်္ဂလာ ညနေခင်းပါ နောကြီး"

"မင်္ဂလာပဲ လက်စလီ"

"ကွက်တိ ရောက်လာတာပဲကိုး"

"ဒါပေါ့ တေရယ်၊ ကွက်တိပဲ"

ရေစိုနေသည့် ယုန်ကလေးတွေ၏ ကိုယ်နံ့မျိုး ပျံ့သင်းလာသည်။ ညစ်မှောင်နေသည့် ညပင်ဖြစ်သည့်တိုင် စိတ်ထဲမှ အလိုလိုသိနေ၏။ ခေါက်မြင့်ဖိနပ်သံခပ်စိပ်စိပ်၊ နင်းလျှောက်လာသော ဝဝကစ်ကစ်ချစ်စရာ ကောင်မလေး တစ်ယောက်ပင်ဖြစ်သည်။

ဖိနပ်ခွာသံများ တခွပ်ခွပ်၊ ဖိနပ်အောက်ခံသားရေပြား များရှု့ထို နင်းမီသံ မြည်သွား၏။

ကောင်မလေးဖြတ်သွားသည့်နောက် လက်စလီက အံ့ဩမြူးထူး သလို ခပ်တိုးတိုးလေရှူးလိုက်သည်။

"အလုပ်ကို ဦးစားပေးစမ်းပါကွာ"

ဟုကျွန်တော်ပြောလိုက်၏။ လက်စလီက..

www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ် မင်းကချား"

"ကောင်မလေးက ဝလည်းတော်တော်ဝပါတယ်ကွာ"

လက်စလီက...

"ငါက ဝတဲ့ကောင်မလေးတွေကို သဘောကျတယ်ကွ။ ဘိုင်ဏ် မှတ်မိလား။ အဲဒီအမျိုးသမီးလည်း ဝတုတ်မပဲလေ"

"အေး ၊ ဓာတ်လမ်းယောင်းကြီးအကြောင်း ပြောပြန်ပြီလား၊ လွတ်ရ ငါး ကြီးတယ်ပေါ့လေ။ ဟေ့ကောင်ဒါနဲ့မင်း ဘဏ္ဍာရေး အခြေအနေ ဘယ်လိုလဲ"

"တစ်ပြားနဲ့မှ တစ်ချပ်တည်းရယ်၊ မင်းကောပိုက်ဆံ ဘယ်လောက် ပါလဲ"

"ခြောက်ပဲနိပဲရှိတယ်ကွ"

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ၊ လှည့်ပြန်ရမှာလား"

"မာလ်ဘိုးရပ်ဖ်မှာ ပေါချောင်ကောင်းလေးဘာလေး ရမှာပါ"

အရက်ဘားဟယ်ဘိုးရပ်ဖ်ဆီ ကျွန်တော်တို့ ခြေဦးလှည့် ခဲ့ကြသည်။ လက်ထဲက ထီးကို ဖေ့လိုက်ယမ်းလိုက်၊ လမ်းမီး တိုင်မှိုင်းနိုးတွေ ပေါ် နေသည့် မိုးကာအင်္ကျီများနှင့် တဖျပ်ဖျပ် ရိုက်လိုက်ဖြင့် လျှောက်လာခဲ့ကြ၏။

လမ်းပေါ်တွင် မိုးရေတွေ စိုစွတ်ကာ ညစ်ပတ်နေသည်။ စက္ကူစတွေ စီးကရက်အစီခံအတိုတွေ၊ အဝတ်စုတ်တွေ၊ ရွှံ့နွံ အနည်အနှစ်တွေ၊ နေရာအနှံ့ ဘူးခွံ၊ ပုံးခွံအစုတ်တွေ၊ အမွေး အမျှင်တွေ လုံးထွေးကာ မြောင်းထဲမှာ တဝဲလည်လည် မျောနေသည်ကို မြင်ရ၏။

"ပြီးတော့ကော ဘာလုပ်ကြဦးမှာလဲ"

ဟုလက်စလီကမေးသည်။

"တစ်ယောက်ယောက်နောက်ကနေ တကောက်ကောက် နောက်ယောင်ခံ လိုက်ကြည့်မယ်လေ"

"ကစ်ချနာလမ်းအတိုင်းသွားတဲ့ ကောင်မကြီးတစ် ယောက်နောက်ကို



ငါတို့လိုက်ကြည့်တာ မှတ်မိသေးလား။ လက်ကိုင်အိတ် ကျရစ်ခဲ့မိန်းမ လေကွာ"

"ငါတို့ အဲဒီလက်ကိုင်အိတ်ကိုပြန်ပေးဖို့ကောင်းတာ"

"အထဲမှ ဘာမှမပါတာ၊ ပေါင်မုန့်ယိုသုတ်လေး တစ်ဖဲ့လောက်ဝဲ ရှိတာကို"

မာဘိုရပ်ဖ် အရက်ခန်းသို့ ရောက်လာသည်။ အခန်းက အနွေး ဓာတ်မရှိ။ အေးစက်စက် ဟာလာဟင်းလင်း။ စိုထိုင်းထိုင်း နံရံပေါ်တွင် ကြော်ငြာစာများကပ်ထား၏။ အဆိုအကမရှိ ဖဲဝိုင်း၊ အန်စာဝိုင်း၊ လောင်းတစား ဝိုင်းလည်းမရှိ၊ ပီကော၊ စီးကရက် လက်ဖွေ့ရောင်းသူများလည်းမရှိ၊ ဘာပျော်စရာ ရွှင်စရာမှ မရှိ။

ကျွန်တော်ပြောလိုက်သည်။

"ကဲရောက်ပြီ၊ မင်းက သီချင်းဆိုကွာ၊ ငါက ကမယ်။ ပြီးရင် တစ်ရေးတစ်မောအိပ်တမ်းကစားရအောင်။ ငါက လက်ဖွေ့ရောင်း ဈေးသည် လုပ်ပြီး ငါ့ဘောင်းဘီကြိုး လိုက်ရောင်းမယ်ကွာ"

အရက်ရောင်းကောင်တာမှ မိန်းမက ရွှေရောင်ဆံပင်နှင့် ရှေ့သွား နှစ်ချောင်းက ရွှေသွား၊ ယုန်သွားနှစ်ချောင်းလို ပြူးထွက်နေ၏။ ထိုမိန်းမက ဖန်သည်းဆိုးဆေးများ ခြောက်သွေ့သွားအောင် ပါးစပ်ဖြင့် မှုတ်ပြီး အဝတ်စဖြင့် သုတ်နေသည်။

အခန်းထဲသို့ ကျွန်တော်တို့ ဝင်သွားကြသောအခါ သူမ ကမော့ကြည့် လိုက်သည်။ နောက်ပြီး ဘာသိဘာသာပင် သူမ လက်သည်းများကို မှုတ်လိုက် အဝတ်ဖြင့် ပွတ်လိုက် လုပ်နေပြန်လေသည်။

"စနေနေ့ည မဟုတ်ဘူးလို့တောင် ပြောမယ်ဆို ပြောလို့ ရတယ်ကွ"

ဟု ကျွန်တော်ပြောလိုက်သည်။ နောက်ကောင်တာမှ မိန်းမထံ အရင်လှမ်းမှာလိုက်၏။

"မင်္ဂလာညနေခင်းပါ၊ မစ္စ....။ အရက်နှစ်ပိုင့်ထည့်ပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ အံဆွဲထဲက ပိုက်ဆံတစ်ထောင်ပါ ပေးဦး"

ဟုလက်စလီက နောက်ပြောင်ပြော၏။ ကျွန်တော်က လေသံတိုးတိုးဖြင့်...

"ခင်ဗျားရဲ့ 'တစ်ပြားတစ်ချပ်' ကြီး ကျွန်တော်တို့ကို ပေးဝါလားလို့ ပြောရမှာကွ...လက်စ်ရဲ့"

ထို့နောက် လေသံမြှင့်ကာ..

"ဒီလို ဖြစ်နေပုံကို ကြည့်ပြီး ဘယ်သူမဆို ဒါစနေနေ့ညပွဲ မဟုတ်ဘူးလို့ ပြောကြမှာပဲဗျ။ တစ်ယောက်မှ ထူထူထောင်ထောင်မရှိဘူး"

"ထူထူထောင်ထောင်ရှိတဲ့ကောင်ကလည်း ဒီဆိုင်မျိုးကို ဘယ်လာမှာလဲကွ"

ဟု လက်စလီက ဝင်ပြော၏။

အခန်းကအရောင်အဆင်း ညိုမွဲမွဲ၊ နံရံကပ် စက္ကူတွေ စုတ်ပြဲကွာကျလျှက်၊ ကြည့်ရသည်မှာ တစ်စက်မှ ကျက်သရေ မရှိ။ ပိုက်ဆံအပေါက်အလမ်းတည့်လာသူများကတော့ ရယ်စရာလေး ဘာလေး ပြောလိုက်၊ စကော့ဝီစကီကို ဆိုဒါလေးရော သောက်လိုက်၊ မျက်နှာမှာ ဆေးရောင်စုံခြယ်ထားသည့် ခဝ်လုံးလုံး ခပ်ကဲကဲ ဆိပ်ကမ်းကုန်စိမ်းသမလေးများနှင့် ဟီးဟီး ဟားဟား လုပ်လိုတ်နှင့်။

စိတ်ပျက်စရာဖောက်သည်များကတော့ အခန်းထောင့် များတွင် ထျော့မှိုလျက်၊ သူတို့၏ အတိတ်က ရွှေထီးဆောင်း ခဲ့သော အဖြစ်များ၊ အရေးဝါတွင်ကျယ်ခဲ့သော ကဏ္ဍများ၊ မိန်းမရွှံခဲ့ပုံများကို ဟုတ်သော်ရှိ မဟုတ်သော်ရှိ ဝါးစပ်အရသာခံ ပြီးပြောနေကြလေသည်။

ဒီဆိုင်ကလေးကို ဖောက်သည်မဟုတ်သူများလည်း လာလေ့ရှိသည်။ လာလိုက်ကြ၊ ပျောက်သွားလိုက်ကြနှင့်။ များသောအားဖြင့်တော့ ဘယ်တော့မှ နောက်ထပ်မလာကြတော့ပါ။ ပျံကျရပ်ကွက်ထဲမှ လူတွေ ထိုးခါဆယ်ခါလောက် လာဖူးသည်။ ရန်ပွဲတွေ ဖြစ်ကြသည်။ သံသေး



ကြောင် အော်ကြ ဟစ်ကြ၊ ရှုးကြမူးကြ၊ ပေါက်ကွဲကြ၊ တစ်ယောက်နှင့် တစ်ယောက်ခင်မင်ကြင်နာကြ၊ နောက်...ထိုးကြ ကြိတ်ကြ ၊ အစီဝ္ဂါယ် ရှိသည်များ ၊ အရူးထရှုများ၊ ကြောက်မက်ဖွယ်များ တစ်ရေးဖောက် ခဲ့ရတော့ အမြဲတမ်း ဖြစ်နေတတ်သည်ပင်။ မီးရထားသံလမ်းအစွန်းတ နောက်စိတ်ညစ်ညူးဖွယ် ညစ်တီးညစ် ပတ်မြို့ကလေး၏ ငြီးငွေ့စရာ ကောင်းသော မသက်မသာ လေထုထဲတွင် ပျံ့သန်းနေကြသည့် ငန်းရိုင်း လည်းရှိသည်။ ငြိမ်းချမ်းမှုလည်း ရှိတတ်သည်။

သို့သော် ...ဒီညနေခင်းမှာတော့ သည်အခန်းကလေးသည် ကျွန်တော် ရှုးသမျှထဲတွင် ကြေကွဲဝမ်းနည်းစရာ အကောင်းဆုံး အခန်းကလေးဝင် ဖြစ်လေသည်။

လက်စလီက လေသံကိုနှိမ့်ပြီးပြောလိုက်၏။

"ဒီမိန်းမကြီးက ငါတို့ကို ဂုဏ်ပြုလက်မှတ်ချီးမြှင့်ဦး မယ်ထင် တယ်"

ကျွန်တော်က...

"ခဏစောင့်ဦး ချာတိတ်ရဲ့၊ ဒင်း အရည်ပျော်ကျသွားတဲ့အထိ စောင့်လိုက်ဦး"

ကောင်တာမှ မိန်းမက ကျွန်တော်တို့ ပြောနေသည်ကို ကြားသွားပြီး မော့ကြည့်သည်။ သူ့အကြည့်က ကျွန်တော့်ကို ဖောက်ထွင်းပြီး ကျွန်တော်မွေးဖွားရာ ခုတင်မှ ယခုလက်ရှိအထိ ဘဝတစ်လျှောက်လုံးကို မြင်သလိုမျိုး။

နောက် . . . သူမ၏ ရွှေရောင်ဆံပင်များနှင့် ဦးခေါင်းကို ခါယမ်း လိုက်သည်။

မိုးရေထဲတွင် ခရင်မေးလမ်းအတိုင်း ကျွန်တော်တို့ လျှောက်လာ ခဲ့စဉ် လက်စလီက ပြောလိုက်သည်။

"ဘာဖြစ်နေတာလဲ ဆိုတာကိုတော့ ငါလည်းမသိဘူး။ ဒါပေမဲ့ ဒီည ငါစိတ်ကျသလိုတစ်မျိုးပဲ ခံစားနေရတယ်"

"တစ်လောကလုံးမှာ ကြေကွဲစရာအကောင်းဆုံး ညပါပဲကွာ" ဟု

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ပြောလိုက်၏။

ရုပ်ရှင်ရုံ အပြင်ဘက်က ပိုစတာများကို ရပ်ငေးကြည့်ဖို့ ကျွန်တော်တို့ လမ်းလျှောက်နေရာမှ ရပ်လိုက်ကြသည်။ မိုးရေထဲတွင် ရွှံနစ်လျက် ကျွန်တော်တို့ချည်း အထီးကျန်ကျန်။ အဲသည် ရုပ်ရှင်ရုံကို ကျွန်တော်တို့က ထားနားတွင်းဟု ခေါ်ကြ သည်။ အဲသည်မှာ ရုပ်ရှင်ရုံထဲ ရက်သတ္တပတ်တွေ တစ်ပတ်ပြီး တစ်ပတ် ၊ တစ်နှစ်ပြီး တစ်နှစ် ၊ စပရိန်မရှိသော ထိုင်ခုံမာ တောင့်တောင့်များ၏ အစွန်းမှာ ထိုင်နေရခဲ့ဖူးသည်။ စိုစွတ် ညစ်ပတ်သော နေရာဖြစ်သည့်တိုင် မိုးလုံလေလုံရှိသည်။

"ရုပ်ရှင်ဝင်ကြည့်ရအောင်ကွာ"

ဟု ကျွန်တော် ပြောလိုက်သည်။ စိတ်ဝေါက်ပေါက်နှင့် လျှောက်ပြော ပစ်လိုက်၏။

"လွန်ရှောင်နီ . . . တို့ ၊ ရစ်ချတ်တဲလ်မက် . . . တို့၊ မီလ်တန်ဆေးလ်တို့ အဲနောက်ပြီး ရှိပါသေးတယ်။ နီးဝါးဘယ်ရီတို့ ၊ ရစ်ချတ်ဒစ်တို့ကွာ၊ ပြီးတော့ ဆလင်းဆမ်းမားဗီးလ်တို့ ၊ ဟော့ ဂစ်ဘ်ဆင်တို့ကွာ"

ကျွန်တော်တို့ နှစ်ယောက်စလုံး သက်ပြင်းချဖြစ်သည်။

"ငါတို့ရဲ့ လူငယ်ဘဝပျောက်ဆုံးသွားရတဲ့ အတွက်ပေါ့ကွာ" ကျွန်တော်တို့ နှစ်ယောက်သား လေးလေးတွဲတွဲ လမ်းလျှောက်လာ ခဲ့ကြသည်။ နံဘေးက လူတွေ မြင်လျှင် အထင်ကြီးလောက်သော နိုင်မာမြဲမြံသည့် ခြေထောက်များ ဖြစ်ကြ ၏။

"ဘာလို့ မင်းထီးကို မဖွင့်တာလဲ"

ဟု ကျွန်တော်က မေးလိုက်၏။

"ဖွင့်လို့မှ မရတာ ၊ မင်းစမ်းကြည့်ပါလား"

ကျွန်တော်တို့ နှစ်ယောက်စလုံး ခြေရုံကန်ပြီး ထီးကို အတင်း ဖွင့်ကြသည်။ ထီးက ဖြန်းခနဲ လန့်ထွက်သွားပြီး ထီးခရိုင် သံချောင်းတွေ ကျိုးကာ ရေစိုနေသည့် အမိုးစကို ထိုးခွဲလိုက်သလို ဖြစ်သွား၏။ လောက တိုးသောအခါ ထီးအစက တဖပ်ဖပ် လန်နေသည်။ ထီးက ကျွန်တော်တို့



ခေါင်းပေါ်မှာ အမွေးအတောင်တွေ စုတ်ပြတ်ကျိုးပဲ့နေသည့် ငှက်တစ်ကောင်လို ပြိုပျက်ပန်းပျက်။

ကျွန်တော်တို့နှစ်ယောက် ထီးကို ပြန်ပိတ်ဖို့ ကြိုးစားသည်။ ကျွန်တော်တို့ မြင်လိုက်သော ထီးခရိုင်တစ်ချောင်း စုတ်ပြဲနေသော ထောက်တိုင်များကြားမှ ထိုးထွက်လာပြန်၏။ လမ်းတစ်လျှောက်လုံး လက်စလီက ထီးကို ခြေပေါ်မှာ နောက်ပြန်တရွတ်တိုက် ဆွဲလာ ခဲ့တော့သည်။

ရုပ်ရှင်ရုံဆီ သုတ်သီးသုတ်ပျာ ပြေးသွားသည့် ကောင်မလေး တစ်ယောက်ကို တွေ့လိုက်ရသည်။ သူမနာမည်က ဒလ်ချီ။ သူမက ဟဲလိုဟု လှမ်းအော် နှုတ်ဆက်၏။ ကျွန်တော်တို့ နှစ်ယောက်က နေပါဦးဟု တားထား လိုက်သည်။

"တော်တော်ကြောက်စရာကောင်းတဲ့ ကိစ္စတော့ ဖြစ်နေပြီဟ" ကျွန်တော်က သူမကို ပြောလိုက်၏။ ကောင်မလေးက အသက်ကသာ ဆယ့်ငါးနှစ်ရှိနေသည့်တိုင် ဆယ်တိုးတိုး။ ခပ်အအ။ တစ်ခါက သူမ၏ ပြောင်းဖူးမွေးလို ဆံပင် ပလူစွေး ၊ ဖလူတောင်များကို လှလှ ပပ ဖြစ်အောင် ကောက်သွားစေချင်လျှင် ဆပ်ပြာစား ပါလားဟု ကျွန်တော်တို့ နှစ်ယောက် ချောက်တွန်းဖူး၏။ လက်စလီက ရေချိုးခန်းထဲမှ ဆပ်ပြာခဲတစ်ခဲ သွားယူလာပေးသည်။ သူကမလည်း စားလေ သည်။

သူမက . . .

"ငါသိသားပဲ။ ဟောဒီ ပုံပျက်ပန်းပျက် ထီးကြီးကို နင်တို့ ရိုးဝစ် ထိုက်တာ မဟုတ်လား"

"မဟုတ်ဘူးဟ ၊ ဒီနေရာမှာတော့ နင်မှားသွားပြီ"

လက်စလီက အတည်ပေါက်ဖြင့် လိမ့်၏။

"ဒါလုံးဝ ငါတို့ ထီးမဟုတ်ဘူး။ ခေါင်မိုးပေါ်က ပြုတ်ကျလာတဲ့ ထီး ၊ နင် စဉ်းစားကြည့်" လက်စလီက ထပ်ပြောသည်။

"ဒီဟာကြီး ခေါင်မိုးပေါ်က ပြုတ်ကျလာပုံကို နင်တွေး ကြည့်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက ထီးကို အန္တရာယ်ပေးတတ်သည့် သတ္တဝါတစ်ကောင်လို သတိကြီးစွာထားရင်း လက်ကိုင်ရိုးကို မရဲတရဲ ကိုင်၏။

"ဒီထီးကို အောက်ကို ပစ်ချတယ်ဆိုကတည်းက ခေါင်းမိုး ပေါ်မှာ တစ်ယောက်ယောက်ရှိလို့ကွ" ကျွန်တော်က ပြောလိုက် သည်။

"ဒါ အရေးကြီးတယ်နော်"

ကောင်မလေးက တခစ်ခစ်ရယ်စ ပြုလာသည်။ နောက်တော့ တဖြည်းဖြည်း တိတ်သွား၏။ လက်စလီက . . .

"နောင်တစ်ခါဆို လမ်းလျှောက် တုတ်တောက် ကျချင် ကျလာမှာ" ဟု ပြောလိုက်သည့်အခါ သူမမျက်နှာပေါ်တွင် ပူပင်သောက ရောက်သည့် အမူအရာ ဖြစ်လာသည်ကို တွေ့ရ၏။

"ဒါမှမဟုတ် . . အပ်ချုပ်စက် တစ်လုံးလည်း ဖြစ်ချင် ဖြစ်မှာပေါ့"ဟု ကျွန်တော်က ဝင်ပြောလိုက်ပြန်သည်။

"နင် . . ဒီမှာ စောင့်နေ ဒုလ်ချီ။ ငါတို့ သွားအကဲခတ် ကြည့်လိုက် ဦးမယ်"

ကျွန်တော်တို့ နှစ်ယောက် လမ်းအတိုင်း အယူအဆယား လျှောက်ခဲ့ကြ၏။ လမ်းထောင့်ချိုးအကွယ်ဆီ ချိုးဝင်ပြီးနောက် တွင်ကား သုတ်ခြေတင် ပြေးခဲ့ကြတော့သည်။

ရာဘိုင်ယိုတီ ကမေးဆိုင်ရှေ့နားအရောက်တွင် လက်စလီက

"ငါတို့ ဒုလ်ချီကို အနိုင်ကျင့်သလို ဖြစ်နေပြီ"

ဟု ပြော၏။ အဲသည် အကြောင်းကို ကျွန်တော်တို့ နောက်ထပ် စကားမဆို ဖြစ်ကြတော့ပါ။

မိုးရေတွေ စိုရွှဲနေသည့် ကောင်မလေးတစ်ယောက်က ကျွန်တော်တို့ နှစ်ယောက်အနီးမှ တွန်းပွတ်တိုက်သွား၏။ ကျွန်တော်တို့ နှစ်ဦးသား စကား တစ်လုံးမှ မပြော၊ သူမနောက်ကိုသာ ကောက်ကောက်ပါအောင် လိုက်ခဲ့ ကြတော့သည်။



သူမက ခြေတံရှည်ရှည် ၊ ခြေလှမ်းကျဲကျဲ။ အင်တာခင် လမ်းအတိုင်း ...င်းသွား၏။ ကျွန်တော်တို့က ဖဝါးထက်ကြပ်မကွာ။

"လူတွေကို နောက်ကနေ လိုက်ကြည့်ရတဲ့ အလုပ်က ဘာများ ...ပါယ်ရှိလို့လဲလို့ ငါစဉ်းစားမိတယ်" လက်စလီက ပြောလိုက်၏။

"အရည်မရ အဖတ်မရ အလုပ်ပဲကွ။ ငါတို့ ဘာလုပ်မလဲ . . . ...ီလူတွေ အိမ်ပြန်ရောက်တဲ့အထိ တကောက်ကောက် လိုက်မယ်။ ပြတင်း ...ါက်ကနေပြီး အထဲမှာ သူတို့ ဘာတွေ လုပ်နေကြသလဲလို့ ကြည့်ရှို့ ...ကြိုးစားမယ်။ များသောအားဖြင့် တော့ကွာ . . . လိုက်ကာတွေ ချထားတာ ...ပဲ။ ငါလောင်းရဲ တယ်ကွ . . ၊ အဲဒီ အလုပ်မျိုးကို တို့ကလွဲရင် တခြား ...ဆ်သူမှ လုပ်မှာမဟုတ်ဘူး"

...န်တော်က . . . "မင်း မသိပါဘူးကွာ ၊ လူတွေဟာ တစ်ယောက်ရဲ့ ...ာက်ကို တစ်ယောက်က မဆုံးတမ်း တကောက်ကောက် လိုက်နေကြ ...ာချည်းပါပဲ"

...ာင်မလေးက စိန့်ဩဂတ်စတင်း အဝိုင်းဘက် လှည့်သွား၏။ ကျွန်တော်က . . .

"အဲဒီကောင်မလေးကို ငါတို့ နာမည် ဘယ်လိုခေါ်မလဲ"

"ဟာမီယွန်ဝဲသာဘီကွာ"

...ု လက်စလီက ပြောသည်။ သူက နာမည်များနှင့်ပတ်သက် လာလျှင် ...ထ်တော့မှ မှားယွင်းတတ်သူ မဟုတ်ပါ။ မိုးရေစက်တွေကြားမှာ ဟာမီယွန် သည် ...ရွှေတစ်ကောင်နှင့်တူနေ၏။ လမ်းလျှောက်ပုံက အရပ် ရှည်ရှည် အားကစားမယ် ...စ်ယောက်ပုံမျိုး။

"မင်း မသိပါဘူး ၊ မင်း ဘာတွေမယ်ဆိုတာ မင်းမသိနိုင်ဘူး။ ...ပါစို့ကွာ . . . ဒီကောင်မလေးဆိုရင် အိမ်ကြီး တစ်လုံးမှာ နေမယ်။ ညီအစ်မ ...တွေလည်းရှိမယ်"

"ညီအစ်မ ဘယ်နှယောက်ရှိမှာလဲ"

www.burmeseclassic.com



"ခုနစ်ယောက် . . . ကွာ ၊ ချစ်ချစ်ခင်ခင် ကြင်ကြင် နာနာလည်း ရှိကြမယ်ကွာ၊ အဲ . . အိမ်လည်း ပြန်ရောက်ရော၊ သူတို့အားလုံး အဝတ်အစားလဲ . . . ဘာ . . ညာပေါ့၊ ဂါဝန်ရှည်ကြီးတွေ ဝတ်ကြမယ်ပေါ့ကွာ။ ပြီးရင် ဆိုဖာရှည်ကြီးတွေပေါ်မှာ ထိုင်လို့ . . .၊ သီချင်းတွေဖွင့်လို့ . . တစ်ယောက်နဲ့ တစ်ယောက် တိုးတိုး တိုးတိုးနဲ့ ပြောလို့ပေါ့ကွာ။ အင်း . . နောက်တော့ သူတို့အားလုံးအိမ်ထဲ တစ်ယောက်ယောက် ဝင်လာမှာကို မျှော်ကြိုနေကြမယ်ကွာ။ ဥပမာ . . . ငါတို့ ခုနစ်ယောက်လို လူမျိုးပေါ့။ ငါတို့လည်း ဝင်သွားရော သူတို့ အားလုံးက ငါတို့ နားမှာ ဝိုင်းထိုင်ပြီး စကားတွေ တွတ်တီးတွတ်တာ ပြောကြမှာပေါ့ကွာ ၊ လက်ပံပင်မှာ ကျတဲ့ ဆက်ရက် ကလေးတွေလိုပေါ့။ ပြီးရင် ငါတို့ကိုလည်း ဝတ်ရုံကြီးတွေ ဆင်ပေးကြမယ်။ ငါတို့ ခုနစ်ယောက်လည်း အဲဒီအိမ်မှာ အသက် ထက်ဆုံးတိုင် ပျော်ရွှင်စွာ နေသွားကြလေသတည်း. . . ပေါ့ကွာ။ ပျော်စရာတော့ ကောင်းမှာကွ ၊ လှလည်း သိပ်လှ၊ နူးနူးညံ့ညံ့၊ ပီယဝါစာသံကလေးတွေ ညံ့စီစီနဲ့ ၊ ငှက်ကလေးတွေနဲ့ ပြည့်နေတဲ့ ရေပူစမ်းကလေးလို . . ."

လက်စလီက ဝင်ပြောသည်။

"ငါကတော့ ရေချိုးကန်ထဲ ငှက်တွေ ဝင်မနေစေချင်ပါဘူးကွာ။ ပြတင်းပေါက် ယင်းလိပ်တွေကို မပိတ်ဘူးဆိုရင် ဒင်း သူ့လည်ပင်းသူ လှီးမလို့ပဲ ဖြစ်မှာပါ။ မင်းပြောတဲ့ ရှည်လျား ထွေပြား ဇာတ်လမ်းဆန်းကြီးကိုလည်း ငါ ဂရုမစိုက်ဘူး"

ကောင်းမလေးက ထောင့်ချိုးကို ကွေ့ကာ ရိပ်သာလမ်းထဲသို့ ဝင်သွားသည်။ အဲသည်မှာ သစ်ပင်တွေက စီစီရီရီ ပေါက်နေကြပြီး လေတိုးသောအခါ သစ်ပင်တွေ သက်ပြင်းချသံလို ကြားနေရလေသည်။ အိမ်ပြတင်းပေါက်များက မီးရောင်တောက်ပကာ နွေးထွေးလုံခြုံမှု ရှိနေကြ၏။ လက်စလီက ပြောနေသေးသည်။



"ငါ့ ရေချိုးဇလုံထဲမှာ ငှက်မွေးအတောင်ကျွတ်တွေ ဝင်နေမှာ ကြိုက်ပါဘူးကွာ"

ကျွန်တော်တို့ဟာ ဟာမီယွန်ဟု အမည်ပေးထားသည့် ကောင်မလေးထံ အိမ်နံပါတ် ဆယ့်သုံးထဲသို့ ဝင်သွားသည်။ "ကမ်းသာရှခင်း"ဟု ဆိုင်းဘုတ်တပ်ထား၏။ လက်စလီက ရွဲ့ပြောပြောသည်။

"ဒီနေရာကနေ ဆိပ်ကမ်းကို မြင်ဖို့ဆိုရင် ရေငုပ်သင်္ဘောတွေမှာ သုံးတဲ့ ပယ်ရီစကုပ်လို့ မှန်ပြောင်းမျိုး ထောင်ကြည့်မှပဲ ရမယ်" အိမ်နှင့် ချက်နှာချင်းဆိုင် ပလက်ဖောင်းပေါ်မှာ ကျွန်တော်တို့ ရပ်စောင့်ကြည့်နေမိလိုက်ကြသည်။ ဟာမီယွန်က တံခါးကို ဖွင့်၍ အိမ်ထဲသို့ ဝင်သွားသောအခါ ကျွန်တော်တို့ ခုနစ်ယောက်သား ခြေဖျားထောက်ကာ လမ်းကို ကူးခဲ့ကြ၏။ အကျောက်စရစ် လမ်းကလေးအတိုင်းပတ်ပြီး အိမ်နောက်ဖက်ကို တိတ်တိတ်ကလေး ပတ်ဝင်ကြသည်။ ခန်းဆီးမထားသော ပြတင်းပေါက် အပြင်ဘက်သို့ ရောက်လာခဲ့ကြ၏။

ဟာမီယွန်အမေဖြစ်သူက ဝဝဖိုင့်ဖိုင့်၊ နှစ်လိုခင်မင် ဖွယ်ကောင်းသော အသိဉာဏ်မခေပုံရသော မိန်းမကြီး တစ်ယောက်ဖြစ်၏။ အဘွားကြီးက ပန်းကလေးတွေဝတ်သည့် ဂါဝန်ရှည်လိုမျိုး ဝတ်ထားပြီး မီးဖိုချောင်ဟင်းအိုးကို ချပ်ခါပေးနေသည်။

"ငါတောင် သွားရည်ကျလာပြီ" ဟု ကျွန်တော်က ပြောလိုက်၏။

"ရှူး တိုးတိုး"

မီးဖိုချောင်ထဲသို့ ဝင်လာသောအခါ ကျွန်တော်တို့က ပြတင်းပေါက်ဘေးအစွန်းသို့ ကပ်လိုက်ကြ၏။ သူမက အသက်သုံးဆယ်တော့ရှိမည်။ ဆံပင်ညိုညို၊ မငယ်လှတော့ပါ၊ စိတ်အား ထက်သန်လေးနက်မှုကို ပြသည့် မျက်လုံးရွှဲကြီးတွေနှင့် ဖြစ်သည်။ ကိုင်းအဖျားဘက်နားဆီ ကော့သွားသော မျက်မှန်တစ်လက်ကို တပ်ထား၏။ အသားချောချော သိုးမွေးလက္ခလတ်ဆောင်းဘီ ရှပ်အကျီအဖြူ နှင့် လိပ်ပြာတောင်လည်စည်းကို အချိုးကျကျ

www.burmeseclassic.com



သပ်သပ် ရပ်ရပ် ဆင်ထားသည်။

သူမကို ကြည့်ရသည်မှာ အပျော်တမ်းရုပ်ရှင်တွေထဲက ကုမ္ပဏီ အတွင်းရေးမှူးမ တစ်ယောက်ပုံ ပေါက်နေသည်။ မျက်မှန်ကို ဖြုတ်လိုက် ဆံပင်ကို ကော့ပျံနေအောင် လုလုပပ သပ်သပ်ရပ်ရပ် ဖြင်လိုက်၊ ညစာ စားပွဲ တက်သည့် ပိုးထည်ဝတ်စုံကလေး ဝတ်လိုက်လျှင် ပြီးပြီ။ နောက်တော့ . . လက်ဖျားငွေသီးနေသည့် ကုမ္ပဏီပိုင်ရှင်သူဌေး အမိဖမ်း၊ လက်ထပ် လိုက်ရုံသာ ဖြစ်၏။

သို့သော် . . . ကျွန်တော်တို့၏ ဟာမီယွန်ကတော့ မျက်မှန် ချွတ်လိုက်လျှင် ကုမ္ပဏီပိုင်ရှင် သူဌေးကြီးလား ၊ အိမ်မှာ မီတာလာဖတ်သည့် လူလားဟုပင် ကွဲကွဲပြားပြားမြင်ရမည်ပုံ မပေါ်ပါ။

ပြတင်းပေါက်နှင့်အလွန်နီးကပ်စွာ ရပ်နေသောကြောင့် ဟင်းအိုး ဖွက်သံကိုပင် ကျွန်တော်တို့ ကြားနေရသည်။

"ဒီနေ့ ရုံးမှာ အဆင်ပြေရဲ့လားသမီး"

"အဲဒီ မိန်းမကြီးကိုကော နာမည်ဘယ်လိုခေါ်မလဲ လက်စ်"

"ဟက်တီ . . . ပေါ့ကွာ"

လက်ဖက်ခြောက်ဘူးကလေးမှအစ နာရီအိုကြီးအလယ်၊ တညောင်ညောင် အော်နေသည့် ကြောင်တစ်ကောင် အဆုံး . . နွေးထွေးသော မီးဖိုဆောင်ထဲရှိ အရာရာတိုင်းသည် တည်ငြိမ်သေသပ်စွာဖြင့် လစ်ဟင်းလိုအပ်ချက်မရှိ ၊ နှစ်လိုဖွယ် ကောင်းနေလေသည်။

"မစ္စတာ ထရပ်စ်ကေ့ကတော့ ကြောက်စရာပဲ အမေရဲ့" ဟု ဟာမီယွန်က ညှပ်ဖိနပ်အပါးကလေးစီးနေရင်း လှမ်းပြောလိုက်သည်။

"ဟေ့ကောင် မင်းပြောတဲ့ ဂါဝန်ရှည်ကြီးတွေ ဘယ်မှာလဲ" လက်စလီက ဘုပြောပြောသည်။ အဲဒီအချိန်တွင် ဟက်တီက . . .

"လက်ဖက်ရည် ပူပူနွေးနွေးကလေး သောက်လိုက်ဦး သမီး" လက်စလီက ကျွန်တော့်ကို လှမ်းပြီး . . .



"အဲဒီတွင်းပေါက်ပေါင်းကြီးမှာတော့ အားလုံး ဟန်ကျလို့ တွေကောင်းပြောတဲ့ ညီအစ်ခုနှစ်ဖေါ်ကော ဘယ်မလဲ။ ဆက်ရက် ကလေးတွေကို တွတ်တီး တွတ်တာနဲ့လေ"

သူ မကျေမနပ် ညည်းပြောပြော၏။

မိုးက ပိုပြီး သည်းထန်စ ပြုလာ၏။ မည်းမှောင်နေသည့် အိမ်နောက် မြေတွက်လပ်ပေါ် ၊ သာယာချမ်းမြေ့သည့် ခွေးလှောင်အိမ်လို အိမ်ကလေးပေါ်၊ ကျွန်တော်တို့ နှစ်ကောင်ပေါ်၊ ငြိမ်သက်တိတ်ဆိတ်စွာ ပုန်းအောင်းနေသည့် မြို့ကလေးပေါ် မိုးရေတွေ ပုံးလိုက် သွန်လောင်းချနေသလိုမျိုး ရွာဝစ်လိုက် သည်။ သည်အချိန်ဆိုလျှင် မာတိုးရပ် အရက်ခန်း ဆိပ်ကမ်း သာမှာ စန္ဒရားတာ ငြီးညီလျက် ၊ မိန်းမတွေက သူတို့ ခိုးကိုး ရာဆီ ရှုံ့တွေထဲ တဖွက်ဖွက်နင်းပြီး သွားလျက် ၊ မိုးစက်တွေ ကလည်း တဝေါဝေါ သွန်ကျနေမှာပဲ ဖြစ်သည်။

ဟက်တီ နှင့် ဟာမီယွန်တို့က ညစာစားနေကြ၏။ ရေမွှန်း နေသည့် သိတလေးနှစ်ကောင်ကတော့ သူတို့ စားသောက် နေကြပုံကို မနာလိုစွာဖြင့် ဘောင့်ငေးကြည့်နေလေသည်။

"အားလူးဖုတ်ပေါ် အချဉ်ရည်လောင်းလေ"

လက်စလီကကောင်ခလေး စားနေပုံကို ကြည့်ရင်း စိတ်ထဲ မရိုးမရွ ဖြစ်လာ ဟန်ဖြင့် ခပ်တိုးတိုး ရေရွတ်၏။ ကံအားလျော်စွာ သူပြောသည့်အတိုင်း သပ်အပ် ကျွန်တော်က . . .

"ဒီကမ္ဘာကြီးတစ်ခုလုံးမှာကွာ . . . တစ်နေရာရာမှာ တစ်ခုခု အားတောင်မှ မဖြစ်ကြတော့ဘူးတဲ့လား။ ငါ့အထင်က ကမ္ဘာ့သတင်းဆိုတာကြီး ဘာသည်း အားလုံးအစကတည်းက ခွင်ချပြီးသားကြီးများလား မသိဘူး။ ဘယ်သူက ဘယ်သူ့ကိုမှလည်း မသတ်ကြဘူး။ အပြစ်ကျူးလွန်တာတို့ ၊ အချစ်တို့ ၊ သေတာတို့ ၊ ကွာရှင်းတာတို့ကလည်း ဒီထက်ပိုပြီး မရှိတော့ဘူး။ ဘာပဲ ဖြစ်ဖြစ်ကွာ ပုလဲလုံးတွေ ၊ သားမွေးကုတ်အင်္ကျီတွေ ၊ ကိုကိုးသောက်ခွက်ထဲ အဆိပ်ခပ်တာတွေ . . ."

www.burmeseclassic.com

www.burmeseclassic.com



လတ်စလီက . . .

"ဘာဖြစ်လို့သူတို့နှစ်ယောက်က ငါတို့အတွက် သီချင်းလေး ဘာလေး ဖွင့်တာမျိုး ကတာမျိုး မလုပ်ပေးတာတုံး။ မိုးထဲ ရေထဲမှာ သူတို့ကို လူနှစ်ယောက်က ချောင်းကြည့်နေတယ် ဆိုတာမျိုး ဖြစ်တောင့်ဖြစ်ခဲတွေ ညတိုင်း ကြုံခွင့်ရတာ မဟုတ်ဘူး"

မိုးရေထဲ နစ်မြုပ်နေသည့် မြို့တစ်မြို့လုံးမှာ သွားစရာ နေရာမရှိ သုံးစရာ ပိုက်ဆံမရှိနှင့် လောကကို အရှုံးပေး ထားရသည့် ကောင်ကလေး နှစ်ယောက်သည် ပြတင်းပေါက် အပြင်ဘက်တွင် မိုးစိုခံပြီး ကြက်သီးတွေ ထအောင် ခိုက်ခိုက်တုန်နေသည့် ကြားမှ ထိုမိန်းမ နှစ်ယောက် စောင့်ကြည့် နေသည်။

သို့သော် . . . ဘာမှ ဖြစ်မလာပါ။

"ငါတော့ အဆုတ်အအေးမိတော့မယ်" ဟု လက်စလီက ပြောလိုက် သည်။

ကြောင်က တညောင်ညောင်အော်နေသည်။ မီးလင်းဖိုမှ တဖျစ်ဖျစ် မြည်သံကြားရ၏။ နာရီအိုကြီးကလည်း ချောက်ချက် ချောက်ချက် ။ ထိုအသံများအားလုံးက ကျွန်တော်တို့၏ ဘဝရှင်သန် နေထိုင်မှုကို တစ်ဖွဲ့စီ ခြွေချနေ၏။

ညစာ စားပြီး သွားကြပြီဖြစ်သည်။ ဟက်တီနှင့် ဟာမီယွန် တို့က မိနစ်ပေါင်း တော်တော်ကြာအောင် စကားမပြောဘဲ တိတ်နေကြ၏။ သူတို့ကို ကြည့်ရသည်မှာ ယုံကြည်မှုရှိလွန်း ပိုင်နိုင်လွန်းနေသည်။ အလင်းဖြင့် မွေးထွေးနေသည့် သေတ္တာ ကလေး(အိမ်ခန်း)ထဲမှာ သူတို့ နီးနီးကပ်ကပ် တစ်ယောက်ကို တစ်ယောက် ကြည့်ကာ ဖြည်းဖြည်းချင်းပြုံး၏။

သားအမိနှစ်ယောက် အချင်းချင်း မျက်နှာမူကာ ငြိမ်သက်စွာ မတ်တတ် ရပ်လိုက်ကြသည်။

"ပျော်စရာကောင်းတာ တစ်ခုတော့ ဖြစ်တော့မယ်ကွ" ကျွန်တော်က



လေသံအုပ်ပြီး တိုးတိုးကလေး ပြောလိုက်သည်။ လက်စလီက . . .

"အစပျိုးနေပြီ"

ခါးသီးသော မိုးရေစက်များကို ကျွန်တော်တို့ ဂရုမပြုအားတော့၊ တိတ်ဆိတ် ငြိမ်သက်နေကြသော အမျိုးသမီးနှစ်ဦး၏ မျက်နှာပေါ်တွင် အပြုံးများရှိနေဆဲ။

"စတော့မယ် ပြတော့မယ်"

ထိုစဉ် ဟက်တီက လှို့လှို့ဝှက်ဝှက် အသံအုပ် ပြောလိုက်သည်ကို ကျွန်တော်တို့ ကြားရ၏။

"သမီး ၊ ဓါတ်ပုံအယ်လ်ဘမ် စာအုပ်သွားယူ" ဟာမီယွန်က ဗီရိုကို ဖွင့်ပြီး ဓါတ်ပုံ အယ်လ်ဘမ်စာအုပ်ကြီး တစ်အုပ်ယူထုတ် လာ၏။ ထို့နောက်စားပွဲ အလယ်တွင် ချလိုက်သည်။ နောက် သူမနှင့် ဟတ်တီက စားပွဲတွင် အေးချင်းကပ် ထိုင်လိုက်ကြ၏။ ဟာမီယွန်က အယ်လ်ဘမ်ကို ဖွင့်လိုက်သည်။

"ဒါ . . သမီး၊ ဦးလေး အဲလီယော့ပေါ့၊ ပို့သ်ကောလ်မှာ ဆုံးသွား တာ။ ကြွက်တက်တတ်တဲ့သူလေ"

ဟု ဟက်တီက ပြောပြနေသည်။ သားအမိ နှစ်ယောက် အန်ကယ် အဲလီယော့၏ ပုံကို အမြတ်တနိုး ကြည့်နေ၏။ ကျွန်တော်တို့ကတော့ ဓါတ်ပုံကို လှမ်းမမြင်ရပါ။

"ဒါကတော့ မာသာ ၊ မာသာ သိုးမွေးဆိုင်ရှင်ပေါ့။ သမီးကတော့ မှတ်မိမှာ မဟုတ်ဘူး။ သူက တစ်ချိန်လုံး သူ့သိုးမွေးတွေ ကိစ္စနဲ့ လုံးချာလည်နေတာ ၊ သူ့ သိုးမွေးမှသိုးမွေး ၊ သူက သေတာတောင် သိုးမွေး ခေါင်းစွပ်အကျႌလေးဝတ်ပြီး သင်္ဂြိုဟ်ပါလို့ဆိုတာ။ မရမ်းရောင် အကျႌလေးဟာလေ။ ဒါပေမဲ့ သူယောက်ျား ချက်တာနဲ့ ပျက်သွားတယ်။ ဒါကတော့ အန်ကယ်မော်ဂင်၊ ကစ်ဒ်ဝဲလ် မော်ဂင်မျိုးတွေထဲက တစ်ယောက်ပေါ့။ သူ့ကို မှတ်မိတယ် မဟုတ်လားသမီး" ဟက်တီက တတွတ်တွတ် ပြောပြနေ၏။ ဟာမီယွန်က နောက်တစ်မျက်နှာ ထပ်လှန်လိုက်သည်။

"ဒါက မိုင်ဖန်ဝီ ၊ သူက ရုတ်တရက်ကြီး ကောက်ရူးသလို ချော

www.burmeseclassic.com



ဖြစ်ပြီးဆုံးတာ။ ဒါ . . . သူနို့ညှစ်နေတုန်း ရိုက်ထားတဲ့ပုံပေါ့။ ဒါက . . . သမီးအစ်ကိုဝမ်းကွဲ ဂျင်မ် ၊ ဝန်ကြီးဖြစ်လိုက် သေးတယ်။ သူတို့ စုံစမ်းလို့ မပေါ်မချင်းပေါ့။ ဒါက . . ဘာရိုင်းလ်" သူမ တောက်လျှောက်ပြောနေပုံက ကျေကျေညက်ညက် အလွတ်ကျက်ထားပြီးသား စာတစ်ပုဒ်ကို နှုတ်တိုက်ပြန် ရွတ်ဆိုပြနေပုံမျိုး။

သူမနှင့် ဟာမီယွန်သည်လည်း တစ်စုံတစ်ရာကို စောင့်စားနေကြခြင်းသာ ဖြစ်သည့်အကြောင်း ကျွန်တော်တို့ သိလိုက်ကြလေသည်။

ထို့နောက် ဟာမီယွန်က နောက်စာတစ်မျက်နှာ လှန်လိုက်၏။ ကျွန်တော်တို့ သိလိုက်ကြပြီ။ သူတို့နှစ်ဦး၏ လျှို့ဝှက်သော အပြုံးများကို တွေ့လိုက်ရသည် နှင့်ပင် သူတို့စောင့်မျှော်နေကြသည့်အရာ ရောက်လာပြီးမှန်း ကျွန်တော် သိလိုက်ကြ၏။

ဟက်တီက

"မေမေ့ညီမ ကက်တင်ကာလေ"

"အန်တီ ကက်တင်ကာကိုး"

ဟု ဟာမီယွန်က ပြောလိုက်သည်။ သူတို့နှစ်ဦးစလုံး ဓါတ်ပုံကို ငုံ့ကြည့်လိုက် ကြ၏။

"အက်ဘာရိစ်ဝစ်မှာနေတုန်းက တစ်ရက်ကို မှတ်မိလား၊ ကက်တင်ကာ" ဟက်တီ၏ လေသံက နူးနူးညံ့ညံ့။

"တို့ဝတ်ရွတ်ထွက်တဲ့နေ့လေဟာ"

ဘယ်သူပြောနေမှန်းမသိရသည့်ကြားမှ အသံတစ်သံက ပြန်ပြော လိုက်သည်။

"ကျွန်မက အဖြူရောင်ဝတ်စုံလေး ဝတ်လို့လေ"

လက်စလီက ကျွန်တော့်လက်ကို ဖျတ်ခနဲ တင်းတင်းဆုပ်လိုက်၏။ ပြောသူ မရှိသည့်စကားသံက ပီပီသသ။

"ငှက်ရုပ်ကလေးတွေပါတဲ့ ကောက်ရိုးဦးထုပ်ကိုတောင် ကျွန်မ ဆောင်းထားသေးတယ်"



ဟာမီယွန်ကော ၊ ဟက်တီပါ နှုတ်ခမ်းများ လုံးဝ လှုပ်ရှားခြင်း ရှိပါ။ စကားပြောနေသည့်လူကို မမြင်ရပဲ အသံသာ ကြားနေရခြင်း ဖြစ်၏။

"ကျွန်မဦးထုပ်ပေါ်က ငှက်ကလေးတွေအတွက် ကျွန်မက တစ်လျှောက်လုံး ချဖြစ်ခဲ့ရတာပဲလေ၊ ငှက်မွေးတွေဟာ ဒီလိုပါပဲ။ အဲဒီနေ့က ဩဂုတ်လ သုံးရက်။ ကျွန်မတောင် အသက်နှစ်ဆယ့်သုံး နှစ်ပြည့်နေပြီ"

(စာရေးသူမှတ်ချက် – "ငှက်" ဆိုသည်မှာ မိန်းကလေး ရင်နှီးဖေါ် ထိုးတိုးဖေါ်ဟု အဓိပ္ပါယ်ရပါသည်။ သမားရိုးကျနှင့် မတူသော "လူ"ဟုလည်း ဆိုလိုရာ ရောက်ပါသည်။)

"နှစ်ဆယ့်သုံးနှစ်က အောက်တိုဘာကျမှ ပြည့်မှာပါ။ ကက်တင် ဘာရယ်"

ဟက်တီက ဝင်ပြောသည်။ အသံရှင်က . . . .

"ဩော် . . . ဟုတ်သားပဲ မမရဲ့ ၊ ကျွန်မက မေ့သွားရသိဖွား၊ အဲဒီတုန်းက အဝန်းဖြေစကြုံလမ်းပေါ်မှာ ဒေါက်ကလပ်နဲ့တောင် ကျွန်မတို့ ဆုံကြသေး တယ်။ သူက ကျွန်မကို ပြောတယ်လေ။ 'ကက်တင်ကာ ဒီနေ့ မင်းဟာ ဘုရင်မတစ်ပါးလိုပါပဲလား'တဲ့။ သူက ပြောတယ် ၊ 'မင်းက ဘုရင် တစ်ပါးလိုပါပဲလား ကက်တင်ကာ'တဲ့။ ပြတင်းပေါက်ကနေ ဟိုကောင်လေး နှစ်ကောင်က ဘာလို့ ချောင်းကြည့်နေတာလဲ"

ကျောက်စရစ်လမ်းကလေးအတိုင်း ဖနောင့်နဲ့တင်ပါး တစ်သား ကျအောင် ကျွန်တော်တို့ ထွက်ပြေးကြတော့သည်။ ရိပ်သာလမ်း ထဲသို့အဝင် စိန့်ဩဂုတ်စတား အဝိုင်းဘက်အထွက် လမ်းထောင့် ချိုးဆီ ဘယ်လို ရောက်လာလိုက်မှန်းမသိ မြို့ကလေးကို ရေထဲ နှစ်သတ်ပစ်လိုက်ဖို့ မိုးက တဝုန်းဝုန်း ရွာချနေဆဲ။

အသက်ကလေးမှ ရှူခွင့်ရပါစေတော့ဟု ကျွန်တော်တို့ အပြေး ရပ်လိုက်ကြသည်။ ကျွန်တော်တို့ တစ်ယောက်ကို တစ်ယောက် မကြည့် ဖြစ်ကြ။ စကားမပြောဖြစ်ကြ။ ထို့နောက် မိုးရေစက်တွေကြားက ဖြတ်ပြ

www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက်လာခဲ့ကြသည်။ ဝတိုရိယ လမ်းထောင့် ရောက်သောအခါ ကျွန်တော်တို့ နှစ်ဦးသား ရပ်လိုက်ကြပြန်သည်။ လက်စလီက

"ဂွတ်နိုက် ဘဲနာကြီး"

"ဂွတ်နိုက်"

ကျွန်တော်က ပြန်ပြောလိုက်၏။

နောက်.. .. ကျွန်တော်တို့ လမ်းခွဲလိုက်ကြသည်။

* * *

# ငွေညှစ်သမား

The Blackmailer (Algernon Blackwood)

www.burmeseclassic.com

www.burmeseclassic.com

အလက်ဇန်းဒါး ငွေညှစ်ခံရပုံက ဆန်းသည်။ ဖြစ်တောင့် ဖြစ်ခဲသည့် လိုမျိုး တစ်ကြိမ်သာ ရှိပေလိမ့်မည်။

သူ လက်ထပ်ခဲ့သည်မှာ နှစ်အတော်ပင်ကြာပြီ။ သားသမီး နှစ်ယောက် ထွန်းကားခဲ့ပြီး အိမ်ထောင်ရေးက ပျော်ပျော်ရွှင်ရွှင် သာသာယာယာပင်ဖြစ်၏။ သူ့အာမခံ လုပ်ငန်းမှလည်း ဝင်ငွေထွက်ငွေ မျှမျှတတ လုံလုံလောက်လောက် ရနေ၏။ ဘဝက နင်းဆီပွင့်တွေ ကြဲဖြန့်ခင်း ထားသော လမ်းပင်ဖြစ်သည်။ တစ်နေ့ရုံးကို လူစိမ်းတစ်ယောက်ရောက်လာပြီး သူ့ကို နှစ်ယောက်ချင်း တွေ့ခွင့်တောင်းသည့် အချိန်အထိတော့ သူ့ဘဝက လုပချောမွေ့ နေခဲ့သည်ဟု ပြောရမည်ဖြစ်၏။

သည်လူစိမ်းက အသက်ကြီးကြီး အဝတ်အစား နွမ်းနွမ်းပါးပါး ဝတ်ဆင် ထားသည့်တိုင် ထိုလူ့အသွင်အပြင်က နှစ်လိုစင်မင်ဖွယ်ကောင်း၏။ ချမ်းမြေ့ လှပသော အပြုံးစစ်စစ် တစ်ခုကို မြင်ရသည်။ စကားပြောပုံကလည်း ယဉ်ယဉ် ကျေးကျေးပင်။ လူကြီးလူကောင်းတစ်ယောက်မှန်း သိသာပါသည်။ တက္ကသိုလ် ပညာတတ်တစ်ယောက် ဖြစ်ပေလိမ့်မည်။

သို့သော် ထိုလူ့ပုံစံကို ကြည့်ရသည်က တစ်ခုခုကို မပံ့မရဲ တွန့်ဆုတ် တွန့်ဆုတ် ဖြစ်နေ၏။ ရှက်နေပုံပေါ်သည်။ သာမန် စိတ်အာရုံ ကသိကသောက် ဖြစ်တာမျိုးကတော့ သည်လိုပဲ ဖြစ်တတ်ပါသည်။ ဈေးပေါပေါ အဝတ် အစားတွေ ဝတ်ဆင်ထားသည့်တိုင် ဂုဏ်သိက္ခာရှိသူ တစ်ဦး၏ အသွင်အပြင် ပေါ်နေ၏။



အလန်ဇန်ဒါးက ငွေမြိုးမြိုးမြတ်မြတ် ဝင်မည့် အလုပ် တစ်ခုတော့ ပြီဟု အောက်မေ့လိုက်သည်။

အတွင်းဘက်က ကိုယ်ပိုင်သီးသန့်ခန်းလေးထဲသို့ သူတို့ နှစ်ယောက် ဝင်ခဲ့ကြ၏။ သူတို့ နှစ်ဦးချင်းတွေ့ဆုံစကားပြောခြင်း ကိစ္စကို လိုရင်းတိုရှင်းဝင် ဆိုကြသည်။ ဧည့်သည်၏ အမူအရာက တစ်စုံတစ်ရာ သန္နိဋ္ဌာန်ချလိုက်သည့် မျိုး ပေါ်လာသည်။ သူလာတွေ့ရသည့် အကြောင်းရင်း သူပြောလိုသည့် ကိစ္စကို ပြောဖြစ်အောင် အတိအလင်းပြောဖို့ သူ့ကိုယ်သူ ဝက်အူရစ် ကျပ် တင်းလိုက်သည့် အသွင်ဖြစ်၏။

"ကျွန်တော့်နာမည် လော်ဆင်ပါ"

ဟု ထိုလူက ထုတ်ပြောသည်။ နောက် .... ဆက်၍

"ကျွန်တော် ပိုက်ဆံ အသေအလဲ လိုနေတယ်"

ဟုမြန်မြန် ပြောလိုက်သည့်တိုင် မရွံ့မရဲလေသံပါနေ၏။ အလွတ် ကျက်ထားသော အတစ်ပိုဒ်ကို နှုတ်တိုက်ရွတ်ပြသ လိုမျိုးပင် ဖြစ်သည်။ သူပြောနေရသည်ကို သူ့ဘာသာသူပြန်ပြီး မုန်းတီး စက်ဆုပ်နေပုံရသည်။

"ကျွန်တော်ဆီမှာ ခင်ဗျားရေးထားတဲ့ စာတွေရှိပါတယ် ... အဲ — ဆိုဒင်း၊ ကျွန်တော် အဲဒါတွေဘယ်က ဘယ်လို ရတယ်ဆိုတာတော့ အရေးမကြီးပါဘူးလေ။ ဟို .... ကျွန်တော်ကို ပေါင်နှစ်ဆယ်ပေးရင် ခင်ဗျား လက်ထဲကို အဲဒီစာတွေ အပ်ပါ့မယ်"

ပြောပြီး သူကအိတ်ထဲမှ အထုတ်ငယ် ကလေး တစ်ထုပ်ကို ထုတ်ယူ လိုက်၏။ ထို့နောက် .... အလက်ဇန်းဒါး၏ မျက်စိရှေ့တွင် စာရွက်များကို အမြှပ်ဖျပ် လှန်ပြသည်။ လက်ရေးကို အရှင်းသား မြင်ရ၏။ စာတွေကို ကိုင်ထားသည့်လက်က တုန်ယင်နေ လေသည်။

သွေးပျက်ချောက်ချားမှုက အလက်ဇန်းဒါး တစ်ကိုယ်လုံးကို လွှမ်းခြုံ သွားမိုးသွား၏။ စာရွက်ကို တစ်ချက်ကြည့် လိုက်ရုံမျှနှင့်ပင် သူ့လက်ရေးမှန်း သူသိသည်။ သူ့မျက်နှာ သွေးဆုတ် ဖြူရော်သွား၏။ အေးစက်သော ချွေးစေး

www.burmeseclassic.com



ချွေးပေါက်တွေ သူ့ခန္ဓာကိုယ်ပေါ်မှာ တပြိုက်ပြိုက် ကျလာသည်။ ဝင်ငွေ အားဖြင့် သူက ကယောင်ချောက်ချား ဖြစ်တတ်သူ တစ်ယောက် မဟုတ်ခဲ့ပါ။ ဒီလိုကိစ္စမျိုးတွင် လိမ်ညာနေလို့လည်း ဘာမျှ အကျိုးမရှိမှန်း သူနားလည် သည်။

အဲသည်စာတွေကို သူတကယ်ပဲ ရေးခဲ့ခြင်းဖြစ်လေသည်။ အနိုင် ရိုက်အောင် ကြောက်လန့်တုန်လှုပ်လာ၏။ ပထမဆုံး သူလုပ်နိုင်သရွေ့ ကတော့ ကုလားထိုင်ဆီ ဒယိမ်းဒယိုင် သွားဖို့ပင် ဖြစ်၏။ သူ့ခြေထောက်တွေ ခန္ဓာကိုယ်ကို ထိန်းထားနိုင်ဖို့ပင် ဖြစ်၏။ သူ့ခြေထောက်တွေက ခန္ဓာကိုယ်ကို ထိန်းထားနိုင်လောက်အောင် မရှိင်တော့။ ထိုင်ချပစ်လိုက်ရ၏။

ဟိုလူကတော့ ခပ်လှမ်းလှမ်းမှာ ရပ်လျက်သား ရှိနေဆဲ။

"ပေါင်နှစ် .... နှစ်ဆယ်တောင်"

အလက်ဇန်းဒါးက ထစ်ထစ်ငေါ့ငေါ့ ပြောလိုက်သည်။ သူ့ကိုယ်သူ ပြန်ပြောနေမိသလိုလို။ ကစဉ့်ကလျားဖြစ်နေသော အတွေးတို့ကို စုစည်းရန် ကြိုးစားနေဆဲ။ သူ့တစ်ကိုယ်လုံး တုန်ယင်နေပုံက ထင်သာမြင်သာ။ ကူကယ် ရာမဲ့ ဖြစ်နေပြီဟု သူသိသည်။ ပူတစ်လှည့် အေးတစ်လှည့် ခံစားနေရ၏။

"ခင်ဗျားကို ကျွန်တော် အဲဒီစာတွေ ပေးမှာပါ"

လော်ဆင်က ပြောလိုက်သည်။ နောက်ဆက်တွဲစကားက ....

"ပြီးရင် ခင်ဗျားကျွန်တော့်ကို နောက်ဘယ်တော့မှ ထပ်မမြင်ရ တော့ပါဘူး"

ဟု ဖြည့်ပြောလိုက်သေး၏။ အလက်ဇန်းဒါးက မောဟိုက် တုန်ရီစွာဖြင့်

"ဒါပေမယ့် . . . ကျွန်တော့် . . . ကျွန်တော့်မှာ ပိုက်ဆံမှ မရှိတာ"

သူ့ရင်ထဲတွင် ဇနီး၊ ရင်သွေးငယ်များ၊ ပျော်ရွှင်ချမ်းမြေ့ဖွယ် အိမ်ကလေးတို့၏ ပုံရိပ်တွေက လျှံကျနေသည်။

"မဖြစ်နိုင်ဘူးဗျာ လုံးဝ မဖြစ်နိုင်ဘူး"

"ဒါပေမယ့် .. .. ခင်ဗျား အဲဒီပိုက်ဆံကို ရှာရင် ရနိုင်တာပဲ"



လော်ဆင်က တိုးတိတ်စွာ ပြောလိုက်၏။ သူ့အသံက ယတိပြတ်စိတ် ဆုံးဖြတ်ထားပြီးသား။ အကြွင်းနာမဲ့သည့် လေသံဖြစ်သော်လည်း ထူးဆန်းစွာ ချွန်ထက်ဆတ် ဖြစ်နေသော အသွင်အပြင်ကို တစ်ဖန် ထပ်မြင်ရ ပြန်သေ သည်။

ထိုသူက ရုံးခန်းကော်ဇောပေါ်တွင်ရပ်လျက် သူလုပ်သမျှ ခေါင်းငုံ့ သည်းခံရတော့မည် အလက်ဇန်းဒါး၏ မျက်နှာကို စောင့်ကြည့်နေရင်း စဉ်းစားဖို့ အချိန်ပေးထားသည့်နှယ် ထင်ရသည်။ စာများကို သူ့အိတ်ထဲသို့ ပြန်ထည့်လိုက်ပြီး တိတ်ဆိတ်ငြိမ်သက်စွာ စောင့်ဆိုင်းနေ၏။

အဲဒီ တိတ်ဆိတ်မှုထဲတွင် စက်ဆုပ်ရွံရှာ မုန်းတီးမှု အရိပ် အငွေ့တွေ သန်းနေသည်။ တိုက်ခိုက်ခြင်း အလျှင်းမရှိဘဲ တစ်ယောက်၏ သတ္တိကြောင်မှုကို တစ်ယောက်က စက်ဆုပ်နေကြသည့် အပြန်အလှန် ရွံ့ရှာမုန်းတီးမှုပင် ဖြစ်သည်။ ဘာလုပ်ရမလဲဆိုသည့် နည်းတွေ လမ်းတွေကို ကြောင့်ကြတုန်လှုပ်စွာ စဉ်းစား ရှာဖွေ နေရိုက်မှာပင် အဲသည်အချက်ကို အလက်ဇန်းဒါး သတိထားမိသေး သည်။

ထိုစာများကို ပြန်ရဖို့၊ ဖျက်ဆီးမီးရှို့ပစ်နိုင်ဖို့ဆိုရင် ပေါင်နှစ်ဆယ် ထောက်ကို ထားဦးတော့၊ ပေါင်တစ်ထောင် တောင်းလျှင်လည်း သူပေးမှာပဲ ဖြစ်၏။ သို့သော် .... ခုလို ကောက်ခါ ငင်ကာ အချိန်တိုတိုလေးအတွင်းမှာ ပေါင်နှစ်ဆယ်ကို သူဘယ်က သွားရှာရမည်နည်း။

ကြောက်စရာကောင်းလောက်အောင် သွေးပျက်တုန်လှုပ်နေသည့် ကြားက သူ့ဦးနှောက်ကို အပြင်းအထန် ဆိုးဆိုးရွားရွား အလုပ်လပေးနေရ သည်။

ဥပဒေအရ ငွေညှစ်သည့် အမှုမျိုးတွင် တရားလိုက အမည်မဖော်ဘဲ ထားနိုင်ခွင့်ရှိကြောင်း သူတွေးဖြစ်အောင် တွေးကြည့်မိသည်။ အခု ချက်ချင်း ရဲစခန်းကို သွားတိုင်လိုက်မယ်ဟု ခြိမ်းခြောက်ဖို့ သူကြံသေး၏။ အဲသည်လို အတည်ပေါက် ဟိတ်ဟန်ထုတ်နိုင်လောက်အောင် သူ့မှာ စိတ်အားသတ္တိမရှိ

www.burmeseclassic.com

www.burmeseclassic.com



တော့ပါ။ သူ အလွန်အမင်း တုန်လှုပ်နေပြီ ဖြစ်သည်။ သည်စာတွေပြန်ရ
အရေး ပိုက်ဆံပေါင် နှစ်ဆယ်ကို ဘယ်အဂီစိကနေ သွားရှာရပါမလဲဟုသည်
တိစ္ဆအပေါ် သူ့စိတ်ကို နာကြည်းခါးသီးစွာ ပုံအောပေးထားလိုက်ရပြီ ဖြစ်၏

နောက်ဆုံးတွင် ရှုပ်ထွေးနေသည့် သူ့အသိစိတ်ထဲသို့ ငွေချေးနိုင်မည့် သူငယ်ချင်းတစ်ယောက်၏ နာမည်ဖျပ်ခနဲ ဝင်လာ၏။

"ခင်ဗျား နောက်တစ်နာရီလောက်ကြာမှ ပြန်လာခဲ့မယ်ဆိုရင် အင်း နာရီဝက်လောက်အတွင်းတောင် ဖြစ်မလားမသိဘူး။ ကျွန်တော် .... ကျွန်တော် ခင်ဗျားလိုချင်တဲ့ ပိုက်ဆံပေးနိုင်မယ် ထင်ပါတယ်"

အထစ်ထစ်အငေါ့ငေါ့အသံဖြင့် ခပ်တိုးတိုး သူပြောလိုက်သည်။ ဘာကြောင့် မှန်းမသိ သူကဆက်၍

"ခင်ဗျား ... က ... အင်း ... လူကြီးလူကောင်းတစ်ယောက် ပါလေ၊ ကျွန်တော် သိပါတယ်"

စကားလုံးတွေက သူ့ဘာသာသူ ထွက်ပေါ်လာသည်။ လော်ဆင်က မျက်လွှာ လိုက်၏။ ထို့နောက် .... သူက ငြိမ်ငြိမ် ဆိတ်ဆိတ် ပြောသည်။

"ခင်ဗျား အပြင်သွားမယ်ဆိုရင် ကျွန်တော်လည်း ခင်ဗျားနဲ့လိုက်ခဲ့ ဖြစ်မယ်ထင်တယ်။ ခွင့်လွှတ်ပါဗျာ ... ဒါပေမဲ့ ဟိုဒင်း ... ခင်ဗျား သဘော ပေါက်မှာပါ"

"ကြော်...ရပါတယ်၊ ကျွန်တော် နားလည်မှု ရှိပါတယ်ဗျာ ဒီလို ပေါ့"

နောက်ဆုံးတွင် သူတို့နှစ်ယောက်သား အတူထွက်ခဲ့ကြ သည်။ ကံကောင်းချင်တော့ (?) အလက်ဇန်းဒါး အဖို့ သူလိုချင်သော ပေါင်နှစ်ဆယ် ရလိုက်၏။ နှစ်ယောက်သား အေးချင်းယှဉ် လျှောက်လျက် သူ့တိုက်ပြန်လာ ခဲ့ကြ၏။

အလက်ဇန်းဒါးက ထိုလူကို ငွေလက်လွှဲပေးပြီး စာများကို ယူလိုက် သည်။ သူ စာဘယ်နှစောင် ရှိသလဲဟု ရေတွက်ကြည့်လိုက်၏။



ကြီးအကျယ်တုန်လှုပ်သွားပြီး နောက်ထပ်တစ်ကြိမ် ရေတွက်မိပြန်လေ သည်။ တစ်စောင် ... နှစ်စောင် ... သုံးစောင်...။ အေးစက်သော ချွေးစေးတွေ ပြိုက်ပြိုက်ကျလာ၏။

"သုံးစောင်တည်း"

ခပ်တိုးတိုးကလေး ပြောလိုက်သည်။

"ခင်ဗျားမှာရှိတာ ဒါအကုန်ပဲလား"

လော်ဆင်မျက်နှာ ပျက်နေသည်ကို မြင်ရ၏။ သူက ထွက်ခွာ သွားခါနီး အခါးဝမှာပင် ရောက်နေပြီဖြစ်သည်။

"ဒါပဲ အကုန် ထင်ပါရဲ့"

လော်ဆင်က လိမ်ပြောရသောကြောင့် မလုံမလဲ ဖြစ်မိပုံမျိုး ဖျစ်ညှစ် ပြုံးပြ သည့် အပြုံးဖြင့် ပြန်ဖြေသည်။

"ကျွန်တော် အိမ်ပြန်ရောက်ရင် ရှာကြည့်လိုက်ပါဦးမယ်။ တကယ်လို့ တစ်စောင်တလေ နောက်ထပ်ရှိသေးတယ်ဆိုရင် ခင်ဗျား ရပါစေမယ်"

ထိုလူ့မျက်နှာအမူအရာကို ကြည့်ရုံမျှဖြင့် အလက်ဇန်းဒါး သဘောပေါက် သွားလည်လိုက်သည်။ ဖျစ်ညှစ်ပြုံးထားရသည့် ဟန်ဆောင်အပြုံး၏ နောက်ကွယ်တွင် ရုတ်တရက် မျက်နှာပျက် သွားရသည့် ရှက်ကိုး ရှက်ကန်း အသွင်အပြင်၏ နောက်ကွယ်တွင် .... ဆိုးရွားယုတ်မာမှု တစ်ခုရှိသည် ...။ ကောက်ကျစ် ရက်စက်သော ဆိုးရွားယုတ်မာမှုပင် ဖြစ်ပေသည်။

ဖုံးကွယ်ထားသော အရှက်တရားက မြင်သာလောက်အောင် ပြက်ပြက်ထင်ထင်ရှိသည်။ တင်းမာသော ဆုံးဖြတ်ချက်လည်းရှိသည်။

"တစ်စောင်တလေ....၊ ဟုတ်လား၊ ခင်ဗျားမှာ ချန်ထားတာ ထက်မက ရှိမှာပဲ၊ အနည်းဆုံး တစ်ဒါဇင် လောက်ရှိမယ်ဗျ"

အလက်ဇန်းဒါးက အော်ပြောလိုက်သည်။

သို့သော်လော်ဆင်က ထွက်သွားပြီးဖြစ်လေသည်။

မိနစ်ပေါင်း အတော်ကြာအောင် အလက်ဇန်းဒါး တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



မလှုပ်မယှက် ထိုင်နေဖြစ်၏။ စာတွေကို တုန်ရီနေသော သူ့လက်ဖြ အကြောက်အကန် တွယ်ကုပ်ဆုပ် ကိုင်ထားသည်။ တစ်စုံတစ်ယောက် အဲသည်စာတွေကို လုယူထွက်ပြေးသွားမှာ စိုးသည့်အလား။

ဟိုလူလက်ထဲကို ဒီစာတွေ ဘယ်လိုက ဘယ်လို ရောက်သွား ပါယ ဆိုသည့် ကိစ္စကတော့ သူ့အတွက် လုံးဝ ပဟေဠိ တစ်ပုဒ်ပင်ဖြစ်၏။ ဘယ်လို ဖြစ်ခဲ့ဖြစ်ခဲ့ စဉ်းစားနေစရာ မလိုတော့။ လောလောဆယ်မှာ စာတွေ ကိုယ့်လက်ထဲ ရောက်နေပြီ။

သူရေးခဲ့သည့် စာဝေါင်း အနည်းဆုံး တစ်ဒါဇင်လောက်တော့ ရှိမည် နှစ်ဒါဇင်လောက်တောင် ရှိချင်ရှိနိုင်သေးသည်။ သုံးဆောင်ကို ပေါင်နှစ်ဆ ပေးလိုက်ရတာ ဆိုတော့ .... နောက်ထပ်ပေးရဦးမှာတွေ လာဦးမည်။

သူ့ဇနီးအကြောင်း၊ ရင်သွေးကလေးတွေအကြောင်း၊ ချမ်းမြေ့ ပျော်ရွှင် ကောင်းသော မိသားစုအိမ်အကြောင်း ....သူတွေးမိသည်။ လော်ဆ အကြောင်းကိုလည်း သူတွေးမိပြန်သည်။ ထိုလူ့အသံ၊ အမူအရာ၊ အသွ အပြင်၊ ပြောပုံဆိုပုံ ....၊ လူကြီးလူကောင်း တစ်ယောက်ပါပဲ။ ပညာတတ ရုတ်တရက် မလုံမလဲ ဖျက်နာပျက်ဖြစ်သွားပုံ၊ ဒုစရိုက် အလုပ်တစ် လုပ်နေရသည့်အတွက် တုန်လှုပ်ပုံ၊ တွန့်ဆုတ် တွန့်ဆုတ်ဖြစ်နေပုံ၊ မကောင်းမှု သိသိကြီးနှင့် မလွှဲသာ မရှောင်သာ လုပ်နေရသူ တစ်ယောက်၏ ရှက်ရွံ့နေ

ငွေညှစ်ရသည်ကို မရွံ့မရဲ ဖြစ်နေသည့်လူ၊ ရှက်ကိုး ရှက်ကန်း ပုန်းလျှိုးကွယ်လျှိုး လုပ်နေရသည့် အဖြစ်မှ မြန်မြန် ပြီးပြတ်သွားဖို့ စိတ်အ ထက်သန်နေသည့်ပလူ .... ။

အလက်ဇန်းဒါး တစ်စုံတစ်ရာကို နားလည်သဘောပေါက်လာ သ ရှိသည်။ သို့သော် အခုတော့ သိပ်နောက်ကျ လွန်းသွားပြီ။ ကိစ္စက ပြီးသွာ ပိုက်ဆံကလည်း ထိုသူ့အိတ်ထဲ ရောက်သွားပြီ။

တကယ်ဆို ထိုသူနှင့် စေ့စပ်ဆွေးနွေး ညှိနှိုင်းကြည့်လျှင် ရနိုင် ရှိမှန်း အလက်ဇန်းဒါး နောက်ကျစွာ သဘောပေါက်လာခဲ့၏။ ထိုလူ



ခရိတ်က တကယ့်ငွေညှစ်သူ ဒုစရိုက်သမားတစ်ယောက် မဟုတ်မှန်း ခြင်သာဝါသည်။

အလက်ဇန်းဒါးက သူ့ပျော့ညံ့မှု၊ အခွင့်အရေးကို အရမယူ တတ်မှု အတွက် သူ့ကိုယ်သူ ကျိန်ဆဲလိုက်သည်။ ရဲကို အကြောင်းကြားမည်ဟု ခြိမ်းခြောက်လိုက်လျှင် ထိုလူ တုန်လှုပ်ချောက်ချားပြီး အလျှော့ပေး သွားကောင်း ပေးသွားလိမ့်မည်။ ဟိတ်နှင့် ဟန်နှင့် ခပ်တည်တည် ဖြတ်ခဲ့ ထိုသည်။ ကံကောင်းလျှင် ထိုစာများကိုပင် ရလိုက်ဦးမည်။ သုံးဆောင်တည်း မဟုတ်၊ စာတွေအားလုံးကို တစ်ပြားမှ ပေးစရာမလိုပဲ ရလိုက်နိုင်စရာ ရှိသည်။

တယ်လီဖုန်းသံ မြည်လာသည်။

စာတွေကို လက်ထဲမှာ ကိုင်ထားရင်း ထိုင်နေမိဆဲပင် ဖြစ်ကြောင်း သူပြန်သတိရသွား၏။ ဒီအချိန်က ရုံးချိန် ဖြစ်သည်။ သူ့မှာ လုပ်စရာတွေ အများကြီး ရှိသေးသည်။ သူ လျင်မြန်စွာဖြင့် တံခါးကို သော့ခတ်လိုက်ပြီး မီးခြစ်ကို ခြစ်ညှိလိုက်၏။ နောက် . . . စာတွေကို မီးရှို့ပစ်လိုက်သည်။ စတ်ပင် ဖတ်မကြည့်တော့၊ နောက်တော့ . . . ပြာတွေကို မှုန့်မှုန့် ညက်ညက် ချေပြီး စက္ကူဟောင်း ထည့်သည့် အမှိုက်ခြင်းထဲ သွန်လိုက်သည်။

ကြောက်ရွံ့မှု သွေးပျက်ချောက်ခြားမှုတို့ဖြင့် သူ တဆတ်ဆတ် တုန်ယင် နေဆဲပင် ရှိသေးသည်။ တုန်တုန် ယင်ယင်ဖြင့် သူ့အလုပ် ဆက်မလုပ် နိုင်တော့။ နေ့လည်ပိုင်း ခွင့်ယူလိုက်ပြီး လမ်းတွေပေါ် လျှောက်သွားနေမိ၏။ မ်းခြံတွေ ပန်းခြံတွေကို ဝက်ကာ ဝက်ကာ သူ့လမ်းလျှောက်သည်။ သို့သော် သာမှ ထူးမလာ။

အိမ်ပြန်ရောက်သည့် ညသည် သူတွေ့ခဲ့ကြုံခဲ့ဖူးသမျှ ညတွေထဲမှာ အဆိုးရွားဆုံး ၊ စိတ်နှလုံး ထိခိုက်ကြေကွဲဖွယ် အကောင်းဆုံးညပင် ဖြစ်လေသည် ကလေးတွေက သူ့ခြေရင်းမှာ . . .၊ သူချစ်သည့် ဇနီးသည်က သူ့နံဘေး . ။

သူမှာ လုပ်စရာ နှစ်ခုသာရှိသည်။ ပထမတစ်ခုက ရဲကို သွားတိုင်ရို ဖြစ်သည်။ သို့သော် အဲသည်နည်းကို သုံးရ လောက်အောင် သူ့စိတ်သတ္တိထ

www.burmeseclassic.com

www.burmeseclassic.com



အလှမ်းမမီပါ။ တရားရုံးမှာ အမှု ဆိုင်ရမည်ဆိုလျှင် (သူ့ကို နာမည်ဂုဏ်ဖြင့် ဖုံးကွယ်ပေးထားမည် ဖြစ်စေကာမူ) သူရင်ဆိုင်ရန် မဝံ့ပါ။

ဒုတိယတစ်ခုကတော့ လော်ဆင် နှင့် စေ့စပ်ညှိနှိုင်းပြီး ပျောင်းပျပြောဆိုယူရန် ဖြစ်သည်။ ထိုလူကို ကြည့်ရသည်မှာ သိပ်ဆိုးဆိုးရွားရွား ရက်ရက်စက်စက်လုပ်မည့် စရိုက်မျိုး ရှိပုံမရ။ သည်အတိုင်းဆို စေ့စပ်ပျောင်းပျလျှင် ဖြစ်နိုင်လောက်သည်ဟု အလက်စန်းဒါး တွက်လိုက်မိသည်။ နောက်တစ်ခါ ထိုလူလာလျှင် ညှိနှိုင်းကြည့်ရမည်။ နောက်တစ်ကြိမ် . . . နောက်တစ်ကြိမ်ဆိုတာ . . . ရှိလာဦးမှာပဲဟု အလက်စန်းဒါး စိတ်ထဲက သိနေ၏။ သိပ်မကြာခင် လော်ဆင်တစ်ယောက် နောက်တစ်ကြိမ် လာပါလိမ့်ဦးမည်။

သို့သော် လော်ဆင်ရော်မလာပါ။ စာတစ်စောင်သာ ရောက်လာ၏။ အလက်စန်းဒါးအတွက် ပြောပြစရာ စကားလုံးများနှင့်ပင် မဆိုသော ကြောက်ရွံ့တုန်လှုပ်မှုများနှင့် ဖြတ်သန်းရသည့် ရက်သတ္တပတ် အနည်းငယ်ကြာအပြီးတွင် ရောက်လာခဲ့ခြင်း ဖြစ်သည်။ သည်တစ်ခါတော့ သူ့အိမ်လိပ်စာနှင့်ဖြစ်၏။ စာက ခပ်တိုတိုပင် ၊ လက်ရေးလက်သားက ပညာတတ် တစ်ယောက်၏ လက်ရေးဆန်၏။

ကျွန်တော့်မှာ နောက်စာတစ်စောင် ရှိပါသေးတယ်။ စာကို ခင်ဗျား ကိုယ်တိုင် လာယူရဖို့ ခင်ဗျား ပိုသဘောကျ ပါလိမ့်မယ်။ ပိုက်ဆံ ၅ ပေါင်ဆိုရပါပြီ။ မလိုအပ်ဘဲ ထိခိုက် နစ်နာစရာ မဖြစ်စေချင်ဘူး။ ဒီတစ်စောင်တည်း ကျန်တော့တယ်လို့ ထင်ပါတယ်။

စာရေးသူလော်ဆင်၏ လိပ်စာက ကီလ်တန်းမှာ ဖြစ်၏။ အလက်စန်းဒါးက ပိုက်ဆံယူပြီး ထွက်လာခဲ့သည်။ သူ့အတွက် စိတ်သက်သာရာ ရစေသည့် အချက်မှာ . . . လော်ဆင်ဟု အမည်ခံထားသူသည် လုပ်နေကျ ကြေးစားငွေညစ်သမားမဟုတ်ကြောင်း ထင်ရှားနေခြင်းပင်ဖြစ်၏။ လုပ်စားနေကျ ဝါရင့်ငွေညစ်သမားဆိုပါက အခုလို တရားရုံးမှာ သက်သေခံ ဖြစ်လာနိုင်မည့် ငွေတောင်းစာရေးခြင်း၊ သူ့ကို ခြေရာခံမိစေမည့် အိမ်လိပ်စာ ပေးခြင်းမျိုး



လုပ်လိမ့်မည် မဟုတ်ပေ။

အလက်စန်းဒါးက လော်ဆင်နှင့်တွေ့လျှင် သူပြောရမည့် စကားများကို စိတ်ထဲမှာ ရွတ်ကြည့်ပြီး ကြိုတင်ပြင်ဆင် လေ့ကျင့် နေမိ၏။ လော်ဆင်ကို အမှန်အတိုင်း ပြောပြပြီး သနားသဖြင့် ညှာတာပါရန် လော်ဆင့်ကို မေတ္တာရပ်ခံဖို့ပင် ဖြစ်သည်။ လိုအပ်လာလျှင် ခြိမ်းခြောက် ဖို့ကိုလည်း ပြင်ဆင်ထား၏။ ခြိမ်းခြောက်မှုဆိုသည်မှာ ဖြီးဖြန်း လိမ်ညာမှု တစ်ခုပင် ဖြစ်သော်လည်း ၊ ဒီကိစ္စကတော့ တကယ်ဖြစ်ချင် ဖြစ်သွား နိုင်လောက်သည်။ ခင်ဗျား ဆက်ပြီး ငွေညစ်နေမယ်ဆိုရင် ကျွန်တော် မခံနိုင်တော့ဘူး၊ ကိုယ့်ကိုယ်ကိုယ် သတ်သေပစ်လိုက်တော့မယ် . . . ပေါ့။ သတ်သေပြီးသည့် နောက်တွင်လည်း သူက သက်သေအထောက်အထားများ ထားရစ်ခဲ့မည်။ သည်လို ဆိုလျှင် လော်ဆင်လည်း ချက်ချင်း အဖမ်းခံရပေလိမ့်မည်။

သည်တစ်ကြိမ်တော့ သူ့စကားကို အနိုင်အမာ ပြောရပေလိမ့်မည်။ ချော်လဲချက်မဲ့ အားငယ်စိတ်ပျက်နေသည့် လူတစ် ယောက်၏ တုံးတိုက်တိုက် ကျားကိုက်ကိုက် ရင်ဆိုင်တော့မည့် ခိုင်မာမှုမျိုးနှင့် ဖြစ်၏။ အလက်စန်းဒါး အဖို့ ချော်လဲချက်မဲ့ စိတ်ပျက်အားငယ်နေသည်ကတော့ အမှန်ပင် ဖြစ်သည်။ သို့သော်...တုံးတိုက်တိုက် ကျားကိုက်ကိုက် ရင်ဆိုင်မည့် ခိုင်မာမှုမျိုး.... ကတော့ ရှိမနေပါ။

ဈေးပေါပေါ ခုပေါင်းအိမ်ရာ တိုက်ခန်းတွဲများထဲမှာ ဖွတ်သီဖတ်ညပ် နေထိုင်ရသည့် တိုက်ခန်းတစ်ခန်း၊ သို့မဟုတ် တည်းခိုအိမ် တစ်လုံးမှာ ငှားရမ်းနေထိုင်ရသည့် အခန်းငယ်လေး တစ်ခုကို တွေ့ရလိမ့်မည်ဟု အောက်မေ့ ထားခဲ့သည်မှာ တက်တက်စင်အောင် လွဲသွားသည်။

သူ့တွေ့ရသည်က သားသားနားနား ၊ သပ်သပ်ရပ်ရပ် လုံးချင်း အိမ်ကလေးတစ်လုံး ၊ နားလေးနေသည့် အစေခံ အဘွားကြီးက အလက်စန်းဒါးကို အိမ်ထဲခေါ်သွား၏။ သူ့နာမည်ကို ကျယ်ကျယ်ပြောပြီး အခန်းထဲ ဝင်သွားလိုက်သည်။ အခန်းမှာ တစ်ဝက်က စာရေးစားပွဲနှင့် ကျန်တစ်ဝက်ကတော့

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်စင်နှင့် စာအုပ်တွေထားသည်။ စာအုပ်တွေက မရေမတွက်နိုင်လောက်အောင် များပြားလှ၏။ စားပွဲကို စက္ကူစားပွဲခင်းဖြင့် ဖုံးထားသည်။ စားပွဲတစ်ဖက်စွန်းတွင် လော်ဆင်က ရပ်လျက်သား သူ့ကို စောင့်ကြိုနေ၏။ သူတို့နှစ်ယောက် တကယ်တမ်း တွေ့ဆုံကြသောအခါ အလက်စန်းဒါး ကြိုတင်စိတ်ကူးလာပုံ မျိုးနှင့်မတူပါ။

အလက်စန်းဒါးက ပိုက်ဆံကို ပေးလိုက်ပြီး လော်ဆင့်ထံမှ စာတိုက်ယူသည်။ လော်ဆင်က ကြောက်ရွံ့တုန်လှုပ်နေသည့် အမူအရာမျိုးဖြင့် ပိုက်ဆံကို တံ့ဆိုင်းဆိုင်းလှမ်းယူ၏။ သူ့မျက်နှာ မှာလည်း ဖြူဖပ်ဖြူရော် ၊ တစ်ကိုယ်လုံးလည်း တုန်နေ၏။

"ကျေးဇူးပါပဲဗျာ"

ဟု ပြောလိုက်သည့် လော်ဆင့်အသံကလည်း တုန်ယင်နေလေသည်။ အလက်စန်းဒါးက တစ်ခုခုလောက် ကြောင်နေမိရာမှ မေတ္တာရပ်ခံ စကားဖြစ်ဖြစ် ၊ ခြိမ်းခြောက်စကားဖြစ်ဖြစ် ပြောဖို့ သတိမရခင်မှာပင် လော်ဆင်က စပြောသည်။

"ကျွန်တော်လုပ်ပုံက အတော်ကို ဆိုးဆိုးရွားရွား မကောင်းတဲ့ အနေအထားပါ"

"ဆိုးဆိုးရွားရွား မကောင်းတဲ့" ဟူသော စကားလုံးကို သူက အလွန်တိုးညင်းစွာ ပြောခြင်းဖြစ်၏။ လော်ဆင့် မျက်နှာကလည်း တကယ်ပင် အရှက်ရ အပြစ်ရှိသူ တစ်ယောက်၏ ခံစားမှုမျိုးကို ဖော်ပြနေသည်။ သူက ကြမ်းပြင်ကို ငုံ့ကြည့်ရင်း လေသံတိုးတိုးဖြင့် ဆက်ပြော၏။

"အဆင်ပြေရင် . . . ခင်ဗျားပိုက်ဆံတွေကို ကျွန်တော် ပြန်ဆပ်မှာပါ . . . ၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာပေါ့"

လော်ဆင်က ပိုက်ဆံကို စားပွဲအံဆွဲထဲ ထည့်လိုက်သည်။ ထိုအချိန်တွင် အလက်စန်းဒါးက စားပွဲပေါ်မှ စာအုပ်များ၏ ခေါင်းစဉ်တွေကို လျှောက်ဖတ်ကြည့်နေမိသည်။ မက်သယူးအာနိုး၏ ကဗျာများ၊ ဂရီအဘိဓာန် ၊ ဂစ်ဘွန်း၏



'ဆိုတွင်းခြင်းနှင့် ကျဆုံးခြင်း'။

လော်ဆင်၏ ဗျာညီ့မှုက အလက်စန်းဒါးအဖို့ ပြောရမည့် စကားလုံးများကို ရှာတွေ့အောင် ကူညီပေး လိုက်သည်နှင့်တူ၏။ အလက်စန်းဒါး၏ ရှုပ်ထွေးနေသည့် သိစိတ်မျက်နှာပြင်ပေါ်သို့ ဟန်ဆောင် ခြိမ်းခြောက်ရမည့် စကားလုံးတွေ ဘွားခနဲပေါ်လာ သည်။

"ကျုပ် . . . ရဲကို သွားတိုင်လို့ရတယ်ဆိုတာ ခင်ဗျား သိတယ်နော်"

သူပြောနေသည့် စကားတို့ကို သူပြန်ကြားနေရသည်။ လော်ဆင်က ခြောင်းပေါက်ဆီ ဘေးတိုက်လှည့်ကြည့် နေ၏။ ထို့ကြောင့် ထိုလူ့မျက်နှာကို ဆင်က မကြည့်ဖူးသည့် ရှုထောင့်သစ်တစ်မျိုးမှ မြင်နေရသည်။ အခြေအနေ ချက်ဆီး ခံထားရသလိုမျိုး ဖြစ်နေသည့် ခံစားချက် အမူအရာကို သူသတိပြုမိ၏။

လော်ဆင်တစ်ယောက် နှင့်နှင့်သီးသီး ခံစားနေရပါလား။

"ကျွန်တော် သိပါတယ်"

ဟု လော်ဆင်က တည်ငြိမ်စွာ ပြန်ပြော၏။ ခေါင်းကို လှည့်မကြည့်။

"ဒါပေမဲ့ ခင်ဗျား သွားတိုင်မှာ မဟုတ်ပါဘူးလေ၊ ကျွန်တော် အစမ်းခံရဲတာတောင်မှ ခင်ဗျားက သွားမတိုင်ရဲပါဘူး"

စကားလုံးတွေက ပြစ်ဒဏ်စီရင်ချက် တစ်ခု ချမှတ်လိုက်ပုံမျိုး၊ တကယ်လည်း သူပြောသည့်အတိုင်း ဖြစ်နေသောကြောင့် ချောင်ပိတ်မိနေသည့် အလက်စန်းဒါး အဖို့ ပို၍ပင် စိတ်နောက်ကျို ရှုပ်ထွေးသွား၏။ အတွေးတွေက ချော်လဲရှက်မဲ့စွာဖြင့် ကစဉ့်ကလျား ပြန့်ကျဲလွင့်စဉ်ကုန်ကြသည်။ စိတ်ထဲပေါ်လာရာ လျှောက်ပြောချမိလျက်သား ဖြစ်သွား၏။ သနားလာအောင် တောင်းတောင်းပန်ပန် ပြောမည်ဟူသော အတွေးလည်း ဘယ်ရောက်သွားမှန်းမသိ ၊ မရှိတော့။

"ခင်ဗျား ကျုပ်ကို ကိုယ့်ကိုယ်ကိုယ် သတ်မသေ သေအောင် လုပ်နေတာလားဗျဟင် ၊ ကျုပ် သတ်သေမိတော့မယ် . . . နည်းနည်းကလေးပဲ

www.burmeseclassic.com

www.burmeseclassic.com



လိုတော့တယ် ၊ ခင်များလည်း အဖမ်းခံရပြီသာမှတ်။ သက်သေတွေ ကျွန် ထားပစ်ခဲ့မှာ"

လော်ဆင်ပရုံးတွန့်ပြလိုက်ပုံက အလက်စန်းဒါး၏ လုံးဝဥဿုံ မျှော်လင့်ချက် ကင်းမဲ့နေမှုအတွက် စိတ်ဝေဒနာကို ပြီးပြည့်ရုံ သွားစေ လေသည်။ ရုတ်တရက် သူ့ရင်ထဲမှာ အရုဏ်အလင်းသစ် တစ်ရတောက်ပ လာ၏။ လော်ဆင်၏ စိတ်အခြေအနေကလည်း သူနှင့်မတိမ်းမယိမ်း ကြောက်စရာကောင်းလောက်အောင် စိတ်သောက ရောက်နေရသည် မဟုတ်လား။ လော်ဆင်ကိုယ်တိုင်ပင်လျှင် နောက်ဆုံး ထွက်သက်ကို စောင့်နေသူ တစ်ဦး ဖြစ်လေသည်။

"ခင်များမှာ နောက်ထပ်စာတွေ အများကြီး ကျန်သေးတယ် မဟုတ်လား" အားလျော့မျော့မွဲနေသည့် လေသံဖြင့် မေးလိုက်သည့် သူ့စကားကို သူကိုယ်တိုင် ပြန်ကြားနေရသည်။

လော်ဆင်က လှည့်လာပြီး သူနှင့်မျက်နှာချင်းဆိုင်လိုက်၏။ သူ့မျက်နှာပေါ်မှ စံစားနေရပုံက ဆိုးဆိုးရွားရွား၊ တစ်ပြိုင် နက်တည်းမှာပင် သနားစရာလည် ကောင်းနေလေသည်။ လော်ဆင်က တိုးတိုးကလေး . . .

"အဲဒီလို ရှိနေမှာကိုပဲ ကျွန်တော်ကြောက်တာ"

သူ့ကိုယ်သူ ပြန်ရှက်သော ၊ ထိတ်လန့်နေသော အဓိပ္ပါယ်လေး နက်သည့် မငုံ့မရဲ အမူအရာမျိုးကို ထပ်မံတွေ့ရပြန်လေသည်။

"တစ်စောင် . . . ဒါမှမဟုတ် နှစ်စောင်ဖြစ်ဖြစ် ရှိနေမှာ . . . ကျွန်တော် လန့်တယ်ဗျာ"

လော်ဆင်က ထပ်ပြောသည်။ သက်ပြင်းတစ်ချက် လေးလေး ပင်ပင် မှုတ်ထုတ် လိုက်ပြီး မျက်လုံးများကို လက်ဖြင့် ဖုံးအုပ် ကွယ်ထားလိုက်သည်။

"ဆောရီးပဲဗျာ . . . ၊ ကျွန်တော် အလေးအနက် တောင်းပန်ပါတယ်"

လော်ဆင်က တတွတ်တွတ် ရေရွတ်နေသည်။ တစ်ဝက် တစ်ပျက် အားဖြင့် သူ့ကိုယ်သူ ပြန်ပြောနေပုံမျိုးလည်း ဖြစ်၏။ ဆံစမှ ခြေဖျားအဆုံး လော်ဆင်



ခင်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်နေလေသည်။

သူတို့နှစ်ယောက် တွေ့ဆုံခြင်းကိစ္စ ပြီးပြတ်သွားလေပြီ။ အလက်စန်းဒါး ကတော့ လုံးဝမျှော်လင့်ချက် ကင်းမဲ့နေသူ တစ်ယောက် အဖြစ်နှင့် အိမ်ထဲမှ ထွက်လာရတော့သည်။ အနေအထားက သူ့အတွက် ရှင်းနေသည်။ ဓင်တို့ အားဖြင့် သိက္ခာရှိရှိ အဆင့်အတန်းရှိရှိ နေထိုင်တတ်သူ လူတောင်း တစ်ယောက် ဖြစ်ပုံရသည့် လော်ဆင် ကိုယ်တိုင်မျာလည်း ငွေညှစ်ခံနေရခြင်း ဖြစ်သည်။ အလက်စန်းဒါး နားလည်မှု ပေးနိုင်ပါသည်။ လော်ဆင့်အပေါ် ဒုက္ခပင်ဖြစ်မိ၏။ သို့သော် အဲသည် နားလည်မှုကပင်လျှင် မျှော်လင့်ချက် အကြွင်းအကျန် ကလေးကို လက်စသတ် ကွယ်ဖျောက်ပစ်လိုက်ပြီဖြစ်သည်။ ခုတော့ လော်ဆင်တစ်ယောက် စိတ်နှလုံး ချုံးချုံးကျနေပုံကို သူတိတိ ကျကျ သိလာလေပြီ။

နောက်လာသည့် ရက်သတ္တပတ်ပေါင်း လပေါင်းများစွာအတွင်း ခံစားခဲ့ရသည့် စိတ်သောကများ ကယောင်ချောက်ချား ဝေဒနာများအကြောင်း ပြောပြနေဖို့ မလိုတော့ပါ။ အိပ် မပျော်ဘဲ တလူးလူး တလိမ့်လိမ့် ဖြစ်ခဲ့ရသည်။ အလုပ်ထဲတွင် အတုန်တုန် အလှုပ်လှုပ်ဖြင့် ငွေကြေးကိုင်တွယ်ရာ ပိုက်ဆံချေးသူများနှင့် ဆက်ဆံ ရာတွင် အလွဲလွဲအချော်ချော်ဖြစ်ခဲ့ရသည်။ ထိုသည်ဖြစ်သူကလည်း ဆိုးဆိုးရွားရွား တစ်စုံတစ်ရာတော့ မှားယွင်းနေပြီဟု ထင်မိလာသည်။ သူကတော့ အလုပ်ပင်ပန်းလို့ဖြစ်ရတာပါ ဟူသည့် စာတ်လမ်း ဆင်ခြင် ဖုံးဖိထားခဲ့ရ၏။

လော်ဆင့်ရုံး ကိုလ်တန်အိမ်သို့ တစ်ခေါက်ပြီး တစ်ခေါက် ထပ်ခါထပ်ခါ ရောက်ရပြန်သည်။ အခုနောက်များမှာတော့ သူတို့ နှစ်ယောက် တွေ့ဆုံ ကြရာတွင် စကားများများစားစား ပြောစရာ မရှိတော့ တိတ်တိတ် ဆိတ်ဆိတ် ပင်ဖြစ်၏။ ပိုက်ဆံပေးသည်မှ ယူသည်။ စကားတစ်လုံးမှမပြော၊ ပြီး လျှင်အစို့ ကိစ္စပြတ် မည့်အချိန်သည် တစ်စထက်တစ်စ နီးကပ်လာပြီဟု အောက်မေ့ရ၏။ အလက်စန်းဒါးကတော့ သည်လောက်များပြားလှသည်

www.burmeseclassic.com

www.burmeseclassic.com



စာများကို သူရေးဖြစ်ခဲ့ရခြင်းအတွက် ယုံရခက်ခက် ဖြစ်နေသလို ခံစားရသည်။ သို့သော် တကယ်ပင် သူရေးခဲ့ခြင်းဖြစ်၏။

တစ်စထက်တစ်စများလာသော ဒဏ်တွေက အလက် ဇန်းဒါး၏ ဘဝကို အပိုင်းပိုင်းအစိတ်စိတ် ဖြစ်အောင် ရိုက်ချိုး ခြေမွ ပစ်လိုက်တော့သည်။ သူ့ကျန်းမာရေး ပျက်စီးယိုယွင်းလာသည်။ သူ့စိတ်က ကြောင်တောင်တောင် ဖြစ်လာ၏။ စိတ်နောက်ပျက်ယွင်း နေသည့်အတွေးအကြံတွေ တစ်ခုပြီးတစ်ခု တုန်လှုပ်စွာ ပြောင်းလုပ် ကြည့်သည်။ ဘာတစ်ခုမှ သုံးမရ။ ရှောင်လွှဲမရတော့သည့် အောက်မေ့ ရသည့် အရေးပေါ်ထွက်ပေါက် (သေခြင်းတရား)ရှိရာ နောက်ဆုံး ထောင့်ကျဉ်းကလေးဆီ သူ့ကို မောင်းနှင်ပို့လွှတ်ခံနေရပြီဖြစ်၏။ သည်စိတ်ကူး ကြောင်စီစီ အတွေးမဟုတ်။ လူသာမန် တစ်ယောက် အနေဖြင့် လုံး၀ မျှော်လင့်ချက် ကင်းမဲ့သည်အထိ အဖျက်ဆီးခံလိုက်သည့် အခြေအနေတွင် အဆုံးစွန်သော ထွက်ပေါက်ကို ရှာဖွေ တတ်သည့် ဆုံးဖြတ်ချက်မျှသာဖြစ်၏။

သူပစ္စတို တစ်လက်ကို ၀ယ်လိုက်သည်။ သူကော လော်ဆင်ပါ နှစ်ယောက်တစ်ခါတည်း သေသွားလျှင်အေးရော ဟုသည့် ရူးသွပ်သွပ် စိတ်ကူးမျိုး ၀င်လာ၏။ ကီလ်ဘန်းရှိ လော်ဆင့်အိမ်ဆီသို့ နောက်ဆုံး အကြိမ်အဖြစ်ယူသွားသည်။ သည်တစ်ခါတော့ တကယ့်ကို နောက်ဆုံး အခေါက်ပင် ဖြစ်ရစေမည်။ သူပိုက်ဆံတစ်ပြားမှ ယူမလာ တော့ပါ။ ဘောင်းဘီအိတ်ထဲတွင်တော့ ဘရောင်နင် ပစ္စတိုက ကျည်သုံးတောင့် ဖြည့်လျက်သား တစ်တောင့်က သူ့အတွက် ၊ တစ်တောင့်က လော်ဆင့်အတွက် ၊ ကျန်တစ်တောင့် ကတော့ ပစ်လိုက်လို့ လွဲသွားလျှင် ထပ်ဆောင်းရအောင် လိုလိုမည်မည် ထည့်လာခဲ့ခြင်း ဖြစ်သည်။

ဟိုရောက်လျှင် ဘယ်လိုလုပ်ရမည်ကို တိတိကျကျတော့ သူ့ဘာသာ သူလည်းမသိ။ ကြိုလည်း စဉ်းစားမထား။ ကြိုတင်စိတ်ကူးရသော ကာလတွေ ဟိုးနောက်မှာ ကျန်ခဲ့ပြီ။ သူ့ဘောင်းဘီအိတ်ထဲတွင် ကျည်ထိုးထားသည့် ပစ္စတိုပါလာပြီပဲ။ ကျန်တာ ဖြစ်ချင်ရာဖြစ်။



အောက်တိုဘာ နှောင်းပိုင်း ညနေခင်း ဖြစ်သည်။ နေ့ဥတု ကာလကို ...ခဲ့ပြီ။ စိတ်နှလုံးညှိုးချုံးကျနေသည့် ကီးလ်ဘန်းရပ်ကွက်ရှိ လမ်းဘေး ...များအပေါ်တွင် နေ၀င်ဖျိုးဖျ ရိုန်ခါ အုပ်ဆိုင်းလျက်သား။

အလက်ဇန်းဒါးက ရုံးမှနေ၍ သည်နေရာသို့ မြေအောက် ရထားဖြင့် ...ခါတည်း တန်းလာခဲ့သည်။ ရထားပေါ်မှ ဆင်းပြီး သည်နှင့် သူစပ်သွက်သွက် ...တ်၏။ ဆိုးရွားလွန်းသော အဖြစ်ကို ရင်ဆိုင်ရတော့မည်။ မြန်မြန် ...တွေ ၊ မြန်မြန်ရှင်း၊ သေလျှင်အေးရော။ မြန်မြန်ပြီးပြတ်ပစ်လိုက်ချင်လှပြီ။

စိတ်၏ ဖိစီးမှုဒဏ်ကို သူမခံနိုင်တော့သည့် ခံစားမှုဖြင့် လမ်းလျှောက် ...မှ ဖြန်းခနဲ သူတချက်ကြမ်းပြေးတော့သည်။

လော်ဆင်၏ အိမ်၀သို့ ရောက်သောအခါ သူ့အသက်တို မောဟိုက်စွာ ...နေရပြီ ဖြစ်သည်။ သူလုံး၀စိတ်ခါတ်ပျက်ပြား နေလေပြီ။ သူ့သိစိတ် ၊ ...ရုံ ခြောက်ပါးစလုံး ၀ရုန်း သုန်းကား ကြမ်းတမ်းရိုင်းစိုင်းနေပြီဖြစ်၏။ ... လူခေါ်ခေါင်းလောင်းကို ခပ်ကြမ်းကြမ်း ဆွဲလိုက်သော်လည်း ထူးသံ ...ကြားရ။ နားလေးနေသည့် အဘွားကြီးလည်း ပေါ်မလာပါ။ ရှေ့တံခါးမကြီး ...ပွင့်တတ ဖြစ်နေသည်ကို သူ ပထမဦးဆုံး အကြိမ် သတိပြုမိသွား၏။ သို့ဖြင့် . . . သူအိမ်ထဲ၀င်ခဲ့သည်။

အခန်းကျဉ်းကျဉ်းလေးထဲမှာလည်း ဘာမှမရှိ။ သူ့နောက်မှ တံခါးကို ပြန်ပိတ်လိုက်ပြီး စာကြည့်ခန်းရှိရာဆီ လျှောက်လာ ခဲ့သည်။ သူကောင်းကောင်း သိသော နေရာဆိုလို့ သည်တစ်ခန်းသာရှိ၏။ သိပ်ရှာနေစရာမလို။ သူမျှော်လင့် ထားသည့်အတိုင်း ဆိုလျှင် အခန်းထဲတွင် လော်ဆင်ရှိနေမှာပဲဖြစ်သည်။ လော်ဆင်က အချိန်မှန် အလုပ်လုပ် တတ်သူဖြစ်၏။ ခြောက်နာရီထိုးသံ ကြားရသည်။

အိမ်တစ်အိမ်လုံး ထူးထူးခြားခြားပင် တိတ်ဆိတ်နေသည်။ အဲသည် တိတ်ဆိတ်ငြိမ်သက်မှုကို သူ မနှစ်မြို့ပါ . . သေွးရိုး သားရိုးမဟုတ်သည့် ငြိမ်သက်မှုမျိုးဖြစ်သည်။ အဲသည်မှာ ထူးခြားသည့် (ဒီအကြောင်းကို နောက်မှ သူပြန်စဉ်းစားမိခြင်း ဖြစ်၏) အနံ့အသက် တစ်မျိုးလည်းရှိနေသည်။ သူက

www.burmeseclassic.com



တံခါးကို ခပ်ပြင်းပြင်းခေါက်သံ ပေးလိုက်ပြီး ပြန်ထူးသံကို မစောင့်… တစ်ပြိုင်နက်တည်းလိုလိုမှာပင် တွန်းဖွင့်ကာ အခန်းထဲတည့်တည့် လျှောက်… သွားလိုက်သည်။

ဝင်သွားလျှင် ဝင်သွားချင်း လော်ဆင့်ကို တွေ့ရ၏။ သူက ခါတိုင်း… မတ်တတ်ရပ် မနေပါ။ သူနှင့်မျက်နှာချင်းဆိုင် သားရေ ကုလားထိုင်ပေါ်တွင်… ထိုင်နေ၏။ ကုလားထိုင်ကလည်း မြင်းမွေး အစအနတွေ မသပ်မရပ် အကွ… အကွက်မြင်နေရသည့် ကုလားထိုင်ဖြစ်သည်။ လော်ဆင့်အကြည့်က သူ့အပေါ်… ကျလာသည့် အခိုက် အတန့်မှာပင် ကျောရိုးတစ်လျှောက် စိမ့်တုန်သွားသည်… သည်တစ်ခါတော့ အရင်ကလို ရွံမုန်းသည့် စိတ်လှုပ်ရှားမှုကြောင့် တုန်လှု… သွားခြင်းမျိုး မဟုတ်။ တစ်ခါမှ မဖြစ်ပေါ်ဖူးသေးသည့် ခံစားမှုဖြစ် သည်။

အဲသည်အချိန်မှာ သူကသာ စိတ်ခါတ်ပျက်ပြားပြီး တစ်ဝေ… တစ်ပျက် ရူးသွပ်သလို ဖြစ်နေသည်။ လော်ဆင့်ကို ကြည့်ရသည်ကတော့… ထိုသို့မဟုတ်။ လော်ဆင့် ပြောင်းလဲသွားပြီ ဖြစ်သည်။ ဘယ်လိုပြောင်းလဲ… သွားသလဲတော့ အလက်ဇန်းဒါး မပြောတတ်။ အဲသည်ပြောင်းလဲမှုက သူ့… အနေအထား တစ်မျိုးဖြင့် ခြောက်လှန့်နေသည် ဆိုတာကိုသာ သူသိသည်။ သူ့ကျောပြင်မှာ ကြက်သီးပင်ထလာ၏။ ဆိုးရွားသော အကြောက်တရား… တစ်မျိုးက သူ့အပေါ် အုပ်စီးလာသည်။

BURMESE CLASSIC

လော်ဆင့်ကို မြင်ရပုံကသာ ပြောင်းလဲသည်မဟုတ်။ အပြုအမူ… အရင်ကနှင့်မတူတော့။ သူက မတ်တတ်မထ၊ ကုလားထိုင်ပေါ် ထိုင်နေလျက်… အလက်ဇန်းဒါး၏ မျက်နှာကို စိုက်ကြည့်နေသည်။ တစ်ခုခုတော့ မှားနေပြီ… ပြောင်းလဲ နေရုံမျှသာမကတော့။ အလက်ဇန်းဒါးက ကြက်သေသေပြီး… ရပ်နေမိ၏။ သူ့နောက်က တံခါးကို ပြန်ပိတ်ဖို့ပင် မေ့လျော့နေသည်။ သူ… မလှုပ်မယှက်ဖြင့် လော်ဆင့်ကို ပြန်ငေးစိုက် ကြည့်နေမိလေသည်။

သူ ပထမဦးဆုံး သတိဝင်လာသည်က ရှာခနဲလှည့်ပြီး ထွက်ပြေးဖို့… ဖြစ်သည်။ သို့သော် ခြေထောက်တွေမှာ ခွန်အား မရှိတော့၊ ကြွက်သားတွေ…



…နိုင်စွမ်း မရှိတော့၊ သူ့အသက်ကို အောင့်ထားမိသည်။

အရာရာအားလုံးထက် ပိုပြီး သူ့ကို အံ့အားသင့်စေသည့် အချက်မှာ …သူတော် လော်ဆင့်၏ မျက်နှာပေါ်မှ ခံစားချက် သွင်ပြင်ဝင်ဖြစ်သည်။ …လော်ဆင့် မျက်နှာမှာ အပျော်တွေ လွှမ်းခြုံနေ၏။ ရိုးမြိန်နူးညံ့စွာ ပြုံးနေသည်။ …အရင်တလို စိတ်ပျက်ကြေကွဲသည့် အမူအရာတွေမရှိတော့။ ကြင်နာစွာ …နူးညံ့သည့် အရိပ်ယောင်သာ ကျန်ရစ်ခဲ့တော့သည်။

ဘာကြောင့်မှန်းတော့ ရှင်းမပြတတ် ၊ သူ့နှလုံးသား အညှိခံထားရ…သလို ခံစားရ၏။ ကုလားထိုင်ပေါ်တွင် ထိုင်နေသော မလှုပ်မယှက်သွင်ပြင်တစ်ခု၏ …ရွှင်ကြည်နူးနေသည့် မျက်နှာပေါ်မှ အကြည့်ကို မလွှဲမဖယ်မိ။ နှစ်မိနစ်ခန့် …ကြာချင် ကြာမည်။ နှစ်စက္ကန့်ထဲလည်း ဖြစ်ချင်ဖြစ်မည်။ စကားပြောသံကို …ကြားရခင်အထိ စိုက်ကြည့်နေမိခြင်းဖြစ်၏။

လော်ဆင့်စကားပြောပုံက မနည်းကြီး နားစိုက်ထောင်မှ ကြားရသည့် …အသံမျိုး ၊ ကျယ်ကျယ်ပြောလျှင် ဖြစ်လျက် သားနှင့် တမင်ခဲခဲယဉ်းယဉ်း …ချိန်းချုပ်ပြီး ပြောနေမှန်း သိသာထင်ရှား၏။ သို့သော် စကားလုံးတိုင်းကို …ပြတ်ပြတ် သားသားကြားရသည်။

"ခင်ဗျား ပစ္စည်းတိုကြီး မလိုအပ်တော့ပါဘူးဗျာ၊ ခင်ဗျား အတွက် …ဖြစ်ဖြစ် ကျွန်တော့်အတွက် ဖြစ်ဖြစ်ပေါ့၊ ကျန်တဲ့ ခင်ဗျားစာတွေအားလုံးကို …ကိုက်ကနေ တစ်ဆင့် ခင်ဗျားဆီ ပို့ပေးလိုက်ပါပြီ၊ ခင်ဗျားဆီက ကျွန်တော် …ခဲ့တဲ့ ပိုက်ဆံတွေကော ...."

လေသံတိုးတိုးက တိတ်ဆိတ် ပျောက်ကွယ်သွားသည်။ နှုတ်ခမ်းတွေက …နေဆဲ ရှိသေး၏။ သို့သော် အသံက ထွက်မလာတော့။ လော်ဆင့်… …တော့ တစ်ချက်မှ မလှုပ်၊ မရွေ့မလျား၊ စကားပြောနေသည့် တစ်လျှောက် …လုံးလည်း ဆံခြည်မျှင် တစ်မျှင်စာမျှ မလှုပ်မရှားခဲ့။

အိမ်ရှေ့ခန်းဆီမှ အသံတစ်သံ ကြားလိုက်ရသည်။ အလက် …ဒါးက …ညည်ရှုယ်ပါဘဲ တစ်ခဏမျှ ဦးခေါင်းလှည့်ကြည့် လိုက်၏။ …လေးသော

www.burmeseclassic.com

အိမ်ဖော်အဘွားကြီး၏ ခြေလှမ်း ရှပ်တိုက် လျှောက်သံမှန်း သူမှတ်မိသည်။ ချက်ချင်းလိုလိုပင် လော်ဆင့်ဘက် ပြန်လှည့်လိုက်၏။ သို့သော် စောစော တုလားထိုင်တွင်ထိုင်ပြီး သူ့ကို စိုက်ကြည့်နေသည့် ငွေညှစ်သမား လော်ဆင် မရှိတော့ တုလားထိုင်ပေါ်တွင် မရှိ၊ အခန်းထဲ တွင်လည်း မရှိ အခန်းက ဟာလာ ဟင်းလင်း။ သည်အခန်းထဲတွင် မျက်စိဖြင့် မြင်နိုင်သည့် သက်ရှိဟူ၍ အလ ဇန်းဒါး ကိုယ်တိုင်သာ ရှိတော့သည်။ သူတစ်ယောက်တည်း။

နားလေးနေသည့် အစေခံအဘွားကြီးက သူ့နောက်က တံခါး ဝင်လာရင်း ခေလုတ်တိုက်လိုက်သည်။ အဲသည်မှာ သူ ဖြုန်းခနဲ ဖြစ်သွား၏။ သူရူးသွားပြီ။ သူစိတ်ဆောက်တည်ရာ မရတော့၊ အေးစက်သော ချွေးစေး တစ်ကိုယ်လုံးမှာ တပြိုက်ပြိုက် ကျလာ၏။ သူ့တစ်ကိုယ်လုံး နတ်ပူးသ တဆက်ဆက်တုန်နေသည်။ အဘွားကြီး၏ အသံက သူ့နားထဲတွင် အရောရော အထွေးထွေး၊ မသဲကွဲ။ သို့သော် အဓိပ္ပါယ်ကတော့ နားလည်ရလောက်အောင် ပီပီသသပါသည်။

အဘွားကြီးက အလက်ဇန်းဒါးကို တတွတ်တွတ်ရှင်းပြဖို့ ကြိုးစား နေသည်။

လော်ဆင် သူ့ကိုယ်သူ သေနတ်ဖြင့် ပစ်တာ သတ်သေ . . . အလက်ဇန်းဒါး ယခုရောက်မလာခင် နာရီအတော် ကြာကြာကတည်းက . . .

ပွဲချင်းပြီး သေမသွား။

ရဲများနှင့် ဆရာဝန်များ ရောက်လာ

ထုံဆေးပေး . . . ဆေးရုံကို သယ်သွား၊

လမ်းမှာ . . . သူနာပြုကားပေါ်မှာတင် ကွယ်လွန် . .

သူဘယ်လိုက ဘယ်လို အိမ်ထဲက ထွက်လာခဲ့သည်ကို အလက်ဆန်းဒါး မှန်းမိတော့၊ သူမှတ်မိသမျှကတော့ လမ်းတွေပေါ်မှာ ဓါသတကြီး သူလျှောက်သွား နေမိသည်ကိုပဲ ဖြစ်သည်။ နာရီပေါင်းများစွာ ကြာသည်အထိပင်။ တစ်နေရာမှာ နေပြီး သူ့ဇနီး ဆီကို . . . သူကိစ္စရှိသောကြောင့် အိမ်မပြန်နိုင်သေးကြောင်း



ညစာ စားပြီးချိန်အထိ အိမ်ပြန်ရောက်နိုင်လိမ့်မည် မဟုတ်ကြောင်း ဖုန်းဆက် ဆိုတ်သေးသည်။

သူတော်တော်နှင့် အိမ်ပြန်ဖြစ်ဦးမှာ မဟုတ်ကြောင်း သူသိသည်။ အိမ်တို နောက်အကျကြီးကျပြီးမှ ပြန်ရောက်မည် ကိုလည်း သူသိသည်။ နီးရိမ်တကြီး ဖြစ်နေသည့် ဇနီးသည်ကို တောင်စဉ်ရေမရ စကားတွေ သူလျှောက်ပြောရဦးမယ်ကိုလည်း သူသိသည်။ ကလေးတွေကတော့ အတော် အစောကတည်းက အိပ်ရာထဲ ဝင်သွားကြပြီး အိပ်ပျော်နေကြမည်ကိုလည်း သူသိသည်၊ သူမရောက်ခင် ထုံးစံအတိုင်း တုန်ယင်နေသည့် လက်ထဲကို သူ့ဇနီးထ အတိုက်မှ ရောက်လာသည့် အထုပ် ကလေးတစ်ထုပ် ပေးမည်ကိုလည်း သူသိသည်။

အဲသည်အထုပ်ထဲတွင် . . .

လွန်ခဲ့သည့် နှစ်အတော်ကြာကြာက အခြားသော မိန်းမ တစ်ယောက်ဆီ သူရေးခဲ့သည့် သူ့ဘဝကို ဖျက်ဆီးပစ်နိုင်သော တုန်လှုပ် ခြောက်လန့်စရာ စာတွေ အများကြီးပါလိမ့်မည် ဆိုသည်ကိုလည်းကောင်း . . ။

ဝေါင်နှစ်ဆယ်တန် ငွေစက္ကူအတွဲလိုက် သူ့ခြေရင်းဆီ ဖြုတ်ကျ လာမည်ဆိုသည်ကိုလည်းကောင်း ၊ ပါဆယ်ထုပ်ပေါ်မှ စာတိုက် အမှတ် အသားတွင် ယနေ့ နေ့လယ် ၁၁း၃၀ ၊ ကီးလ်ဘန်းရပ်ကွက်ဟု လိပ်စာ ခပ်ထားမည်ဆိုသည်ကိုလည်းကောင်း . . . ၊ သူသိနေနှင့်ပြီးသား ဖြစ်တော့သည်။

* * *

www.burmeseclassic.com

# ခေါ်သံ

The Call (Reober Westall)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့မြို့က လူမှုအကူအညီပေးရေး မေတ္တာတော် အသင်း
ကျွန်တော်က အလှည့်ကျ အတွင်းရေးမှူးပေါ့။ ကျွန်တော် အလုပ်
တစ်ရက်မှာ ၂၄ နာရီ၊ တစ်နှစ်မှာ ၃၆၅ ရက် ဆိုသလိုမျိုး ဖြစ်အောင်
ပြောရမယ်ဆိုရင် အတော် ခေါင်းခဲရတဲ့ အလုပ်ပါ။ ခရစ်စမတ် အကြိုညဆို
ညလုံးပေါက် အလုပ်ရှုပ်ရဆုံး၊ ခေါင်းအကိုက်ရဆုံးပဲ။ ဘယ်ရုံးခွဲမဆို ဒီလိုချည်း
ပါပဲ။

ခရစ်စမတ်ညဆိုရင်တော့ အေးအေးဆေးဆေး ဖြစ်သွားပြီ။ လူတွေကလည်း
မိသားစုအလိုက် ပျော်ကြပါးကြ၊ ဟိုဟိုဒီဒီ သွားကြတော့ အဲဒီလိုညမျိုးမှာ
အလုပ်လုပ်ရတာ အဆင်ပြေတယ်။ အလုပ်တွေ ရှုပ်ပြီး ဗိုက်ဟောင်းလောင်း
ဖြစ်နေစရာ မလိုတော့ဘူးပေါ့။ နှစ်သစ်ကူး အကြိုညတွေ ဆိုရင်လည်း အဆင်ပြေ
တာပါပဲ။ အေးအေး ဆေးဆေးပါ။ ကျွန်တော်တို့တွေက မက်သဒစ် အသင်းသား
တွေကိုး၊ အရက်သေစာ သောက်စားတာမျိုး မလုပ်ကြဘူးလေ။ ရှောင်ကြ
တယ်။

ဒါပေမဲ့ ခရစ်စမတ် အကြိုညကတော့ ဆိုးကို ဆိုးပါတယ်။
ကျွန်တော်တို့ရုံးမှာ ဟယ်ရီလန်ကက်စတာ ရှိနေလို့သာ တော်တော့တယ်။
ပြောရရင် .... ဟယ်ရီဟာ ကျွန်တော်တို့ အသင်းကြီးရဲ့ လက်ရုံးတစ်ဆူပါပဲ။ သူက
၁၉၆၃ ခုနှစ်အသင်း စတင်တည်ထောင်စဉ်ကတည်းကပါတာ။ အဲဒီ ဖြေ
ခုနှစ်တွေ တစ်လျှောက်လုံးမှာ အသင်းက အရမ်းကို အားကိုးရတဲ့ ဒါရိုက်တာ



လူကြီးတစ်ယောက်ဖြစ်ခဲ့တာပေါ့။

သူ့ဆီကို နေ့ကောညပါ အချိန်မရွေး ဖုန်းဆက်လို့ရတယ်။
သူ့အမြဲတမ်း အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် လေသံနဲ့ မေးသင့်
တာတွေ မေးမယ်။ ပြီးရင် စိတ်သိပ်လှုပ်ရှားနေတဲ့ ဝန်ထမ်းကို ကောင်းကောင်း
နှစ်သိမ့်ပေးလိမ့်မယ်။

၁၉၇၃ ခုနှစ်မှာ သူ့ ကိုယ်ပိုင်အလုပ်ကနေ စောစောစီးစီး အနားယူ
လိုက်တော့ ကျွန်တော်တို့ ဝမ်းသာလိုက်ကြသေးတယ်။

ကျွန်တော်တို့ရဲ့ လူမှုရေးအသင်းမှာ သူပိုပြီး အချိန်ပေး အလုပ်
လုပ်နိုင်တော့မယ်ပေါ့လေ။ အဲဒီလို ထင်လိုက်တာ။ ဒါပေမယ့် ကျွန်တော်
ထင်ထားသလို ဖြစ်မလာခဲ့ပါဘူး။ ဟယ်ရီဟာ ကျွန်တော်တို့ရဲ့ လူမှုရေး
အသင်းကနေ ခြောက်လ ခွဲ့ အနားယူသွားတယ်။

သူပြန်လာပြီးတဲ့အခါမှာတော့ အရင်လို အုပ်ချုပ်မှု တာဝန်
မယူတော့ဘူး။ သက်သက်သာသာရှိတဲ့ ဘဏ္ဍာရေးမှူးပဲ လုပ်တော့တယ်။
သူ့ကို ကြည့်ရတာ ကျန်းမာရေး ချို့တဲ့သွားပုံမျိုးတော့ မဟုတ်ဘူး။ ဒါပေမယ့်
ရုပ်တော် တော်ကျသွားတယ်။ အားအင်တွေ ကုန်သွားသလိုပဲ..။ အင်းပေါ့လေ
.. မေတ္တာတော် အသင်းကြီးရဲ့ သက်တမ်းနဲ့အမျှ တာဝန်ယူလာရတဲ့
ဒါရိုက်တာလူကြီး တစ်ယောက် ဒီလောက်တော့ ရှိမှာပေါ့။ ခင်ဗျားသာ
ဆိုရင်လည်း ဒီလိုပဲ ဖြစ်မှာပဲ။

ဘာပဲပြောပြော ဟယ်ရီ ပြန်လာတာကိုပဲ ကျွန်တော်တို့ ဝမ်းသာ
လှပါပြီ။ ဒါရိုက်တာအသစ် မော်ရင်းဆိုတဲ့ အမျိုးသမီးကတော့ အူအမြူးဆုံး
ပဲပေါ့။ သူ့မထက် ပိုပြီး ဝမ်းသာတဲ့လူ မရှိတော့ဘူး။

ဟယ်ရီ ပုန်းကို ဖက်ပြီး မော်ရင်းက အံ့ဩဝမ်းသာသံနဲ့ အော်ဟစ်လို
ကျန်တဲ့သူတွေ အားလုံးကလည်း မော်ရင်း ပုန်းကို ဖက်ပြီး ဝမ်းသာ
အော်ဟစ်ကြတယ်။

ဟယ်ရီက ခင်ဗျားလိုချင်တာကို အချိန်မရွေးဖြစ်အောင် လုပ်နိုင်စွမ်း

www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့လူပါ။ ဒါပေမယ့် ပြီးခဲ့တဲ့ နှစ်တွေမှာတော့ သူ စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့ဘူး။ သူ့ဆံပင်တွေဟာ နှင်းလို ဆွတ်ဆွတ်ဖြူလာကြတယ်။ တစ်နေ့ထက်တစ်နေ့ ပိုပြီးတော့လည်း ပိန်ပိန်လာတယ်။ ဒါနဲ့ ... ဘဏ္ဍာရေးမှူး အလုပ်ကို စွန့်လွှတ်လိုက်ပြီး တစ်ဝက်ကို တစ်ကြိမ် ဂျူတီဝင် နေရာက တစ်ပတ် တစ်ကြိမ်ပဲ ဝင်လုပ်နိုင်တော့တယ်။

ဒါပေမယ့် ... ကျွန်တော်တို့ကို သူခွဲမသွားသေးပါဘူး။ ကျွန်တော်တို့ အသင်းမှာ သူရှိနေဆဲပါ။ ကျွန်တော်တို့ ရုံးခွဲရဲ့ တာဝန်တိုင်း နေရာတိုင်းမှာ သူအဆင်သင့်သလို ဝင်လုပ်ကိုင် ကူညီနေဆဲပါ။ ဒါရိုက်တာ အသစ်တွေ — ခေါင်းဆောင် အသစ်တွေဆိုလည်း အားလုံးလိုလို သူလေ့ကျင့် သင်ကြား ပေးခဲ့ တာချည်းပဲ။ ဒါကြောင့် .. .. ပြဿနာ တစ်ခုခုနဲ့ ကြုံရတိုင်း အဲဒီ ခေါင်းဆောင်အသစ်တွေက .. .

"ဒီလိုနေရာမှာ ဟယ်ရီသာဆိုရင် ဘာလုပ်မလဲ"

ဆိုတဲ့ ပုံစံနဲ့ စဉ်းစား အဖြေရှာကြတယ်။ ဘယ်အခါ ဘယ်အတွက် မဆို ဟယ်ရီ လုပ်သမျှက ပြင်းမရအောင် ကောင်းတာ ကိုး။ အမှား မရှိခဲ့ဖူး ဘူးလေ။ ဘာလိုလိုနဲ့ ဟယ်ရီ မွေးနေ့တောင် ရောက်လာ တော့မယ်။

"နောက်နှစ်ဆို.. ဟယ်ရီတစ်ယောက် ၇၄ နှစ်ရှိပြီတဲ့"

.... လို့ လူတွေက တအံ့တသြ ပြောကြမှာ။

ခုချိန်ထိ ကျွန်တော်တို့ ရင်ထဲမှာ ဟယ်ရီဟာ 'အသက် ငါးဆယ် အရွယ် ဟယ်ရီ' အဖြစ် မြင်နေမိကြတုန်းပဲ။ 'ဘဝရဲ့ အရင့်ကျက်ဆုံး အပြည့်ဝဆုံးအရွယ် ဟယ်ရီ' 'ဖျတ်လတ် သန်စွမ်းပြီး အကြံသစ် ဉာဏ်သစ် တွေနဲ့ နုပျိုနေဆဲ ဟယ်ရီ' လို့ အောက်မေ့ ထင်မှတ် နေမိဆဲပါပဲ။ အဲဒီ 'အသက်ငါးဆယ် အရွယ် ဆံပင်နက်နက်နဲ့ ဟယ်ရီ ရုပ်ပုံလွှာ' မပါဘဲ ကျွန်တော်တို့ ဘာတစ်ခုမှ မလုပ်နိုင်ကြ ဘူးလေ။

တစ်ခုတော့ရှိတယ်.. .. ။

ဟယ်ရီဟာ ခရစ်စမတ်ညဆိုရင် ညလုံးပေါက် တာဝန်ကို သူတစ်



ယောက်တည်း အမြဲယူလေ့ရှိတယ်။ မိုးရွာရွာ၊ နေပူပူ၊ နှင်းထူထူ၊ မြွေဆိုင်းဆိုင်း အဲဒီတာဝန်ကို မပျက်ကွက်စေရဘူး။ သူတစ်ယောက် တည်းပဲ။

ခုတော့ စည်းကမ်းချက်အသစ်တွေအရ 'တစ်ယောက်တည်း တာဝန်ကျ'တာကို လက်မခံတော့ဘူး။ တာဝန်ကျချိန် တစ်ချိန်လုံး၊ ရုံးမှာ နှစ်ယောက် ရှိရမယ်။ အဲဒီမှာ အရေးပေါ် အကူအညီတောင်းဖို့ တယ်လီဖုန်း နှစ်လုံးရှိတယ်လေ။ တစ်ချိန် တည်းမှာ ပြဿနာ နှစ်ခုကို ဟယ်ရီ ဘယ်လို လုပ်ပြီး တော့များ ကိုင်တွယ်ဖြေရှင်းနိုင်မှာလဲ။

ဒါပေမယ့် ခရစ်စမတ်ညဆိုတာမျိုးက ဒုက္ခသုက္ခတွေ မရှိသလောက် ပါပဲ ....တဲ့။

တယ်လီဖုန်း မှတ်တမ်းစာအုပ်ကို ကြည့်လိုက်တော့ လည်း ဟယ်ရီပြောတဲ့အတိုင်းပဲ။ ဘာမှ ရေးထားမှတ်ထားတာ မတွေ့ရဘူး။ ရှိတော့ ရှိတာပေါ့လေ .. ။ ဟိုးတုန်းက အကူအညီ တောင်းခဲ့ဖူးတဲ့ သူတစ်ယောက် နှစ်ယောက် လောက်ပါ။ သူတို့ကလည်း ဟယ်ရီကို ရှေးဟောင်း နှောင်းဖြစ် ဟောတွေ ပြောရုံ၊ 'ပျော်ရွှင်သော ခရစ်စမတ် ဖြစ်ပါစေ' လို့ နှုတ်ဆက်စကား ပြောရုံအပြင် မပိုပါဘူး။

ဒါနဲ့ ကျွန်တော်လည်း ဒီအတိုင်းပဲ အမှတ်တမဲ့ ထား လိုက်တယ်။

ဒီလို ခရစ်စမတ်တစ်ည လောက်တော့ ဟယ်ရီ တစ်ယောက် တည်း နေချင်ရင် နေပါစေပေါ့။

* * *

ပြီးခဲ့တဲ့နှစ်ခရစ်စမတ် မတိုင်ခင် နှစ်ရက်လောက်ကပေါ့။ ဟယ်ရီ တစ်ယောက် တုပ်ကွေးမိပြီး အိပ်ရာထဲ လဲပါရောလား။ ဆိုးတာက သူ့ဆေးမြီးတိုတွေနဲ့ သူ့ဟာသူ ကုသေးတယ်။ ပြီးတော့ သူ အလုပ်ဆင်း နိုင်ပါတယ် .... ဘာ ... ညာနဲ့ အတင်းလုပ်ရော . . ။ ဘယ်နှယ်လုပ် ဆင်းနိုင်ပါ့မလဲ။ ဒီလောက်ဆိုးနေတဲ့ဟာ .... ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ .... သူ့ဇနီးက ဆရာဝန်သွားပင့်တယ်။ ဆရာဝန် လာတော့ ဟယ်ရီက အတင်းစွတ်ငြင်းတယ်။ သူ နေကောင်းပါတယ်ဆိုတာ ဖြစ် အိပ်ရာထဲက လူးလဲထပြီး အဝတ် အစားတွေ လဲဝတ်ရော ...။

အဲဒီမှာတင် သူ ပုံလျက်သား လဲကျသွားတော့တာပါပဲ။ ခုတင်တိုင်နဲ့ ခေါင်းဆောင့်လိုက်မိတာ ခွပ်ခနဲဆိုပဲ။ နောက်တော့ သူ့ကို ဆရာဝန်က ဆေးတစ်လုံး ထိုးပေးတယ်။ ဆေးသောက်ပြီး သက်သက် သာသာ အနားယူဖို့ ပြောတယ်။ ဟယ်ရီကတော့ မရဘူး။ ခုတင်ပေါ်ကနေ အတင်းလူးလဲထပြီး သူသွားမှ ဖြစ်မယ် ဘာ .. ညာ .. နဲ့ ဝူးဝူး ဝါးဝါး ပြောသတဲ့။

အဲဒီအကြောင်းတွေကို နောက်မှ ကျွန်တော် ပြန်သိရပြန်ကြား ရတာပါ။ အလှည့်ကျ အတွင်းရေးမှူး တာဝန်ယူထားရတော့ ကျွန်တော်လည်း ကိုယ့်ဒုက္ခနဲ့ ကိုယ်ရှုပ်နေတာ မဟုတ်လား။ ဟယ်ရီ နေမကောင်းဖြစ်နေတော့ သူ့ဂျူတီချိန်(ခရစ်စမတ်ည)မှာ ဘယ်သူ့ကို အစားထိုးတာဝန် ချပေးရင် ကောင်းမလဲလို့လည်း စဉ်းစားရသေးတယ်။

အဖွဲ့စည်းကမ်းအရ၊ လူစားထိုးမယ့်လူ မရှာနိုင်ရင် အဲဒီနေရာမှာ အလှည့်ကျ အတွင်းရေးမှူး ကိုယ်တိုင် ဝင်လုပ်ရမှာ။ ကျွန်တော်တို့ ရုံးခွဲမှာလည်း စည်းကမ်းက ဒီအတိုင်းပဲ။ ဒါပေမယ့် အဲဒီ ခရစ်စမတ်ညမှာ ကျွန်တော် ကိုယ်တိုင် ခုနစ်နာရီကနေ ဆယ်နာရီအထိ တာဝန်ယူပြီးသား။ ပြီးရင် ကျွန်တော့်မိဘတွေ ရှိတဲ့မြောက်ပိုင်းရပ်ကွက်ဆီ သွားမှာ။

ဒါနဲ့ ကျွန်တော် အသင်းသား (၁၈) ယောက်လောက်ကို ရှာဖွေဆက်ပြီး အစားထိုး တာဝန်ယူဖို့ မေးကြည့်သေးတယ်။ အဆင် မပြေပါဘူး။ နောက်ဆုံးတော့ မက်နဲ့ ဂျော့ဖ် ချားလ်စ်ဝေါ့သ် ဆိုတဲ့ အသင်းသား လင်မယားစုံတွဲက တာဝန်ယူပါ့မယ် ပြောတယ်။ သူတို့ လင်မယားက ညားခါစပဲ ရှိသေးတာ။ ကလေးလည်း မရသေးဘူး။

အဲဒီည ဆယ်နာရီမှာ ကျွန်တော်နဲ့ ဂျူတီချင်းလဲဖို့ သူတို့ လင်မယား ရောက်လာတယ်။ သူတို့ကတော့ ပျော်ပျော် ရွှင်ရွှင်ပါပဲ။ အရက်သောက်



ကြတုံ့ရပါတယ်။ ရယ်လိုက်မောလိုက်နှင့်. .။ သိပ်မူးအောင် သောက် ကြတာတော့မဟုတ်ဘူး။ ကားမောင်းနိုင်တယ်ဆိုတော့ အကောင်းကြီး တယ်။ (ဒီစကားကို ထည့်ပြောရတာ အကြောင်းရှိပါတယ်။ နောင်. . မယ့် ကိစ္စဟာ သူတို့နှစ်ယောက် အရက်မူးပြီး ထင်မိထင်ရာ ဖြစ်တာဝါလို့ ောင်း စွပ်စွဲကြမှာစိုးလို့ပါ)

မက်က ကျွန်တော့်ကို ခရစ်စမတ်အနမ်းတစ်ပွင့် နမ်းပြီး နှုတ်ဆက် တယ်။ ခရစ်စမတ်မှာ မိန်းကလေးတွေ လုပ်နေကျရှိတဲ့အတိုင်း ဆံပင်ကို ရောင်လက်လက်တောက်ပနေတဲ့ ဆံညှပ်ကလေးတွေနဲ့ ညှပ်ပြီး ခေါင်းပေါ်မှာ ခွေထားတယ်။ မီးထွန်းဖို့ အနီရောင်ဖယောင်းတိုင်ကြီးတွေကိုလည်း သူတို့ ာကြတာကို။ မီးဖိုမှာ နွေးလိုက်ပြီး ညလယ်စာ စားကြတယ်။

ပျော်စရာ. . . ခရစ်စမတ်ပါပဲ။

တော့. . ရုံးခန်း အပြင်ဘက်ဆီကနေ ကျွန်တော့်ဇနီးရဲ့ ကားဟွန်းတီးပြီး သံကိုကြားရတယ်။ အဲဒီနောက်ပိုင်း ဇာတ်လမ်းထဲမှာ ကျွန်တော်မပါတော့ ကျန်တာတွေက သူတို့ပြန်ပြောပြတာကို တစ်ဆင့်ပြန်ကြားရတာ. . .။ သူတို့ တမ်းတင်အစီရင်ခံထားတဲ့ အမှုတိုင်ကြားချက် မှတ်တမ်းစာအုပ်ထဲက ဆင့်သိရတာ။ အဲဒီမှတ်တမ်းတွေက နောက်တစ်နေ့မနက်အထိ ခုံပေါ်မှာ ရှိတာလေ။

နှင်းတွေ တဖွဲဖွဲကျနေတဲ့ ကြားကနေ ဘုရားကျောင်းက ခေါင်းလောင်း သံ့သံ့ကို သူတို့ကြားလိုက်ရတယ်တဲ့။ သန်းခေါင်ယံအချိန်ရောက်ပြီလေ။ မက်က ထဲက အမဲသားစင်းကော ဌာပနာမုန့်ကို ထုတ်လာတယ်။ ဂျော့ဖ်က ပါဝါဝင် တ်ပလောင်းနဲ့ သူ့ဇနီးကို နမ်းလိုက်မယ် ကြံရုံရှိသေး အရေးပေါ် တယ်လီဖုန်း မြည်လာရော။

သူတို့နှစ်ယောက်က လူငယ်လေးတွေဆိုတော့ အကူအညီပေးဖို့ စိတ်အားထက်သန် တက်ကြွနေကြတာလေ။ တယ်လီဖုန်းကို သူထက်ငါဦး အောင်-အလုအယက် ပြေးကိုင်ကြတာ။ မက်က ဦးသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဂျော့ဖ်က သူ့ခနီးကို လက်သီးဆုပ်နဲ့ ဖွဖွထုလိုက်ပြီး တယ်လီဖုန်းသံတို စာအုပ်ထဲမှာ မှတ်တမ်းရေလိုက်တယ်။ အချိန်မှတ်ဖို့ နာရီကို ကြည့်တော့ ည ၁၂း၀၀ နာရီအတိအကျပဲ။

(သူ့နာရီကလည်း အသစ် ဆိုတော့ မှားစရာ အကြောင်းမရှိဘူး)

သူ့ခနီး မက်ပြောနေတဲ့ အသံကို သူကြားရတယ်။ တစ်ကမ္ဘာလုံးက အခြားအခြားသော လူမှုရေး မေတ္တာတော် အသင်းသားတွေ ပြောနေကျ စကားပါပဲ။

"မေတ္တာတော် အသင်းကပါရှင်၊ ဘာများ အကူအညီ ပေးရမလဲ"

သူမ ပြောလိုက်တဲ့ လေသံက နွေးနွေးထွေးထွေး ရင်းရင်းနှီးနှီး သိပ်အလောတကြီးလည်း မဟုတ်ဘူး။ စိတ်ဝင်စား ပုံလည်း ပြတယ်။ ဒါပေမဲ့ ---- အရမ်းကြီး စိတ်ဝင်စားနေတဲ့ ပုံမျိုးလည်း မဟုတ်ဘူး။

ကောင်းတယ်။ သူမပြောလိုက်ပုံက အံဝင်ခွင်ကျပဲ။ အဲဒီလို ပထမဦးဆုံး တယ်လီဖုန်းဖြေတဲ့ စကားက သိပ်အရေး ကြီးတယ်။ အပြောမတတ်လို့ နားလည်မှု လွဲသွားရင် တစ်ဖက်က အကူအညီ တောင်းတဲ့ လူက ဘာမှ မပြောတော့ပဲ ဖုန်းချသွားရော။

မက်က မျက်မှောင်ကုတ်လိုက်တယ်။

စောစောက စကားကိုပဲ သူမ ထပ်ပြောတယ်။ ဂျော့ဖ်က အကူအညီပေးဖို့ သူမအနားကပ်သွားပြီး ကုန်းကုန်းကွကွနဲ့ မက်ရဲ့ နားရွက် နားက တယ်လီဖုန်းခွက်နဲ့ ကပ်ပြီး နားထောင် တယ်။

တယ်လီဖုန်းလိုင်းက တော်တော်ဆိုးနေတာ ဆိုပဲ။ ဂျစ် ... ဂျစ် မြည်သံကလွဲပြီး ဘာမှ မကြားရဘူး။ မက်က စောစောက စကားကိုပဲ ထပ်ပြောပြန်တယ်။ သူမက ကုလား ထိုင်ယူလာပေးဖို့ ဂျော့ဖ်ကို လက်ဟန် ခြေဟန်နဲ့ ပြပြီး ခိုင်းတယ်။

ဂျော့ဖ်က ကုလားထိုင်တစ်လုံးကို သွားယူလာပြီး သူ့ခနီး အဆင်သင့် ထိုင်လို့ ရအောင် တိုးတိုး သက်သာ နေရာချပေး လိုက်တယ်။ မက်က ခံဆော



ထိုင်ချလိုက်ပြီးတော့ (မေတ္တာတော် အသင်းကလူတွေ စိတ်ပူဝန်တဲ့ အခါ လုပ်လေ့ရှိတဲ့ အမူ အကျင့်အတိုင်း) တယ်လီဖုန်းကြိုး အခွေအရစ်တွေကြားထို လက်ချောင်းကလေးတွေနဲ့ လှည့်မွှေနေမိတာ ပေါ့။

မက်က တယ်လီဖုန်းထဲကို

"တတ်နိုင်ရင် ကျွန်မ ကူညီပါရစေလားရှင်"

အဲသည်လို အဖြေစကားကို စကားလုံးပြောင်းပြီး ဖြောဖြော ဆေးတာကောင်းတယ်။ ဒီလို မဟုတ်ဘဲ တစ်ခွန်း တည်းကို တစ်သမတ်တည်း ထပ်တလဲလဲ ပြောနေရင် တစ်ဖက်က အကူအညီတောင်းတဲ့ လူက တယ်လီဖုန်းကို လူကိုယ်တိုင် ပြန်ဖြေနေတယ်လို့ မထင်ဘဲ အသင့်အသံ သွင်းထားတဲ့ တယ်လီဖုန်းဖြေစက်က ပြန်ထူးနေတာလို့ အောက်မေ့သွားမှာ။

မက်က ထပ်ပြောလိုက်တယ်။

"ကျွန်မနာမည် မက်ပါ။ ရှင့်နာမည် ကကောဟင်"

ဒီလို အခြေအနေမျိုးမှာ နာမည်အမှန်ကို ဖျော်လင့် ထားလို့ မရဘူး။ တစ်ခါတစ်ခါ အကူအညီတောင်း တဲ့လူက နာမည်လိမ်ပြောရင် ဖြောတတ် တာ။

တယ်လီဖုန်း တဂျစ်ဂျစ် မြည်သံတွေကြားက စကားဖြောသံတို ကြားလိုက်ရတယ်။ အမျိုးသမီးတစ်ယောက်ရဲ့ အသံပဲ။

"သူ ကျွန်မကို သတ်တော့မယ်၊ ကျွန်မသိတယ်၊ သူပြန်လာရင် ကျွန်မကို သတ်မှာ"

အဲဒါကို ဘေးကနေ ကြားလိုက်ရတဲ့ ဂျော့ဖ်က ကိုးရိုးကားရား ပြောပုံမျိုးမဟုတ်ဘူးလို့ ပြန်ပြောပြပါတယ်။ ဒီလို ပြောပုံမျိုးတွေ အများကြီး သူတို့ ကြုံဖူးတာကိုး။

လေသံက အေးစက်စက်၊ တော်တော်ကို အေးစက်ခြောက်ကပ် လွန်းနေတာ၊ ဒါပေမယ့် အနိုင်အမာ ပြောနေတယ်။ သူ ဆိုတဲ့လူ ပြန်လာရင် အဲဒီ အမျိုးသမီးကို သတ်မယ်ဆိုတဲ့ ကိစ္စကို ဘာမှ သံသယ ဖြစ်စရာမရှိဘူး။

www.burmeseclassic.com

www.burmeseclassic.com



တည်တည်ငြိမ်ငြိမ် စိတ်ထိန်းထားဖို့ သတိပေးရ လောက်အောင် အရူးအမူး ထိတ်လန့် အသံမျိုးလည်း မဟုတ်ဘူး။ စိတ်ရောဂါရှင် တစ်ယောက် ယောက်က လုပ်ကြံလီဆယ်ပြီး လျှောက်ပြောနေတဲ့ အသံမျိုးလည်း မဟုတ်ဘူး။

အတွေ့အကြုံရှိတဲ့ လူမှု ဝန်ထမ်းတစ်ယောက်အဖို့ တစ်ဖက် လူရဲ့ အသံကိုနားထောင်ကြည့်လိုက်ရင် ခန့်မှန်း နိုင်တာပေါ့။ နောက်တဲ့ ပြောင်တဲ့ လေသံဆိုရင် တစ်ချက် တစ်ချက် ရယ်သံလိုလို ပါလာတတ်တယ်။ ယုတ္တိ မရှိတာတွေ ပြောတတ်တယ်။

အခုဟာက လုံးဝ စိုးရိမ်ပူပန်နေတဲ့ အသံမျိုးပါ။

ဂျော့ဖ် ပြန်ပြောပုံ အရဆိုရင် ....

လေသံက တကယ်အစစ်အမှန် အကူအညီ တောင်းခံ နေတဲ့ အသံကို ယုံကြည်ရလောက်အောင် အေးစက် ပီပြင်လွန်းနေတယ်။ သင်္ချိုင်း ကုန်းမှတ်တိုင် တစ်ခုလို့ အောက်မေ့ ရလောက်အောင်လည်း မျှော်လင့်ချက် ကင်းမဲ့နေပုံပေါ်တဲ့ အသံဖြစ်တယ်လို့ ဆိုပါတယ်။

“ရှင့်ကိုသတ်လိမ့်မယ်လို့ ဘာဖြစ်လို့ ထင်နေရတာ လဲဟင်”

ဟိုဘက်က စကားသံက ပြန်တော့ ထွက်လာပါရဲ့။ ဒါပေမဲ့ မက်ရဲ့ အမေးကို ပြန်ဖြေတာ မဟုတ်ပဲ အဲဒီမိန်းမက သူ့ဘာသာသူ တစ်ယောက်တည်း ပြောနေသလိုမျိုး။

“သူ လေသွားငှားတယ်။ ရေတံခါးကို ဖြတ်ပြီးသွားတာ ပြန်လာပြီး ရင် ကျွန်မကို သတ်လိမ့်မယ်”

မက်က အလျင်စလို ဖြတ်မေးလိုက်တယ်။

“ရှင့်ကို သူက သတ်ပစ်မယ်လို့ ခြိမ်းခြောက်ထား လို့လား”

“သူဘယ်လိုလုပ်မှာလဲဟင်”

“သူက ကျွန်မကို မြစ်ထဲ တွန်းချမှာပေါ့။ မတော်တဆ ရေနစ်သေတဲ့ ပုံစံမျိုး ဖြစ်အောင်လေ”



“ရှင်က ရေမကူးတတ်ဘူးလား”

“မြစ်တပြင်လုံး ရေပေါ်မှာ လက်မဝက်လောက် ရေခဲဖုံး နေတာ နစ်သွားပြီးရင် ဘယ်သူမှ တစ်မိနစ်ထက် ပိုပြီး အသက်မရှင်နိုင်ဘူး”

“သူပြန်မလာခင် ထွက်ပြေးလို့ကော မရနိုင်ဘူးလား”

“ဒီနားတစ်ဝိုက် လေးငါးမိုင်အတွင်း လူသူ မနေဘူး။ ပြီးတော့ ကျွန်မက ဒုက္ခိတ မသန်မစွမ်း”

“ကျွန်မ ဟိုဒင်း၊ ရှင် ရဲကို ဖုန်းမဆက်ဘူးလား”

ကလစ်ခနဲ အသံတစ်သံ ကြားရပြီး ဖုန်းလိုင်း ပြတ်သွားတယ်။ ဖုန်းခေါ်သံ တတီတီ မြည်နေတာကိုပဲ ကြားရတော့ တာပေါ့။

မက်က တယ်လီဖုန်းကို ပုခက်ပေါ် ဂရုတစိုက် ပြန်ချထား လိုက်တယ်။ ရုတ်တရက် တုန်ယင်သွားလေရဲ့။ ရုံးခန်းတစ်ခု လုံးက ပူနွေးနေရဲ့သားနဲ့ ဓာတ်ငွေ့မီးဖိုကလည်း တဟုန်းဟုန်း တောက်လို့။

“ကျွန်မ သိပ်ချမ်းနေတယ်”

ဂျော့ဖ်က သူမရဲ့ အနွေးထည်ကိုယူပြီး ခြုံပေးထား လိုက်တယ်။

“တာဝန်ကျ ဒါရိုက်တာလူကြီးတစ်ယောက်ယောက်ဆီ တယ်လီဖုန်း ဆက်လိုက်ရမလား။ ဒါမှမဟုတ် မင်းပဲ ဆက်မလား”

“ရှင်ပဲ ဆက်လိုက်ပါ။ ရှင်လည်း အားလုံးကြား လိုက်ရ တာပဲဟာ”

တွမ်ဘရက်ဆိုတဲ့ တာဝန်ကျ ဒါရိုက်တာက တယ်လီဖုန်း လာကိုင်တယ် ရွှင်ရွှင်မြူးမြူးသွက်သွက် လက်လက်ပဲ။

“ငါခုထိ အိပ်ရာထဲတောင် မရောက်သေးဘူးကွ။ ကလေးတွေ အတွက် ခရစ်စမတ် လက်ဆောင်လေးတွေ လုပ်ရင်း . . ”

ဂျော့ဖ်က သူ့ကို ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်တယ်။ တွမ်ဘရက်တ ဒါရိုက်တာကောင်း တစ်ယောက် ပီသပါပေတယ်။ ဘာမှ ကြားဖြတ် မမေးဘဲ ပြောသမျှ တစ်လုံးမကျန် သေသေချာချာ နားထောင်တယ်။ အဲဒီအတူ နားလည်မှု မလွဲအောင် ပြန်ရွတ်ပြတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုညမျိုးမှာ ရေတံခါးတွေကို ဖြတ်ပြီး ဘယ်လှေမျိုး ... သွားလေ့ မရှိဘူးကွ။ အဲဒီလို သွားလေ့မရှိတာ နှစ်ပေါင်း နှစ်... လောက်တောင် ရှိရော့မယ်။ ဟိုတုန်းက ရှာလကာရည် တွေအရောင်းအဝယ် ... ဖြစ်တုန်းကတော့ ရှာလကာရည်သယ်တဲ့ ရေနွေးငွေ့သုံးသင်္ဘောတွေပဲ အဲဒီ... သွားဖူးတာ။ အရင်တုန်းက ရေတံခါး ၉ ခုလောက်ရှိတာ ၊ ခုတော့ ၅ ... ဖွင့်တော့တယ်။ အပျော်စီးလှေတွေဆိုလည်း မနက်အထိ စောင့်မှာ... တကယ်လို့ ဒီလိုရာသီဥတုမျိုးမှာ အပျော်စီးလှေထွက်မယ့်လူ ရှိဦးမှပါ... . . ."

"သေချာတယ်နော်"

ရော့ဇ်က မယုံတစ်ဝက် ယုံတစ်ဝက်နဲ့ မေးလိုက်သေးတယ်။

"သိပ်သေချာပေါ့ကွာ၊ နောက်ပြီး . . . ပြောရဦးမယ်၊ ဒီမြစ်ထဲ... ဘယ်နေရာမှ ရေမခဲဘူးကွ။ ငါမြစ်ညည်းရိုး နောက်ဘက် မြစ်ကမ်းပါး... ငါတစ်နေကုန် စောင့်ကြည့်နေ ခဲ့တာ၊ ဘာဖြစ်လို့လဲ ဆိုတော့ ခရစ်စမ... လက်ဆောင်အဖြစ် ကလေးတစ်ယောက်အတွက် ငါးမျှားတံ တစ်ချောင်း... ဝယ်ပေး ထားလို့လေ။ ငါးမမိတော့ သိပ်တော့ ပျော်စရာ မကောင်း... ဟေ့။ မင်းကြုံဖူးမှာပါ။ ခရစ်စမတ် လုပြောင်လူနောက် တစ်ယောက်... မင်းတို့ကို ကျီစယ်တာနဲ့ တူပါရဲ့ကွာ၊ ကဲ . . ဂွတ်နိုက်"

ရော့ဇ်က စိတ်မသက်မသာနဲ့ ဖုန်းကို ချလိုက်တယ်။

"ရေတံခါးတွေကို ဘယ်လှေမှ မဖြတ်ဘူး . . တဲ့၊ မြစ်ထဲမှာလည်း ရေမခဲဘူး . . .တဲ့၊ ကဲ . . .ကြည့်စမ်းပါဦး"

ရုံးခန်းလိုက်ကာကို ဖယ်ရှားလိုက်ပြီး ပြတင်းပေါက်ကနေ အပြင်ဘက်... လှမ်းကြည့်လိုက်ရင်း . . .

"လုံးဝ ပွန်းနေတုန်းပဲဟာ၊ နှင်းတွေတောင် အရည် ပျော်နေတာ... ဘယ်လိုလုပ် ရေကခဲမှာလဲ"

ဂျော်က နက်မှောင် စိုစွတ်နေတဲ့ လမ်းကို ကြည့်လိုက်တယ်။ သူမ တစ်ကြိမ်...



...ပြီး တုန်ယင်သွားခြင်ရော . . .

"ဒါ နောက်ပြောင်တာ မဖြစ်နိုင်ဘူး။ အဲဒီ အသံက နောက်ပြောင်ပြီး ...နေတဲ့ အသံလို့ ရှင်ထင်လို့လား"

"ကို့ အထက်လူကြီး ပြောတဲ့အတိုင်း လုပ်ရအောင်ပါ ကွာ၊ ...ကြောင့် ညာကြောင့်ဆိုတာတွေက ကိုယ့်အလုပ် မဟုတ် . . ."

...အိုး ဆူလာတာကို သူ စောင့်နေတုန်းမှာပဲ အရေးပေါ် တယ်လီဖုန်းက ...ည်လာပြန်ရော . . .

စာစောက အမျိုးသမီး အသံပါပဲ။

* * *

"ဒါပေမဲ့ ရှင့်ကို ရေထဲတွန်းချပြီး အဲဒီကနေ ထွက်သွားဖို့ မဖြစ်နိုင် ...ဘူး"

...ထ စိတ်ပျက်လက်ပျက်နဲ့ ပြန်ပြောလိုက်တယ်။

"လုပ်နိုင်တာပေါ့၊ နောက်ဆုံးတစ်ခေါက် လမ်းလျှောက် ထွက်တုန်းက ...နှမ်ခွေးကို ကျွန်မနဲ့ အတူခေါ်သွားတာ။ အဲဒီမှာ မြစ်တမ်းပါးက ...လိုက်စားပြီး တာရိုးကျိုးနေတဲ့ နေရာတွေ အများကြီးရှိတယ်။ မြူနှင်း ...တလည်း ကျလို့၊ သူက စည်းရိုးကို နည်းနည်း ဖောက်ချိုး ပစ်လိုက်တယ်။ ...တော့ ခွေးလည်ပတ်ကြိုးကို ဆွဲယူသွားပြီး ရေထဲနှစ်သတ် လိုက်တယ်။ ...ဆိုတာမျိုးကိုကျတော့ ရေပဲနှစ်သေသေ ၊ လျှောက်ပဲသွား နေနေ တွေ့တဲ့ ...အဖို့ ဘာအရေးလဲ။ အဲဒါ သူ့အတွက် အဆင်ပြေသွားတာပေါ့။ ...တော့ သူက ရဲကို ဖုန်းဆက်ပြီး ကျွန်မ ခွေးပျောက်နေပါတယ်လို့ ...ိုင်"

"ဒါပေမဲ့ ဘာဖြစ်လို့ သူက အဲဒီလို လုပ်ချင်ရတာလဲ၊ ရှင်လို ...တ်ချင်ရလောက်အောင် ရှင်က ဘာများသွားလုပ် မိလို့လဲ"

"ကျွန်မက အိုလာပြီကိုး။ ခြေထောက်တစ်ဖက်ကလည်း

www.burmeseclassic.com

www.burmeseclassic.com



မသန်မစွမ်းလေ၊ ကျွန်မက သူ့အတွက် ဘာမှ အသုံးမဝင် တော့ဘူး။ သူ့ရွာထဲမှာ အငယ်အနှောင်းကလေးနဲ့"

"ကျွန်မတို့ ဘာတတ်နိုင်"

"ကျွန်မအတွက် ရှင်တို့ လုပ်ပေးနိုင်သမျှကတော့ သူပြန်လာ တဲ့အထိ ကျွန်မနဲ့ အဖော်လာလုပ်ပေးဖို့ပါပဲ၊ ဒီမှာ တစ်ယောက်တည်း အထီးကျန်နေလို့ပါ။ မေးခွန်းတွေ သိပ်မေး မနေပါနဲ့တော့နော် ဟုတ်လား"

"ရှင်က ဘယ်မှာနေတာလဲ"

တယ်လီဖုန်းလိုင်းပြတ်သွားတဲ့ အသံကိုပဲ ထပ်ကြားလိုက်ရတယ်။ မက်ကို ကြည့်ရတာ လူသေကောင်လို တောင့်တင်းပြီး ကြောင်တောင်တောင်ဖြစ်နေတယ် . . . လို့တောင် ဂျော့ဖ် စိတ်က ထင်မိလေရဲ့။

ဖြူဖပ်ဖြူရော်နဲ့ . . . ၊ ထိုင်းမှိုင်းလေးလံနေတဲ့ မျက်လုံး သေတွေနဲ့ . . ၊ စေတနာတွေအပြည့် . . .။ရုပ်ဆိုး ရင့်ရော်သွား သလိုပဲ။ ဘဝတို ကြမ်းကြမ်းတမ်းတမ်း ဖြတ်သန်းခဲ့ရတဲ့ . . အဘွားကြီးနဲ့ တူသွားတယ်။

ဂျော့ဖ်ကလည်း သူ ဘာမှ မတတ်နိုင်ဘူး ဆိုတဲ့ ပုံမျိုး စိတ်ပျက်လက်ပျက်နဲ့။ ရုံးခန်းမီးဖိုထဲက ရေနွေးအိုး ဆူသံကလည်း တရှီရှီနဲ့မြည်လို့။

"တွမ်ဆီကို ဖုန်းထပ်ဆက်မှ ဖြစ်မယ်"

မက်က စိတ်တိုနေတဲ့ အသံနဲ့ ပြောလိုက်တယ်။

* * *

တွမ်အသံက စောစောကလောက်တောင် ကရုဏာ မပါတော့သလိုပဲ . . ။ ဖုန်းဆက်တဲ့ အချိန်မှာ သူက အိပ်တော့မယ့် ဆဲဆဲကိုး ၊ မီးတောင် ပိတ်ပြီးနေပြီ။

"စောစောက လူပြောင်လူနောက်ပဲ၊ ဟုတ်လား။ ခုထိ အဲဒီအတိုင်း နောက်နေတုန်းပဲကိုး။ ဒါပေမဲ့ သူပြောတာတွေက ဟုတ်ရှမဟုတ်ဘဲ၊ ငါ့အိမ်နားမှာ မြူတောင် တစ်စက်မှ မရှိဘူး။ မင်းတို့ နေရာမှာကော"



"ဟင့်အင်း ၊ မြူမရှိဘူး"

ဂျော့က အူကြောင်ကြောင်နဲ့ ပြတင်းလိုက်ကာကို မတင်ပြီး အပြင်ဘက်ကို ချောင်းကြည့်ရင်း ပြန်ဖြေတယ်။

"ပြီးခဲ့တဲ့ည မိုးလေဝသ ခန့်မှန်းချက်ထဲမှာလည်း မြူဆိုင်း မယ်လို့ မပါဘူး မဟုတ်လား။ ဟိုး ရှာနီးချုပ်စပ် ဆင်ခြေဖုံးဒေသတွေမှာတောင် မြူမကျ . . "

"ဟုတ်တယ် မပါပါဘူး . . ."

"ပြီးတာပဲ ၊ ငါပြန်အိပ်တော့မယ်။ ဒါပေမဲ့ အရေးတကြီး ကိစ္စတစ်ခုခု ပေါ်လာရင် ငါ့ဆီကို ဖုန်းသာဆက်လိုက်။ အားမနာနဲ့ . . သိလား။ စောစောက အမျိုးသမီး နောက်တစ် ကြိမ် ဖုန်းထက်ဆက်ရင် သူ့ကို ရယ်စရာ ကောင်းရာနဲ့ စိတ်ချမ်း သာအောင် ပြောပေးလိုက်။ သွားတော့ ငြင်းမနေနဲ့။ အလိုက် သင့်ပဲပြော"

ဂျော့ဖ်ကတော့ ဒီမိန်းက နောက်တစ်ခါ မဆက်ပါစေနဲ့တော့လို့ စိတ်ညစ်ညစ်နဲ့ တွေးမိတယ်။

ဂျော့ဖ်က သူ့ဇနီး မက်ဘက်သို့လှည့်လိုက်တယ်။ မက်ကတော့ ခုထိ ငြိုးရိမ်စိတ်နဲ့ ပျာယာခတ်နေတုန်းပဲ။ စုံစမ်းရေး ဌာနကို သူမဖုန်းဆက်ပြီး ရာသီဥတုအခြေအနေကို မေးပြီးပြီ၊ ဟိုက ဒီညအဖို့ အရှေ့ပိုင်းဒေသတစ်ခုလုံး ရာသီဥတု သာသာ ယာယာ ပါပဲလို့ ပြန်ဖြေတာတောင်မှ သူမ စိတ်ချလက်ချ မထိုင်ကြည့်နိုင်သေးဘူး။

"အဲဒီမိန်းက ဘယ်နေရာကနေ ဖုန်းဆက်နေတာလဲ။ အဲဒီမိန်းက ဘယ်မှာလဲဆိုတာ . . ."

သူမကို နှစ်သိမ့်ဖို့အတွက် ဂျော့ဖ်က မြေတိုင်းဌာနသုံး ကွင်းဆင်း မြေပုံတွေ ယူလာတယ်။ ရှာရတာ ဘာခက်တာမှတ်လို့။ အော်ဆမ်မြစ်က ဒီပြင်မြစ်တွေလို ရိုးရိုးမှ မဟုတ်တာ၊ တူးမြောင်းလိုဖြစ်နေတဲ့ မိုင်ငါးဆယ်ဝန်းလည်မှာ ရောက်ခါး ရှစ်ခုပဲ ပုံထဲမှာပါတယ်။ ဒါကို ကြည့်ပြီး မှန်းဆကြည့်လိုက်ရုံပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ဒီ ရေတံခါးလေးခုက မြို့ထဲရွာထဲမှာတင် ရှိတာဆိုတာ မဖြစ်နိုင်ဘူး။ ဟောဒီ ဆက်တန်ရေတံခါးမှာလည်း ရေကြောင်း အချက်ပြ စခန်းတွေ တစ်လျှောက်လုံးအပြည့် . . . ။ အဲဒီနေရာတွေမှာလည်း လူသူမပြတ်ရှိတယ်။ အဲဒီတော့ ဒီရေတံခါးတွေလည်း မဖြစ်နိုင်ပြန်ဘူး ကဲ . . . ဒီမှာ အစွန်းဆုံးတစ်ခုက အော်စဘီ သန်လျက်စွန်း။ ပင်လယ်ထဲ ထိုးထွက်နေတာ . . . ။ဒီမှာလည်း ဆိပ်ခံတံတားတွေ ၊ သင်္ဘောကျင်း တွေချည်းပဲ။ ရေတိုက်စားစရာ ဘာမြစ်ကမ်းပါးမှ မရှိဘူး။ ဒါဆို . . . ယက်(စ)တန်တံတားက များလား၊ မိုးရက်စဘီအသင်းတော် ရေတံခါး တလား . . ."

အရေးပေါ်တယ်လီဖုန်းသံက မြည်လာပြန်တယ်။

မေတ္တာတော်အသင်းသား ဝါရင့်ကြီးတွေကတော့ တယ်လီဖုန်း မြည်သံနားထောင်လိုက်ရုံနဲ့ ဘယ်လို ဖုန်းခေါ်သံလဲ ဆိုတာ မှန်းနိုင်တယ် . . . လို့ ယုံတမ်းစကားဆန်ဆန် ပြောတတ် ကြတယ်။ တစ်ခါ တစ်ခါ အထီးကျန်ဆန်ဆန် ဖြစ်ချင်ဖြစ်မယ်။ တစ်ခါ တစ်ခါ နှစ်သက်စရာ ၊ တစ်ခါ တစ်ခါ စိတ်တုန်လှုပ် ချောက်ချားစရာ ဖြစ်ချင်ဖြစ်မယ် ။ ဘာပဲပြောပြော . . . အလကားပါ။

တယ်လီဖုန်းခေါ်သံဟာ တယ်လီဖုန်းခေါ်သံပါပဲ။

အခု ဒီတယ်လီဖုန်းခေါ်သံက တကယ်ကို အေးစက်စက်၊ ကြေကွဲတဲ့ ခရထခေါ်သံ ဆန်လွန်းနေတယ်။ ဒါကြောင့် စတ္တန့်ပိုင်းလောက် သူတို့ နှစ်ယောက်သား တုံ့ဆိုင်းနေမိကြပြီး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိတယ်။ စိတ်ပျက် ချောက်ချားစွာနဲ့ပေါ့။

နောက်တော့ . . . မက်က တယ်လီဖုန်းကို လေးလေးပင်ပင် ကောက်ကိုင်လိုက်ရဲ့ . . မှန်မှိုင်းအေးစက်တဲ့ မြစ်ကမ်းပါးပေါ်က နှင်းစက်စိုတွေ လေးသံသလိုမျိုး . . .။ စောစောက အမျိုးသမီး အသံပါပဲ။

"လှေက ရေတံခါးပေါက်နဲ့ နီးလာနေပြီ။ သူရောက်လာ တော့မယ်။



ဒီဆို မိနစ်ပိုင်းအတွင်း ရောက်တော့မှာ"

"အဲဒီလှေက ဘယ်လို အမျိုးအစားလဲ"

ဆော်ထ ကိုယ့်ဘက်က ပြောစရာမဖြစ်အောင် စိတ်မပါတပါ မေးလိုက်တယ်။ အသံက ခဏ တိတ်ဆိတ်သွားပြီး . .

"သုံးနေကျ လှေပဲလေ။ ရေနွေးငွေ့နဲ့ မောင်းရတဲ့ မော်တော်ကြီး မျိုးပေါ့။ နာမည်က လော်ဝဲစတော့ဖ် ထင်တာပဲ။ အင်း ရေတံခါးက ဖိတ်ထားတယ်။ သူက လှသွားလမ်း ကလေးပေါ် တက်လာနေပြီ။ ကျွန်မနဲ့ အာနေပေးပါရှင်။ ကျွန်မကို သနားရင် လာနေပေးပါနော်"

ချော့ဖ်က ငိုမဲ့မဲ့နဲ့ သွေးဆုတ်ကြောက်လန့်နေတဲ့ သူ့ဇနီးရဲ့ မျက်နှာကို တစ်ချက်ကြည့်ပြီး ဖုန်းကို ဖျက်ခနဲ လှမ်းယူလိုက် တယ်။

သူဟာ မေတ္တာတော် အသင်းသားပါပဲ။ ဒါပေမဲ့ သူဟာ ခင်ပွန်း တစ်ယောက်လည်းဖြစ်တယ်။ ဒီ မဖွယ်မရာ နောက်ပြောင် မှုကြောင့် ဇနီးသောကဖြစ်နေတာကို ဆက်ပြီး ကြည့်မနေနိုင် တော့ဘူး။

သူက ဖုန်းကိုကိုင်ပြီး . .

"ဒီမှာ . . ခင်ဗျား ဘယ်သူပဲဖြစ်ဖြစ် ၊ ကျွန်တော်တို့ ကူညီချင် ပါတယ်။ ကူညီချင်လို့ကို ဒီအလုပ် လုပ်နေတာ။ ဒါပေမဲ့ ကျွန်တော်တို့ကို ဆက်မညာပါနဲ့တော့။ ခင်ဗျားပြောတဲ့ လော်ဝဲစတော့ဖ် မီးသင်္ဘောကို ကျွန်တော်သိတယ်။ စီးဖူး တယ်။ အခုအဲဒီသင်္ဘောကို ရုံးချုပ်မှာ ရှေးဟောင်း ပစ္စည်း နမူနာအဖြစ် ပြဖို့ လွှဲပေးထားလိုက်ပြီးတာ ကြာပြီ။ အင်ဂျင် တောင် မရှိတော့ဘူး။ အစွဲဟောင်းလောင်း သက်သက်ကြီး လုံးဝ မသုံးတော့တာ နှစ်ပေါင်းများစွာပဲ ကြာလှပါပြီဗျာ။ ကဲ . . အဓိပ္ပါယ် မရှိတာတွေ မပြော နဲ့တော့"

တယ်လီဖုန်းလိုင်း ပြတ်သွားရော . . ။ မက်က . .

"အိုး . . . ၊ ချော့ဖ်ရယ်"

"ဆောရီးပဲကွယ်။ ငါ သူ့ကို လူညာလို့လည်း ပြောလိုက်ရော သူဖုန်းချ

www.burmeseclassic.com

www.burmeseclassic.com



သွားတယ်။ အဲဒါကိုက လူပြောင် လူနောက် ဆိုတာ ပြနေတာပဲ။ သူပြော မီးသဘော်အိုကြီးတွေ အားလုံးလိုလိုလောက်က တိုက်မိခိုက်မိ ပျက်စီးကုန်ကြပြီ။ အဲဒီ လောဝဲစတော့ဗ် တစ်စင်းပဲ ကျန်တာ။ သူ အလ နောက်နေပြောင်နေတာပါ။ ကိုယ် မင်းကို ပြောသားပဲ"

"အို . . လူပြောင် လူနောက် မဟုတ်ဘဲ ခေတ်နဲ့ မျက်ခြည် ပြတ် သူငယ်ပြန်နေတဲ့ အဘွားအိုကြီး တစ်ယောက် ယောက်လည်း ဖြစ်ချင် မှာပေါ့။ သူ့ခမျာ စိတ်ထောင်း ကိုယ်ကြေနဲ့ ပြုရမယ့်သူမရှိ ၊ ဘာ တစ်ယောက်တည်း အထိတ်ထိတ် အလန့်လန့်ဖြစ်နေသလားမှ မသိတာ ရှင်ကသွားဟောက်ရတယ်လို့"

မက်ရဲ့စကားကြောင့် ရျော့ဗ်စိတ်ထိခိုက်သွားတာပေါ့။ အဲဒီ အဘွား (အကြောင်းတစ်ရံတစ်ရာကြောင့် အကူအညီ မရဘဲ သေဆုံးသွားခဲ့ရ သူသတ်လိုက်မိသလို ဖြစ်မှာကို တွေးမိပြီး သူ့ကိုယ်သူ လူသတ်သ တရားခံတစ်ယောက်လို ခံစားလိုက်ရတယ်။

သူ့မျက်နှာမှာကိုက အဲဒီခံစားချက်က ပေါ်နေတာ။ ဒါကို မြင်လိုက် ရတဲ့ မက်က အတင်းဖိပြောတော့တာပဲ။

"သွားပါ . . . ရျော့ဗ်။ အဲဒီအဘွားကြီးကို တွေ့အောင်ရှာ ဟိုဟိုဒီဒီလျှောက်ပြီးကားပတ်မောင်းကြည့်ပါလား။ အဘွားကြီး တွေ့လိုတွေ့ငြားပေါ့"

"မင်းကို ဒီရုံးခန်းထဲမှာ တစ်ယောက်တည်း ထားခဲ့ရမှာ လ တွမ်မှာထားတာက . . . ငါကို"

"ဟယ်ရီ လန်ကတ်စတာဆိုရင် ဒီလိုကိစ္စမျိုးတွေကို အမြဲတ သူတစ်ယောက်တည်းနဲ့ ဖြေရှင်းတာပဲ။ ကျွန်မ ရုံးခန်း တံခါးကို သော့ ထားမှာပေါ့။ ကျွန်မအတွက် မပူပါနဲ့။ သွားမှာသာသွားပါ ရျော့ ဟိုအဘွားကြီးတစ်ယောက်တည်း ကြောက်နေရှာရော့မယ်"

ရျော့ဗ်ရဲ့ဘဝမှာ ဒီလို ရှေ့တိုးထမ်းပိုး ၊ နောက်ဆုတ် လှည်းတုတ်



မျိုး အခက်တွေ့တာ တစ်ခါမှ မရှိခဲ့ဖူးဘူးလေ။ ခင်ပွန်းထောင်း ယောက်လည်း ပီသချင်တယ်။ မေတ္တာတော် အသင်းသား တစ်ယောက် နဲ့လည်း တာဝန် ကျေချင်တယ်။ ဘာကို ရွေးရမလဲ။ ဒါကြောင့်ဖဲ တော် အသင်းမှာ လင်မယား နှစ်ယောက်ကို အတူတူ တာဝန်မချတာ ယ်ထင်ပါရဲ့။

အခုလည်း . . ။ ဟိုဟာ လုပ်ရကောင်းနိုးနိုး ၊ ဒီဟာ လုပ်ရတောင်း နိုး။ နှစ်ယောက်သား အချေအတင် ပြောကြ ပြီးတော့ . . .။ မက်က

"သွားပါ. . ရျော့ဗ်။ ဟို အဘွားကြီး တစ်ခုခုဖြစ်သွားရင် ရှင့်ကို ချိမ ဘယ်တော့မှ ခွင့်လွှတ်မှာ မဟုတ်ဘူး။ သူ့ဘာသာသူ မြစ်ထဲ ခုန်ချပြီး ချင် သေသွားမှာ"

ဒါကိုတော့ သူတို့လင်မယား နှစ်ယောက်စလုံး တွက်မိ တာပေါ့။ တ်ဒေသမှာက အိပ်ဆေးသောက်ပြီး သေကြောင်းကြံစည်တဲ့ နည်းလောက် ထဲချောင်းထဲ ခုန်ချတာက ပိုခေတ်စားနေတာကိုး။ မြစ်ကလည်း အနီး မှာတင်ရှိတော့ သေမင်းက မျက်စပစ်နေတဲ့ အတိုင်းပဲ။

"တွမ့်ဆီကို ဖုန်းထပ်ဆက်ကြည့်ရအောင်"

တ သူ့ကိုကော တွမ်ကိုပါ အထင်သေးစိတ်ပျက်တယ်ဆိုတဲ့ ပုံမျိုးတစ်ချက် ကြည့်လိုက်တယ်။ နောက် . . .ခဏ တိတ်ဆိတ် ငြိမ်သက်နေမိလေရဲ့။

သူတို့နှစ်ယောက်စလုံးသိနေကြတဲ့ကိစ္စပါ။ တာဝန်ကျ ဒါရိုက်တာ ပဲ ဖြစ်ဖြစ် တခြားဘယ်ဒါရိုက်တာ လူကြီးဆီကပဲ ဖြစ်ဖြစ် ဘာအကူအညီ ရနိုင်ဘူးဆိုတာကိုလေ။

တကယ့်ကို သေရေးရှင်ရေး ကိစ္စပါပဲ။ တာဝန်ကျ လူကြီးတွေကို သိမပေးဘဲ တစ်ယောက်တည်း ထွက်သွား ရင်လည်း ခွင့်မလွှတ်နိုင်စရာ ဖြစ်ဖြစ်ဦးမှာ။

သူစိတ်ပျက်လက်ပျက်နဲ့ ညည်းတွားလိုက်တယ်။ နောက် . . . တ်အကျီနဲ့ ကားသော့ကို လှမ်းယူလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"ငါ . . . ယက်စတန်တံတားကို သွားကြည့်ဦးမယ်။ မော်ရက်ဆော် အသင်းတော် တံခါးကိုတော့ မသွားတော့ဘူး။ မြို့ပတ်လမ်း မှောင်မည်းမှုထဲမှာ တစ်မိုင်လောက်သွားရမှာ။ သွားရင် တစ်နာရီလောက်ကြာ . . ."

သူ့ဇနီးက ကန့်ကွက်နေမှာစိုးလို့ မစောင့်တော့ပဲ ထွက်လာတယ်။ သူ့နောက်ကျောဘက်ဆီမှာ ရုံးခန်းတံခါးကို သော့ခတ်လိုက်တဲ့ အသံကြားရတယ်။ တံခါးကို သော့ခတ်ထားလိုက်တော့ သူမဆီကို အပြင်က အန္တရာယ် အလွယ်တကူနဲ့ ဝင်မလာနိုင်ဘူးပေါ့လေ။

ဒါပေမဲ့ တယ်လီဖုန်းထဲက အန္တရာယ်ကတော့ သော့ပိတ် ထားတဲ့ တံခါးကို ဖြတ်သန်းပြီး ဝင်လာနိုင်တယ်ဆိုတာ သူ မတွေးမိဘူး။

ရှစ်မိနစ်အတွင်း ယက်စတန် တံတားကို သူ ရောက်သွားတယ်။ ချောချောမွေ့မွေ့ တည့်တည့်မတ်မတ်ပဲ။ ယာဉ်ကြောကလည်း ရှင်းနေတော့ တံကောင်းတယ် ဆိုရမှာပေါ့။

ကားလမ်းမကြီးနဲ့အပြိုင် ညာဘက်မှာက အော်ဆမ် မြစ်ကြီး ရှိတယ်။ တည်ငြိမ် နက်ရှိုင်းမှောင်မိုက်နေလိုက်တာ။ မြစ်ပြင်ပေါ်မှာက ရေငွေ့တွေသန်းလို့ . . ရေထုက လေထုက နည်းနည်းပိုပြီး နွေးနေ တာကိုး။ အမိုးအငွေ့တွေ ထနေ တာပေါ့။

ရေတံခါးကို သူရောက်သွားတဲ့အချိန်မှာ . . .

ရေတံခါး အစောင့်တဲကလေး နှစ်လုံးရှိတဲ့အနက် တစ်လုံးကတော့ မီးထွန်းထားတာကို တွေ့လိုက်ရတယ်။

သူ တစ်ချက်လှမ်းကြည့်လိုက်ရုံနဲ့ ဒီနေရာဟာ ဟုံ ဒုက္ခသည် အဘွားကြီးရဲ့ နေရာမဟုတ်မှန်း သိလိုက်တယ်။

မြစ်ရေပြင်ပေါ်မှာ ဘာရေခဲမှ မရှိဘဲ မြူနှင်းတွေလည်း မဆိုင်းဘူး။ အဲဒီမှာ အလုပ်လုပ်ပြီးနေနေတဲ့ လူတွေကို မေးလား၊ စမ်းလားနဲ့ အနှောင့်အယှက် မပေးချင်ဘူး။ သူတို့တွေ အိပ်ပျော်နေပြီလားမှ မသိတာ။ မီးရောင်ထွန်းထားတာကတော့ ဖောက်ထွင်းမယ့် သူခိုးတွေ ဘာတွေ



လာရဲအောင် ဖြစ်မယ်။

သူ ပန်းခြံလမ်းကလေးအတိုင်း ဖြည်းဖြည်းချင်း လျှောက်လာတော့ တီဗွီ ဖွင့်ထားတဲ့ အသံကို ကြားရတယ်။ ရယ်သံ ၊ ချောင်းဆိုး သံတွေကိုလည်း ကြားရတယ်။ ဒါနဲ့ သူ တံခါးကို ခေါက်လိုက်ရော . . . ။

"ဘယ်သူတုံးဟေ့"

အသက်ကြီးကြီး ယောကျ်ားတစ်ယောက်ရဲ့ အသံက တံခါးနောက်ကွယ်က ချမ်းမေးလိုက်တယ်။

"မေတ္တာတော်အသင်းကပါ ခင်ဗျာ။ ကျွန်တော် အိမ်တစ် အိမ်ကို ဆိုက်ရှာနေတာပါ။ ခင်ဗျား မယုံသေးရင် ကျွန်တော့် သက်သေခံမှတ်ပုံတင် ကတ်ကို စာဘူးထဲကနေ အထဲကို သွင်းလိုက် မယ်နော်"

အမှောင်ထဲမှာ စိတ်လှုပ်ရှားစွာနဲ့ သူ့ပိုက်ဆံအိတ်ကို ဖွင့်ပြီး ကတ်ပြားကို ဆွဲထုတ်တယ်။ တံခါးပွင့်သွားရော။

မီးဖို တရဲရဲနဲ့ နွေးထွေးနေတဲ့ ဧည့်ခန်းထဲ သူဝင်သွား လိုက်တယ်။ အဘိုးကြီးက တီဗွီက အသံကို တိုးလိုက်တယ်။ အဘိုးကြီးရဲ့ ဇနီးကတော့ ဂျော့ဇ်ကို ကြည့်ရတာ သိပ်ပင်ပန်း နေပုံရတယ်လို့ ပြောရဲ့။ နောက်ပြီး . . . ဒီလို ခရစ်စမတ် ညမျိုးမှာတောင် မေတ္တာတော်အသင်းသားတွေဟာ နေ့မအိပ် ညမအိပ် လိုက်ပြီး အကူအညီ ပေးနေတာ သိပ်ကုသိုလ်ရတဲ့ အလုပ်ပဲလို့ ပြောသေးတယ်။

ပြီးတော့ . . . ဂျော့ဇ်အတွက် လက်ဖက်ရည် သွားဖျော် ပေးလေရဲ့။ ဂျော့ဇ်က အဘိုးကြီးကို မြစ်ပြင်ပေါ်မှာ ရေခဲ မခဲ မြူနှင်း ဆိုင်း မဆိုင်း မေးကြည့်တယ်။ ခြေတစ်ဖက် မသန် မစွမ်း ဖြစ်နေတဲ့ ဇနီးသည်နဲ့အတူ နေရတဲ့ ရေတံခါးထိန်းဆိုတာ ရှိ မရှိ မေးကြည့်တယ်။ အဘိုးကြီးက ခေါင်းခါပြီး . .

"ဟိုဘက်အခန်းကတော့ ကလေးသုံးယောက်နဲ့ လင်မယား ရှိတယ်"

"ဇနီးသည်က ခြေတစ်ဖက် မသန်တဲ့ ဒုက္ခိတလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . မဟုတ်ဘူး ၊ ခြေထောက်နှစ်ဖက်စလုံး အကောင်းကြီး ကြည့်လိုက်ရင် သိပါတယ်"

အဘိုးကြီးရဲ့ဓနီးက လက်ဖက်ရည်ဇန်းသယ်လာပြီး သူ့ဆီကို တစ် လိုက်တယ်။ နောက် . . . မရေမရာ ပုံစံနဲ့ တစ်ချက်လှည့်ကြည့်ပြီး . .

"ခြေတစ်ဖက် မသန်တဲ့ ဓနီးနဲ့ ရေတံခါးစောင့် တစ်ယောက် . . . အ မှတ်တော့ မှတ်မိသလိုပဲ။ နှစ်တွေကလည်း ကြာပဲ ကြာလှပြီ။ အ သတိတွေလည်းမကောင်းတော့ပါဘူး၊ ရောက ထောင်းလာတော့လည်း ချွတ်ယွင်းကုန်တာပေါ့ကွယ်။ မင်း အိုမင်းမစွမ်းဖြစ်လာတဲ့အခါကျရင်လည်း တို့လိုပဲဖြစ်ဦးမှာကွယ့်"

"အဘတို့လင်မယားက လက်ထပ်ပြီးကတည်းက ကမ်းခြေ အော်စတီသန်လျက်စွန်းက ရေတံခါးမှာပဲ အလုပ် လုပ်ခဲ့တာ။ အခုပင်စင်ယူတော့မှ ဒီရေတံခါးကို ရောက်လာတာ တို့များနေဖို့တဲကလည်း ဒီမှာပဲ အလွတ်ရှိတာကိုး"

အဘိုးကြီး သူမကူညီနိုင်တဲ့အတွက် အားတုံ့အားနာဖြစ်တဲ့ လေသံနဲ့ ရှင်း သေးတယ်။

ဂျော့ဖ်က လက်ဖက်ရည်ကို ကမန်းကတန်း သောက်ပြီး ပါးစပ် သုတ်လိုက်တယ်။ သူ ပြန်ချင်လှပြီလေ။

အပြန်လမ်းက ခုနစ်မိနစ်ပဲ ကြာတယ်။ ဒီတစ်ခေါက်တော့ လမ်းကျွ သွားပြီကိုး။

ရုံးခန်းရှေ့မှာ သူ ကားကို ထိုးရပ်လိုက်တယ်။ သူ ပြန်လာ အသံကြားရင် သူ့ဓနီး ထွက်လာပြီး ကြည့်မယ် ထင်တာ။ ဓနီးဖြစ်တဲ့ မက် ပေါ်မလာဘူး။

သူ တံခါးကို ခေါက်လိုက်တယ်။ အော်ခေါ်တယ်။ ပြန်ဖြေ မကြားရဘူး။ သူ စိတ်ပူလာတယ်။

မှောင်ထဲမှာ သော့ကို အတင်းဖွင့်ပြီး ပြေးဝင်သွားတယ်။ ဓနီးဖြစ်တဲ့



တော့ အရေးပေါ် တယ်လီဖုန်းနားမှာ ထိုင်နေတယ်။ သူမရဲ့မျက်နှာက စောစောတုန်းကထက်တောင် ပိုပြီး ကြေကွဲညှိုးမှောင်နေသေးရဲ့။ သူမရဲ့ မျက်လုံးတွေက မမြင်ရတဲ့ တစ်စုံတစ်ရာကို ငေးနေသလိုမျိုး၊ နံရံဆီကို စိုက်ကြည့်နေတယ်။

အဲဒီမျက်လုံးတွေက ခင်ပွန်းဖြစ်တဲ့သူ ပြန်လာတာ ကိုလည်း မြင်ပုံ မပေါ်ဘူး။ ဂျော့ဖ်က သူမလက်ထဲက တယ်လီဖုန်းကို ယူသွားပြီး နားထောင်လိုက်တယ်။

ဟို မိန်းမရဲ့ အသံကို ကြားလိုက်ရလေရဲ့။

စောစောကလိုပဲ . . . အေးစက်ခြောက်ကပ်ပြီး မျှော်လင့်ချက် ခဲ့ရတဲ့အသံ . . .။

အဲဒီအသံဟာ တစ်မျိုးပဲ။ ဘယ်လိုပြောရမလဲ . . . ဟိုဒင်း စိတ်ကို အိပ်မွေ့ချ ညှို့ငင်နေသလိုပဲ။

ဂျော့ဖ်က တယ်လီဖုန်းအနီးက ခွာလိုက်တယ်။ သတင်း ထောက်ခံ စာရွက်ပိုင်းပေါ်မှာ

"ဘာဖြစ်နေတာလဲ ၊ အဲဒီမိန်းမ ဘယ်မှာလဲ"

လို့ ကသောကမျော မညီမညာနဲ့ ရေးလိုက်ပြီး မက်ရဲ့ ရှေ့ကို ထိုးပြလိုက် တယ်။ မက်က ဘာမှပြန်မဖြေဘူး။

မက်က ငိုနေသလိုမျိုး ၊ တောင့်တောင့်ကြီး။ တယ်လီ ဖုန်းထဲက အသံကို မှင်တက်မိ နားထောင်နေတဲ့ ပုံနဲ့။ ဂျော့ဖ်က ဒေါသလည်းထွက် ၊ စိတ်လည်းပူနေတော့ သူမရဲ့ ပခုံးကို ကိုင်လှုပ်လိုက်ရော။

မက်က တောင့်တောင့်ကြီး သစ်သား ရုပ်တုတစ်ခုလိုပဲ။ ထိုင်လျက် သား သတိလစ်နေသလို အောက်မေ့ရတယ်။ ဂျော့ဖ်က ခင်ပွန်းပီသ ရိုးရိမ်သောကကြောင့် သူ့ဓနီးလက်ထဲက တယ်လီဖုန်းကို ဆွဲအလု။

အဲဒီမှာပဲ တယ်လီဖုန်း လိုင်းပြတ်သွားရော။

www.burmeseclassic.com

www.burmeseclassic.com



ဂျော့ဖ်က တယ်လီဖုန်းကို ချထားပြီး မက်ကို ဆောင့် ၊ ဆောင့်လှုပ်တယ်။ ဖြန်းဆို . . . မက် သတိပြန်ဝင်လာတယ်။ သတိမရတစ်ချက် ၊ ရတစ်ချက်နဲ့ လူလိုမျိုး မရေမရာ ပြုံးပြရဲ့။ သူမရဲ့ မျက်နှာကတော့ ကြောက်စိတ်နဲ့ တင်းနေတယ်။

"ဟို အဘွားကြီးရဲ့ ယောကျ်ားက အိမ်ထဲကို ဝင်ခါနီးဆဲဆဲ ဖြစ်နေပြီရှင့် ၊ တံခါးကို ဖွင့်နေတာ ပွင့်တော့မယ်တဲ့"

"သူ ဘယ်မှာလဲဆိုတာ မင်းသိပြီလား"

"မော်ရက်စဘီ အသင်းတော် ရေတံခါး . . .တဲ့။ နောက်ဆုံးမှ သူဖွင့်ပြောတာ။ သူကျွန်မကို အားကိုး ယုံကြည် သွားပြီ။ အဲဒါကို ရှင် ဝင်ပြီး ကဖျက်ယဖျက် လုပ်ပစ်လိုက် တာပဲ"

ရုတ်တရက် သူမ ပြောလိုက်ပုံက သူ့ခင်ပွန်းကို ရန်သူ ကျနေတာပဲ။ လူသတ်သမားတစ်ယောက်လို ၊ အရူး တစ်ယောက်လို ကြင်နာမှု မရှိတဲ့ လူရမ်းကားတစ်ယောက်လို။ ရန်သူတစ်ယောက်လိုကို ကြည့်တာ။ နောက်တော့ သူမက .

"ကျွန်မ သူ့ဆီသွားမယ်"

"ရုံးခန်းကို စောင့်မယ့်သူ မရှိဘဲ ဒီအတိုင်း ပစ်ထား မှာလား။ အရူးမထစမ်းပါနဲ့"

ဂျော့ဖ်က ကားသော့ထည့်ထားတဲ့ ကုတ်အကျႌကို ရုံးခန်းတံခါး ပေါ်မှာ ချိတ်ထားလိုက်တယ်။

သူ ပြန်လှည့်လာပြီး ဇနီးဖြစ်သူကို စေ့စေ့ကြည့် ပြန်တယ်။ သူမတို့ ကြည့်ရတာ နည်းနည်းတော့ ထူးဆန်း နေသလိုပဲ။ ကြောင်တောင်တောင် ဝေါင်စင်းစင်းနဲ့။ သူမက ဂျော့ဖ်ကို ပြုံးပြပြီး . . .

"ကျွန်မကို လက်ဖက်ရည်တစ်ခွက်လောက် မြန်မြန် ဖျော်ပေးစမ်းပါ။ သူ ဖုန်းထပ်မဆက်ခင် ကျွန်မ ရေအိမ် ဝင်လိုက် ဦးမယ်"

သူတို့ ဇနီးမောင်နှံ ပြန်ပြီးတော့ သင့်သင့်မြတ်မြတ် ဖြစ်သွားကြရော



. . . ။ ဂျော့ဖ်က မီးဖိုထဲ ဝင်ပြီး ရေနွေးအိုး တည်လိုက်တယ်။ ရေနွေးအိုးအလည်း တော်တော်နဲ့ ဆူပဲ မဆူနိုင်ဘူး။ ဂျော့ဖ် စိတ်မရှည်တော့ဘူး ဖြစ်နေတယ်။ လက်ချောင်းကလေးတွေနဲ့ အဖုံးကို တတောက်တောက် ခေါက်ရင်း တို့ ဘာလုပ်ကြရင် ကောင်းမလဲ တွေးနေမိတာပေါ့။

စင်္ကြံလမ်းပေါ် လျှောက်သွားတဲ့ မက်ရဲ့ ခြေသံကို သူ ကြားတယ်။ အိမ်သာရေဆွဲသံကို သူ ကြားတယ်။

နောက် . . ၊ အပြင်ဘက်မှာ ရပ်ထားတဲ့ သူ့မော်တော် ကား စက်နှိုးသံကို ကြားလိုက်ရတော့ . . .။

"ဟင်! မော်တော်ကား . . ."

သူ မီးဖိုချောင်ထဲကနေ ကမန်းကတန်း ပြေးထွက်လာ ခဲ့တယ်။ ရှေ့တံခါးက ပွင့်လို့။ ဟောင်းလောင်း . . . ။

ကားရပ်ထားခဲ့တဲ့ နေရာကို ပြေးကြည့်လိုက်တော့ မော်တော်ကား မရှိတော့ဘူး။ မောင်းထွက်သွားပြီ။ ကားဘီးရာ တွေ့ပဲ ကျန်ရစ်ခဲ့တော့တယ်။

ဂျော့ဖ် သိပ်စိုးရိမ်သွားတယ်။ ဟို ဒုက္ခိတ မိန်းမအတွက် စိုးရိမ်တာ မဟုတ်ဘူး။ သူ့ဇနီး မက်အတွက် . . .။

ချက်ချင်းပဲ တာဝန်ကျ ဒါရိုက်တာလူကြီး တွမ်ဘရက် ဆီကို ဖုန်းဆက်တယ်။ အကူအညီ တောင်းလာသမျှ အသံတွေ ထဲမှာ အစိုးရိမ် အထိတ်လန့်ဆုံးအသံကို တွမ်ဘရက် ကြားလိုက် ရတာပါပဲ။

ဂျော့ဖ်က သူသိသမျှအားလုံး တွမ့်ကို ပြောပြ လိုက်တယ်။ တွမ်က . . .

"ဘာ! မော်ရက်စဘီ ရေတံခါး။ ဒုက္ခိတ မိန်းမ . . . ။ လူသတ်သမားယောကျ်ား . . . ဟိုက် . . . ဒုက္ခပါပဲ။ ငါ မင်းဆီ ငါးမိနစ်အတွင်း အရောက်လာခဲ့မယ်"

* * *

www.burmeseclassic.com

www.burmeseclassic.com



နှင်းဖတ်တွေကို သုတ်တံနဲ့ ဇွေ့ယမ်းပွတ်တိုက်ဝစ်နေတဲ့ ကားရှေ့လေကာမှန်ကနေတစ်ဆင့် လမ်းကို စူးစိုက်ကြည့်ရင်း တွမ်က . .

"အရေးပေါ်ဖုန်းကို ဂျင်မီနဲ့ လွှဲပေးထားခဲ့တယ်" လို့ ပြောလိုက်တယ်။ ပြီးတော့ . . .

"မော်ရက်စဘီ ရေတံခါးဆီကို မင်း ဘယ်လမ်းက သွားမယ် ဆိုတာ မင်းသိလား"

"တစ်လမ်းပဲ ရှိတာ၊ ပိုင်းလေ့ဘတ်တားမှာ ကားကို ရပ်ထားခဲ့ပြီး မြို့ဝတ်လမ်းအတိုင်း တစ်မိုင်လောက် လမ်းလျှောက် ရမှာ" လို့ ဂျော့ဇ်က ပြန်ပြောတယ်။

"ဖြတ်လမ်းရှိတယ်ကွ၊ အသင်းတော်ဘေးက တောအုပ်ထဲ ဖြတ်ဆင်းသွား၊ ပြီးရင် ရေတံခါးဂိတ်တွေကို ကျော်လိုက်။ ဒီလမ်းကို လူ သိပ်မသိဘူး။ ငါတို့ ဒီအတိုင်း သွားမှဖြစ်မှာ၊ သူမရောက်ခင် ငါတို့ အရင်ဦးအောင် ရောက်နေချင်တယ်ကွာ"

"ဘာဖြစ်လို့လဲ ၊ သူ ဘယ်လိုဒုက္ခမျိုးနဲ့ကြုံရမယ်လို့ ခင်ဗျား တက်ထားလို့လဲ"

"ငါ့စိတ်ထဲမှာ သိနေတယ်။ ဒါပေမဲ့ မင်းကို ငါ ပြောပြ လိုက်ရင် . . . မင်း ငါ့ကို ဝေါက်တရ ထင်တော့မှာ၊ ဒါကြောင့် ငါမပြောတာ။ ငါဖြစ်စေချင်တာက . . . မင်းဇနီးမက် ဘေးမသီ ရန်မခဘဲ ရုံးခန်းကို ပြန်ရောက်ဖို့ပဲ။ နောက်ပြီး ရုံးချုပ်က လူကြီးတွေ စစ်ရင်လည်း မှတ်တမ်းစာအုပ်ထဲမှာ ဘာမှမတွေ့ . . ."

သူက ဖြတ်လမ်းထဲ ကားကို ကွေ့ဝင်လိုက်တယ်။ ချုံနွယ်ပိတ်ပေါင်းတွေရှုပ်ပွလို့ . . ။ ဆူးချုံတွေကလည်း အခက်တွေ အလက်တွေကားဘော်ဒီဆေးတွေကို ခြစ်သေး တယ်။

တော်တော်လေးလည်း သွားမိပြီးရော . . . တွမ်က

"ဟော . . . ရောက်ပြီ"

တို့ ဝမ်းသာအားရ ပြောပြီး ကားကို ဘရိတ်အုပ်လိုက်တယ်။



ရေတံခါးဂိတ်ပေါ် တည့်တည့်ရောက်တဲ့ မြေလျှင် ထမ်းထျောင်းအလား အတိုင်း သူတို့နှစ်ယောက်သား ပြေးလာခဲ့ကြတယ်။ တွန် ဆေထ်ထဲက ဘတ်နီပ်ခါတ်မီး အလင်းတန်း ထဲမှာ နှင်းဖတ်တွေက တဖွဲဖွဲ . . .။

ရေတံခါးဂိတ်ဝနောက်မှာ ရေတွေက တထဲထဲ မြည်ဟည်းလို့ မှောင်မိုက်လို့ . . .။ ရေခိုးတွေက တလူလူနဲ့ . . .။

မိစ္ဆာဆန်နေတဲ့ လမ်းကျဉ်းကလေးပေါ် လျှောက်ရင်း ဂျော့ဇ် သေးရှုတ်ဘာတယ်။ ချော်ကျသွားရင်ဖြင့် . . .။ မတွေးရဲဘူး။

ရနေ . . . အေးစက်တဲ့ လက်ချောင်းတွေကသာ ခင်ဗျားကို ချုန်းချလိုက်ရင် ဘယ်လိုနေမလဲ . . . ။သေရုံပဲ ရှိတယ်။

အဲဒီ လမ်းကလေးကို ကျော်ပြီး တာရိုးထိပ်ကို ရောက်လာတယ်။ ဘယ်ဘက်ကို ကြည့်လိုက် ၊ ညာဘက်ကို ကြည့်လိုက်၊ ပြီး . . . နာရွှင်ဆိုက်တယ်။

ခြေသံတွေ . . .။

မိန်းမတစ်ယောက်ရဲ့ ခြေသံတွေ . . .။

ညာဘက်မှာ . . . ။

အသံကြားရာဆီ သူတို့နှစ်ယောက် တစ်ဟုန်ထိုး ပြေးသွားကြတယ်။

အဲဒီမှာ . . . ဂျော့ဇ်က မြင်လိုက်တာ။

လမ်းလျှောက်ရတဲ့သူ့ဇနီး မက်ရဲ့ နောက်ကျောပေါ့။ အဖြူရောင်ရိုးထားအကျီလေး ဝတ်လို့။

မက်ရဲ့ ရှေ့ကနေ လမ်းကို ဦးဆောင်ခေါ်သွားတဲ့ မိန်းမတစ်ယောက်. . . ။ နောက်ကျောကိုပဲ မြင်ရတယ်။ ထော့နဲ့ ထော့နဲ့နဲ့ သွားတဲ့ မိန်းမတစ်ယောက်ပါ။

အဲဒီမိန်းမရဲ့ ဘေးမှာတော့ ခွေးတစ်ကောင်။

ခွေး အဖြူသေးသေးကလေး တစ်ကောင်ပေါ့။

တွမ်ရော . . . ဂျော့ဇ်ပါ လှုမ်းမခေါ်မိကြဘူး။

www.burmeseclassic.com

www.burmeseclassic.com



ခေါ်မိတာလည်း အကြောင်းရှိတယ်။ မေတ္တာတော် အသင်းသား တစ်ယောက် အနေနဲ့ စောင့်ထိန်းရမယ့် ကျင့်ဝတ်ကို မရှိုးဖောက် ချင်လို့လည်း ဖြစ်ချင်ဖြစ်မယ် သူတို့နှစ်ယောက်စလုံး နားမလည် နိုင်တဲ့ တစ်စုံတစ်ရာကို ဖျက်ဆီးဖြိုခွင်းလိုက်မိသော ဖြစ်မှာ ကြောက်နေ တာလည်းဖြစ်နိုင်တယ်။

ဘာပဲဖြစ်ဖြစ်။

သူတို့ အခု တက်နိုင်တာဆိုလို့ စိတ်ရှည်ရှည်ထား စောင့်ကြည့်ဖို့ ရှိတော့တယ်။ မက် ဆေးတင်းရန်ကင်းရှိနေတာ သူတို့တွေ့ရပြီပဲ။

သူတို့နှစ်ယောက် မက်ရဲ့နောက်ကို တိတ်တိတ်လေး ကပ်လိုက် သွားကြတယ်။ ဆယ်ကိုက်ပဲ ဝေးတော့တယ်။ ဘာအန္တရာယ်မှ မရှိ။

တွမ့်လက်ထဲက လက်နှိပ်ဓါတ်မီး အလင်းရောင်ထဲမှာ . . .။ ကျိုးနေတဲ့ ခြံစည်းရိုးနေရာကို တွေ့လိုက်တယ်။ မြစ်နဲ့ ကပ်လျက် အဖြူရောင် ဆေးသုတ်ထားတဲ့ ခြံစည်းရိုး . . .။ ကျိုးပေါက်နေတဲ့နေရာ။

ထော့ကျိုး ထော့ကျိုးသွားနေတဲ့ မိန်းမသဏ္ဍာန်ဟာ အဲဒီ ခြံစည်းရိုး အပေါက်ကို ဖြတ်ပြီး ထွက်သွားတယ်။

မည်းမှောင် ငြိမ်သက်နေတဲ့ မြစ်ရေပြင်ပေါ်ကို ဒီအတိုင်း လျှောက် သွားတာ။

မက်က အိပ်ပျော်ရင်း လမ်းလျှောက်နေတဲ့ လူလိုပဲ . . အဲဒီမိန်းမ နောက်က လိုက်သွားတယ်။

ရေထဲပြုတ်ကျခါနီးဆဲဆဲ သူတို့နှစ်ယောက်စလုံး ဝုန်းခနဲထပြီး မက်ကို အတင်းဖမ်းဆွဲထားရတယ်။ လက်တစ်ဖက်ကို တစ်ယောက်အကြမ်းပတမ်း ချုပ်ထားရတာ။ လူဆိုးကို ရဲက ဝင်လုံးပြီး ဖမ်းရသလိုမျိုးပဲ။

အရေးထဲ တွမ်က ခြေတစ်ဖက် ချော်ပြီး မြစ်ရေထဲ ကျသွားလို့ ဆဲလိုက်သေးတယ်။ အချိန်မီ ဆွဲထားလိုက်လို့ နစ်တော့ မနစ်သွားဘူး။ စိုးတော့ စိုးသွားတာပေါ့။

မက်က အခုမှ သတိပြန်ဝင်လာပြီး . . .



"ဘုရားရေ . . . ကျွန်မ ဒီမှာ ဘာလုပ်နေမိပါလိမ့်"

သူမ ပြောပုံက အခုမှ အိပ်မက်ထဲကနေ လန့်နိုးလာသူလိုမျိုး။

"ဟို မိန်းမက ကျွန်မကို စကားပြောနေတာ။ သူ ကျွန်မကို ယုံတယ်"

"မင်းကို အဲဒီ မိန်းမက နာမည်ပြောသေးလား"

"အဂ္ဂနိစ် တော့(ဒ်) . . . တဲ့"

တွမ်က . .

" ဟုတ်တယ် ။ ဒီနေရာက အဂ္ဂနိစ်တော့(ဒ်) သွားလာ နေထိုင် ခဲ့ရာပဲ။"

အဲဒီမှာ ကျောက်တုံးနံရံ နိမ့်နိမ့်ကလေးတွေပဲ ရှိတယ်။ အိမ်တစ်လုံး မှ မရှိပေါ့။ အမိုးဟောင်းကြီး အင်တေ အကျိုး အပဲ့တွေ ကျောက်ပြား အတွဲအစအနတွေနဲ့ . . .

အရင်တုန်းက တယ်လီဖုန်း ရှိခဲ့ပုံပဲ။ တယ်လီဖုန်း ကြေးနန်းတိုင် တစ်တိုင် ခုထိ ရှိနေသေးလို့ပါ။ ဝါယာအိမ် ကတော့ ပျက်နေပြီ။ အစထွက် နေတဲ့ ဝါယာကြိုး မည်းမည်း နှစ်ချောင်းက တန်းလန်း။ လေအဝှေ့မှာ တဖျပ်ဖျပ် လွင့်နေတယ်။

"လွန်ခဲ့တဲ့ ၂၀ နှစ်လောက်တုန်းက ရက်(ဂ်) တော့ဒ် ဆိုတဲ့ လူကဒီရေတံခါးကို စောင့်ရှောက်ဖို့ တာဝန်ကျတာပေါ့။ သူ့ဇနီးက ခြေတစ်ဖက် သေန်ဘူး။ မဂ္ဂနိစ် . . . တဲ့။ သူတို့ လင်မယားချင်း သိပ်အဆင်မပြေဘူး။

သူတို့ တဲနားက ဖြတ်သွားတဲ့ လူတိုင်း သူတို့ လင်မယား ရန်ဖြစ်နေ ကြတဲ့ အသံကို ကြားကြတယ်။

၁၉၆၄ ခုနှစ်၊ ခရစ်စမတ်ညပေါ့။ အဲဒီလူက သူ့မိန်း ပျောက်နေပါ တယ်ဆိုပြီး ရဲကို တိုင်တယ်။ သူ့မိန်းမက ခွေးကလေး တစ်ကောင်နဲ့အတူ လမ်းလျှောက်ထွက်သွားတာ ပြန်မလာတော့ဘူး . . . တဲ့။ ရဲက လိုက်တော့ ရှာကြသေးတယ်။ ရဲတွေက အဲဒီညက မြူတွေ ပိန်းပိတ်အောင် ကျနေတာ။ ခြံစည်းရိုးမှာ ကျိုးနေတဲ့ တစ်နေရာကို တွေ့တယ်။ စောစောကတို့ တွေ့ခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



နေရာလောက်မှာပဲလေ။

နောက်ပြီး . . . ရေခဲပြင်မှာ လူတွေ့ကျသွားတဲ့ အပေါက်ကို တွေ့တယ်။

နောက်နေ့ကျတော့ ခွေးရဲ့ အလောင်းကို ရဲတွေ တွေ့ရတာပဲ။ ဒါပေမဲ့ သူမရဲ့ အလောင်းကိုတော့ နောက်တစ်လလောက် ကြာတဲ့အထိ မတွေ့ရဘူး။ အော်ဆမ်မြစ်မှာ ရေခဲတွေ ပျော်သွားတဲ့ အထိပဲ။

ရဲတွေက အဲဒီကိစ္စကို အမှုဖွင့်ဖို့ ကြိုးစားကြတယ်။ ရက်(ဂ်)တော့ဒ်ဟာ ရွာထဲမှာ ကောင်းမလေးတစ်ယောက်နဲ့ . . . ရှုပ်နေတာ။ အလောင်းမှာ ရန်းရင်းဆန်ခတ် ဖြစ်ထားတဲ့ လက္ခဏာလည်း မတွေ့ရဘူး။

သူမက ရေထဲ လိမ့်ကျတာလည်း ဖြစ်နိုင်တယ်။ တွန်းချ ခံရတာလည်းဖြစ်နိုင်တယ်။ သူ့ဘာသာသူ ခုန်ချတာလည်း ဖြစ်နိုင်တာပဲလေ။ ဒါနဲ့ ရဲတွေက ရက်(ဂ်)တော့ဒ်ကို လွှတ်ပေး လိုက်ရတာပေါ့။ အဲဒီလူလည်း ဒီနယ်ကနေ ပြောင်းသွားတယ်"

အကြာကြီး တိတ်ဆိတ်နေမိကြတယ်။ နောက်တော့ ဂျေဒ့်ဖ်က

"ဒါဆို ခင်ဗျား ထင်တာက . . . "

"ငါ ဘာကိုမှ မထင်ပါဘူး။"

တွမ်ဘရက်က တစ်ခုခုကို ပြောမလိုလုပ်ပြီးမှ ရုတ်တရက် ဆိုသလို စိတ်ပြောင်းသွားတယ်။ တွမ့်မျက်ဝန်းတွေက အေးစက် စက်နဲ့။

"ငါ ဘာကိုမှ မထင်ပါဘူး။ ဒါ . . . ငါသိသမျှ အကုန်ပြော တာပဲ။ ထဲ . . . အခု မင်းစနီးကို အိမ်ပြန်ပို့ရအောင်"

* * *

ဒီလိုနဲ့ တစ်နှစ်နီးနီးလောက် အချိန်တွေ ရွေ့လျား ကုန်လွန် သွားခဲ့တယ်။ နိုဝင်ဘာလထဲမှာ၊ ဟယ်ရီလန်ကက်စတာ တစ်ယောက် ကွယ်လွန်သွားခဲ့ပါတယ်။ ရက်အနည်းငယ် နေမကောင်းဖြစ်ပြီး အေးအေးချမ်းချမ်းပဲ ကွယ်လွန်သွားခဲ့တာပါ။



သူ့ရျာပနက လူသိပ်စည်တာပဲ။ ဘုရားရှိခိုးကျောင်းထဲမှာ လူတိုးကြည့်လို့။ အခုလက်ရှိ မေတ္တာတော် အသင်းသား တွေကော . . .၊ ဟိုတုန်းက အဟောင်းတွေကော . . ဒီနယ်မှာ ရှိသမျှ လူကုန်လာကြတာ . . . ။

ဟယ်ရီ ကူညီခဲ့ဖူးတဲ့ လူတွေဆို လာလိုက်ကြတာလေ . . . ၊ နေတောင် မရေတွက်နိုင်ဘူး။

အသုဘပို့ဖို့ လူတွေအားလုံးနီးပါး အပြင်ထွက်သွား ကြတဲ့အခါကျ တော့မှ တွမ်ဘရက်က တံခါးဝကနေ ဂျေဒ့်ဖ်နဲ့ မက်ကို ခဏရပ်နိုင်းလိုက်တယ်။ မျက်နှာပိုင်းက ထက်တောင် ပိုပြီး ငိုင်တိုင်တိုင် ဖြစ်နေသလိုပဲ။

တွမ်က ဘာပြောသလဲ ဆိုတော့ . . .

"ဟယ်ရီက သူ့ကိုယ်သူ သေတော့မယ်ဆိုတာလည်း သိပြီးရော ငါနဲ့ အကြာကြီး စကားပြောဖြစ်သေးတယ်။ ဘယ်သူ့အကြောင်းလဲသိလား။ ဟိုဒိုတမိန်းမ အဂ္ဂနိစ်တော့(ဒ်) အကြောင်းပေါ့။ ဟိုး လွန်ခဲ့တဲ့ အနှစ်ငါးဆယ်လောက်ကတည်းက သူ့ဆီကို ခရစ်စမတ် ညတိုင်း အဲဒီမိန်းမ ဖုန်းဆက်ခဲ့တာ . . . တဲ့"

"အဲဒီမိန်းမက ဟိုဒင်းဆိုတာ ဟယ်ရီ သိခဲ့ . . ."

ဂျေဒ့်ဖ်က စကားကို ဆုံးအောင် မပြောနိုင်တော့ပဲ ရပ်သွားတယ်။

"အင်း၊ အစကတော့ ဟယ်ရီလည်း မသိဘူး။ ဘယ်နေရာက ဆက်တာမှန်းမှ မသိတာ။ နောက်တစ်နှစ် အင်း သူ ဒါရိုက်တာ ဖြစ်နေတုန်းပေါ့ . . .အဲဒီနှစ်မှာ သူက တယ်လီဖုန်းရုံး အရာရှိကို ဖုန်းနံပါတ်တွေကို ခြေရာခံလိုက်နိုင်မယ့် အင်ဂျင်နီယာ တစ်ယောက် လွှတ်ပေးဖို့ တောင်းဆိုတယ်။ အဲဒီ ခရစ်စမတ် ညမှာ ဘာတွေ လုပ်မယ်လို့ စီစဉ်ခဲ့သလဲတော့ ပြောတတ်ဘူး။ ဘုရားမှပဲ သိမယ်။ ဒါပေမဲ့ . . . အဲဒီ အင်ဂျင်နီယာရဲ့ တွေ့ အညီနဲ့ ဖုန်းဆက်တဲ့ နံပါတ်ကို ဟယ်ရီ သိသွ. ဘာတော့ အမှန်ပဲ . . ."

"အဲဒီတော့ . . ."

www.burmeseclassic.com

www.burmeseclassic.com



"တယ်လီဖုန်းရုံးက အရာရှိတွေက ဇဝေဇဝါ ဖြစ်သွား ကြတာပေါ့။ အဲဒီ နံပါတ်က . . . ရေတံခါးစောင့်တဲက နံပါတ်ဟောင်း ကြီးပဲ။ အဲဒီ ရေတံခါးစောင့်တဲကိုလည်း လွန်ခဲ့တဲ့ နှစ်ကပဲ ဖျက်ပစ် လိုက်ခဲ့ပြီးပြီ။ အဲဒီမှာ ဘယ်သူမှလည်း မနေကြတော့ဘူး။ တယ်လီဖုန်းအရာရှိတွေ သွားကြည့်တော့ ဖျက်စီးနေတဲ့ တယ်လီဖုန်းခွံရယ် ၊ ဝါယာကြိုးနှစ်စရယ် . . ဒါပဲတွေ့ရတာ တဲ့ ဟိုနေ့က တွေ့ခဲ့သလိုပေါ့"

"အဲဒါဆို . . . ဟယ်ရီက ဒီမိန်းမ ဘာဆိုတာ သိသိကြီးနဲ့ နှစ်တိုင်း နှစ်တိုင်း စကားပြောပေးနေတာပေါ့ . . . ဟုတ်လား"

"ဟုတ်တယ် ၊ ဒါကြောင့် ခရစ်စမတ် ညတွေမှာ သူက လွဲလို့ ဘယ်သူ့ကိုမှ ဂျူတီမချတာပေါ့။ ဟို အမျိုးသမီးဟာ အထီးကျန်နေတယ်။ အဲဒီအမျိုးသမီးဟာ အန္တရာယ်ပေးနိုင်တယ် ဆိုတာလည်း ဟယ်ရီ သိတယ်လေ။ အထီးကျန်နေတော့ အဲဒီ အမျိုးသမီးက အဖော်လိုချင်လာတာ ပေါ့။ ဒါ . . . အန္တရာယ် ပဲလေ"

မက်က ပခုံးကို တွန့်လိုက်ပြီး . . .

"ဟယ်ရီ မို့လို့သာ ရင်ဆိုင်ရဲတာနော်"

"သူက မေတ္တာတော် အသင်းသား သိပ်ပီသတဲ့ လူပဲ"

"တခြား လူတွေကို ဘာဖြစ်လို့ သူ မပြောပြတာလဲ"

"ပြောရင်ကော ဘယ်သူက ယုံမှာလဲ"

* * *

ဒီနှစ် ခရစ်စမတ်ညမှာတော့ ရုံးခန်းထဲမှာ ကျွန်တော် အပါအဝင် လူခြောက်ယောက်လောက် စောင့်နေကြတယ်။ တွမ်ဘရက်ရယ် ၊ ပြီးတော့ ဂျော့ဖ်နဲ့ မက်တို့လင်မယားရယ် ၊ နောက် . . . ဒါရိုက်တာ အမျိုးသမီးမော်ရင်း ရယ် . . . ၊ ကျွန်တော်ရယ် . . . ။

အားလုံး စောင့်နေကြတာက . . .။



ဒါပေမဲ့ အဲဒီ တယ်လီဖုန်းခေါ်သံက ထုံးစံ မမြည်လာခဲ့ပါဘူး။ ဘယ်သူမှ တယ်လီဖုန်း ဆက်ဘူးလေ။

အရုဏ်ရောင်ခြည်တောင် ဖျော့ဖျော့လင်းလာပြီ။ မနက်ရော တော့မယ်။ မော်ရင်းက တုန်တုန်ရီရီနဲ့ လည်ပင်းကို လက်တစ်ဖက်ဖိရင်း

"ဘယ်နှယ်လဲ . . ."

လို့ မေးရဲ့။ သူမရဲ့ မျက်နှာမှာ အားတင်းပြီး ပြုံးရတဲ့ အပြုံးတစ်ခုနဲ့

တွမ်ဘရက်က

"အင်း ၊ နောက်နှစ်တွေမှာလည်း ဘယ်တော့မှ ထပ်ကြားရတော့ မယ် မထင်ဘူး။ ငါ စိတ်ထင်တော့ . . . ဟယ်ရီက အဲဒီလို လူစား . . . ၊ ငါသိခဲ့သမျှထဲမှာ အတော်ဆုံး အကောင်းဆုံး တာဝန်အကျေဆုံး မေတ္တာတော် အသင်းသားပဲ"

အမြဲတမ်း အေးစက်တည်ငြိမ်နေတတ်တဲ့ တွမ်ရဲ့ မျက်ဝန်းတွေထဲမှာ လင်းလက် တောက်ပသွားတယ်။ သူက . . .

"ကဲ . . . ငါသွားမယ်"

* * *

www.burmeseclassic.com

www.burmeseclassic.com

# ည နှင့် လူ

Night - Fears (L.P Hartley)

www.burmeseclassic.com

www.burmeseclassic.com

ကျောက်မီးသွေး မီးလင်းဖိုကြီးက ခုံခုံညားညား သားသား နားနား

သို့သော် ညစောင့်အဖို့ ထိုမီးဖိုကြီး၏ အလုအပ ကျက်သရေကို ခံစား

သိစိတ်မရှိသလို ဖြစ်နေ၏။

အစတုန်းက အဲသည်မီးလင်းဖိုကြီးမှ ရသော အငွေ့ဓာတ်ကို သူတန်ဖိုး

ထားခဲ့သည်။ အဲသည်က အလင်းရောင်ကိုတော့ သူနှစ်သက် မိခဲ့သလား

သူ့စိတ်ကို သူပိုင်ပိုင်နိုင်နိုင်မ ဆုံးဖြတ် တတ်။

သူ အလုပ်စဆင်းသည့် လွန်ခဲ့သည့် နှစ်ရက်တုန်းက အဲသည်

အလင်းရောင်ကို သူ အံ့ဩသံသယ ဖြစ်မိတော့မလို ခံစားရသည်။ အလင်းရောင်က

သူ့မျက်လုံးများကို ပြာသွား စေခဲ့၏။ ထိုအလင်းရောင်က သူ့အကြည့် အာရုံကို

ဆွဲငင် စူးစိုက်ထားပြီး သူ၏ နိုကိုးရာမဲ့ခံစားမှုကို ပို၍ ထုထည် ကြီးမား

လာစေသည်။ ထို အလင်းရောင်ကြောင့်ပင် အမှောင်သည် ပို၍ နက်ရှိုင်း ကြောက်စရာ

ကောင်းနေလေသည်။

သို့သော် ... ဒီညမှာတော့ အလင်းရောင်က သူနှင့် သိပ်မစိမ်း

တော့သလိုမျိုး။ အလင်းတန်းများ၏ အကူအညီဖြင့် သူညစောင့် တာဝန်

ယူထားရသည့် နယ်မြေကို သူလျှောက်ကြည့်မိသည်။ မြေအနေအထား

စတုဂံပုံ၊ ခပ်ကျဉ်းကျဉ်း အလျားရှည်ရှည်။ အလင်းတိုင်လို သစ်သားတိုင်



ခေါလုံးလုံးများဖြင့် ကာရံ စည်းခတ်ကာ လမ်းဖြင့် ခြားထားပြီး အဆုံးတွင်

ယ်လျှောလျှော ချည်နှောင်ထား၏။

နေ့ခင်းဘက်ဆိုလျှင်တော့ ထိုတိုင်လုံးတွေက ကျည်ကွယ် မျက်ကွယ်လောက်

ရုံလောက်မှ လွဲ၍ သိပ်အားမကိုးလောက်၊ သို့သော် ညဘက်ဆို လျှင်တော့

ထိုတိုင်လုံးများရှိခြင်းက ကောင်းကောင်း လုံလုံခြုံခြုံ အကာအကွယ်ရသည်။

ခြံတိုင်ထောင့်များတွင် မီးအိမ်နီနီများက မှုန်တိမှုန်ဝါး လေးလံ

ငိုင်းမှိုင်းစွာ လင်းနေကြ၏။ ထိုသစ်သားတိုင်များ ညီညီညာညာ အစအရှိ

နိုးထောင်ထွက်နေပုံမှာ ခံတပ်တစ်ခုနှင့် တူနေလေသည်။ ညစောင့်တ

ကိုယ်သူ ရဲတိုက်ကြီး တစ်ခုကို စောင့်ရှောက်သော တပ်မှူးဟု အောက်မေ့

မိ၏။

သူ.. ဟိုဟို ဒီဒီ လျှောက်ရင်း လေးလေးနက်နက် တွေးတောသည်။

ညနေရာ သည်အလုပ်နှင့် ရင်းနှီးကျွမ်းဝင် နေသားကျ လျှက်ဖြစ်သော

ကြောင့် ဘာရယ်မဟုတ်ဘဲ စဉ်းစား ခန်းဖွင့်ဖို့ လွယ်လင့် တကူ ရောက်သွား

၏။

အလုပ်စဝင်ဝင်ချင်း ပထမဦးဆုံးညတုန်းက .... "လမ်းထို

အဓိပ္ပါယ်မဲ့ ငေးကြည့်နေရမယ့်အစား ဘယ်သူမှ မလာအောင် တပင်တပန်း

စောင့်ကြည့်နေဖို့ မလိုအောင်) "ဖြတ်သန်းသွား လာခြင်းမပြု" ဆိုတဲ့ဆိုင်း

ဘုတ်ထောင်ထား လိုက်ရင် မကောင်းဘူး လား" ဟု ကြောင်စီစီ ဝိုးတဝါး

တွေးမိ ခဲ့သေး၏။ မည်သူမျှ မလာမှသာ သူလွတ်လွတ်လပ်လပ် တွေးတော

စဉ်းစားနိုင်မည် မဟုတ်ပါလား။

အခုတော့ .. .. အဲသည်လို သိပ် သတိမထားမိလှတော့၊ သူ့အတွေးတ

များများစားစား ရှိလှသည်မဟုတ်သည့်တိုင် တွေးနေ...ည်မှာ ပျော်စရာ

ကောင်းလှ၏။ သူက အတွေးတွေကို စက်ဝိုင်းတစ်ဝိုင်းထားပြီး ဝဲလည်

စဉ်းစား နေမိခြင်းသာ ဖြစ်သည်။ ခြေလှမ်းဆယ်လှမ်းလောက် လှမ်းပြီး

ခစ်ပတ်ပတ်လိုက်၊ နောက်ပြန် လျှောက်လိုက် လုပ်သည့်ပုံမျိုး ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



တွေးနေသည့် တခဏ်တွင် သူ့စိတ်ကို စိုးမိုးထားသည့် စိတ်ကူးကို သူနှစ်သက် သာယာ၏။ သို့နောက် တခဏ်အတွက် နောက်စိတ်ကူး တစ်ခု အတွက်လည်း တောင့်တနေမိပြန် သေးသည်။ စိတ်ကူးအသစ် အသစ်များ သာရှိစေ ဆိုလျှင်တော့ ကရွက်ကင်း လျှောက်နေသည့် အတိတ်ကို ဖုံးရှိ ဆွေးမြေ့ သွားပြီး ဖြစ်သော အရာတစ်ခုလိုသူ့မေ့ဝစ်နိုင်ခဲ့မှာ သေချာ ပါသည်။ ဖျော်လင့်ခြင်း၏ စည်းစိမ်သုခကို ခံစားရမည် မဟုတ်ပါလား။

ညစောင့်က သည်ဒေသနယ်ခံလူဖြစ်ပြီး ဇနီးနှင့် သားသမီး နှစ်ယောက် ရှိ၏။ ကလေးနှစ်ယောက်စလုံးမှာ ဥမ္မည် စာမမြောက် အရွယ် များသာ ဖြစ်ကြသည်။ တစ်ယောက်က စကားပြောတတ်ခါ စပင်ရှိသေး၏။

သူဒီညစောင့် အလုပ်ကို လက်ခံပြီးကတည်းက သူ့အိမ်ရှိ ပရိဘောဂ ဝစ္စည်းများ၊ အဝတ်အထည်များ၊ သားသမီးများ . . . စသည့် အရာရာ တိုင်းသည် တောက်တောက်ပြောင်ပြောင် ဖြစ်လာသည်ဟုတော့ အောက်မေ့ရ ၏။ သို့သော် ... သူ့ဇနီးကတော့ ထိုသို့ မမြင်။

"အင်း .. .. ရှင့်ကို ကြည့်ရတာ လူမမာပုံပေါက်နေပြီ ရှင် ဒီညပိုင်း လုပ်ငန်းကို လုပ်ဖို့မကောင်းဘူး၊ သေချာတယ်"

ညစောင့်က အဲသည်လို အပြောခံရခြင်းကို နှစ်မြို့က်မိ၏။ သူ့အလုပ် အကိုင်၏ အမည်ကို "ညပိုင်းလုပ်ငန်း" ဟု အမည်တပ်ခေါ်သံကို ကြားရသည့် အခါ သာယာမိ၏။ ထိုစကားက ခင်ပွန်းဖြစ်သူ၏ အလုပ်အကိုင်နှင့် ရင်းနှီး ကျွမ်းဝင်မှု ရှိခြင်းကို အလိမ္မာနှင့် ပြသလို ဖြစ်နေသည်။

အဲသည်လို အခါမျိုးတွင် သူက .. သူ့ဇနီးကို သူ့လုပ်ငန်းတွင် ကြုံတွေ့ရသော ဒုက္ခများ၊ အဆန်း တကြယ်များ၊ မတော်တဆ ဖြစ်ရပ်များကို အတွေ့အကြုံ ရင့်ကျက်ပြီးသူ တစ်ယောက်၏ "ဘာကိုမှ ငါမမှုဘူး" ဟူသည့် လေသံမျိုးဖြင့် ပြောပြတတ်သည်။ သူတကယ် မကြုံရပဲ လုပ်ကြံပြီး ပြောသော ဖြစ်ရပ်များလည်းပါသည်။

သူပြောပြသည်ကို နားထောင်ပြီး ဇနီးဖြစ်သူက .. ..



"အမယ်လေး .. .. ကျွန်မတော့ မကြုံဘူးပေါင်တော်၊ အံ့ဩစရာပဲ ...င်တော်တော် ကျွမ်းကျင်တာပဲနော်။ မှားတယ်လို့ကို မရှိဘူး" ဟု ...န်ပြောသည်ကို နားထောင်ဖြစ်၏။

သူ့ဇနီးကို သူအလွန်ချစ်သည်။

ဘာဖြစ်လို့ ဒီလောက် ချစ်နေရပါလိမ့်၊ စစ်အတွင်းက လေကြောင်းမှ ...ကြဲသည့် အန္တရာယ် ကာကွယ်ဖို့ မီးရောင်ကာရန် ပေးထားသော လိုက်ကာစ ...ည်းညည်ပြာပြာကြီးများဖြင့် (သူ့နေ့ခင်းဘက် အိပ်၍ ရစေရန်) အလင်းဝင်ပေါက် ...တို ပိတ်ဆို့ကာရံ ပေးထားရုံမျှ ဖြင့်တော့သည်လောက်အထိ ချစ်သွား ...သည် မဟုတ်ပါ။

သူ .. .ခုထိ နေ့ခင်းဘက် အိပ်ရသည်ကို နေသားမကျ အကျင့် ...သေး။ အခန်းက လင်းထိန်လွန်းနေသည်။ သို့သော် လိုက်ကာ မည်းမည်းကြီး ...ဖြင့် ကာထားသောကြောင့် တော်သေး သည်။ ထို လိုက်ကာစကြီးများကို ...င်ရသည်မှာ ပျော်စရာကောင်း ပါသည်။ စစ်ကြီးပြီးဆုံးသွားပြီဟူသည့် ...ချမ်းသာမှုကိုပေး၏။ တကယ်ဆိုလျှင် စစ်ကြီးပြီးသွားပြီ ဖြစ်သောကြောင့် ...လိုက်ကာ စကြီးများကို သုံးဖို့မလိုတော့ပါ။

သူ .. .. အကြိမ် ၂၀ မြောက် ဝင်မံ သမ်းဝေ လိုက်မိပြန်၏။ ...ည့်ပတ် စောင့်ရှောက်နေရသည့် နယ်နိမိတ် ကိုပင် ကျော်လွန် သွားတော့မလို ...ဖြစ်သွားသည်။ သူအိပ်ရေး ပျက်နေသည်မှာ သေချာပါသည်။ ခဏ ...ောက်တော့ တဲထဲမှာ ထိုင်ပြီး အနားယူလိုက်ဦးမှပဲလေ ....။

တွေးရင်း မီးလင်းဖိုဆီ သူပြန်လှည့်လာသောအခါ ခြစည်းရိုး တိုင်များကို ...လင်းဟပ်နေသည့် မီးရောင်လက်လက်ကို မြင်ရ၏။ တိုင်များ၏ အရိပ်ကို ...သတိပြုလိုက်မိသည်။

မီးလင်းဖိုကြီး၏ မျက်နှာချင်းဆိုင် သူ့ဟာတခါးမှ တစ်ပေ၊ နှစ်ပေ ...ကွာတွင် လက်ဝဲဘက်တိုင်၏ အရိပ်ပျောက်နေသည်။

တစ်စုံတစ်ယောက် ....

www.burmeseclassic.com

www.burmeseclassic.com



မီးဖိုရှေ့တွင် ထိုင်နေသည်။ ညစောင့်လမ်းလျှောက် နေသည့် ခြံဝင်းဘက်ကို ကျောပေးထား၏။

“ထူးဆန်းလိုက်တာ။ သူဝင်လာလိုက်တဲ့ အသံကို ငါမကြား လိုက်ရတာ အံ့သြစရာပဲ” ထိုအသိက ညစောင့်ကို ရုတ်တရပ် လှုပ်နိုးလိုက်၏။ အတွေးထဲတွင် နစ်မျောနေမိရာမှ ခြောက်ကပ်မှောင် မိက်သော လမ်းသွား ကလေးရှိရာ လက်တွေ့ ကမ္ဘာအစစ်ဆီ ဖြုန်းခနဲ သူပြန်ရောက်လာသည်။

အင်း .... သိပ်ခြောက်ကပ်လှတယ်တော့ မဟုတ်ဘူး လေ။ နာရီဝက် တစ်နာရီလောက် စကားပြောရမယ့် အခုလို အဖော်တစ်ယောက် လောက် ရှိလာပြီဆိုရင်တော့ ဘယ်ခြောက် ကပ်ကပ် နိုင်တော့မလဲ။

ညစောင့်က ထိုလူစိမ်းဆီ တဖြည်းဖြည်း ချဉ်းကပ်သွား သည်။ ထိုလူစိမ်းက သူလာနေသည်ကို လုံးဝ ဂရုမထားသောကြောင့် စိတ်ထဲမှာ နည်းနည်း အခံရခက်သလို ဖြစ်မိ၏။

သူရပ်တန့်လိုက်သည်။

“ငါ ထင်ထားတဲ့အတိုင်းပါပဲ၊ ဒီကောင် မူးနေပြီ” ဟု သူတွေးလိုက်၏။

သူ့ဇနီးကို ပြန်ပြောပြဖို့ ကောင်းမည့် တကယ့်ဖြစ်ရပ်မှန် ဇွန့်စားခန်း တစ်ခုဖြစ်၏။

“အဝေါင်းအသင်းရေ .. အိမ်ပြန်ပြီး အိပ်ပါတော့ကွာ။ အဲဒါမင်းအတွက် အကောင်းအဆုံးနေရာကွ”

ဟု ပြောလိုက်ရန် သူစိတ်ကူးသည်။ အရက်သမားတွေ အဲသည် လေသံမျိုးဖြင့် ပြောတတ်ကြသည်ကို သူကြားဖူး၏။ ထိုလေသံမျိုးဖြင့် ပြောတတ်ကြသည်ကို သူကြားဖူး၏။ ထိုလေသံမျိုးသူ ပြောနိုင် မပြောနိုင် သူသိချင်သည်။

လေသံမဖို့က စကားလုံးတွေထက်ပိုအရေးကြီးတယ် ဟု သူတွေးလိုက်၏။ နောက်တော့ သူခြေထောက်တွေကို တရွတ်တိုက် ဆွဲကာ မီးလင်းဖိုဆီ



လျှောက်လာခဲ့သည်။ နောက် အသံကျယ်ကျယ်ဖြင့်ချောင်းဆိုးလိုက်၏။

ငါတော့ အအေးမိတော့မှာပဲဟု သူခံစားရသည်။

လူစိမ်းက သတိမပြုမိသေး။ သူ့အတွေးနှင့်သူ နစ်မျောနေ ဆဲသာ ရှိသေး၏။ ညစောင့်က . . .

“တော်တော်သာယာတဲ့ ညပဲဗျာ”

ဟု ခပ်ကျယ်ကျယ် လှမ်းအော်ပြောလိုက်သည်။ ဘာမှ မရှိသည့် လမ်းကလေးထဲမှာ အဲသည်လို အော်ကြီးဟစ်ကျယ် ပြောရ သည်မှာ တော်တော့ ကြောင်စီစီနိုင်လှသည်။ လူစိမ်းက လှည့်မကြည့် ၊ လူစိမ်းက သူ့ဘက်ကို လုံးဝ လှည့်မကြည့်ဘဲ ပြန်ပြော၏။

“အင်း. . . သာယာပါတယ်၊ ဒါပေမဲ့ အေးတယ် . . . ဗျ။ မနက်ကထက်တောင် ပိုအေးသလိုပဲ”

ညစောင့်က မီးလင်းဖိုကြီးထဲသို့ ကြည့်လိုက်သည်။ မနေ့ ညက ထည့်ခဲ့သောက် ကျောက်မီးသွေးတွေ မရှိတော့။ မီးသွေး နည်းနည်း ထပ်ဖြည့်လိုက်ဦးမယ် . . . ဟု စိတ်ကူးပြီး ဂေါ်ပြားကို သူကောက် ကိုင်လိုက်သည်။

မီးသွေးအပုံနည်းနည်း ရှိဦးမည်ဟု သူမျှော်လင့်ထားသော်လည်း အကြွင်းအကျန် အစအနကလေးမှလွဲ၍ ဘာမှ မတွေ့ရ။ ဒီညအတွက် ကျောက်မီးသွေးထပ်ဖြည့်ဖို့ မေ့သွားခဲ့သည်။

မီးဖိုကို ကျောခိုင်းထိုင်နေသူကို ညစောင့်က လှမ်းပြော လိုက်ခြောက်လိုက်၏။

“မီးဖိုဘက် လှည့်လေကွာ ၊ လက်တွေကို နွေးအောင် ကင်လိုက် မီးရှိနိုက သိပ်များလှတာတော့ မဟုတ်ဘူးပေါ့. . ဒါပေမဲ့ . . . ငါလည်း ဘာတတ်နိုင်မှာလဲ။ သူတို့က မီးသွေးအပို ပေးခဲ့ဖို့ မေ့သွားတာကိုး။ ငါ မရှိတုန်း မီးသွေးတွေကို တစ်ယောက်ယောက် ခိုးသွားတာတော့ ဟုတ်မယ် မထင်ပါဘူး”

ကျောက်မီးသွေးများကို ခိုးမည့်သူ ရှိလိမ့်မည်ဟု သူတကယ်လည်း မယုံကြည်ပါ။

www.burmeseclassic.com

www.burmeseclassic.com



စကားစရလိုရငြား ပြောကြည့်ခြင်းသာ ဖြစ်၏။

လှစိမ်းက ပန်းသားတွေ တွန့်လိုက်သလိုမျိုး နည်းနည်းလှုပ်လှုပ် ရှားရှား ဖြစ်သွားပြီ . . .

"ကျေးဇူးပဲ၊ ရတယ်။ ကျွန်တော် ကျောဘက်ကိုပဲ မီးလှုံ ချင်တာ"

တော်တော်ကြောင်တဲ့ စိတ်ကူးပဲဟု ညစောင့်က အောက်မေ့ လိုက်၏။ လှစိမ်းက ဆက်ပြောနေပြန်သည်။

"လူတွေဟာ လွယ်လွယ်နဲ့ မေ့တတ်ကြတာကို ခင်ဗျား သတိ ထားမိလား၊ ဆိုလိုတာက ခင်ဗျားအတွက် မီးသွေး အပိုထားပေးခဲ့ပြီး မေ့သွားတယ်ဆိုတာ ခင်ဗျားကို ဂရုမစိုက်ရာ ရောက်တာပေါ့၊ အအေးထဲမှာ ခင်ဗျားကို ပစ်ထားခဲ့တာပဲ"

အအေးက တဖြည်းဖြည်း ပိုသိပ်သည်း အေးစက် လာသည်။ ညစောင့်က ခပ်ပေါ့ပေါ့ ပြန်ပြောလိုက်၏။

"အဲ . . . အဲသလိုကြီးတော့ မဟုတ်ပါဘူး။ သူတို့ဟာ သူ့ရိုးရိုးသားသားမေ့သွားတာပါ။ ခင်ဗျားသိတဲ့ အတိုင်း ပဲလေ . . . အလောတကြီး အိမ်ပြန်ကြတာကိုး ၊ မေ့တာပေါ့"

ပြောရင်းနှင့်ပင် အင်း . . . တကယ်ဆိုလူတို့ မမေ့သင့်ဘူး ဟု သူတွေးနေခဲ့ ရှိသေးသည်။ သည်တစ်ခေါက် မီးသွေး ထည့်ရမည့် အလှည့်က ဘီလ်ဂျက်ဆင်၏ အလှည့်။ အပေါင်းအသင်း များက "အဘိုးကြီးဘီလ်" ခေါ်ဝေါ်နေကျဖြစ်သော ဘီလ်ဂျက်ဆင်၏ အလှည့်ပင်ဖြစ်သည်။

သူက ငါ့ကို သိပ်သဘောကျလှတာ မဟုတ်ဘူး . . ဟု သူတွေး လိုက်၏။

အင်း . . . သူတို့နဲ့ ငါ ရင်းနှီးသွားတဲ့ အခါကျရင်တော့ အားလုံး အဆင်ပြေသွားမှာပါလေ . . . ။

ဧည့်သည်လှစိမ်းက တုတ်တုတ်မှ မလှုပ်သေး။ သူ့ကို လှုပ်လှုပ်ရှားရှား ဖြစ်လာအောင် ငါ ဘာလုပ်ရင်ကောင်းမလဲ . . .ဟု ညစောင့်ရန် စဉ်းစား



ကြည့်လိုက်သည်။ သူ့စိတ်ကိုလာအောင် ဆွပေးလိုက် သလို ၊ စိတ်အနှောင့် အယှက် တစ်မျိုးမျိုး ဖြစ်နေရ သလိုလို...၊

လှစိမ်း၏ အသံက သူ့အတွေးတွေကို ဖြိုခွဲလိုက်၏။

"ခင်ဗျား . . . ဒီညစောင့် အလုပ်ကို မကြိုက်ဘူးလား"

ညစောင့်က ခပ်ပေါ့ပေါ့ပင် ပြန်ဖြေလိုက်သည်။

"အင်း . . . သိပ်မဆိုးပါဘူး ၊ ပိုက်ဆံကောင်းကောင်း ရတယ်လေ။ သိတယ်မဟုတ်လား"

"ပိုက်ဆံကောင်းကောင်းရတယ် ၊ ဟုတ်လား ဘယ်လောက်ကြီး များတောင် ရလို့လဲ"

လှစိမ်းက သရော်သံ စနဲ့သံဖြင့် မေးသည်။ ညစောင့်က သူ့လစာကို ပြောပြလိုက်သောအခါ . . . လှစိမ်းက

"ခင်ဗျားမှာ အိမ်ထောင်ရှိလား။ ကလေးကော ရပြီလား"

"အင်း"

ညစောင့်က စိတ်မပါဘဲ နှင့် ဖြေလိုက်သည်။ လှစိမ်းက . . .

'ကဲဗျာ ၊ ခင်ဗျားကလေးတွေ ဒီထက် နည်းနည်း ပိုကြီး လာပြီ ဆိုရင် ခင်ဗျားလစာနဲ့ လောက်ပါတော့ဦးမလား။ ခင်ဗျား တိုးတက်စရာ အခွင့်အလမ်းကော ရှိသေးလို့လား"

ညစောင့်က "ဟင့်အင်း" ဟု ပြန်ဖြေလိုက်၏။ သူ့မှာ ဒီတစ်ခုသာ ရခဲ့ဖူးပါသည်။ လှစိမ်းက ထပ်ပြောပြန်သည်။

"ကုန်ဈေးနှုန်းတွေကလည်း ထပ်တက်လာဦးမှာဗျ"

အပြောင်းအလဲ တစ်ရပ်သည် ညစောင့်၏ အတွေးအမြင်ပေါ် ဖုံးလွှမ်း အုပ်မိုးလာသည်။ ဂနာမငြိမ်မှုနှင့် စိတ်တင်းမာမှု တိုး . . . တိုးလာသော ထိုစကားတွေ အားလုံးကို သူမငြင်းဆန်နိုင်ပါ။

ညစောင့်၏ စိတ်ထဲတွင် . . .

"ဟော့ကောင် . . . မင်းဘာအချိုး လာချိုးနေတာလဲကွ" ဟု

www.burmeseclassic.com

www.burmeseclassic.com



လူစိမ်းကို ပြန်ပြောဝစ်လိုက်ချင်စိတ် ပေါ်နေ၏။ ထိုစကားစုများကို ပင့်သက်ရှိုက်သံနှင့် ပြန်မျိုမျိုချပစ်နေရသည်။ သူ. . . မတတ်နိုင်ပါ။ အဲသည်လို ပြောမထွက်နိုင်ပါ။

သူ့စိတ်၏ ဖွဲ့ကွဲ့အခြေအနေကို ညှိသည်က ဖန်ဆင်းချုပ်ကိုင် ထား၏။ သူ့စိတ်၏ အရှင်သခင် ဖြစ်နေလေသည်။

အတွေးထဲတွင် အခြားပုံရိပ်တစ်ခုက သူ့ရှေ့မှောက်မှာပင် တရွေ့ရွေ့ လွင့်မျောနေ၏။ အစက စိတ်ကူးထားသလို သာယာမှုအတိပြီးသည့်ပန်းခင်းသော ဘဝပုံရိပ်မဟုတ်တော့။ အခု မြင်နေရသည့် ဘဝ၏ ရုပ်ပုံကားချပ်ထဲ၌ဝကွ ဖုန်မှုန့်တွေ စွန်းထင်းနေသည့် ရွှံ့ခြောက်ရောင် မွဲမွဲ ဘဝ. . .။ သို့သော် . . . ထိုဘဝသည် အိမ်က ဇနီးနှင့် သားသမီးများ၏ ယုံကြည်စိတ်ချ စရာအထောက် အကူကြောင့်သာ တော်ပေသေးသည်။

ဘဝဆိုတာ ဒီလိုပါပဲလေ . . . ဟု သူတွေးလိုက်၏။ တွေးမယ့်သာ တွေးရသည်။ သူကိုယ်တိုင်လည်း ထိုစိတ်ကူးကို မနှစ်မြို့။ အဲသည်လိုအတွေးမျိုးနှင့်လည်း စိတ်သက်သာရာ မရှာချင်။ သူစုံမက်စုံမင်သည်က တခြားဖြစ်၏။ သည်လိုမဟုတ်။ လူစိမ်းက . . .

"နေ့ခင်းဘက်တွေဆိုရင်ကော ခင်ဗျား အိပ်လို့ပျော်ရဲ့ လား"

"ကောင်းကောင်း အိပ်မရပါဘူး"

ဟု ညစောင့်က ပြန်ဖြေလိုက်ရသည်။

"ဪ . . . ၊ သနားစရာကောင်းလိုက်တာ . . .။

အင် ဆွန်းမနီးယား (အိပ်မပျော် ရောဂါ)ပဲ"

ထိုစကားကို ညစောင့်က

"ကိုယ်က အိပ်ချင်ပေမယ့် အိပ်လို့ မပျော်နိုင်တာမျိုးကို ဆိုလိုတာလား"

ဟု အမိပ္ပါယ်ကောက်လိုက်သည်။ ကျိတ်ပြီး ဂုဏ်ယူချင် သလိုလို ဖြစ်မိသေး၏။



လူစိမ်းက . . .

"အင်းပေါ့။ လူတစ်ယောက်ကို နေထိုင်မကောင်း ဖြစ်စေ . . . တတ်တယ်။ တစ်ခါတလေ . . . ရူးတောင် ရူးသွား တတ်သေးတယ်။

သူများက လာပြီး ညှဉ်းပန်းနှိပ်စက်တာကို အံကြိတ်ခံ ရတော့ . . . တော်သေးတယ်။ ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲနှိပ်စက်ရတဲ့ အလုပ်က ရူး . . . ဝိုနီးစပ်တာပေါ့"

လိုက်ကာစ မည်းမည်းပြာပြာကြီးတွေ ကာထားလိုက်ရင် အိပ်လို့ ရတာပဲ . . . ဟု ပြောပစ်လိုက်ချင်သည့်စိတ်က ညစောင့်၏ လျှာထိပ်ဖျားသို့ ရောက်လာ . . . ၏။ နောက်မှ . . . အတော်ကြောင် တောင်တောင်နိုင်သည်ဟု တွေးမိပြီး . . . မပြောဘဲ နေလိုက်သည်။

နောက်ပြီး . . အဲသည်ရောဂါကို ကုစားဖို့ ဘာလုပ်ရမည် ဆိုသည်ကို . . . လည်း အဖြေထုတ်ပြနိုင် မပြနိုင် သိချင်သေးသည်။ လူစိမ်းက မှတ်ချက် . . . သည်။

"ခင်ဗျားကလေးတွေအတွက်ကော . . . ဒီအလုပ်ဆင်း နေတော့ . . . ကလေးတွေနဲ့ အတူတူနေဖို့ ခင်ဗျားအချိန်မပေး နိုင်ဘူး။ သူတို့ကြီးဖြစ်လာ . . . တဲ့အခါ ခင်ဗျားနဲ့ စိမ်းနေလိမ့်မယ်။ ဘာဖြစ်လို့လဲ သိလား။ သူတို့ . . . မနက်အိပ်ရာက နိုးလာတဲ့အခါ ခင်ဗျားက အိပ်နေပြီ။ ခင်ဗျား နိုးနေတဲ့ညကိုကျတော့ သူတို့က အိပ်နေရော . . .။ ကျွန်တော် ပြောရဲတယ် . . တကယ် . . . တွေဟာ ငယ်ငယ်တုန်းမှာ ဖခင်ရဲ့ မေတ္တာကို နားလည်ခွင့် မရရင် . . . တစ်သက်လုံး နားမလည်တော့ဘူး"

လူစိမ်းပြောသော စကားများကို ညစောင့်က သိပ်လက်မခံ . . . လှချေ။ သူ့ကလေးများသည် လိမ္မာပါးနပ်ပြီး ချစ်စရာကောင်းသော . . . ကလေးများဖြစ်ကြောင်း သူကောင်းကောင်းသိသည်။ အကြီးကောင်က သူ့ကို "ဖေဖေ" ဟု ပင်ခေါ် တတ်နေပြီ။ အငယ်ကောင်ကလည်း သူ့ကို အဖေဖြစ်ယောက် . . . အနေဖြင့် သိတတ်မှတ်မိနေပြီဟု ဇနီးဖြစ်သူ၏ စကားအရ သိရ၏။

www.burmeseclassic.com



သူ့ခနီးကတော့ ကလေး၏ အပြုံးကို မြင်ရရုံနှင့်ပင် သိသည်ဟု ဆို၏။ အဲသည် စကားတွေကို သူမမေ့ပါ။ လွန်ခဲ့သည့် နာရီဝက် လုံးလုံး ဒီအကြောင်းတွေကိုချည်း သူတွေးနေခဲ့မိသည် မဟုတ်ပါလား။ သူ . . ဘာမှ ပြန်မပြောဖြစ်။ ထိတ်ဆိတ်နေမိသည်။ လှစိမ်းက . . .

"ခင်ဗျားနေရာမှာ ကျုပ်သာဆို တခြားအလုပ်တစ်ခုခုကို ကြိုးစားပြီး ရှာမှာပဲ။ ဒီလိုမှ မလုပ်ရင် ခင်ဗျားမလွယ်တော့ဘူး။ ခင်ဗျား မိန်းမကော ဘာပြောသေးလဲ"

ညစောင့်က အတွေးထဲတွင် နစ်မျောနေ၏။ အနည်းဆုံး . . . ဓေးခွန်းကို ဘယ်လိုဖြေရမလဲ . . . ဟု သူတွေးနေသည်။ ဘာပဲပြောပြော . . သူအတော် ဆိုးဆိုးရွားရွား စိတ်အနှောင့် အယှက် ဖြစ်မိ၏။

စိတ်ဒုက္ခထဲတွင် ပင်ပန်းတကြီး မျှော်လင့်ချက်ကင်းမဲ့ စွာဖြင့် ချာချာလည်နေ၏။

သူက မငုံ့မရဲဖြင့် . . .

"ငါ အလုပ်နဲ့ ပတ်သက်ပြီး ဒီလောက်ထိ စဉ်းစားမထား ခဲ့မိဘူး . . . ။ ဒါ . . အဖေ့အပြစ်ပဲ"

ထိုအချက်ကို အရင်းတုန်းက သူတစ်ခါမှ ဝန်မခံဖူးပါ။ အဖေ့ကို အဲသည်လို ပစ်ပစ်ခါခါ ပြောလိုက်မိသဖြင့် သူ့စိတ်ထဲ ထိနိုက်တုန်လှုပ်မိ၏။

"ငါ . . ဘာဖြစ်သွားတာပါလိမ့်" ဟု သူတွေးမိသည်။ ထို့နောက် . . . ညစောင့်က စိတ်ကိုတင်းလိုက် ပြီး . . .

"ငါ့ခနီးက အဆင်ပြေပါတယ်။ သူက ငါ့ကို ဝစ်သွားမှာ မဟုတ်ဘူး"

သူက လှစိမ်း၏ နောက်ထပ် တိုက်ခိုက်လာမည့် စကားကို ကြောက်ရွံ့ တုန်လှုပ်စွာ စောင့်မျှော်နေမိ၏။

မီးလင်းဖိုမှ မီးအရှိန်က အားနည်းပျော့ကျလာသည်။ မီးဖိုကပြာတွေ အောက်မှာ အရာရာသည် အသက်ကင်းမဲ့သလို ဖြစ်နေ၏။ အပူရှိန်



. . .ကျသွားသော်လည်း သူ့နဖူးပေါ်မှာ . . . အဝတ်အစား တွေပေါ်မှာ . . .တ်တွေ ရွှဲနစ်နေမှန်း သူခံစားရသည်။

ငါ့ကိုယ်လုံး အေးစက်တုန်ခိုက်နေတော့မှာပဲ . . . ဟု သူတွေးမိသည်။ . . . စတက်နိုင်ပါ။ ကလေးဘဝကတည်းက ရရှိန်အထိ သည်လို . . .တူးမျိုး မပေါ်ခဲ့ဖူးပါ။

. . .မ်းက . . .

"ဟုတ်ပါတယ်၊ ခင်ဗျားခနီး . . ."

. . .အသံက အေးစက်လွန်းနေ၏။ စကြာဝဠာတစ်ခုလုံးကို ဝါးမျိုး . . .တ်မည့် အသံမျိုး . . .။ အမှန်တရား ကျောက်သား ထုကို ချွန်မြသော . . .ခုံတစ်ရာဖြင့် ထွင်းထုတော့မည့် အသံမျိုး . . ။ ပြန်လှန် အန်တုရှိ . . .နိုင်သည့် ဩဇာသံမျိုး . . .။

"ခင်ဗျားခနီးနဲ့လည်း မျက်နှာချင်းဆိုင်ဖို့အချိန် သိပ်မရ ခဲ့ဘူး . . .တ်လား။ နင့်ဘာသာ နင်နေတော့ဆိုပြီး ပစ်ထားသလိုမျိုး ဖြစ်နေတယ်။ . . .တယ်မဟုတ်လား။ မိန်းမ . . . ဆိုတာမျိုးကကွာ . . . ၊ ဒါမျိုးဆို . . .ဲ့အတိုင်းပဲ။ အန္တရာယ်ရှိတယ်နော်"

နောက်ဆုံး စကားက သူ့ကိုစိန်ခေါ် လိုက်သလို ဖြစ်သွား၏။ သူတို့ . . .ပြင်း ထန်ထန် ထိုးနှက်လိုက်သည့် အလားပင် . . .။ သူရင်ထဲ အောင့်သွား . . .။ စိတ်ကို တင်းမထားနိုင်တော့ ၊ ခါတိုင်းထက်ပို၍ ကိုးကွယ်ရာ မဲ့စွာ . . .နေရစ်ခဲ့သလို ခံစားရလေ သည်။

လှစိမ်းက . . .

"ခင်ဗျား မမြင်ကွယ်ရာရောက်နေတော့ ခင်ဗျား မိန်းမက . . .ည်းနေမယ် ထင်သလား။ ဝေးပါသေးရဲ့။ ပျော်တော့ ပျော်နေမှာ"

လှစိမ်းက ရယ်မောလိုက်သည်။ သူ့ပခုံးများ လှုပ်ခါ သွားသည်ကို . . .ာင့်က မြင်လိုက်ရ၏။ လှစိမ်းက . . .

"ခင်ဗျားလို အဖြစ်တွေ အများကြီး ကျုပ်တွေ့ဖူးပါတယ်။ အိမ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားမရှိတော့ . . . အင်း၊ ကြောင်မရှိတော့ ကြွက်မြူးဆိုသလိုပေါ့ သိတယ် မဟုတ်လား။ ဒီအလုပ်ကို မပြီး မချင်း လုပ်ပါမယ်လို့ ကတိခံဝန်ချက် လက်မှတ်ထိုးထားတော့ကာ ခင်ဗျားအတွက်တော့ ဝမ်းနည်း စရာ ဖြစ်နေပြီ

(သူကတိဝန်ခံချက်ဖြင့် အလုပ်လုပ်နေရသည့်အကြောင်း ဒီလူ... ရှေ့တွင် တစ်ခါမှ မပြောသေးပါ)

"ဒါပေမဲ့ ခင်ဗျားအနေနဲ့ ကျုပ်ပြောတဲ့ အကြံအတိုင်း လုပ်... ခင်ဗျားအိမ်ကို စောင့်ကြည့်ဖို့ သူငယ်ချင်းတစ်ယောက်ကို ရှာလိုက်။ သူည... မနေနိုင်လည်း ကိစ္စမရှိပါဘူး။ မနေနဲ့ပေါ့။ အရိပ်အခြည် ကြည့်နေဖို့... သူ့ကို မှာထားလိုက်"

လူစိမ်းက စကားပြောလို့ ဝသွားပုံရသည်။ သူ့ဦးခေါင်းက ငိုက်... ငိုက်ကျလာ၏။ သူ့ကို ကြည့်ရသည်မှာ အေးပုံမရ။ ညစောင့် ခရာမှာ... အသက်ကိုပင် မနည်းရှုနေရသည်။ မတ်တတ်ပင် ကောင်းကောင်းမရပ်နိုင်... ဒယိမ်းဒယိုင်ဖြင့် လျှောက်သွား လိုက်ရင်း . . . ဒီနေရာဟာ ဘာဖြစ်... ဒီလောက်တောင် သပ်ရပ်နေရတာလဲ . . . ဟု မဆီမဆိုင် တွေးနေမိသေး၏

အရင်တုန်းက သူ မျှော်လင့်ခဲ့မိသည့် တိုးတက်မှုဆိုသည့် အရာသည် ရယ်စရာကောင်းသလို ဖြစ်နေ၏။ သူ့အတွေးထဲမှာ ရှုပ်ထွေးနေသည့်အရာ သူ့ဦးနှောက်ကို တဒိုင်းဒိုင်း ထုခတ် ထိုးနှက် နေသည့် အရာ . .

တဖြည်းဖြည်း နှင့် သူ့အတွေးထဲမှာ ပုံပေါ်လာသည်။ သူ့လည်... တွင် ဖွဲ့ချည်ထားသည့် အနီရောင်လက်ကိုင်ပုဝါကို သူဖြေလိုက်သည်။ လွန်ခဲ့... နာရီအနည်းငယ်က သူ့လက်ချောင်း တွေနှင့်ပင် ထိုလက်ကိုင်ပုဝါ... ထိုးချည်ခဲ့သည်ကို သတိမရ။ ထိုလက်ကိုင် ပုဝါကို သူ့ထမင်းဘူးကို ထုပ်သည့် အဝတ်စတစ်ခု အဖြစ်နှင့်လည်း သတိမရ . . .။

အဲသည် မသဒ္ဓါရေစာ ထမင်းဘူးတစ်ဘူး အတွက်ပင်လျှင် သူတို့ယော... ယား စကားများရသေးသည်။ သူ့လခ တိုးလာမှ အဆင်ပြေသွား၏။

သူ့အကျႌအိတ်ထဲမှ ဓားကို ယောင်ယမ်းပြီးစမ်းမိသော ကြောင်...



...ကိုင်ပုဝါ လွှတ်ကျသွားသည်။ ဓားက လက်ကိုင်ရိုး မပါသော သင်တုန်းဓား ...ဖြစ်သည်။ ဓားက အေးစက်မာ တောင့်နေ၏။

သူအနည်းငယ် ခဲယဉ်းစွာ ဆွဲထုတ်လိုက်သည်။

ငါ . . ဒါကို လုပ်နိုင်ရင်တောင်မှ။ ရှောရှောရှူရှူ ဖြစ်ပါ့မလား . . . ဟု သူဝိုးတဝါး တွေးနေမိ၏။ ဘာဖြစ်လို့ မလုပ်နိုင်ရမှာလဲ . . .

မီးလင်းဖိုကြီးအနီးသို့ သူ့ခြေတစ်လှမ်း တိုးသွား လိုက်သည်။ မီးလင်းဖိုသည်ပင်လျှင် သူ၏ တစ်ခုတည်းသော တွယ်တာစရာ ဖြစ်လေသည်။

* * *

သည်နောက်တွင်တော့ . . . လူစိမ်းသည် ညအမှောင်ထဲတွင် ...ထွက်လာခဲ့တော့၏။ အသက်ဝိညာဉ် ကင်းမဲ့နေသော ညစောင့်၏ ခန္ဓာကိုယ်ကို တစ်ချက်လှည့်ကြည့်လိုက်သည်။

ခြံဝင်းထဲမှ ထွက်ခါနီးတွင် ခဏ တုံ့ဆိုင်းစွာ ခြေလှမ်း လိုက်သေး၏။ ညစောင့်က သူ့ကို နှုတ်ဆက်ဖိတ်ခေါ်ခဲ့ပုံကို ဖျတ်ခနဲ သတိရလိုက်မိသေးသည်။ နောက် . . . သူ့လှည့် ထွက်ခဲ့သည်။ သူ့ကိုယ်သူ မယိုင်သွားအောင် ခြံဝင်းတိုင်များကို အားပြုမှေးကိုင် စရာပင် မလိုပါ။

လူစိမ်းက လမ်းကိုဖြတ်ကူးပြီး မျက်နှာချင်းဆိုင်ရှိ တစ်ဖက်ပိတ် လမ်းကြားကလေးထဲသို့ဝင်သွားသည်။ သူ့ခြေရာများသာ ကျန်ရစ်ခဲ့သည်။ နက်ရောင် ခြေရာတွေက . . . မညီမညာ။

တစ်ဖက်ပိတ် လမ်းကြားကလေးထဲသို့ ဝင်သွားပြီး သူပြန်ထွက်မလာတော့ချေ။ သူ အဲသည်မှာ နေပုံရ၏။

* * *

www.burmeseclassic.com

# သင်္ကေတများနှင့်လူ

Signal Man (Charles Dicken )

www.burmeseclassic.com

www.burmeseclassic.com

"ဟော့ . . . အောက်ဘက်ကလူ"

သူ့ကို လှမ်းခေါ်လိုက်ချိန်တွင် သူက လက်ထဲ၌ အချက်ပြ အထံကို လိပ်ကိုင်ရင်း တွဲဝတံခါးအနီးတွင် ရပ်နေ၏။ အသံလာရာ အရပ်ကို သိနေသော လူတစ်ယောက်အဖို့ တွေဝေ နေစရာ မလို။

သူ့အပေါ်ဘက်တည့်တည့်တွင် ရပ်နေသော ကျွန်တော့်ဆီ ခေါင်းမော့ကြည့်လိုက်ရုံသာ ရှိသည်။

သို့သော် . . . သူက ကျွန်တော့်ဆီ မော့ကြည့် ရမည့် အစား အောက်ဘက်မှ ကုန်တင်တွဲသွားလမ်းဆီသို့ ခေါင်းငုံ့ ကြည့်နေ၏။ သူ လုပ်ပုံက ထူးဆန်းနေသည်။ ကျွန်တော့် ဘဝမှာ ဘာဖြစ်လာ မည်ကို ကျွန်တော် မပြောနိုင် . . . ။

သို့သော် . . . ကျွန်တော် သတိပြုရလောက်အောင် ထူးခြားနေ မှန်းတော့ သိသည်။ သူ့ပုံရိပ်က အောက်ဘက် ကုန်တင်မြောင်းအနက်ထဲတွင် ရောက်နေသောကြောင့် အမှောင်ရိပ် ကျကာ မပီမသ ဖြစ်နေ၏။ ကျွန်တော် ကတော့ သူ့အထက်တွင် ရှိနေသော ကြောင့် ဆည်းဆာနေရောင် ပြင်းပြင်း အောက်မှာ အထင်းသား တောက်ပနေလေသည်။



ကျွန်တော့်မျက်လုံးများကို လက်ဝါးဖြင့် နေရောင် ကာရင်း သူ့ကို ကြည့်နေရသည်။

"ဟေး အောက်ဘက်ကလူ"

ကုန်တင်တွဲသွားလမ်းကို ငုံ့ကြည့်နေရာမှ လှည့်ပြီး သူမော့ကြည့် သည်။ ကျွန်တော့်ကို သူမြင်သွား၏။

"ငါအောက်ဆင်းလာလို့ ရမယ့်လမ်းရှိလား၊ မင်းနဲ့ စကားပြော ချင်လို့"

သူက ပြန်မဖြေဘဲ ကျွန်တော့်ကို မော့ကြည့်နေသည်။ ကျွန်တော်က ဘာရယ်မဟုတ်၊ ပျင်းပျင်းရှိသောကြောင့် လှမ်းပြောလိုက်ခြင်းသာဖြစ်၏။ ထို့ကြောင့် သိပ်လေးလေးနက်နက်ကြီး ထပ်မေးမနေချင်။ သူ့ကို ငုံ့ကြည့်ရုံသာ ကြည့်နေလိုက်သည်။

မြေကြီးနှင့် လေထု တုန်ခါသံကို ကြားရ၏။ ရုတ်တရက်လိုဝင် ထိုအသံက ကြောက်စရာကောင်းလောက်အောင် အဆက်မပြတ် တုန်ဟည်းပြီး တရကြမ်းမောင်းနှင်လာသောကြောင့် ကျွန်တော်လန့်ပြီး နောက်ဆုတ် လိုက်မိ၏။

ထိုအသံက ကျွန်တော့်ကိုအောက်သို့ အတင်းဆွဲချနေသလို ခံစား နေရသည်။ ရထားက တရကြမ်းခုတ်မောင်းဖြတ်သန်း သွားသောအခါ ရေနွေးငွေ့များက ကျွန်တော်ရပ်နေရာ အမြင့်အထိ ရောက်လာ၏။ မြင်ကွင်းတွေ မှုန်ဝါးသွားသည်။ ကျွန်တော် .... အောက်သို့ ထပ်ငုံ့ကြည့် လိုက်မိပြန်၏။

ရထားခုတ်မောင်းသွားခိုက်မှာပင် ... အလံကို ဝှေ့ယမ်းပြသွားသည့် သူ့ကို မြင်ရသည်။

ဘာဖြစ်တာပါလိမ့် .... ဟု ကျွန်တော်သိချင်လာပြန်သည်။ ခဏနေတော့ .....၊ သူ ကျွန်တော့်ကို စူးစူးစိုက်စိုက် သတိထားမိသွား၏။ သူက လက်ထဲတွင် လိပ်ပြီးကိုင်ထားသည့် အလံဖြင့် တစ်နေရာဆီ ညွှန်ပြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူပြသည့် အဆင်းလမ်းက ကျွန်တော်ရပ်နေသည့် အမြင့်မှာပင် ရှိ၊ ကျွန်တော်နှင့် တိုက်နှစ်ရာသုံးရာခန့် ဝေးသည်။

"အေး .... အေး ....၊ တွေ့တယ်"

ဟု ပြန်ပြောပြီး ထိုနေရာသို့ ကျွန်တော် လျှောက်သွားလိုက်၏ တစ်ဆစ်ကွေး၊ ထောင့်ချိုးများနှင့် ဆင်းလမ်းကို တွေ့ပြီ၊ ကျွန်တော် အောက်သို့ ဆင်းလာခဲ့လိုက်သည်။

လျှောစောက်က အတော်မတ်လှ၏။ နက်လည်း နက်သည်။ ဖုန်မှုန့် မြေမှုန့်များက သဲမန်ထက် ပိုထူထပ်နေသည်။ အေးစက်စက်ရှိပျော့ပျော့ မြေသားများကို ဖြတ်ပြီးဖောက်ထားသည့် လမ်းဖြစ်သောကြောင့် ကျွန်တော် ဆင်းလာရာ လမ်းတစ်လျှောက် အောက်သို့ ရောက်လေလေ ရွှံ့နှစ်တွေထူထာ စိုစွတ်လာလေလေဖြစ်၏။

အတော်လေး နိမ့်နိမ့်အထိ ဆင်းသွားပြီးသောအခါ သူ့ကို မြင်ရ သည်။ စောစောက ရထားဖြတ်သွားသည့် သံလမ်းကြားတွင် သူရပ်နေ၏။ ကျွန်တော့်ကို စောင့်နေပုံရသည်။ လက်ပိုက်ရပ်ထားလျက်က လက်ဝဲဘက်ထ မေးစေ့ကို ကိုင်ထားသည်။ လက်ယာဘက်လက်ကတော့ ထိုဘယ်ဘက် တံတောင်ဆစ်ကွေးပေါ် တင်ထား၏။

သူ့ပုံသဏ္ဌာန်အနေအထားက တစ်ခုခုကို မျှော်လင့်တကြီး စောင့်ကြည့်နေသလိုမျိုး ဖြစ်နေသည်။ ဘာပါလိမ့်ဟုတွေးရင်း ကျွန်တော် ထုံ့ခနဲ ဖြစ်သွား၏။

ကျွန်တော် ဆက်ပြီး ဆင်းသည်။ ရထားလမ်းတွေရှိရာဆီသို့ မြေကျွမ်းရလိုက်၏။ သူ့ဆီကို တိုးကပ်သွားလိုက်သည်။ သူက ချက်ခုံးထူထူ၊ နက်မှောင်သော မုတ်ဆိတ်မွေးများနှင့် အသားလတ်လတ် လူတစ်ယောက် ဖြစ်မှန်းတွေ့လိုက်ရသည်။

သူတာဝန်ကျနေသော နေရာက လူသူကင်းဝေးပြီး (ကျွန်တော် မြင်ဖူးသမျှထဲတွင်) စိတ်ပျက်စရာ အကောင်းဆုံးနေရာဖြစ်၏။ တစ်ဖက်



ချက်စီတွင် ရေတစက်စက်ကျနေသော ကျောက်တောင်နံရံကြီးရှိသည်။ ခင်းကင်ကွက်ကွက်ကလေးမှ တပါး ဘာမှမမြင်ရ။ မြင်လိုလျှင် တ်ဆောင်ကို ကွေ့ပတ်ဖောက်ထားသော လမ်းကွေးကို တည့်တည့်ဆန့်ထုတ် ထ်ရမှ ရမည့် အနေအထားဖြစ်သည်။

တစ်ဖက်မှာ မှောင်မိုက်နေသော ဥမင်လိုဏ်ခေါင်းအဝင်ဝ မီးရောင်နီနီ သောထ မှိန်ပျပျ၊ လေထုက ပိတ်ဆို့ မွန်းကျပ်နေ၏။ စိတ်ပျက်ညစ်ညူးဖွယ်။ ရောင်ခြည် မရသလောက်နီးပါး မြေကြီးနံ့ထိုင်းထိုင်းမှိုင်းမှိုင်းနှင့် အေးစက် သော လေက ခပ်ကြမ်းကြမ်း တိုက်ခတ် သွားသောအခါ ကျွန်တော့် ကိုယ်လုံး ခိုက်ခိုက်တုန် သွားသည်။

လူ့ကမ္ဘာလောကကြီး တစ်ခုလုံး နှင့် ကင်းဝေး အဆက်ပြတ်နေသလို ဖြစ်နေ၏။

သူငြိမ်သက်ဆဲရှိနေစိုက်မှာပင် သူ့ကို လက်လှမ်း မီနိုင်သည့် အနေ ထားအထိ ကျွန်တော် ရောက်သွား၏။ သူက ကျွန်တော့်ကို စူးစူးစိုက်စိုက် ကြည့်ရင်း နောက်သို့ ခြေတစ်လှမ်း ဆုတ်သည်။ (နှုတ်ဆက်ရန်) လက်တို မြှောက်တင်လိုက်၏။

နေဖို့ မကောင်းလောက်အောင် အထီးကျန်သော နေရာ ဖြစ်မှန်း (စောစောက အပေါ်မှ ငုံ့ကြည့်စဉ်ကတည်းက တွေးထား မိသော) အသိတ ဝင်လာသွား၏။ ကျွန်တော့်အထင် ပြောရလျှင် သည်နေရာမျိုးကို ဧည့်သည် ရောက်အပေါက် နည်းလှသည်။

ဘဝတစ်လျှောက်လုံးတွင် အကန့်အသတ် ကျဉ်းကျဉ်း ကလေး တွင်း ပိတ်လှောင်ထားခြင်း ခံရသူတစ်ယောက်အဖြစ် သူ့ကို ကျွန်တော်မြင် ၏။ (အသစ်တစ်ဖန် နိုးကြားလာသော) အလုပ်အပေါ် စိတ်ဝင်စားမှုကသာ သူ့ကို လွတ်မြောက်နေ နိုင်စွမ်းမည် ဖြစ်သည်။

ထိုရည်ရွယ်ချက်ဖြင့် ကျွန်တော် . . . သူ့ကို စကား စမိ၏။ သို့သော် ကျွန်တော့် စကားအသုံးအနှုန်းတွေက အလွဲလွဲအချော်ချော် ဖြစ်ကုန်သည်။

www.burmeseclassic.com

www.burmeseclassic.com



စကားအစအမျိုးကို အဆီအငေါ်တည့်အောင် ပြောသည့်နေရာတွင် ကျွန်တော် ကျွမ်းကျင်၏။ ထို့အပြင် . . အဲသည်လူကို ကြည့်ရသည်မှာ ကျွန်တော့်အ စိတ်အနှောင့် အယှက်တစ်ခုခု ရှိနေသလိုမျိုး ခံစားရ သောကြောင့် ဖြစ်၏။

ဥမင်လိုဏ်ခေါင်း အဝမှ မီးနီးကလေးကို သူ အထိတ်ထိတ် အလန့်လန့် တစ်ချက်လှမ်းကြည့်သည်။ တစ်ခုခု လွဲချော် မှားယွင်း နေပုံ မျိုး . . . နောက် . . . သူ ကျွန်တော့်ကို ကြည့်၏။

ထိုမီးရောင်သည် သူတာဝန်ယူထားရသည့် ကဏ္ဍ အပိုင်း တစ်ခု ပေလား။

ဟုတ်ချင်မှ ဟုတ်မှာပါ။

သူက အသံတိုးတိုးဖြင့် ကျွန်တော့်ကို လှမ်းမေးသည်။

"ခင်ဗျား မသိဘူးလား"

မကောင်းဆိုးရွားဆန်ဆန် မျက်နှာ နှင့် ကျွန်တော့်ကို စိုက်ကြည့်နေ သော မျက်လုံးများကြောင့် တုန်လှုပ် ချောက်ချား ဖွယ် အတွေးတစ်ခု ကျွန်တော့်ခေါင်းထဲ ဝင်လာသည်။

ဒင်းဟာ . . . လူမှ ဟုတ်ရဲ့လား၊ တစ္ဆေသရဲ တစ်ကောင်များ လား . . .။

သူ့စိတ်ထဲမှာ တစ်စုံတစ်ရာကို ကြောက်လန့်နေ သလားဟု ကျွန်တော် တွက်ဆကြည့်နေမိ၏။

ကျွန်တော် နောက်ကို တစ်လှမ်းဆုတ်လိုက်သည်။

သူ . . . ငါ့ကို ကြောက်နေတာလားဆိုတာ မေးကြည့် လိုက်ရ ကောင်းမယ်။

ထိုအတွေးဖြင့် ကျွန်တော်က အတင်းဖျစ်ညှစ်ပြုံး လိုက်ရင်း

"မင်း စိုက်ကြည့်နေပုံက ငါ့ကို ခင်းကြောက်နေတဲ့ ပုံမျိုးပဲ"

သူက . . .

"ခင်ဗျားကို ကျွန်တော်စောစောကလေးတင် တွေ့လိုက်မိ သလား



လို့ ......ပါဖြစ်နေတာ"

"ဘယ်မှာ တွေ့လိုက်လို့လဲ"

သူ စောစောက ငုံ့ကြည့်နေရာသို့ လက်ထဲမှ အလံတိုင်ဖြင့် ညွှန်ပြ၏။

"အဲဒီမှာလား"

ကျွန်တော်က ပြန်မေးလိုက်သည်။ သူက ကျွန်တော့်ကို မျက်တောင် မခတ်ကြည့်နေရင်း

"အင်း"

"ဟေ့ကောင်ရ . . . ငါက အဲဒီမှာ ဘာသွားလုပ်နေရ မှာလဲ၊ မင်း . . . မြင်လိုက်တယ်ပဲထားပါဦး။ ငါတော့ မင်းပြောတဲ့ နေရာကို တစ်ခါမှ မသွားဖူးတာ သေချာတယ်။ မင်းဟာက ဟုတ်ကော ဟုတ်လို့လားကွာ"

"ကျွန်တော်ကတော့ မြင်လိုက်ရတယ် ထင်တာပဲ ၊ ဟုတ်ပါတယ် . . . ကျွန်တော် မြင်လိုက်တာ သေချာပါတယ်"

သူ့ပုံစံက ရိုးရိုးသားသား ပြောနေမှန်းသိသာ၏။ တုံ့ဆိုင်း မနေဘဲ ချက်ချင်း ပြန်ပြောခြင်းဖြစ်သည်။

အဲဒီနေရာမှာ သူ ဘာလုပ်စရာများ ရှိလို့ပါလိမ့်။

အင်း ၊ ရှိသည်ဟုတော့ ပြော၍ရသည်။ စောင့်ကြည့် တတ်ရုံ၊ အတိကျကျ လုပ်ကိုင်တတ်မှုသည် သူ့တာဝန်များ ပင်ဖြစ်၏။ . . တကယ် လုပ်ရသည်ကတော့ အလုပ်ကြမ်းသမား အလုပ်မျိုး . . .

ရထားတွဲတွေလာပြီဆိုလျှင် အလံဖြင့် အချက်ပြရသည်။

သံလမ်းတွေကို လွှဲပေးရသည်။

မီးရောင်သင်္ကေတဖြင့် လမ်းပြရသည်။

သူတစ်ချိန်လုံးလိုလို ထိုအလုပ်များကိုချည်း လုပ်နေ ရ၏။ သူ့ဘဝ တစ်ခုလုံးကို အဲသည်အတိုင်း ပုံသေလောင်း ထားခြင်းခံရသည်ဟု ပြောလို့ ရသည်။

သူက သူ့အလုပ် ၊ သူ့အချက်ပြသင်္ကေတများ နှင့် တစ်သားတည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီ။ ဒါသည်ပင်လျှင် သူ့ဘဝ။

ငယ်စဉ်ကလေးဘဝတုန်းကတော့ သူ့လက်များသည် အလွှ... သစ်ချောတွေ ၊ ဒဿမကိန်းတွေ အပိုင်းကိန်း ၊ ဆခွဲကိန်း တွေနှင့် ရင်းနှီးကျွမ်း... ခဲ့ဖူးပေလိမ့်မည်။

. . . အခုတော့ . . .

သူ့ဘဝသည် စိုစွတ်ထိုင်းမှိုင်းသော လေထုတွေ ပိတ်လှောင် နေသည့် ဥမင်လိုဏ်ခေါင်းထဲမှာပဲ တာဝန်ထမ်း ဆောင်နေရရုံဖြင့် ပြီးသွားတော့မည်လား။ ကျောက်နံရံကြီး များအကြားမှ ဘယ်တော့မှ ထွက်ခွင့်မရတော့ဘူးလား။

(အချက်ပြအလုပ်သမားတစ်ယောက်အဖို့ နားနေရန် ဝေးထား... သည်။ ရထားတွဲခွဲဟောင်းလောင်းထဲမှာ) တပ်ဆင် ထားသော လျှပ်စစ် သတိပေး ခေါင်းလောင်းသံက ဘယ်အချိန် မြည်လာမလဲ . . . ဟု တစ်ချိန်လုံး နားစွင့်ထားရသည့် ဒုက္ခက ကျွန်တော်ထင်ထား သလောက် မသက်သာလှပါ။

သူက သူ့အခန်း (ရထားတွဲခွဲဟောင်းတစ်ခု) ထဲသို့ ကျွန်တော့်ကို ခေါ်သွား၏။ အဲသည်အထဲမှာ မီးဖိုတစ်ခုရှိသည်။ လုပ်ငန်း အချိန် ဝင်/ထွက် ရေးမှတ်တမ်းစာအုပ် တင်ထားသည့် စားပွဲခုံ သေးသေး တစ်လုံးရှိသည်။ ကြေးနန်းပို့ကိရိယာ ၊ ဒိုင်ခွက် ၊ မြားတံများနှင့် အဆက်အသွယ်လုပ်ရသည့် ခေါင်းလောင်း တစ်လုံး ရှိသည်။

သူ့ကို ရေးတတ် ၊ ဖတ်တတ်ရုံလောက် စာတတ်သူ တစ်ယောက်ဟု ထင်ခဲ့မိခြင်းအတွက် သူ ကျွန်တော့်အပေါ် ခွင့်လွှတ် လိမ့်မည်ဟု ထင်ပါသည်။ (ကျွန်တော်ကလည်း မည်သို့မျှ ထိခိုက် နစ်နာစေလိုသော စိတ်ဖြင့် ပြောခဲ့ခြင်း မဟုတ်ပါ)

သည်ဘူတာရုံကလေးတစ်ပိုက်မှာတော့ သူ ပညာ အတတ်ဆုံး ဖြစ်ပါလိမ့်မည်။

လူပေါင်းမြောက်မြားစွာတို့၏ ဉာဏ်ပညာ အသိပညာ တို့ထဲ...



...ပြောင်းလဲပြေမှုများကို သူလေ့လာ သင်ယူခဲ့သည်။ အလုပ်ရုံများ၊ ရုံးခန်းများ... တာဝန်ထမ်းများထဲမှ ကြားခဲ့ရ သမျှကို သူလေ့လာ သင်ယူသည်။

သူသည် ငယ်စဉ်တုန်းက သဘာဝဒဿနပညာကို သင်ယူသော ကျောင်းသားတစ်ယောက်ဖြစ်၏။

(ကျွန်တော် ယုံကြည်စေရန် သူအတော်ခဲခဲယဉ်းယဉ်း ပြောပြ... သည်)။

သင်ကြားပို့ချချက်များကို သူသေသေချာချာ ဂရုစိုက်လေ့လာ ...သည်။ သို့သော် . . . သူက ထိုအခွင့်အရေးကို စွန့်ပယ် လွှင့်ပစ်လိုက်ပြီး ...ချင်ရာ လုပ်တော့သည်။ ထိုကိစ္စနှင့် ပတ်သက်၍ သူ့မှာ အာမှ ...နစရာ မရှိ။

သူနေရာကို သူလုပ်ယူခဲ့ခြင်းသာ ဖြစ်သည်။ နောက်တစ် နေရာစာ ...ယူဖို့အတွက်တော့ အလွန်အမင်း နောက်ကျ ခဲ့လေပြီ။

သူက ထိုအကြောင်းများကို မလှုပ်မယှက်ထိုင်ရင်း ပြောနေ ခဲ့ခြင်း ...သည်။ သူ၏ မည်းမှောင်သောအရိပ်က မီးဖိုနှင့်ကျွန်တော့် အကြောင်းတွင် ...လျက်။ သူက . . . ကျွန်တော့်ကို တလေးတစားဖြင့် "ဆရာ"ဟု ...ပြီးခေါ်၏။ အထူးသဖြင့် သူ့ငယ်စဉ်ဘဝအကြောင်း ပြောသည့်အခါများ ...ဖြစ်သည်။

သူစကားပြောနေစဉ်မှာ လျှပ်စစ်ခေါင်းလောင်းက ခဏခဏ ထထ ...သဖြင့် စကားကို ဖြတ်ပြီး ကြေးနန်း သတင်းပို့ချက်များကို လက်ခံရ ...ပြန်ပို့ရသေး၏။

ကျွန်တော်နှင့် စကားပြောနေစဉ် ခေါင်းလောင်းသံ မမြည်ပါပဲ နှင့် ...စစ်ခေါင်းလောင်းဘက်ကို နစ်ကြိမ်တိုင်တိုင် လှည့်ကြည့် သည်။ နောက် . . (ရေငွေ့များ မဝင်နိုင်အောင် ပိတ်ထားသော) တံခါးကို ဖွင့်ပြီး ...လိုဏ်ခေါင်းဝရှိ အနီရောင်အချက်ပြမီးကို လှမ်းကြည့်၏။

နစ်ကြိမ်စလုံးမှာပင် အဓိပ္ပါယ် မပြောပြနိုင်သော လေငွေ့ သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



လွှမ်းခြုံအုပ်မိုးလိုက်သလိုမျိုး . . . တစ်စုံတစ်ရာ ဖြစ်သွားသည်ဟု ကျွန်တော် ထင်၏။

ကျွန်တော်တို့နှစ်ယောက်ကြားတွင် ဝေးကွာသွား သလိုမျိုး ခံစားရ သည်။

ကျွန်တော်က ပြန်ရန်မတ်တတ်ထရပ်လိုက်သောအခါ . . သူက "စိတ်ချမ်းသာ ကျေနပ်နေတဲ့ လူတစ်ယောက်နဲ့ ဆုံခဲ့တယ်လို့ ကျွန်တော် ထင်ရအောင် ခင်ဗျား လုပ်ခဲ့တာပဲ"

သူ့စကားကို ကျွန်တော် မရှင်း ၊ သူက ဆက်ပြောသည်။

"ကျွန်တော် အဲဒီလို ယုံကြည်ချင်ပါတယ်ဗျာ ၊ ဒါပေမဲ့ ခက်တယ်" စကားသံက တိုးသွားပြီး

"ကျွန်တော် ဒုက္ခတွေ့နေတယ် . . ဆရာ ၊ ဒုက္ခတွေ့နေတာ"

"ဘာ . . . ၊ ဘာဒုက္ခလဲ"

"ဆရာ နားလည်ဖို့လွယ်မယ် မထင်ဘူး ၊ ရှင်းပြဖို့ သိပ်ခက် တယ်ဗျာ ဆရာ နောက်ထပ်တစ်ခေါက် လာလည်ရင်တော့ ရှင်းပြနိုင်လိမ့်မယ် ထင်တာပဲ"

"လာတာတော့ လာဦးမှာပါ။ ဘယ်အချိန်လောက် လာလို့ရမလဲ"

"မနက်စောစော ကျွန်တော့် ဂျူတီပြီးပြီ။ မနက်ဖြန် ညဆယ်နာရီ ကျမှ ဂျူတီ ပြန်ဝင်ရမှာ"

"ဒါဆို ည ဆယ့်တစ်နာရီ လာခဲ့မယ်လေ"

သူက ကျေးဇူးတင်ကြောင်း ပြောပြီး တံခါးဝအထိ လိုက်ပို့၏။ နောက် . . ထူးဆန်းသည့် ခပ်တိုးတိုးအသံဖြင့် မှာသည်။

"ဆရာ အပေါ်တက်တဲ့ လမ်းကို တွေ့တဲ့အထိ အဖြူရောင် မီးထွန်းပြမယ်။ လမ်းကိုတွေ့တဲ့အခါ အော်မပြောနဲ့နော်။ အပေါ်တည့်တည့်ကို ရောက်ရင်လည်း အော်မပြောပါနဲ့ . .ဆရာ"

ဟု အမူအရာကို ကြည့်ရင်း ကျွန်တော် ကျောထဲ စိမ့်လာ၏။ သို့သော်

"ကောင်းပြီလေ"



ဟုသာ ပြန်ပြောလိုက်သည်။

"မနက်ဖြန်ည . . . ဆရာလာရင်လည်း အော်မခေါ်ပါနဲ့ . . ဆရာ ပါနဲ့ . . . ပြန်ခါနီး မေးရဦးမယ်။ ဒီနေ့ ညနေတုန်းက ဘာဖြစ်လို့ ဟေး အဲဒီအောက်ကလူ လို့ အော်ရတာလဲ ဆရာ"

"ဘယ်သိမလဲကွ။ ငါ အဲဒီသဘောမျိုး အော်ပြောမိလို့..."

"အဲဒီသဘောမျိုးမဟုတ်ဘူး ဆရာ။ ဒီစကားလုံးတွေ အတိုင်း အတိအကျပဲ။ ကျွန်တော် သေသေ ချာချာ သိတယ်"

"အဲဒီ စကားလုံးတွေအတိုင်း ပြောတယ်ပဲ ထားလိုက်ပါတော့လေ . . ၊ ဘာဖြစ်လဲ ၊ မင်းကို ငါ့အောက်မှာ တွေ့တာကိုး"

"တခြားအကြောင်း မရှိဘူးပေါ့နော်"

"ငါ့မှာတခြားဘာအကြောင်း ရှိရဦးမလဲ ... ကွ"

"ထူးထူးဆန်းဆန်း သဘာဝလွန် နှိုးဆော်မှု တစ်ခုခုကြောင့် ဆရာ့ စိတ်ထဲကို အဲဒီစကားလုံးတွေ ရောက်လာတာလို့ မခံစားရဘူးပေါ့"

"ဟင့်အင်း"

သူက ဂွတ်နိုက်ဟု နှုတ်ဆက်ပြီး မီးအိမ်ကို မြှောက်ကိုင်ကာ လမ်းပြ၏။ ရထားသံလမ်းအတိုင်းသောမှ ကျွန်တော် လျှောက်လာခဲ့သည်။

(ငါ့နောက်ကျောတည့်တည့်က ရထားလာနေမှဖြင့်ဟူသော ခံစား မှုဖြင့် အတော်စိတ်မသက်မသာ ဖြစ်မိ၏။)

လမ်းကို ပြန်တက်ရသည်က အဆင်းလာခဲ့တုန်းကထက် ပိုအဆင် ပြေသည်။ နောက် .... ဘာအခက်အခဲမှ မရှိဘဲ တည်းခိုရာအိမ်သို့ ပြန်ရောက် ခဲ့တော့၏။

နောက်တစ်နေ့ညတွင် ချိန်းဆိုထားသည့်အတိုင်း တိတိကျကျပင် ရောက်သွားခဲ့သည်။ ထောင့်ဆစ်ချိုး လမ်းကလေးပေါ် ခြေလှမ်းတင်လိုက် သည့်အခိုက်မှာပင် ဆယ့်တစ်နာရီထိုးသံ ကြားလိုက်ရ၏။

သူက အောက်မှာ အသင့်စောင့်နေသည်။ လက်ထဲမှာ အဖြူရောင်

www.burmeseclassic.com

www.burmeseclassic.com



မီးအိမ်ကို ကိုင်ထား၏။ ကျွန်တော်က ...

"ငါ အော်မခေါ်မိပါဘူးနော်"

ဟု လှမ်းပြောလိုက်သည်။ နှစ်ဦးသား နီးကပ်သွား မိကြသောအခါ

"ငါ့အခု စကားပြောလို့ ရပြီလား"

"ရပါပြီဆရာ"

ကျွန်တော်တို့ချင်း လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။

သူ့တွဲလွှတ်အခန်းကလေးဆီ နှစ်ဦးသား ပခုံးချင်း ယှဉ်လျှောက်လာကြပြီး အခန်းထဲကိုဝင်၊ တံခါးပိတ်ကာ မီးဖိုအေားမှာ ထိုင်လိုက်ကြသည်။

ကျွန်တော်တို့ ထိုင်မိလျှင် ထိုင်မိချင်း သူက ရှေ့သို့ အနည်းငယ်ထိုင်းကာ စပြောသည်။

"ကျွန်တော်ဆုံးဖြတ်လိုက်ပြီ ဆရာ"

သူ့လေသံက ခပ်တိုးတိုး။

"ကျွန်တော့်ကို ဘာက ဒုက္ခပေးနေတာလဲဆိုတာ ပြောပြမလို့။ မနေ့ညနေတုန်းက တခြားလူတစ်ယောက်ကို ဆရာလို့ ကျွန်တော် မျက်စိမှားခဲ့တာ .... ။ ကျွန်တော့်ကို ဒုက္ခပေးနေတာ ... အဲဒါပဲ"

"လူမှားသွားလို့လား"

"လူမှားသွားတာတ ဒုက္ခမပေးဘူး၊ အဲဒီလူက ဒုက္ခပေးနေတာ"

"အဲဒီလူက ဘယ်သူလဲ"

"ငါနဲ့ တူလို့လား"

"မသိဘူး ဆရာ၊ ကျွန်တော်က အဲဒီလူရဲ့ မျက်နှာကိုမှ မမြင်ရတာ။ သူ့ဘယ်ဘက်လက်က မျက်လုံးကိုအုပ်လို့၊ ညာဘက်လက်ကို ဝှေ့ယမ်းပြနေတာ .... ဆရာရဲ့။ ဒီလိုမျိုး"

သူ့လှုပ်ရှားမှုကို လိုက်ကြည့်နေမိသည်။ သူ့လက်က တစ်ခုခုကို သတိပေးပြသလိုမျိုး လှုပ်ယမ်းနေပုံ ဖြစ်၏။ ပါးစပ်ကလည်း။

"ဘုရား .. ဘုရား .. လမ်းဖယ်"



အထိုင်အချက်ပြသူက

"လသာတဲ့ ညတစ်ညတုန်းကပေါ့။ ကျွန်တော်က ဒီနားမှာ ရှိုင်နေတာ အဲဒီအချိန်မှာ အော်ခေါ်သံကြားလိုက်ရတယ် 'ဟေး အဲဒီအောက်မှာ ... တဲ့။ ကျွန်တော် ထရပ်လိုက်ပြီး တံခါးဝကနေ လှမ်းကြည့်လိုက်တယ်။ အဲဒီလူက လိုဏ်ခေါင်းဝနားက မီးအိမ်နီကလေးနားမှာ ရပ်ပြီး သူ့လက်ကို ဝှေ့ယမ်းပြနေတယ်။ သူ့အော်နေသံကလည်း ကြောက်စရာကြီး - 'သတိထား သတိထား' တဲ့၊ နောက် 'ဟေး .... အောက်မှာ အောက်မှာ သတိထား' တဲ့၊ ကျွန်တော်က မီးအိမ်ကို ကောက်ကိုင်ပြီး အနီရောင်ထွန်းလိုက်တယ်။ ပြီးတော့ "ဘာဖြစ်တာလဲ .. .. ဘာဖြစ်လို့လည်း ... ဘယ်မှာလဲ" လို့ အော်မေးရင်း အဲဒီလူရိပ်ဆီ ပြေးသွားလိုက်တယ်။ လူရိပ်က မှောင်မိုက်နေတဲ့ ဥမင်လိုဏ်ခေါင်းအဝ အပြင်ဘက်နားမှာ ရပ်နေတယ်။ ကျွန်တော်ရှေ့ကို တိုးဝင်သွားပြီး ကြည့်လိုက်တယ်။ သူ့အင်္ကျီလက်က မျက်လုံးတွေကို ကွယ်နေရော။ အဲဒီအင်္ကျီလက်ကိုဖယ်ဖို့ လက်ကို ဆန့်ထုတ်လိုက်သေးတယ်။ မမီလိုက်ဘူး. . .။ ခင်းက လစ်ရော"

"လိုဏ်ခေါင်းထဲ ပြေးဝင်သွားတာလား"

"အင်း . .. ကျွန်တော် လိုဏ်ခေါင်းထဲအထိ ပြေးဝင်လိုက်သွားသေးတယ်၊ ကိုက်ငါးရာလောက် ဝင်သွားမိပြီးမှ ကျွန်တော် ရပ်လိုက်တာ၊ မီးအိမ်လေးကို ခေါင်းပေါ် မြှောက်ကြည့် လိုက်တော့ ခပ်လှမ်းလှမ်းမှာ လူရိပ်ကို တွေ့ရသေးတယ်။

ကျွန်တော် စောစောကထက် ပိုပြီး မြန်မြန်ပြေးသွားတယ်။ သတိပေးမီးနီကလေးက လင်းနေတယ်။ ကျွန်တော် အဲဒီနားမျာ ဟိုဟိုဒီဒီ လှည့်ပတ်ရှာကြည့်သေးတယ်။ သံလှေကားလေးအတိုင်း အပေါ်ကို တက်သွားပြီး ကြည့်တော့လည်း ဘာမှ မတွေ့ဘူး။ ပြန်ဆင်းလာတယ်။ ပြီးတော့ . . . ဒီနေရာထိ ရောက်အောင် ပြန်ပြေးလာပြီး . . . ကြေးနန်းရိုက်ကြည့်လိုက်တယ် . . "ဒီမှာ အချက်ပေးခေါင်းလောင်း လာမြည်နေတယ်၊ ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



လို့ အဖြေက . . "ဘာမှ မဖြစ်ဘူး ၊ အားလုံး အဆင်ပြေတယ်"လို့ ပြော တယ်။

ကျွန်တော့် ကျောရိုးတစ်လျှောက် အေးစိမ့်သွား၏။ အဖြင်း ထင်ယောင်ထင်မှား ဖြစ်တာပါဟု သူ့ကို ပြောမိသည်။ မျက်လုံး၏ တာဝန်ကို အဓိက ထမ်းဆောင်သည့် အာရုံကြောရောဂါအကြော ရှင်းပြဖြစ်၏။ တချို့ အမြင် အာရုံကြောရောဂါရှင်များသည် အဲသည် ပုံရိပ်ယောင် များကို မြင်ရလေ့ရှိကြောင်း လက်တွေ့ စမ်းသပ်ချက်များ သက်သေပြခဲ့ကြပြီး ဖြစ်သည့် အကြောင်းများကိုပါ ပြောပြလိုက်သည်။

"ခင်ဗျားစိတ်ထဲက အော်သလို ထင်မိတာကလည်း တကယ် ဘာမှ မဟုတ်ပါဘူး။ လေတိုက်သံကို နားထောင် ကြည့်ပါဦး။ ကြား . . . အဲဒါပါ။ ဒီနေရာက ဘေးကျောက် သားနံရံတွေနဲ့ အလုပိတ် သလို ဖြစ်နေတော့ . . ကြေးနန်း ဝါယာကြိုးတွေကို လေတိုးတဲ့ စောင်းသံကို ခပ်ကြမ်းကြမ်း ခပ်ရှရှ မြည်နေရော . . ."

ခဏတစ်ဖြုတ်ကြာသည်အထိ သူနှင့်ကျွန်တော် အတူ ထိုင် နားထောင်ကြည့်ကြပြီးသောအခါ သူ့ဘဝင်ကျ သလိုလို ဖြစ်သွား ရှည်လျားသော ဆောင်းညများတွင် တစ်ယောက်တည်း ထိုင်ကာ စောင့်စားအချိန်ကုန်ခဲ့သူ . . . သူလို လူတစ်ယောက်အဖို့ ဝါယာကြိုး လေတိုးသံ များအကြောင်း နည်းနည်းပါးပါး သိထားဖို့ ကောင်းပါသည်

သို့သော် . . . သူက ဒီမျှ နှင့် မပြီးသေးချေ။

ကျွန်တော်က သူ့ကို "ဆက်ပြောပါဦး" ဟု တိုက်တွန်းလိုက်၏။ သူ ကျွန်တော့်လက်ကို တို့ထိလိုက်ရင်း စကားကို တစ်လုံးချင်း ဆက်ပြော

"အဲဒီလူရိပ်ကို မြင်ရပြီးနောက် . . . ခြောက်နာရီ အတွင်း ဟောဒီ ရထားသံလမ်းပေါ်မှာ တော်တော်ကြောက်စရာကောင်း မတော်တဆ ရထားတိုက်မှု ဖြစ်တော့တာပါပဲ။ သေတဲ့ ကြေတဲ့ အလောင်း ဒဏ်ရာရတဲ့ လူတွေကို လိုဏ်ခေါင်းထဲက သယ်ထုတ် သွားရတော့တာ



. . ဟောဟို . . . လူရိပ်ရပ်နေခဲ့တဲ့ နေရာပေါ်က ဖြတ်ပြီး သယ်ရတာလေ"

ချောမ်းမြေ့စရာ ကောင်းသော တုန်လှုပ်မှုက ကျွန်တော့် တစ်ကိုယ်လုံး ကြက်သီးဖုံးလွှမ်းသွားသည်။ ကျွန်တော် (အတတ်နိုင်ဆုံး) ခေါင်းခါခဲ့ သည်။ သော် . . . ဘယ်လိုမျှ မငြင်းသာပါ။ တိုက်ပဲ တိုက်ဆိုင်နိုင်လွန်းလှသည်။ သည် တိုက်ဆိုင်မှုက သူ့ဦးနှောက်ထဲမှာ စွဲနေ၏။ သို့သော် . . . အဲသည်လို တိုက်ဆိုင်မှုများ ဆက်ကာ ဆက်ကာ ဖြစ်ပွားနေပြီး သည်လို ပုံစံတွေချည်း နေသည်ဆိုပါက တစ်မျိုးတစ်မည် အဓိပ္ပါယ်ဆောင်နေမှန်း သေချာပြီ ၏။

သို့တိုင်(သူ ကျွန်တော့်အပေါ် တစ်မျိုးထင်မြင်ယူဆသွားမည် သောကြောင့်) သာမန်လူတစ်ယောက်၏ ဘဝတွင် တိုက်ဆိုင်မှုတွေ များများစားစား မရှိကြောင်း ပြောပြလိုက်သည်။

သူက . . . သူ့စာတ်လမ်း မပြီးသေးဟု ဆို၏။ သူပြော၍ ဆုံးခင် ကြားဝင်ဖြတ် ပြောမိသောကြောင့် ကျွန်တော် တောင်းပန်လိုက်ရသည်။ သူက ကျွန်တော့်လက်မောင်းပေါ် လက်လှမ်းတင်ရင်း သူ့ပုခုံးများပေါ်မှ ကျော်ကာ မျက်လုံး ဟောက်ပက်များဖြင့် လှမ်းကြည့်လိုက်ပြီး . . .

"အဲဒါ လွန်ခဲ့သော တစ်နှစ်လောက်တုန်းကပေါ့။ ခြောက်လ၊ ခုနစ်လလောက် ကြာပြီလို့ ကျွန်တော် အကြောက်ပြေလောက်တဲ့ အခါကျတော့မှ တစ်နေ့မနက်၊ အရုဏ်တက်ခါစပဲ ရှိသေးတယ်။ ကျွန်တော်က တံခါးဝမှာ ရပ်နေပြီး အနီရောင် မီးသီးကို လှမ်းကြည့်နေတာ . . ။ အဲဒီမှာ . . .ဟိုတစ္ဆေကို မြင်လိုက်ရပြန်ရော"

သူက စကားကို ဖြတ်ထားပြီး ကျွန်တော့်ကို စိုက်ကြည့်နေ၏။ ကျွန်တော်က . . .

"သူ . . .အော်သေးလား"

"ဟင့်အင်း . . . ၊ ဒီတစ်ခါတော့ တိတ်လို့"

"လက်ကော ဝှေ့ယမ်းပြသေးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ၊ အဲဒီတစ္ဆေက အလင်းရောင်ကို ကျောပေးပြီး ရပ်နေတယ် လက်နှစ်ဖက်စလုံးကို မျက်နှာရှေ့မှာ ကာထားတယ်။ ဟောဒီလိုပုံစံ"

သူ့လှုပ်ရှားမှုကို ကျွန်တော် တစ်ခါထပ်၍ ကြည့်ရပြန်သည်။ ထိုအမူအရာက ဝမ်းနည်း ပူဆွေးနေသော သင်္ချိုင်းအုတ်ဂူ သဏ္ဍာန်တော်ဖြစ်၏။ သင်္ချိုင်း အုတ်ဂူများတွင် တွင်းထုထားတတ်သည့် အရုပ်မျိုး။

"အဲဒီ တစ္ဆေဆီကို ရောက်အောင် မင်းသွားလိုက်သေးလား"

"ကျွန်တော် အခန်းထဲ ပြန်ဝင်လာပြီး ထိုင်နေလိုက်တယ်။ ကြောက်သွားတာလည်းပါတယ်။ ကျွန်တော့်စိတ်ကို တည်တည် ငြိမ်ငြိမ် ဖြစ်အောင် စုစည်းချင်တာလည်းပါတယ်။ နောက်တစ်ခေါက် . . တံခါးဝဆီကို ထပ်သွားကြည့်လိုက်တော့ . . နေရောင်က တော်တော်လင်းထိန်နေပြီ၊ တစ္ဆေလည်း မရှိတော့ဘူး"

"ဘာမှတော့ ဆက်မဖြစ်ဘူး မဟုတ်လား၊ အဲဒီဟာကြောင့် ဘာမှ မဖြစ်သွားဘူး မဟုတ်လား"

သူက လက်ချောင်းကလေးများဖြင့် ကျွန်တော့်လက်ကို ဒုတိယအကြိမ် မြောက်လား . . . တတိယ အကြိမ်မြောက်လားမသိ . . .လှမ်းတို့ ထိလိုက်ရင်း ခေါင်းတညိတ်ညိတ်ဖြင့် . . .

"အဲဒီနေ့မှာပဲ ရထားက ဥမင်လိုဏ်ခေါင်းအတိုင်းလာရော . . ။ ကျွန်တော့်တွဲလွတ် အခန်းလေးရှိတဲ့ဘက်အခြမ်းက တွဲပြတင်းပေါက် တစ်ခုမှာ ခေါင်းတွေ လက်တွေ ရှုပ်ယှက်ခတ်နေတာ သတိထားလိုက်မိတယ်။ တစ်ခုခု လှုပ်ယမ်းနေတယ်။ အချိန်မီလေးပဲ . . . စက်ခေါင်းမောင်းတဲ့ သူကို သင်္ကေတတစ်ခု အချက်ပေးလိုက်ရော ရပ် . . . ပေါ့။ စက်ခေါင်းမောင်းတဲ့ သူက ဘရိတ်ဖမ်းလိုက်တယ်။ ရထားက တရွတ်ဆွဲပြီး လျှောတိုက်ပါ သွားတာပေါ့ . . ။ ဒီကနေ ကိုက်တစ်ရာ့ငါးဆယ် ကျော်ကျော် လောက်အထိ . . . လျှောတိုက်သွားတာ။ ကျွန်တော် . . ရထားနောက်ကနေပြီး တရကြမ်း ပြေးလိုက်သွားတယ်။ ပြေးနေတုန်း ရထားတွဲ တစ်လျှောက် သွေးပျက်စရာ



ကောင်းလောက်အောင် စက်သံတွေ၊ ငိုသံတွေ ကြားနေရတာ . . ။ တော်တော်လှတဲ့ ကောင်မလေး တစ်ယောက်ဗျာ . . ။ တွဲတစ်တွဲထဲမှာ သေသွားတာ ဖြုန်းစားကြီးပဲ။ သူ့အလောင်းကို ဒီကို သယ်လာတယ်။ အခု ဆရာနဲ့ ကျွန်တော် ထိုင်နေတဲ့ နေရာကြား ကြမ်းပြင်ပေါ်မှာ ချထားတာ"

ကျွန်တော် . . . ကုလားထိုင်ကို နောက်သို့ ဆွဲရွှေ့မိလျက်သား ဖြစ်သွား၏။ သူညွှန်ပြသောနေရာသို့ ငုံ့ကြည့်မိသည်။

"တကယ် ပြောတာပါ ဆရာ ၊ တကယ့်ဖြစ်ရပ်မှန်ပါ။ အခု ကျွန်တော် ပြောပြခဲ့တဲ့အတိုင်း တစ်သဝေမတိမ်းပါပဲ"

ကျွန်တော် ဘာပြောရမည်မှန်း မသိတော့။ ဘာလုပ်ရမည် မှန်းလည်း စဉ်းစား၍ မရတော့။

ကျွန်တော့်ပါးစပ် အာခေါင်တစ်ခုလုံး သွေ့ခြောက်နေ၏။ ဝါယာကြိုးများနှင့် လေတိုးသံသည် ဝမ်းပန်းတနည်း ငိုကြွေးရင်း အလွမ်းဇာတ် တစ်ပုဒ်ကို ပြောပြနေကြသည်။ သူက . . .

"ကျွန်တော့်ဒုက္ခကို ကြည့်လုပ်ပါဦးဆရာ။ တစ္ဆေ ပြန်လာပြန်ပြီ။ ပြီးခဲ့တဲ့ တစ်ပတ်ကပဲ။ ကျွန်တော် ဘာလုပ်ရမလဲ ဆရာ၊ သူ့ကိုလည်း အဲဒီမှာတွေ့ပြီးရော . . .။ ကျွန်တော် ကြောက်လိုက်တာ ခုထိပဲ"

"ဟို မီးလုံး အနီရောင်နားမှာလား"

"ဟုတ်တယ် ၊ အန္တရာယ် အချက်ပေး မီးလုံးနားမှာ"

"သူ ဘာလုပ်ဦးမယ့်ပုံ ပေါ်သလဲ"

သူက ပထမပုံစံအတိုင်း လက်တစ်ဖက်ကို မျက်လုံးပေါ်မှာအုပ်ပြီး အလင်းရောင် ကာလျက် ၊ ကျန်လက်တစ်ဖက်က ဝှေ့ယမ်းလျက် လုပ်ပြသည်။ သင်္ကေတ။

"ဘုရား . . . ဘုရား . . လမ်းဖယ်"

ဟုလည်း နှုတ်မှ အော်ဟစ်သည်။

သူက ဆက်ပြောနေပြန်သည်။

"ကျွန်တော် တစ်စက်ကလေးမှ စိတ်မချမ်းသာဘူး။ သူက ကျွန်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com



အဆက်မပြတ် အော်ခေါ်ပြီး . . . သတိထား၊ သတိထား အောက်မှာငါ စိုးရိမ်တဲ့ပုံနဲ့ လက်ဝှေ့ ယမ်းပြနေတယ်။ ကျွန်တော့် အချက်ပေး ခေါင်းလောင်းကလည်း အသံမြည် . . .”

“မနေ့ညနေက ငါရှိနေတုန်းက ခေါင်းလောင်းမြည်လာ သေးလို့လား . . ၊ မင်း တံခါးဆီ ထထသွားပြီးကြည့်တာ . .” ကျွန်တော်က အစီအစ ဖမ်းပြီး မေးလိုက်သည်။ သူက . . .

“ဟုတ်တယ်၊ နှစ်ခါတောင်မှ . . .”

“ဘာရယ် . . . ၊ ကြည့်စမ်း . . အဲဒါ မင်းအာရုံက အထင်မှား အမြင်တွေ မှားနေတာပေါ့။ ငါလည်း ခေါင်းလောင်းကို မြင်နေရတာပဲ။ နားစွင့်ထားတာပဲ။ တကယ်မြည်ရင် ငါကြားရမှာပေါ့။ တစ်ခါမှ မမြည်ပါဘူး ပုံမှန်အတိုင်း ဘူတာရုံကနေ လှမ်းပြီး အဆက်အသွယ်လုပ်တဲ့ အချိန်က လွဲရင် . . . ငါ ထိုင်နေတဲ့ တစ်ချိန်လုံး လုံးဝမြည်သံ မကြားရဘူး”

သူက ခေါင်းကို ခါယမ်းလိုက်၏။

“ဆရာပြောသလိုမျိုး အာရု အမြင်မှား၊ အကြားမှားတာ ကျွန်တော် တစ်ခါမှ မဖြစ်ဖူးဘူး၊ လူ အချက်ပေးတဲ့ ခေါင်းလောင်းသံနဲ့ တစ္ဆေရဲ့ ခေါင်းလောင်းသံကို ကျွန်တော် ကွဲကွဲပြားပြားသိတယ်။ တစ္ဆေရဲ့ ခေါင်းလောင်း တုန်ခါပုံက ဘာနဲ့မှ မတူဘူး . ..။ ထူးဆန်းတယ်။ ခေါင်းလောင်းလှုပ်ခါ နေတာကိုလည်း မျက်စိနဲ့ ကြည့်လို့ မမြင်ရဘူး။ ဆရာ ခေါင်းလောင်းသံ မကြားရဘူးဆိုတာ ကျွန်တော် ယုံပါတယ်။ မအံ့သြပါဘူး။ ဒါပေမဲ့ ကျွန်တော် ကြားရတယ် .. .. ဆရာ”

ကျွန်တော်မေးလိုက်သည်။

“မင်းတွဲဝကို ထွက်ကြည့်တော့ တစ္ဆေကို တွေ့လား”

“တွေ့တယ်၊ သူ့အဲဟိုနားမှာ ရှိနေတယ်”

“နှစ်ခါစလုံးမှာ တွေ့တာလား”



“နှစ်ခါ စလုံးပဲ ဆရာ”

သူက အခိုင်အမာပြော၏။

“တံခါးဝဆီကို ငါကို လိုက်ပို့ပါလား၊ အဲဒီတစ္ဆေ အခု ရှိ မရှိ သွားရှာကြည့်ရအောင်”

သူက အောက်နှုတ်ခမ်းကို ခပ်ဖိဖိ ကိုက်လိုက်၏။ လိုက်ချင်စိတ် သိပ်ရှိပုံမပေါ်။ သို့သော် ထပြီး ကျွန်တော်နှင့် လိုက်လာ၏။

တွဲတံခါးကို ကျွန်တော် ဖွင့်လိုက်သည်။ လှေကား ထစ်ဝေါ် ဆင်းပြီး ရပ်မိ၏။ သူက တံခါးဝမှာပင် ရှိနေဆဲ။ အန္တရာယ် အချက်ပေးမီးအနီရောင်ကို လှမ်းမြင်နေရသည်။ နောက် ... ကျက်သရေ ကင်းမဲ့ တိတ်ဆိတ်သော ဥမင်လိုဏ်ခေါင်းဝ။ နောက် ... မြင့်မားစိုစွတ်သော ကျောက်နံရံပြတ်များ။ ထို့ .... ကောင်းကင်ထက်မှ ကြယ်များ။

“တစ္ဆေကို တွေ့လား”

သူ့မျက်နှာရိပ်မျက်နှာကဲကို ကြည့်ရင်း ကျွန်တော် မေးလိုက်၏။ သူ့မျက်လုံးများက ပြူးကြောင်ကြောင် ဖြစ်ကာ တင်းမာနေကြသည်။

“ဟင့်အင်း၊ ဘာမှမတွေ့ဘူး”

“အား .. .. ငါလည်း ဒီအတိုင်းပဲ”

တွဲအတွင်းသို့ ကျွန်တော်တို့ ပြန်ဝင်ခဲ့ကြသည်။ တံခါးကို ပိတ်ပြီး ခုံမှာ ပြန်ထိုင်လိုက်ကြ၏။

သူ့ကို လက်တွေ့ပြနိုင်ခဲ့ပြီး ဖြစ်သောကြောင့် မကြောက်အောင် အားပေးဖို့ စကားလုံးများကို ကျွန်တော် စဉ်းစားနေလိုက်၏။ သို့သော် တကယ်တမ်းတွင် ကျွန်တော် ကိုယ်တိုင် ပြောဖို့ အင်အား မရှိလှသလို ဖြစ်နေလေသည်။

သူက

“ဆရာ ကျွန်တော် ဘာကြောင့် ဒါလောက် ကြောက်နေရသလဲ ဆိုတာကို လုံးစေ့ပတ်စေ့ နားလည်ရော ပေါ့။ အဲဒီ ဒုက္ခပဲ ဆရာ။ တစ္ဆေက

www.burmeseclassic.com

www.burmeseclassic.com



ဘာအစီပွါယ်နဲ့ အဲဒီလို လုပ်ပြရတာလဲ ဆရာ"

ကျွန်တော်မသိဝါ။ ကျွန်တော် သူ့ကို အပြည့်အဝ နားလည်မလည် မသေချာသေးပါ၊ သူက မီးဖိုကို စိုက်ကြည့်နေရာမှ ကျွန်တော့်ဘက်လှည့်

"ဒါ ဘာကို သတိပေးတာလဲ။ ဘာ အန္တရာယ်လဲ။ ဘယ်မှာ အန္တရာယ်က ဟောဒီ မီးရထားသံလမ်းတွေပေါ်က တစ်နေရာရာမှာ ရှိမှာပဲ။ ကြောက်စရာ အဖြစ်ဆိုး တစ်ခုခုတော့ ကြုံရတော့မယ် ထင်တယ် အရင် နှစ်ခေါက် တုန်းက ဖြစ်ခဲ့တာတွေကို ကြည့်လိုက်ရင် ဒါ တတိယ အကြိမ်မြောက်ပဲ သေချာတယ်။ ဖြစ်ကိုဖြစ်မှာ ကျွန်တော့်မှာ ရင်တထိတ် ထိတ်နဲ့။ ကျွန်တော် ဘာလုပ်ရမလဲ ဟင်"

သူက အိတ်ထဲမှ လက်ကိုင်ပဝါကို ဆွဲထုတ်လိုက်ပြီး နဖူးမှ ချွေး သုတ်သည်။

"ဘူတာရုံတွေဆီကို ကြေးနန်းရိုက်ပြီး "အန္တရာယ် ရှိပါတယ် လို့သတိပေးရအောင်ကလည်း ကျွန်တော့မှာ ဘာအကြောင်းပြ ချက် မည်မည် ရရမရှိဘူး"

သူက လက်ဖဝါးမှ ချွေးစေးများကို သုတ်ဝစ်ရင်း ဆက်ပြောနေ၏။

"ကျွန်တော်မှာ ... ဒုက္ခပဲ။ ဘာမှကိုလုပ်လို့မရဘူး။ သူတို့က ကျွန်တော့်ကို ရူးနေတယ်.. .. လို့ ထင်မှာ ဆရာရဲ့။ ဘာဖြစ်တာလဲ သိလား ကျွန်တော်က သတင်းပို့လိုက်မယ် .. .အန္တရာယ်ရှိတယ်၊ သတိထား'လို့ ဆိုရင် သူတို့က ပြန်မေးမယ် 'ဘာအန္တရာယ်လဲ၊ ဘယ်မှာလဲ' ပေါ့။ ကျွန်တော် ဘာပြန်ဖြေရမလဲ၊ 'ဘာအန္တရာယ် မှန်းတော့ မသိဘူး၊ ဘုရားမှပဲ သိတော် သတိထား'လို့ ပြောရမှာလား၊ အဲဒါဆို သူတို့က ကျွန်တော့ကို အလုပ်က ဖြုတ်ပစ်လိုက်လိမ့်မယ်။ ဟုတ်တယ်လေ .... သူတို့ ဒါပဲ လုပ်စရာရှိတော့တာ"

သူ့စိတ်ဝေဒနာ ခံစားနေရပုံကို မြင်ရသည်မှာ သနားစရာ ကောင်းလှသည် ထိုအဖြစ်သည် ကိုယ့်အသိစိတ်နှင့်ကိုယ် တာဝန်ရှိသည်ဟု ခံယူထားသူ တစ်ယောက်အတွက် မခံနိုင် လောက်အောင် ဝန်ပိနေခြင်းမျိုးဖြစ်၏။



သူက စိတ်ချောက်ချားတုန်လှုပ်စွာဖြင့် ဆံဝင်တွေကို လက်ချောင်း များဖြင့် ထိုးဖွရင်း

"ဟိုး .. ပထမဦးဆုံးအကြိမ် အန္တရာယ်အချက်ပေး မီးလုံးအောက်မှာ အဲဒီ တစ္ဆေရပ်နေတုန်းက တစ်ခုခု ဖြစ်မယ်ဆိုလည်း ဘယ်နေရာမှာ ဖြစ်မယ် ဆိုတာ ဘာဖြစ်လို့ ပြောမသွားရတာလဲ။ ယတြာ ချေရမယ် ဆိုရင်လည်း ဘယ်လိုချေရမယ်ဆိုတာ ဘာဖြစ်လို့ မပြောပြရတာလဲ"

ဒုတိယ တစ်ခါတုန်းကလည်း ဘာဖြစ်လို့ "ဟိုကောင်မလေး သေတော့မယ်" မပြောရတာလဲ၊ ဘာဖြစ်လို့ အဲဒီ ကောင်မလေးကို အိမ်မှာ နေနိုင်းရတာလဲ။ ရှေ့နှစ်ကြိမ်စလုံး သူသတိပေးတာတွေ တကယ်ဖြစ်တာ ဆိုတဲ့ အကြောင်းပြဖို့ ဆိုရင်လည်း ဟောဒီ တတိယ အကြိမ်မှာ ပြင်ဆင်စရာ ရှိတာ ကျွန်တော် ပြင်ဆင်ထားရတော့မှာပေါ့။ အဲဒါကို သူဘာဖြစ်လို့ အစီအစဉ် ရှင်းရှင်းလင်းလင်း သတိမပေးရတာလဲ။ ဘုရားကယ်တော်မူပါ။ လူမရှိ သူမရှိ ဘူတာရုံမှာ စောင့်ရတဲ့ ကျွန်တော့် လိုအချက်ပြသမားကိုမှလာပြီး သတိပေး ရတယ်လို့၊ အားလုံးက ယုံကြည်ကြမယ် လူတစ်ယောက်ကို သွားသတိပေးပါ တော့လား။ လုပ်ပိုင်ခွင့်ရှိတဲ့ လူတစ်ယောက်ယောက်ကို သွားသတိပေးပါ တော့လား"

သူ ထိုသို့ ခံစားနေရပုံကို ကြည့်ပြီး သူ စိတ်တည်ငြိမ် အောင် လုပ်ပေးဖို့ကိုရော . . . မီးရထားစီးသူများ အန္တရာယ် ကင်းအောင် လုပ်တော့ မည်ဆိုသည်ကိုပါ ကျွန်တော် နားလည်လာသည်။

ထို့ကြောင့် ကျွန်တော် သူ့ဘေးမှာထိုင်ပြီး မေးခွန်းတွေ လျှောက်မေး ဖြစ်၏။ ကျွန်တော်က သူ့ကို မည်သူမဆို ကိုယ့်တာဝန်ကို ကိုယ်ကောင်းအောင် လုပ်ဖို့သာ အရေးကြီးကြောင်း ကိုယ်နားမလည်နိုင်သည်များ ဖြစ်ပျက် နေစေကာမူ ကိုယ့်တာဝန် ကိုယ်ကျေသူ တစ်ယောက်အဖို့ ဘာစိတ်သောက ရောက်စရာ မရှိသည့်အကြောင်းများကိုလည်း ပြောပြဖြစ်သည်။

ထိုသို့ ပြောခြင်းအားဖြင့် သူ့ကို အတော်အတန် ဖြေဆည်မှု ရအောင်

www.burmeseclassic.com



လုပ်ပေးနိုင်ခဲ့သည်ဟု ဆိုရပါမည်။ သူ တည်ငြိမ်လာ၏။ သူ့လုပ်ငန်းသဘော သဘာဝအရ ညဥ့်နက်လာသည်နှင့်အမျှ ဂရုစိုက်ဖို့ သတိထားဖို့ ပိုလိုအပ်လာသော အလုပ်မျိုး ဖြစ်သောကြောင့် အလုပ်အပေါ် အာရုံပြန်စိုက်သွားသည့် အခြေအနေအရောက်တွင် ကျွန်တော် သူ့ထံမှ ပြန်လာခဲ့တော့သည်။ သန်းခေါင်ကျော် နှစ်နာရီလောက်ရှိနေပြီ။ ကျွန်တော် တစ်ညလုံး နေပေးရမလား မေးလိုက်သေးသည်။ သို့သော် သူမကြားပါ။

လမ်းကလေးအတိုင်းအပေါ်ကို ပြန်တက်လာရင်း အန္တရာယ် အချက်ပေး မီးနီကို နောက်ပြန်တစ်ချက် လှည့်ကြည့် လိုက်သေးသည်။ မီးရောင်အနီကို ကျွန်တော်မနှစ်မြို့ပါ။ ကျွန်တော့်အိပ်ရာ အပေါ်တွင် မီးလုံးအနီရောင် ထွန်းထားပါက အတင်းပျော်အောင် အိပ်ရသည့်တိုင် စိတ်ချမ်းသာ လက်ချမ်းသာ ရှိလိမ့်မည်မဟုတ်ပါ။ ဘာကြောင့်မှန်းတော့ ရေရေရာရာမရှိ။ ရထားတိုက်ခြင်း ၊ ကောင်မလေးသေခြင်း ကိစ္စနှင့် ကိုလည်း ကျွန်တော့် စိတ်ထဲက တစ်မျိုးကြီး ခံစားရသည်။ မနှစ်မြို့ သည်ကိစ္စကိုလည်း ဘာကြောင့်မှန်း မပြောတတ်ပါ။

သည်လို သူဖွင့်ပြောသည်ကို ကြားရပြီးသူဖြစ်နေခါမှ ကျွန်တော့် အနေဖြင့် တစ်ခုခု လုပ်သင့်သည် မဟုတ်လား . . ဟူသည့် အတွေး ကျွန်တော့် ဦးခေါင်းထဲတွင် ပြေးလွှား လှုပ်ခတ်နေသည်။ ကျွန်တော် သူ့ကို အသိဉာဏ်ရှိသူ တစ်ယောက် ဖြစ်အောင် ၊ နိုးကြားသူတစ်ယောက်ဖြစ်အောင် စိတ်ဝေဒနာကို ခံနိုင်ရည်ရှိသူ တစ်ယောက်ဖြစ်အောင် ၊ သူ့အလုပ်ကို သူ ချောချော စပ်စပ် လုပ်နိုင်အောင် တိုက်တွန်းခဲ့ပြီးပြီ ဖြစ်သည်။

သို့သော် ယခုလိုစိတ်မျိုးနှင့် သူ မည်မျှကြာကြာ ခံမည်နည်း။ အခု မရေမရာ အနေအထားတွင် သူ့စိတ်အစွဲအလမ်းကို မချေဖျက်နိုင်သေး။ သူ့စိတ်က သူ့ကို ဒုက္ခပြန်မပေး ဘူးဟု ကျွန်တော် တစ်ထစ်ချ မပြောရဲပါ။

အကောင်းဆုံးကတော့ သူနှင့်ရင်းနှီးကျွမ်းဝင်မှုကို ခိုင်ခိုင်မာမာ တည်ဆောက်ပြီးသည့်နောက်တွင် . . . သူနှင့်ကျွန်တော် အပြန်အလှန်



သည်မှုရအောင် ကြိုးပမ်းရမည်။ နောက် . . . စိတ်ရောဂါနှင့် ပတ်သတ်၍ ကျွမ်းကျင်သော ဆရာဝန်တစ်ယောက်ယောက်နှင့် ပြဖြစ်စေရန် သူ့ကို တိုက်တွန်းရမည်ဖြစ်သည်။

သူ့ ဂျူတီချိန်က ညပိုင်းအလှည့်ဖြစ်သည်။ သူ ပြောပုံအရ ဆိုလျှင် မိုးလင်းပြီး တစ်နာရီ နှစ်နာရီဆိုလျှင် တာဝန်ချိန် ပြီးဆုံးပြီ။ ညရောက်ခါမှ တစ်ဖန် ဂျူတီပြန်ဝင်ရမည်ဖြစ်၏။

ထိုစံအတိုင်း သူ့ ဂျူတီချိန်ကျလျှင် ကျွန်တော် သွားရဦးမည်။

* * *

နောက်တစ်နေ့ ညနေခင်းသည် လှပချိမ့်မြိန်သော ညနေခင်းလေး တစ်ခု ဖြစ်လေသည်။ ဆည်းဆာအလှအပကို ခံစားရန် ခပ်စောစော လမ်းလျှောက် ထွက်ခဲ့မိသည်။

ဥမင်လိုဏ်ခေါင်းအပေါ်တည့်တည့် ကမ်းပါးပြတ်ကြီး ထိပ်နားက ဖြတ်သွားလမ်းကလေးကို ဖြတ်သွားမိသည့်အချိန်တွင် နေက ဝင်လုဆဲဆဲ . . .။

နောက်ထပ် တစ်နာရီလောက်ကြာအောင် လမ်းဆက် လျှောက်မိသေး၏။ အသွားနာရီဝက်၊ အပြန် နာရီဝက်ကြာပြီး ထိုနေရာကို ပြန်ရောက်လာသောအခါ ကျွန်တော့် မိတ်ဆွေ အချက်ပြသမား၏ တဲလွတ်အခန်းထဲသို့ သွားဖို့ အချိန်တန်ပြီဟု ဆုံးဖြတ်လိုက်၏။

သူရှိရာ အောက်ဘက်သို့ မဆင်းခင်၊ ကမ်းပါးပြတ် အစွန်းပေါ် ရောက်ပြီး ဘာရယ်မဟုတ်ပါပဲ အောက်သို့ ငုံ့ကြည့်ဖြစ်၏။ ထိုနေရာသည် သူ့ကို ကျွန်တော် ပထမဦးဆုံး မြင်ခဲ့သည့် နေရာပင် ဖြစ်သည်။

ကျွန်တော် ပြောမပြတတ်အောင်ပင် .. .. ။ တုန်လှုပ် ချောက်ချားသွား ကျွန်တော့်ကို ဖျစ်ညှစ်ဖိချေပစ်လိုက်၏။ ဥမင်လိုဏ်ခေါင်း အဝတွင် လူတစ်ယောက်ကို မြင်ရသည်။ ထိုလူက လက်ဝဲဘက်လက်ဖြင့် မျက်စိကို ကွယ်ရင်း ညာဘက်လက်ကို ရှေ့ယမ်းပြနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်အတန့်တွင် အမည်နာမမဲ့သော ကြောက်ရွံ့မှုဖြင့် ကျွန်တော် တစ်ကိုယ်လုံး တုန်သွားသည်။ လူတော့ လူအစစ်ပါပဲ ... ဟု သတိထားပြီး ကြည့်လိုက်၏။ ထိုနေရာ အနီးတဝိုက်တွင် အခြား လူများပါ စုရုံးစုရုံး လုပ်နေကြသည်ကို မြင်ရ၏။ စောစောက လူကိုကြည့်ရသည်မှာ တစ်စုံတစ်ခုသော လက်ဟန်ခြေဟန် အမူအရာကို (ထိုလူစု မြင်သာအောင်) ပြန်ပြောပြ သရုပ်ဆောင် ပြနေပုံမျိုးဖြစ်၏။

ထိုအခိုက်အတန့်တွင် အမည်နာမမဲ့သော ကြောက်ရွံ့မှုဖြင့် ကျွန်တော် တစ်ကိုယ်လုံး တုန်သွားသည်။ လူတော့ လူအစစ်ပါပဲ . . . ဟု သတိထားပြီး ကြည့်လိုက်၏။ ထိုနေရာအနီး တဝိုက်တွင် အခြားလူများပါ စုရုံးစုရုံး လုပ်နေကြသည်ကို မြင်ရ၏။ စောစောက လူကို ကြည့်ရသည်မှာ တစ်စုံတစ်ခုသော လက်ဟန်ခြေဟန် အမူအရာကို (ထိုလူစုမြင်သာ အောင်) ပြန်ပြောပြ သရုပ်ဆောင်ပြ နေပုံမျိုးဖြစ်၏။

အန္တရာယ် သတိပေး မီးနီက မလင်းသေး။

ထိုမီးလုံးအောက်ဘက်တွင် မြင်ရသည်က ကျွန်တော့် အတွေ့ ထူးဆန်းနေသည်။

တာပေါ်လင်အဝတ်စကို သစ်သားချောင်းလျှိုထားသောအရာ ဖြစ်၏။ အရွယ်အစားက ခုတင်တစ်လုံးစာမျှသာ ရှိသည်။

တစ်ခုခုဖြစ်နေပြီ . . . ဟူသည့် အာရုံခံစားမှုက အင်အားကြီးမားစွာ ဝင်ရောက်လာ၏။ ဟိုလူကို ထားခဲ့ပြီး အိမ်ပြန်သွားခဲ့မိတာ မှားပြီ . . . ဟု သိလိုက်ရသည့် အခိုက် အတန့်တွင် သူဘာလုပ်သည်ကို စောင့်ကြည့်မည့်သူ မရှိ . . . ပြင်ဆင် ထိန်းကွပ်ပေးမည့်သူ မရှိ . . .၊ ငါ . . . ဘာဖြစ် လို့များ သူ့ကို တစ်ယောက်တည်း ထားပစ်ခဲ့မိတာလဲ . . .။ ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်နိုင်။

ကျွန်တော် . . . မြင်နိုင်သမျှ အမြန်ဆုံး ခြေလှမ်းများဖြင့် လမ်းကလေး အတိုင်း ဆင်းလာပြီး . . . လူတစ်ယောက်ကို မေးလိုက်သည်။



"ဘာဖြစ်တာလဲ . . ဗျ"

"ဒီမနက်ပဲ အချက်ပြအလုပ်သမား သေသွားတယ် ဆရာ"

"ဟောဒီ အခန်းထဲမှာနေတဲ့လူတော့ မဟုတ်ပါဘူးနော်"

"ဟုတ်ပါတယ် ဆရာ ၊ အဲဒီလူပါပဲ"

"ကျွန်တော်နဲ့ သိတဲ့လူများ ဖြစ်နေမလား"

"ဆရာသိတဲ့လူဆိုရင်တော့ မြင်ရင် မှတ်မိနိုင်စရာ ရှိပါသေး တယ်၊ သူ့မျက်နှာက မပျက်စီးသေးဘူး"

ထိုသူက တာပေါ်လင်အဝတ်စဖြင့် ဖုံးထားသော အလောင်း၏ ဦးခေါင်းပိုင်းကို ဖွင့်ပြ၏။

"ဟာ . . . ဘယ်လိုဖြစ်သွားတာလဲဗျာ၊ ဘယ်လို ဖြစ်သွား တာလဲ"

အနီးတွင် အုံနေသော လူများ၏မျက်နှာကို လှည့်ကြည့်ပြီး ကျွန်တော် မေးလိုက်သည်။

"ရထားကြိတ်တာ။ သူ့အလုပ်မှာ သူ အကျွမ်းကျင်ဆုံးလူပါ။ ဒါတောင် ဘာဖြစ်တယ် မသိဘူး။ သူ့လိုလူမျိုးက သံလမ်းနဲ့ လွတ်အောင် မနေတတ်ဘူး ဆိုတာ ဆန်းတယ်။ နေရောင်လည်း လင်းနေပါပြီ။ သူ့လက်ထဲမှာလည်း မီးထွန်းပြီး အချက်ပြမီးအိမ် ကိုင်ထားတယ်"

"ဥမင်လိုဏ်ခေါင်းထဲက ရထားထွက်လာတဲ့အချိန်မှာ . . သူက ရထားကို ကျော်ပေးလို့၊ အဲဒီမှာ ရထားက သူ့ကို ဖြတ်ကြိတ်သွားတာပဲ။ ဟော . . . ဟောဒီလူက စက်ခေါင်းမောင်းပဲ။ တွမ်ရေ . . . ဟောဒီက ဆရာကြီးမင်းကို ဖြစ်ပုံပျက်ပုံလေး ပြောပြလိုက်စမ်းပါဦး"

မည်းညစ်ညစ်အဝတ်ကြမ်းကို ဝတ်ထားသော့သူက (စောစောက ကျွန်တော်မြင်ခဲ့သည့်နေရာ) လိုဏ်ခေါင်းဝနားဆီ သွားလိုက်ပြီး . . .

"ရထားက ဥမင်လိုဏ်ခေါင်းထဲမှာ လမ်းကွေ့အတိုင်း ပတ်ပြီး လာရတာ ဆရာရဲ့။ ဥမင်လိုဏ်ခေါင်းအစွန်းမှာ သူ့ကို မြင်လိုက်တယ်။ ဘွားခနဲပဲ။

www.burmeseclassic.com

www.burmeseclassic.com



ရထားရှေ့ လေကာမှန်အောက် တည့်တည့်မှာ ဖြန့်ခံနေ ပေါ်လာသလိုမျိုး ဘာရိတ်အုပ်ချိန်တောင် မရလိုက်ဘူး"

"ဒီလူက သိပ်သတိကြီးတဲ့လူပါ . . . ကျွန်တော်သိတယ် ဝီစီသံ သူမကြားလိုက်ဘူးထင်လို့ ကျွန်တော် အကျယ်ကြီး အော်ပြောလိုက် သေးတယ်"

"ဘယ်လို စကားမျိုး အော်ပြောလိုက်တာလဲ"

"အောက်မှာ အောက်မှာ "သတိထား" ဘုရား . . ဘုရား လမ်းဖယ်လို့ အော်တာပေါ့"

ကျွန်တော် တုန်လှုပ်သွားသည်။

"အဲဒီ တဒင်္ဂလေးဟာ ကြောက်စရာ ကောင်းလိုက်တယ် ဆရာရယ် ကျွန်တော် အဆက်မပြတ်အော်ပြီး သတိပေးတယ်။ ကျွန်တော် မမြင်ရဲလို့ လက်တစ်ဖက်ကို မျက်လုံးပေါ် အုပ်ထားတယ်။ ဟောဒီဘက်လက်က ဇောက်ယမ်းပြတယ်။ ဒါပေမဲ့ . . . အလဟဿ ဖြစ်သွားတယ်ဆရာ"

ရှည်ရှည်ဝေးဝေး ဆက်ပြောနေဖို့ မလိုအပ်တော့ပါ။ စက်ခေါင်းမောင်း အော်ဟစ်သတိပေးခဲ့သည်ဆိုသော "စကားလုံးများ"ကို ကြားရရုံနှင့်ပင် ကျွန်တော် အရာရာတို နားလည်လိုက်ပြီ ဖြစ်သည်။

ထိုစကားများကို ယခု ကွယ်လွန်သွားပြီဖြစ်သော အချက်ပြသမားက ထပ်တလဲလဲ ရွတ်ပြခဲ့သည်။ သူ့ကိုသာမက ကျွန်တော့်ကို ချောက်ချား တုန်လှုပ် စေခဲ့သော စကားများဖြစ်သည်။

ကျွန်တော့် စိတ်အာရုံထဲတွင်တော့ အချက်ပြသမားက လုပ်ပြသည့် အမူအရာကိုသာ မြင်ယောင်နေမိသည်။

* * *

# ကတ္တီပါလည်စီ နှင့် မိန်းမပျို

The Lady with velvet collar (Washington Irving)

www.burmeseclassic.com

www.burmeseclassic.com

ရာသီဥတု ဆိုးရွားလွန်းသည့် ညတစ်ည . . . ။

ပြင်သစ်တော်လှန်ရေးက အရှိန်အဟုန် မြင့်မားနေဆဲ တာ အတွင်းမှာ ဖြစ်သည်။ ဂျာမန် လူငယ်တစ်ယောက်သည် ပါရီမြို့ ချောင်ကျဟောင်းနွမ်းစုတ်ပြတ်သော ရပ်ကွက်ကို ဖြတ်ပြီး တည်းခို အဆောင်သို့ ပြန်လာ၏။ သူပြန်လာ ချိန်သည် အတော် အချိန်လင့် ဖြစ်သည်။ ရပ်ကွက်လမ်းသွယ်ကလေးများထဲတွင် မိုးခြိမ်းသံက ပဲ့တင်ထ ထပ်နေသည်။ လျှပ်စီးများက တလက်လက် တဝင်းဝင်း။

သည်အဖြစ်အပျက်ကို ထိုဂျာမန်လူငယ်ကလေးအကြောင်းမှ ရမည်ဖြစ်ပေသည်။

ထိုလူငယ်ကလေး၏အမည်မှာ ဂေါ့ဖရီဝုဖ်ဂန်ဖြစ်ပြီး မိကောင်း မိသားစုမှ ပေါက်ဖွားလာသူတစ်ယောက်လည်း ဖြစ်သည်။ ဂက်တင်ဂန် အချိန်အတော်ကြာ ကျောင်းတက်ခဲ့ဖူးသည်။ သို့သော်လည်း သူနှစ်မြို့တ ပညာရပ်တို့က အခြားဂျာမန် ကျောင်းသားများအဖို့ အထိတ်တ ချောက်ချားစေသော အမှောင်ခေတ်က ဂမ္ဘီရကိစ္စများသာ ဖြစ်သည်။

သူက စိတ်ကူးယဉ်သန်သူတစ်ယောက်လည်းဖြစ်၏။

သူက အထီးကျန်ဆန်ဆန်နေတတ်ခြင်းကြောင့် တစ်ကြောင်း၊ သူ အစွဲအလမ်းကြီးမားမှု ၊ သူလေ့လာ သင်ယူနေရသော သင်ခန်းစာတို့



ထူးခြားဆန်းပြားမှု တို့ကြောင့် တစ်ကြောင်း၊ ကိုယ်စိတ် နှလုံး ချူးချူးချ နေ၏။ စိတ်အာရုံများကလည်း ပုံမှန်မဟုတ်သောကြောင့် ကျန်းမာရေး ချွတ်ယွင်းမှုက အလွန်ဆိုးရွားလာသည်။

သူကတော့ ပရလောကနှင့် ဆက်စပ်နေသော ပုံရိပ် ယောင်များ ထဲတွင် ပျော်မွေ့နေလိုက်သည်မှာ သူ့ပတ်ဝန်း ကျင်တွင် ကိုယ်ပိုင်စိတ်ကူးယဉ် ကမ္ဘာလေးတစ်ခု ပေါ်ထွန်းလာသည်အထိပင် ဖြစ်၏။

သူ့စိတ်ကူးထဲတွင် ပရလောကသား သရဲတစ္ဆေတို့နှင့် ပတ်သတ်ပြီး အမျိုးမျိုး ဓာတ်လမ်းဓာတ်ကွက်များ ဆင်ကြည့်နေ တတ်သည်။ သူ့စိတ်ကူး ဓာတ်လမ်းများထဲတွင် သူက မတရား စီရင်လုပ်ကြံခံရသော အင်အား နည်းနဲ့သူ တစ်ယောက်ဖြစ်နေပြီး သူ့ကို သရဲတစ္ဆေများက လာရောက် ဘယ်တင်ကြသည်။ လွတ်မြောက်အောင် ကူညီကြသည်။ အာမခံချက်တွေ ပေးကြ သည်။ သူ့ကို လွှမ်းမိုးချုပ်ကိုင်ကြလေသည်။

သူ၏ ချွတ်ခြုံကျနေသော စိတ်ဓါတ်အင်အား ၊ ပျော့ညံ့သည့် ခိုက်တို့အပေါ် လွှမ်းမိုးချုပ်ကိုင်ထားကြသော ထိုစိတ်ကူးယဉ် အတွေး များသည် သူ့ကို ဒုက္ခပင်လယ်ဝေစေခဲ့တော့၏။ သူသည် တစ်စထက်တစ်စ ချော်လင့်ချက်မဲ့ အားငယ်သူတစ်ယောက် ဘဝကို ရောက်လာပြီး တမှိုင်မှိုင် အတွေးတွေ ဖြစ်လာသည်။

သူ့မိတ်ဆွေ သူငယ်ချင်းများက သူ့ကို နှိပ်စက်နေသည့် စိတ်ရောဂါ ဝေဒနာကို သတိပြုမိသွားကြသည်။ ထို့ကြောင့် သူ့ကို အကောင်းဆုံး ကုသမှုခံယူဖို့ရန် ၊ စိတ်အာရုံအပြောင်း အလဲ ဖြစ်ပြီး ပုံမှန် အခြေအနေ ပြန်ရောက်ဖို့ရန်အတွက် စာသင်ကြားမှုကို ရပ်ဆိုင်းခိုင်းပြီး ပျော်ပွဲရွှင်ပွဲများ ပေါများ ခမ်းနားထည်ဝါသော ပါရီမြို့သို့ ပို့လိုက်ကြ၏။

ပါရီမြို့သို့ ဝုဖ်ဂန်ရောက်လာခဲ့သောအချိန်သည် ပြင်သစ် တော်လှန်ရေးကြီး စတင် ဖြစ်ပွားချိန်ပင်ဖြစ်သည်။ လူအပေါင်းတို့၏ ပါးစပ်ဖျားတွင် ရေပန်းစား သူသော ထိုအဖြစ်အပျက်ကြီးသည် မူးယစ်ဆေးတစ်ခုလို သူ့စိတ်ကို

www.burmeseclassic.com

www.burmeseclassic.com



ခဏတစ်ဖြုတ် ဖမ်းစား ရိုဝေစေ နိုင်ခဲ့သည်။

ထိုအခိုက်အတန့်ကာလ၏ နိုင်ငံရေးနှင့်ဒဿနအတွေးအခေါ်များ သူ့ကို ဆွဲဆောင်နှစ်ခြိုက်စေနိုင်ခဲ့သော်လည်း နောက်ဆက်တွဲ ဖြစ်ပေါ်လာသော သွေးထွက်သံယိုမှု များကြောင့် သူ၏ နိုးထလာသော စိတ်ကလေးသည် တုန်လှုပ် ချောက်ချားသွားပြီး . . .

လူများနှင့်လည်းကောင်း ၊ ကမ္ဘာကြီးနှင့်လည်းကောင်း စိမ်းသော ဖြတ်တောက်သွားကာ အထီးကျန်ဧကစာရီ ကျင့်သုံးသူ တစ်ယောက်အဖြစ် ရောက်သွားခဲ့ရလေသည်။

သူသည် . . . .

ဆော်ဘွန်းဘုန်းကြီးကျောင်းနံရံများနှင့် မလှမ်း မကမ်းက မီးရှိုး လမ်းသွယ်ကလေးတစ်ခုအတွင်းရှိ "ပေလာတင်"ကျောင်းသား ဆော်ဒါဆောင်မှာ တစ်ယောက်စာ အခန်းငှားလိုက်သည်။ ထိုအခန်းထဲ၌ပင် သူ့ကိုယ်သူ ပိတ်လှောင် ထားလိုက်လေတော့သည်။

ထိုအခန်းထဲမှာပင် သူ၏ ဆန်းကြယ်သော ဂမ္ဘီရစိတ်ကူးများသည် မွေ့လျော်နေတော့၏။ ရံဖန်ရံခါတော့ ပါရီမြို့ စာကြည့် တိုက်များသို့ အချိန်ဖြုန်းလေ့ရှိ၏။ ထိုစာကြည့် တိုက်များမှာ ကွယ်လွန်လေပြီးသော စာရေးဆရာတို့၏ သင်္ချိုင်းပင် ဖြစ်လေရာ သူဖတ်သော စာအုပ်များ မှာလည်း ခေတ်မမီတော့သော ဟောင်းနွမ်းညစ်ထေးသည့် အမိုက် သရိုက်စာပေ များသာ ဖြစ်၏။

ထို နတ် ၊ စုန်းကဝေ စာအုပ်များကို ဖတ်ခြင်းအားဖြင့် သူ့စိတ္တဇ အာသာဖြေနေပုံမှာ စာသင်္ချိုင်းသုဿာန်ထဲတွင် အစာရှာနေသည့် စာပိုးဖြူ တစ္ဆေတစ်ကောင်သဖွယ် အောက်မေ့ရလေသည်။

တစ်ယောက်တည်း အထီးကျန်နေရသူ ဝုဗ်ဂန်အတွက် အချိန်တိုင်း လိုလိုသည် စိတ်ကူးယဉ် အိပ်မက်များထဲတွင် ယစ်မူးနေဖို့သာ ဖြစ်၏။ သူမှာ အလွန်ရှက်တတ်သူတစ်ယောက်ဖြစ်ပြီး အပျော်အပါး မလိုက်စားသော်လည်း



မိန်းမလှလေးတွေကိုတော့ ရင်ခုန်တတ်သူဖြစ်သည်။

သူ့အခန်းထဲတွင် သူတွေ့ဖူးသော မိန်းကလေးများ၏ မျက်နှာ အလှပုံတွေ ၊ ကိုယ်ခန္ဓာ အလှပုံတွေ အပြည့်ဖြစ်သည်။ သူ့အတွက်ဝင် ငွေရှာလွတ်မကျန်။ ထို တပ်မက်တမ်းတဖွယ်ပုံ များကို ကြည့်ကြည့်ပြီး သူ စိတ်ကူးယဉ်တတ်သေးသည်။

သည်လို စိတ်လှုပ်ရှားတိမ်းမူးဖွယ် ကယောက်ကယက် အနေအထားတွင် သူ့အိပ်မက်များသည် သူ့ကို ပုံမှန်မဟုတ်သော စိတ်နယ်လွန်နယ်ပယ်ထဲသို့ သွန်းပို့ခဲ့သည်။

ကမ္ဘာမြေပြင်ပေါ်တွင် မရှိဖူးသေးသော အလှတရားမျိုးဖြင့် လှပသည့် မိန်းမတစ်ယောက်၏ မျက်နှာကို သူအကြိမ်ကြိမ် အိပ်မက်သည်။ စွဲလမ်းမှုပိုပြီး ပြင်းထန်လေလေ ထပ်ဖန် တလဲလဲ အိပ်မက်လေဖြစ်သည်။ ထိုအိပ်မက်တလျှောက်တွင် သူ့အတွေးများကို ချောက်ချားစေပြီး ညဘက်ရောက်သောအခါ ထိုအိပ်မက်ရုပ်ပုံလွှာကို နှစ်မက် တမ်းတမိပြန်လေသည်။

သည်လိုနှင့်ပင် ထိုအိပ်မက်ရုပ်ပုံလွှာကို စွဲလမ်းတပ်မက် သည့် စိတ်တဖြည်းဖြည်း ရင့်သန်အားကောင်းလာ၏။ ထိုအခြေအနေမျိုးသည် စိတ်ဓါတ် ပျော့ညံ့သူ တစ်ယောက်အတွက် ချောက်ချား ဖွယ်အတွေးများ ဝင်လာဖို့ အကောင်းဆုံး အနေအထားဖြစ်ပြီး နောက်ဆုံး . . . ရူးပင် ရူးသွပ်သွားစေနိုင်လေသည်။

ဇာတ်လမ်းအစကို ပြန်ဆက်ရမည်ဆိုလျှင် . . .

သူသည် . . . ရာသီဥတု ဆိုးရွားလွန်းသည့် ညတစ်ညတွင် ပါရီမြို့၏ ချောင်ကျ ဟောင်းနွမ်းစုတ်ပြတ်သော ရပ်ကွက်ကို ဖြတ်ကာ မီးရောင်မှိန်ဖျော့ဖျော့ ထွန်းညှိထားသည့် မာရာယေး လမ်းဟောင်းကလေး အတိုင်း လမ်းလျှောက်ရင်း အိမ်ပြန် လာခဲ့သည်။

ထို လမ်းကျဉ်းကလေး၏ တစ်ဖက်တစ်ချက်ရှိ အိမ်မြင့်မြင့် များပေါ်တွင် မိုးခြိမ်းသံ တဝုန်းဝုန်း ကြားရသည်။ သူသည် လူစုလူဝေး များ အဆိုကရုဏ်းများ

www.burmeseclassic.com

www.burmeseclassic.com



ကျင်းပလေ့ရှိသော ဝမ်းနည်း ကြေးကွဲခြင်း ရင်ပြင်ဘက်သို့ ဖြတ်လာသည်။ အေးရိပ်ဆာယာ ဟိုတယ်ခေါင်မိုး အထက်တွင် အလင်းရောင် တလက်လက် ပြိုးပြက်သည်ကို မြင်ရ၏။

ရင်ပြင်ကို အဖြတ်တွင် ခေါင်းဖြတ်စက်များ အနီးမှ ကပ်သွားသော ကြောင့် ဝုဖ်ဂန် ကြက်သီးထမိ၏။ ကြောက်မက်ဖွယ် ကောင်းလှသော ထိုလူသတ် လက်နက် ကြီးများသည် အမြဲတမ်း သွေးဆာနေပုံမျိုး မားမားရပ်နေကြပုံမှာ ဘယာနက အာဃာတစက်၏ အောင်လံထူနေမှုဟုပင် အောက်မေ့ရ၏။

ထိုခေါင်းဖြတ်စက်ကြီးများသည် မြင့်မြတ်ရဲရင့်သော သွေးစက် တို့ဖြင့် လောင်ကျွမ်းပြီး အဆက်မပြတ် လည်ပတ်နေ ခဲ့သည်။ ပြင်သစ်တော်လှန်ရေး နေ့ရက်များအတွင်းက ထိုစက်ကြီးများသည် ရက်ရက်စက်စက် သွေးလူး ပေကျံမှုတို့ဖြင့် ဆာလောင်တက်ကြွ နေခဲ့ကြ၏။

ယခုညတွင်လည်း ငြိမ်သက်တိတ်ဆိတ်စွာ အိပ်မောကျနေသည့် မြို့လယ်ကောင်တွင် ကြောက်မက်ဖွယ် အသွင်သဏ္ဍာန်ဖြင့် မားမားရပ်ရင်း နောက်လာမည့် သားကောင် သစ်များကို စောင့်စားနေကြသည်။

ဝုဖ်ဂန်၏ နှလုံးအိမ်တစ်ခုလုံး နာကျင်ထိတ်လန့်သွားသည်။ ကြောက်ရွံ့ တုန်လှုပ်မှုကြောင့် အင်ဂျင်စက်တစ်လုံး မောင်းနှင်သလို တဆတ်ဆတ် တုန်ခါ လာ၏။ စက်တိုင် ပေါ်တက်သည့် လှေကားထစ်အောက် ခြေတွင် ဒူးခေါင်းပေါ် မျက်နှာမှောက်အုပ်ကာ ထိုင်နေသည်ဟု ထင်ရသော လူသဏ္ဍာန် ကွေးကွေး တစ်ခုကို မြင်လိုက်ရသော ကြောင့်ဖြစ်သည်။

တဖျပ်ဖျပ်လွန့်လူးနေသော မီးရောင်ကြောင့် လူရိပ် သဏ္ဍာန်ကို သဲသဲကွဲကွဲ မြင်လာရသည်။ ဝတ်ရုံအနက်ဝတ်ဆင်ထားသော မိန်းမ တစ်ယောက် . . .။

ထိုမိန်းမသည် စက်တိုင်အောက်လှေကားထစ်တွင် မျက်နှာကို ဒူးမှောက်ကာ ဒူးပေါ်အပ်လျက် ထိုင်နေ၏။ ဦးခေါင်းပေါ်မှ ဆံပင်များက ရေတံခွန်မှ ရေများကျသလို မြေပြင်ပေါ်တွင် တွဲလောင်းကျနေသည်။



ဝုဖ်ဂန် ခေတ္တရပ်တန့်လိုက်မိသည်။ ဆိုးဆိုးရွားရွား အထီးကျန် သူတစ်ခုခု ရှိနေလေပြီ။ သာမန်အစားထဲကတော့ မဟုတ်ဘူးဟု သူတွေးမိ ၏။ အရင်တုန်းက ကိုယ့်အိုးကိုယ့် အိမ်နှင့်အေးချမ်းစွာ အိပ်စက်ခဲ့ရသော သူများထဲမှ တချို့သည် ယခုအခါ အိုးမဲ့အိမ်မဲ့ဖြင့် အိပ်စက်စရာ နေရာမရှိ၊ ညည်လည် သွားလာနေရသည့် အဖြစ်ကိုလည်း သူသိသည်။

ထိုခြေသလုံးအိမ်တိုင်များသည် ရက်စက်အညှာတာ ကင်းမဲ့လှသော ပုဆိန်သွားတို့ကြောင့် အထီးကျန်ဘဝကို ရောက်ခဲ့ရသူများဖြစ်၏။ သူတို့ ချစ်မြတ်နိုးသော ခင်ပွန်း ၊ သားသမီးတို့က ပုဆိန်သွားများ အောက်တွင် ခွဲခွာခဲ့ရလေပြီ။ အသက်ရှင်ကျန်ရစ်သူတို့ကတော့ မျက်ရည်များ၊ ပူဆွေး သောကများနှင့် အထီးကျန်စွာ ဘဝကို ရင်ဆိုင်ဖြတ်သန်း ရတော့မည်ဖြစ်၏။

ယခု ထိုင်နေသူကလေးမှာလည်း ထိုကဲ့သို့ပင် ကျန်ရစ်သူ တစ်ယောက် ဖြစ်ပေလိမ့်မည်။

ထိုမိန်းမပျိုအနီးသို့ သူကပ်သွားလိုက်ပြီး ကရုဏာဖြင့် စကား နှုတ်ဆက်လိုက်သည်။ မိန်းမပျိုက ခေါင်းကို မော့လိုက်ပြီး သူတို့ စူးစူးရဲရဲ ဖြန့်စိုက်ကြည့်သည်။ သူမ၏ မျက်နှာကို မြင်လိုက်ရသည့် သူမ၏ မျက်နှာသည် သူ့ကို အိပ်မက်ထဲမှာ အမြဲခြောက်လှန့်နေခဲ့သော မျက်နှာဖြစ်နေလေသည်။

သူမ၏ မျက်နှာသည် ဖြူဖပ်ဖြူရော် နှင့် ညှိုးငယ်နေ သော်လည်း အလွန်လှပသည့် မျက်နှာဖြစ်ကြောင်းကိုတော့ အလွယ်တကူပင် သိနိုင်ပါ သည်။

ဝုဖ်ဂန်ကြောက်ရွံ့ထိတ်လန့်သွားပြီး ဇဝေဇဝါဖြစ်သွားမိသည်။ ဟင့်အင်း ငါအမြင်မှားနေတာပါဟု တွေးမိ၏။ ထိုနောက် ဝုဖ်ဂန်က ကရုဏာ ဒေါသောဖြင့် ယခုလို ညဥ့်နက် သန်းခေါင် ရာသီဥတုဆိုးရွား နေချိန်တွင် ထွက်လာရကောင်းလားဟု အပြစ်တင်စကားပြောဖြစ်သည်။ အဖေါ်သူငယ်ချင်း တစ်ယောက်ယောက် ခေါ်လာရောပေါ့ဟု ပြောမိရာ သူမက ခေါင်းဖြတ် စက်ဆီကို ကြောက်ရွံ့ထိတ်လန့်မှု အပြည့်ဖြင့် လက်ဟန်ပြရင်း . . .

www.burmeseclassic.com

www.burmeseclassic.com



"ဒီကမ္ဘာမှာ ကျွန်မအတွက် မိတ်ဆွေဆိုတာ မရှိဘူး"

"မင်းမှာ အိမ်တော့ရှိမှာပေါ့"

"အင်း . . . ရှိတယ်။ သချိုင်းမှာ"

သူမ၏ စကားကြောင့် ဝုဖ်ဂန်နှလုံးသား ကြေကွဲပျော်ဆင်းကျ သွားသည် သူက . . .

"ငါက သူစိမ်းဆိုတော့ ၊ မင်းငါ့ကို အထင်မလွဲဘူးဆိုရင် ငါ့အခန်း စုတ်လေးမှာ လိုက်တည်းဖို့ ဖိတ်ခေါ်ပါတယ်။ ငါ့ကို မိတ်ဆွေတစ်ယောက် သဘောထားပေါ့။ ငါလည်း ဟောဒီ ပါရီမြို့ကြီးမှာ မိတ်ဆွေမရှိ အပေါင်း အသင်းမရှိ ၊ သူစိမ်း ဖြစ်နေရတဲ့ ကောင်ပါ။

ဒါပေမဲ့ မင်းအတွက် လိုအပ်မယ်ဆိုရင် ငါတစ်ခုခု လုပ်ပေးချင် ပါတယ်။ မင်းအတွက် အန္တရာယ်တစ်ခုခု အရှက်နဲ့ အသက်ကို ထိခိုက်စေ တစ်ခုခု မကြုံရသေးခင် မင်းကို အကာ အကွယ်ပေးချင် တယ်"

ဝုဖ်ဂန်၏ အသွင်အပြင်က ရိုးရိုးသားသား ကူညီရန် စိတ်ထား ထက်သန် နေပုံပေါ်သည်။ ဂျာမန်သံဝဲနေသော သူ့စကားလေသံ ကလည်း သူသည် ပါရီမြို့သားစစ်စစ် မဟုတ်သည့်အကြောင်း ပြနေသလိုရှိ၏။ အားပါး တ စိတ်ပါလက်ပါ ပြောနေသည့် သူ့ဟန်ပန်အသွင်အပြင်က သံသယဖြစ်စရာမရှိ ထို့ကြောင့်

အိမ်မဲ့ရာမဲ့ မိန်းမပျိုကလေးသည် ဝုဖ်ဂန်၏ အရိပ် အာဝါသ ခိုလှုံဖို့ ဆုံးဖြတ်လိုက်သည်။

တုန်ယင်အားနည်းနေသော ခြေလှမ်းများနှင့်မိန်းမပျိုကလေးကို တွဲပြီး ပွန်ညံရပ်ကွက်ကို ဖြတ်လာခဲ့သည်။ စတုဗ္ဗ ဟင်နရီ ဘုရင်ကြီး၏ ရုပ်တုကြီးကို ဖယ်ရှားပစ်လိုက်သည့် မြေကွက်လပ်ဘေးမှ ကပ်လျှောက်ခဲ့၏။

မိုးသက်မုန်တိုင်းက အင်အားပျော့သွားသည်။ ဟိုး ခပ်ဝေးဝေး မိုးခြိမ်းသံတွေ ကြားနေရဆဲရှိသေး၏။ ပါရီမြို့ကြီး တစ်မြို့လုံး ငြိမ်သက်တိတ်ဆိတ် နေကြပြီ။ လူ့ခံစားမှု မီးတောင်ကြီး တစ်ခု မနက်ဖြန်မှာ ထပေါက်ကွဲ



အားယူငြိမ်သက်စောင့်ဆိုင်း နေပုံမျိုး . . .။

ဝုဖ်ဂန်က မိန်းကလေးကို တွဲပြီး ပေလာတင် အဆောင်ရှိရာ သင်္ချိုင်းကြားကလေးအတိုင်း လျှောက်လာခဲ့ကြသည်။ ဆော်ဗွန်းဘုန်းကြီး ကျောင်း၏ မှိုင်းပျပျနံရံများ နံဘေးမှာ ဖြတ်လာခဲ့ကြပြီး သူတည်းခိုနေရသည့် ညစ်ညစ် ပေပေ အခန်းကလေးဆီ ရောက်ခဲ့ကြ သည်။

တည်းခိုဆောင်မှ အိတ်များအထုပ်အပိုးများကို ကူသယ် ပေးရသည့် အစေခံအသွားအိုက မြင်တွေ့ကျမဟုတ်သော အဖြစ်ကို တွေ့လိုက် ရသောကြောင့် ဝုဖ်ဂန် နှင့် အဖော်မိန်းမပျိုကလေးကို အံ့ဩတကြီး စိုက်ကြည့်သည်။

အခန်းထဲသို့ရောက်သောအခါ ဝုဖ်ဂန်က သူ့အခန်းကို ပထမဦးဆုံး အကြိမ်အဖြစ် ဟိုတစ်ချက် ဒီတစ်ချက် ဖုန်ခါ တံမြက်စည်းလှည်း လုပ်သည်။ အခန်းက တစ်ခန်းတည်းသာ ဖွဲ့ထား၏။ ပုံစံက ရှေးဆန်ပြီး အိုမင်း ဟောင်းနွမ်းလှပြီ။

တစ်ချိန်တုန်းက တော်ဝင်နေရာတစ်နေရာ ဖြစ်ခဲ့သော လူ့ အခန်းတော်တည်ရာ ရပ်ကွက်တွင် တည်ဆောက်ထားသော တည်းခိုခန်း ဖြစ်သည့်အလျောက် ရွှေထီးဆောင်းခဲ့စဉ် တစ်ချိန်က အရှိန်အဝါကို ဖော်ပြနေသည့် ဇရိုဘောဂ ခုံခုံညားညားကြီးများဖြင့် နှစ်လိုဖွယ်ဖြစ်အောင် တန်ဆာ ဆင်ထား ထား၏။

သို့သော် ယင်းအဆင်အပြင်တို့နှင့် မလိုက်ဖက်စွာပင် ထိုဂျာမန် ကျောင်းသားလေး၏ အခန်းက စာရွက်စာတမ်းများ၊ စာအုပ်များ၊ ကိုလီမုတ် ပစ္စည်းများ အသုံးအဆောင်များဖြင့် ပြန့်ကျဲရှုပ်ပွနေ၏။ သူ့အိပ်ရာက အခန်းထောင့် တစ်နေရာတွင် ကပ်ထားသည်။

မီးထွန်းလိုက်ပြီးသည့်နောက်တွင်တော့ ဝုဖ်ဂန်က မိန်းမပျိုလေး၏ အသေအချာကြည့်ခွင့်ရသွားသည်။ သူမ၏ အလှအပက သူ့ကို (ထင်ထား သည့်ထက်ပို၍) ဖမ်းစားနိုင်လေသည်။ သူမ၏ မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်နေသော်လည်း သူ့ကို မူးမိုက်ပြာဝေသွားစေနိုင်သည် အထိ ဖမ်းစားနိုင် သေး၏။

www.burmeseclassic.com

www.burmeseclassic.com



မဟူရာရောင် နက်မှောင်နေသည့် ဆံနွယ်စတွေ မျက်နှာပေါ်ဝဲကျနေပုံ ... သူ့အတွက်အလှတရားတစ်ခုကို ငေးကြည့်ခံစားနေရသည်ဟု အောက်မေ့... သူမ၏ တလက်လက်တောက်ပနေသော မျက်လုံးရွဲဖြင့် စိန်းစိန်းကြည့် လိုက်... ဒဏ်ကို သူမခံနိုင်၊ သူ့ခန္ဓာကိုယ်ထဲမှ အရိုင်းစိတ်များ ထကြွမလာအောင် မနည်းချုပ်တည်း နေရသည် အထိပင်ဖြစ်သည်။ အနက်ရောင်ဝတ်စုံ... သူမ၏ လှပပြေပြစ်သော ကိုယ်လုံးကိုယ်ထည်ကို အရိုးကျကျ ကြည့်ကောင်း... ပေါ်လွင်စေ၏။ သူမ ဝတ်ထားသည်မှာ ရိုးရိုးလေးပင် ဖြစ်သော... တစ်ကိုယ်လုံး ဆွဲဆောင်မှု အပြည့်ရှိသည်။

သူမ ဆင်ယင်ထားသည့်တစ်ခုတည်းသော လက်ဝတ် ရတနာ... စိန်ပွင့်ကလေးများနှင့်တွယ်ညှပ်ထားပြီး လည်တိုင်ကို ပတ်ရည်နှောင် ထား... သည့် အနက်ရောင်ကတ္တီပါ လည်စည်းကလေးသာဖြစ်သည်။

ဘာလုပ်ရမလဲဟူသည့် ပြဿနာကိုတွေးရင်း သူစိတ်တွေ ရှုပ်ထွေး... လာသည်။ အကူအညီမဲ့နေသော ထိုမိန်းကလေးကို အကာအကွယ် ပေး... လိုအပ်နေသည်ကတော့ အမှန်ပင်ဖြစ်၏။ ဒီအခန်းကို သူမအတွက် ထားခဲ့ပြီး သူတခြားတစ်နေရာမှာ သွားနေရလျှင် ကောင်းမည်လား . . . ဟု စိတ်ထဲ... ကြည့်သေးသည်။

တကယ်တမ်းတွင် သူမအပါးမှ သူတစ်ဖဝါးမှ မခွာရက်။ သူ၏... အလှက သူ့နှလုံးသားတစ်ခုလုံးကို ညို့ယူဖမ်းစား ထားပြီ ဖြစ်၏။ သူမ၏... အရုအရာတွေက ထူးခြားနေသည်။ ဘာရယ်ဟု အဓိပ္ပါယ် မဖေါ်ခွဲတတ်... ခေါင်းဖြတ်စက် နှင့် ပတ်သက်၍လည်း နောက်ထပ် ဘာမျှ မပြောတော့။ သူမ၏ ပူဆွေးသောကများကတော့ အတော်အသင့် ပြေငြိမ်းသွားခဲ့ပြီ ဖြစ်၏။ ဂျာမန်ကျောင်းသားလေး ဂုဖ်ဂန်၏ ဂရုတစိုက်ရှိမှုကြောင့် ဂုဖ်ဂန်ကို သူမ ယုံကြည်ကိုးစားလာသည်။

သူမ၏ ယုံကြည်မှုကို အရယူနိုင်ခဲ့ပြီးသည့်နောက်တွင် သူမ၏ နှလုံးသားကိုလည်း ထိုဂျာမန်ကျောင်းလေးကပင် ဆွတ်ရှုနိုင် တော့မည်ဟု



...ခဲ့ထင်မှတ်မိလိုက်သည်။ သူမသည်လည်း ဂုဖ်ဂန်နှင့် ထပ်တူ ခံစား... ...ပြီ၊ နောက်တော့ . . . ရင်ခုန်နေရသူနှစ်ယောက်တို့ . . . တစ်ဦးကို ...ဦး သိမြင်နားလည်ကာ ချစ်သွားကြလေတော့သည်။

သူတို့နှစ်ဦး ချစ်ကြည်နူးနေကြစဉ်မှာပင် ဂုဖ်ဂန်က သူမအား ...တပ်မက်ခဲ့ရပုံကို ပြန်ပြောပြဖြစ်သည်။ သူမကို မတွေ့ဖူး မမြင်ရခင်မှာပင် ...လုံးသားအပေါ် သူမ ပိုင်စိုး သိမ်းပိုက်ထားခဲ့ပုံကို သက်သေထူနိုင်သည့် ...ရိဆန်ဆန် အိပ်မက်အကြောင်း စီကာပတ်ကုံး ပြောပြ၏။

သူ၏ ပီပြင်လေးနက်သော ရင်ဖွင့်စကားသံကြောင့် သူမ စိတ်ထဲ ...နှင့်နှင့် ထိခိုက်မိ၏။ မဖေါ်ပြနိုင်လောက်အောင် ပြင်းထန်စူးရှသော ဝေဒနာကို ...လာရသည်အထိပင်ဖြစ်သည်။

ဒီအချိန်မျိုးက ယဉ်ကျေးမှုထုံးတမ်းစဉ်လာတို့ကို ပစ်ပယ်ထားသော ...ဖြစ်၏။ ဟောင်းနွမ်းဆွေးမြည့်နေပြီ ဖြစ်သော စိတ်အစွဲများ အယူ ...မှုများ ဖယ်ရှားပြီး အရာရာသည် ဆင်ခြင်တုံတရား နတ်ဘုရားမ၏ ...သော စည်းချက်နှင့်အညီ လှုပ်ရှားနေကြသည်။ ရှေးခေတ်ဟောင်း၏ ...ခဝင်တော့သော အမိုက်သရိုက်တို့ အထဲတွင် မင်္ဂလာညှော်ခံပွဲ အခမ်း ...များ ထုံးတမ်းစဉ်လာများကိုပင် (အပို အလုပ်များဟု ယူဆကာ) ...သွင်း လျစ်လျူရှုလေပြီဖြစ်သည်။

ဂုဖ်ဂန်ကတော့ စာအုပ်ကြီးသမားဖြစ်၏။ ခေတ်ပေါ် အယူအဆ ...နှင့် လိုက်လျောညီထွေ ပျော့ပျော့ပျောင်းပျောင်း အလိုက်သင့်နေနိုင်သူ ...တ်။ အတွေးကျယ်သူ မဟုတ်ပါ။

"တို့ မခွဲကြဘူးနော်။ ငါတို့ နှလုံးသားတွေ ပေါင်းစည်းမိကြပြီ။ ...သိက္ခာအရပဲကြည့်ကြည့် ၊ ဆင်ခြင်ဉာဏ်နဲ့ပဲကြည့်ကြည့် တို့ဟာ ...သားတည်း ဖြစ်နေကြပြီလေ။ တို့ရဲ့ ပျော်ရွှင်ကြည်နူးနေတဲ့ စိတ်နှလုံးသားတွေ ...ည်းဖို့ ယုတ်နိမ့်တဲ့ ကိစ္စတွေ လိုသေးလို့လား"

မိန်းမပျိုလေးက စိတ်လှုပ်ရှား ခံစားမှုအပြည့်ဖြင့် ဂုဖ်ဂန်၏

www.burmeseclassic.com

www.burmeseclassic.com



စကားကို နားထောင်နေသည်။ လင်းလက်သွားသော အသိကို နားလည် လက်ခံလိုက်သည်မှာ ထင်ရှားပါသည်။ ဗုဗ်ဂန်က ဆက်ပြော၏။

"မင်းမှာ အိမ်လည်းမရှိဘူး။ မိသားစုလည်း မရှိဘူး။ ငါ့ မင်းအတွက်ပဲ ဖြစ်ပါရစေ။ ကိုနှစ်ယောက်ဟာ တစ်ယောက်အတွက် တစ်ယောက်ပဲ ဖြစ်ပါရစေ။ မင်္ဂလာ ခမ်းအနားပုံစံမျိုး လိုအပ်မယ်ဆိုရင် . . . ယောဒီလိုပဲ ကျင်းပလိုက်ကြရအောင်လေ . . . ဒီမှာ ကိုယ့်ရဲ့ လက်ကို ကိုင်ထား။ ကိုယ်သစ္စာ ဆိုမယ်။ ကိုယ်ဟာ အမြဲတမ်း မင်းအတွက်"

မိန်းမပျိုလေးက . . . အလေးအနက်ပြောသည်။

"အမြဲတမ်းပဲ အတွက်လား"

"အမြဲတမ်းအတွက်ပေါ့"

ဗုဗ်ဂန်က ထပ်ပြောသည်။

မိန်းမပျိုလေးက လက်ကို ဖမ်းယဖျစ်ညှစ်လိုက်ပြီး တို့ဟာ သူ့အတွက် ရေရွတ်ကာ ရင်ခွင်ထဲ တိုးဝင်လိုက်သည်။

နောက်တစ်နေ့ နံနက်စောစောတွင် ဂျာမန်ကျောင်း သားလေးသည် အိပ်ပျော်နေသော သူ၏ သတို့သမီးကို ထားရစ်ခဲ့ပြီး ကတိုက်ကရိုက် ထွက်လာခဲ့၏။ ပြောင်းလဲသွားပြီ ဖြစ်သော သူတို့ နှစ်ဦးသား၏ အနေအနေနှင့် လိုက်ဖက်ညီမည့် ကျယ်ကျယ်ဝန်းဝန်း အခန်းတစ်ခန်း ရှာဖွေရန် ဖြစ်သည်။

သူ ပြန်လာသောအခါ . . .

မိန်းမပျိုလေးကို ခုတင်ပေါ်တွင်ပင် တွေ့ရသေး၏။ မှောက်လျက် အနေအထားဖြင့် ခေါင်းကို ငိုက်စိုက်တွဲလောင်း ချထားသည်။ လက်တစ် ဘက်ကို ခေါင်းပေါ်တင်ထား၏။

သူက စကားလှမ်းပြောလိုက်သည့်တိုင် သူမဘက်က ပြန်ဖြေ မကြားရ။ သူက မသက်မသာ ဖြစ်နေသော သူမ၏ မှောက်လျက်အနေ အထားကို ပြင်ပေးရန် လှုပ်နှိုးလိုက်သည်။



သူမ၏ လက်ကို ကိုင်လိုက်သောအခါ အေးစက်စက်အထိ အတွေ့ကို ခံလိုက်ရ၏။ သွေးမတိုး ၊ နှလုံးမခုန် ၊ သူမ၏ မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်ကာ တစ္ဆေတစ်ကောင် နှင့် တူနေသည်။

သူမသည် လူသေအလောင်းတစ်လောင်းသာဖြစ်သည်။

ဗုဗ်ဂန် အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားသည်။

တည်းခိုခန်း တစ်ဆောင်လုံးကို လိုက်နှိုးပြီးနောက် အားလုံး အလုပ် ရှုပ်တုန်ကြ၏။ ရဲကို အကြောင်းကြားလိုက်သည်။ ခဏအကြာတွင် ရဲအရာရှိ ရောက်လာပြီး အခန်းထဲ ဝင်လာ၏။

သူက အလောင်းကို မှောက်လျက်အနေအထားမှ ပက်လက်လှန် လိုက်သည်။

"ဘုရားရေ . . . ဒီမိန်းမ . . . ၊ ဒီအခန်းထဲ ဘယ်လို ရောက်နေ တာလဲ"

သူ ပြောပြီး ရှေ့ကို တိုးသွားကာ အလောင်းလည်ပင်းမှ အနက်ရောင် သည်စည်းကို ဖြည်လိုက်သည်။

သူမ၏ ဦးခေါင်းက ကြမ်းပြင်ပေါ် လိမ့်ကျသွား၏။ ဗုဗ်ဂန် စိတ်တွေ ချောက်ချားဆန်အောင် တုန်လှုပ်ပေါက်ကွဲသွား သည်။ သူအော်ဟစ်လိုက်၏။

"ဝိညာဉ်မလေး ...။ ငါ့ကို ပိုင်စိုးတဲ့ ဝိညာဉ်သခင် မလေး ... ရေ။

မင်းကို ထာဝရ ဆုံးရှုံးရပြီပေါ့"

သူ ရှုံ့ပွဲချ ငိုကြွေးလိုက်တော့၏။

အားလုံးက သူ့ကို နှစ်သိမ့်ဖို့ ကြိုးစားကြသော်လည်း အချည်းနှီးဝင် ဖြစ်သည်။ ကြောက်မက်တုန်လှုပ်ဖွယ်ရာ ထို စိတ်အစွဲကို သူလက်မလွှတ်။ ထိုဝိညာဉ်သည် အလောင်းကောင်ထဲ နောက်တစ်ကြိမ် ပြန်ဝင်ပြီး သူ့ကို ခမ်းစားဦးလိမ့်မယ်ဟု သူ စွဲစွဲမြဲမြဲ ယုံကြည်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ဘာကိုမှ စိတ်မဝင်စားနိုင်တော့ . . .။

စိတ်တွေ ထွေပြား နောက်ကျိုလျှက် . . . ။

နောက်ဆုံး . . . စိတ္တဇဆေးရုံတွင် သူ ကွယ်လွန်ခဲ့သည်။

* * *

# စိတ်တစ္ဆေ

**Blind Man's Buff (H - Russell Wakefield)**

www.burmeseclassic.com

www.burmeseclassic.com

"ဟူး ၊ ဒီတောသားတွေ . . . ။ ဒီနေရာကို လမ်းညွှန် လိုက်နိုင်
ဘုရားမပေလို့သာပဲ"

မစ္စတာကော့(တ်)သည် တစ်ယောက်တည်း ရေရွတ် ညည်းတွား
မိ၏။

ဘယ်ကွေ့ . . . ၊ နောက် . . . ညာဘက် ၊ ပြီးရင် ခြံတံခါး
မည်းမည်းကြီး . . . ၊ ငါ့ကို ခြောက်မိုင်ခွဲလောက် လမ်းတလွဲချော်သွားအောင်
လုပ်ခဲ့တဲ့ ငနဲတော့ ရေခဲပြီး သေပါစေဗျာ . . . ။ အား . . . ချမ်းလိုက်တာ
. . . အင်္ဂလန်ရဲ့ ဆောင်းဥတုကလည်း လူသေပါးစပ်ထဲက မတ်စွေလို အေးစက်
နေတာပဲ"

ထိုနေရာသို့ မစ္စတာကော့ (တ်) ရောက်သွားချိန်သည်
ဆည်းဆာမှုန်ရိုင်းသွင်းချိန်ဖြစ်၏။ ရေခဲနေသော လမ်းတစ် လျှောက် ကားကို
ခဝ်ကြမ်းကြမ်း မောင်းလာခဲ့သည်။

ညာကို ကွေ့မယ် . . . ၊ အင်း . . . ဟုတ်ပြီ။ ပြီးတော့ . . .
ညာကိုကွေ့ ၊ ဟော ရောက်ပါပြီဗျာ ၊ တံခါး၀ မည်းမည်းကြီး။

သူ ကားပေါ်မှ ဆင်းကာ ခြံတံခါး၀ မည်းမည်းကြီးကို ဖွင့်လိုက်
သည်။ ထို့နောက် . . . လမ်းကျဉ်းကွေ့ကွေ့ ကောက်ကောက်လေး တစ်လျှောက်



ကားကို ဂရုစိုက်ပြီး မောင်းလာခဲ့၏။

ကားရှေ့မီးကြီး နှစ်လုံး၏ အလင်းရောင်ကြောင့် ခြံစည်းရိုး များကို
အထင်းသား မြင်နေရသည်။ ရှည်လျား ရှုပ်ထွေးနေသော ခြံစည်းရိုးပင်များကို
ကြည့်ရင်း ခုတ်ထွင် ရှင်းလင်းပစ်ဖို့ ကောင်းပြီ . . . ဟု သူတွေးမိသည်။
ကားမောင်းလာရာတစ်လျှောက် ချိုင့်ခွက်တွေ အပြည့်ဖြစ်နေ သည့်လမ်းကိုလည်း
ပြုပြင်သင့်ပြီ ဖြစ်သည့်အကြောင်း ကားမောင်းရင်း စဉ်းစားနေမိ၏။

ဒီလို ရာသီဥတု ဆိုးရွားတဲ့ညမှာ လမ်းကြမ်းကြမ်း ဆိုးဆိုး တွေပေါ်
ကားမောင်းရတာလောက် စိတ်ပျက်စရာကောင်းတာ ဘာမှ မရှိဘူးဟု တွေးမိ
သည်။

ကားသည် တောင်တက်လမ်းကလေးအတိုင်း တရွေ့ရွေ့ တတ်လာ
ခဲ့၏။ ထူထပ်လှသော ခြံစည်းရိုးပင်များ၏ အဆုံးတွင် လွှန်းမန်နာအိမ်ကြီးကို
အွားခနဲ တွေ့လိုက်ရသည်။

အိမ်မျက်နှာစာဘက်ဆီသို့ ကားကို ဖြည်းဖြည်းချင်း မောင်းလာ
ခဲ့သည်။ ကားပေါ်မှ ဆင်းပြီးသည်နှင့် တစ်ပြိုင်နက် မစ္စတာကော့(တ်) သည်
အချမ်းပြေစေရန် လက်ဖ၀ါး နှစ်ဖက်ချင်း ပွတ်လိုက်သည်။ ခြေထောက်
နှစ်ချောင်းအား ကွေးလိုက်ဆန့်လိုက် လုပ်ရင်းက အိမ်ကြီးကို လှမ်း၍ ကြည့်
လိုက်၏။

လွှန်းမန်နာ အိမ်ကြီးသည် ချယ်(လ်)တန်တောင်တန်း အလယ်လောက်တွင်
တည်ရှိသည်။ အိမ်ပွဲစားများ ပြောသည့် အတိုင်း အလွန်ပင် ရှခင်းကောင်းသည့်
နေရာဟုလည်း မစ္စတာကော့(တ်) မှတ်ချက်ချမိသည်။ ဂျော်ဂျီယန် မီးခိုးတိုင်
နှစ်ထပ်ပုံစံ ဆောက်ထားပုံကလည်း အိမ်ကြီး၏ သက်တမ်းသည် အန်းဘုရင်မကြီး
လက်ထက်တော်ထက် မနည်းရှေးကျခဲ့ပြီးဖြစ်ကြောင်း ခန့်မှန်းမိစေသည်။ အသေ
အချာ ကြည့်လိုက်တော့မှ သူနှင့် အနီးဆုံး မီးခိုးတိုင်အောက်ခြေနားတွင်
ရေးထိုးထားသည့် ၁၇၀၃ ခုနှစ်ဟူသော ရက်စွဲစာတန်းကို မြင်ရပြီး သက်တမ်းကို
အတိအကျ သိလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကြီးက ကျယ်လည်း ကျယ် ၊ ခမ်းလည်း ခမ်းနား လိုက်တာ ငွေခုနှစ်ထောင်နဲ့ ရတာ အရမ်းတန်တာပဲ။ ဘာလို့ ဒီဈေးနဲ့ ရောင်းရသလဲဆိုတာ နားတောင်မလည်ဘူး။ အမယ် ၊ ပြတင်းပေါက် အမိုးကွေးကွေးလေးတွေ မျက်မှောက် ကုတ်ပြီး ကြည့်နေတဲ့ပုံစံမျိုး"

နောက်တော့ . . . ဟိုဟိုသည်သည် သူ လျှောက်ကြည့် ဖြစ်သည်။

ဝင်လုဆဲဆဲ နေရောင်ခြည်က အလင်းတန်းများကို ဖြန့်ကြဲထား သောကြောင့် မှန်ရိုပိုးတဝါး ဆည်းဆာ အလင်းထဲတွင် သစ်ပင်တွေ တစ်မျိုး လှပနေကြသည်။

အေးလီး(စ်)ဘူရီ တောင်ကြားသည် နှင်းမြူတွေအောက်ကို တစိမ့်စိမ့် နစ်မြုပ်နေ၏။ ချိုင့်ဝှမ်းအထက်က တောင်ကုန်းများ၏ အနားသတ်များ ၊ အမိုးအမောက်များ ၊ အနိမ့်အဝှမ်း၏ အနား သတ်သည် နှင်းဆီရောင် နေညိုရိပ် နှင့် ငွေရောင်အလင်းတို့ ကွပ်ထားသလို ဖြစ်နေသည်။

အလျှံရဲရဲ လောင်မြိုက်နေသည့် မျက်ဝန်းကြီးတစ်ခုကို မြုပ်ဖုံးကွယ် ထားသလိုမျိုး . . . ၊ တောင်ကုန်းနောက်မှာ ဝင်လု ဝင်ဆဲ နေလုံးက တောက်ပ လင်းလက်နေသည်။

"အိပ်မက်ကမ္ဘာထဲ ရောက်နေရသလိုပဲ"

ဟု မစ္စတာကော့(တ်) တွေးမိသည်။

"တောင်ကုန်းတွေပေါ်ကို နေရောင် အလင်းခတ်သွားတဲ့ နေရာတိုင်းတာ မျက်လုံးတစ်လုံးလို တောက်ပပြီး ကိုယ့်ကို စိုက်ကြည့်နေတာလို့ အောက်မေ့ရတာ ပြတင်းပေါက်တွေပေါ် နေရောင်လက်နေတဲ့ နေရာတွေမှာလည်း ဒီလိုပဲ ကိုယ့်ကို စိုက်ကြည့် နေတဲ့ မျက်လုံးတွေ ရှိနေတယ်လို့ အောက်မေ့ရတယ်။ အင်း . . . ၊ မြူနှင်းတွေကြားထဲရပ်ပြီး ဒီလို ပြောနေလို့တော့ မဖြစ်သေးဘူး။ အိမ်ထဲဝင်ဦးမှပဲ။ ဒီနေရာက အရမ်းခေါင်ပြီး လူသူ ကင်းဝေးလွန်း နေတာ ဘာကြောင့်မှန်းတော့ မသိဘူး။ ထင်ရာမြင်ရာ



လျှောက်တွေးပြီး ဒီနေရာကို စိတ်မသန့် လက်မသန့် ဖြစ်နေတာထက်စာရင် အိမ်ထဲ ဝင်ကြည့်လိုက် တာက ပိုကောင်းမယ်"

နေရောင်ခြည်တို့က နောက်ဆုံး လင်းလက်လိုက်ပြီး မှေးမှိန်သွား၏။ ပါးချင်တစ်ခုလုံး မှောင်အတိကျသွားသည်။ သူက အိတ်ထဲမှ သော့ တံချောင်းကို ထုတ်ယူလိုက်ပြီး လှေကား သုံးထစ်ကို တက်သည်။

လေးလံထုထဲကြီးမားသော ဝက်သစ်ချသား အိမ်တံခါး မကြီး၏ သော့ပေါက်ထဲသို့ သော့ကို ထိုးထည့်လိုက်၏။

နောက်တစ်ခဏကြာတွင် သူသည် အတိမှောင်မိုက်နေသော အိမ်အတွင်းဘက် မျက်နှာမူလျက်သား ဖြစ်နေလေသည်။

တံခါးရွက်က လွှဲယမ်းသွားပြီး သူ့ကျောနောက်တွင် ဂျိမ်းခနဲ ပိတ်သွား၏။

"အင်း . . . ပွဲစားပြောတဲ့အတိုင်းဆို ကေန္တတော့ . . ငါအခု ရောက်နေတဲ့အခန်းဟာ မှန်ကူကွက်တွေ ဖေါ်ထားတဲ့ ခန်းမဖြစ်မယ်ထင်တယ် . . ."

မီးထွန်းမှ ဖြစ်မည်။ သူ မီးခြစ်ကို အိတ်ကပ်ထဲမှာ မွှေမှောက်ရှာ သည်။ မတွေ့။ နောက်တစ်ခေါက် ရှာကြည့်ပြန် သည်။

"ကားထိုင်ခုံပေါ်မှာ ကျန်ခဲ့ပြီထင်တယ်"

ဟု သူတွေးမိပြီး . . .

"သွားပြန်ယူမှပဲ။ စောစောက ငါ ဝင်လာတဲ့တံခါးက ငါ့ကျောဘက် နောက်တည့်တည့်မှာ . . ."

သူ စမ်းတဝါးဝါးဖြင့် နောက်ပြန်လှည့်သည်။ သူ့နောက်ဘက်မှ တစ်စုံတစ်ခု လျှောတိုက် ရွေ့လျားသွားသလို ထင်မိ၏။ သူတစ် ကိုယ်လုံး တွန့်ခနဲ တောင့်တင်းသွားသည်။

သူ့လက်ကို ဆန့်ထုတ်လိုက်ပြီး စမ်းလိုက်သည်။ သုလားထိုင်

www.burmeseclassic.com



တစ်လုံး၏ နောက်မှီကို စမ်းမိ၏။ ကြိမ်ထိုးထားသည့်အကွက်များကို စမ်း သူ သိလိုက်သည်။

ကုလားထိုင်၏ လက်ဝဲဘက်သို့ တိမ်းပြီး လျှောက်လာသည်။ နှင့် တည့်တည့်ဝင်တိုး၏။ မဟုတ်သေးသေးဘူး ညာဘက်ကို ပြောင်း လျှောက်သည်။ သည်တစ်ကြိမ်လည်း နံရံနှင့်ဝင် တိုက်မိပြန်သည်။

ကုလားထိုင်ဆီ ပြန်လာပြီး ထိုင်ချလိုက်သည်။ သူ့အိတ်ကပ် ထဲ နံ့နံ့စပ်စပ် သေချာအောင် ထပ်ရှာပြန်၏။ မလောနဲ့ . . . ၊ စိတ်အေးအေး အနေးနဲ့အမြန် ဆိုသလို တွေတာတော့ တွေ့မှာပဲဟာ သူ့ဘာသာသူ တည်ငြိမ် တွေးတွေးဆဆ လုပ်နေမိ၏။

အခုမှ စဉ်းစားမိသည်။ သူ လာခဲ့စဉ်က သုံးကိုက်လောက် တစ်ဖြောင့်တ လျှောက်လာခဲ့ခြင်းဖြစ်၏။ ပြန်လှည့်သည့် အခါကုလားထိုင်ကို တိုး သောကြောင့် တည့်တည့်လျှောက် နေရာမှ လွဲသွားခြင်းဖြစ်သည်။

တံခါးသည် ကုလားထိုင်၏ ဘယ်ဘက်မှာ ဖြစ်ဖြစ် ၊ ညာဘက် ဖြစ်ဖြစ် ရှိမည်။ သိပ်မဝေး။

ဘယ်ဘက်ကို တစ်ခါသွားကြည့် ၊ မဟုတ်လျှင် ညာဖက်က တွေ့ နောက်တစ်ခါ သွားကြည့်ရုံသာ။ တစ်ဘက်ဘက်မှာတော့ တွေ့မည် သေချာ

ပထမအကြိမ်တွင် သူ ဘယ်ဘယ်သို့ သွားကြည့်သည်။ လမ်းကြ ကျဉ်းကျဉ်းကလေးထဲ ရောက်နေသလို ခံစားရ၏။ လက်များကို ဆန့်ထု ကြည့်လိုက်သည်။ နံရံတွေ . . .။

နောက်တစ်ကြိမ်ပြောင်းပြီး ညာဘက်ကို လျှောက်သည်။ ဘာမှမထူ နံရံကိုသာ ဝင်တိုက်မိပြန်သည်။ သူ စမ်းတဝါးဝါး . . . ။

ထိုအချိန်တွင်

သူ့နောက်ကျောဘက်မှ ရှပ်တိုက်သွားသံတစ်သံကို ရှုတ်ခနဲ ကြားလို ရ၏။

"လင်းနို့များလား"



သူ တွေးသည်။ သူ့နောက်ကျောဘက်မှ ဓာဓာက ကုလားထိုင်သာ ၏။

ဓနီးဖြစ်သူ ရေချယ်သာ သူ့အဖြစ်ကိုမြင်လျှင် ဘယ်လောက် ရယ်လိုက်မလဲ။ ရောက်နေသော မီးခြစ်က တစ်နေရာရာတွင် ရှိမှာသေချာသည်။ သူနှင်းထာ အပေါ်ရုံးအကျီတွေကိုလည်း ရှာသည်။ မတွေ့။ ပြန်ဝတ်လိုက်၏။

နောက်တစ်ကြိမ် တံခါးဆီသွားဖို့ ကြိုးစားရပြန်သည်။ နံရံအတိုင်း လျှောက်သွားမိ၏။ သူ ဒီလိုလုပ်တိုင်း လမ်းကျဉ်း ကလေးထဲ လျှောက်နေ သလိုသာ ဖြစ်နေသည်။

မြုန်းခနဲ . . . .

သူ့မျက်နှာကို တစ်ခုခုက လာထိသလို ခံစားလိုက်ရသောကြောင့် သူလတ်ဖြင့် လှမ်းပုတ်လိုက်၏။

"စိတ်ပျက်စရာ ကောင်းလိုက်တာ . . . ၊ ဒီ အခန်းပျက်ကြီးနဲ့ လင်းနို့တွေနဲ့" သူ့စိတ်ကို သူ တည်ငြိမ်အောင် ပြန်ထိမ်းလိုက်၏။

"ငါ . . ကြောက်ကျနေတာပဲ ၊ မဟုတ်သေးဘူး၊ ဒီလို ထယောင် ချောက်ချား ဖြစ်နေလို့ ဘာမှ အလုပ်ဖြစ်မှာ မဟုတ်ဘူး"

ကုလားထိုင်ဆီ ပြန်ရောက်လာပြန်သည်။

"ဒီတစ်ခေါက်တော့ ဟိုဘက်အခြမ်းကနေ သွားကြည့်မယ်" မထူးဝါ။ အရင်အတိုင်းသာ ထပ်ဖြစ်နေသလို အောက်မေ့မိ၏။ ကုလားထိုင်ဆီသို့ နောက်ပြန်တစ်လှမ်းချင်း လျှောက်လာခဲ့ပြီး ထိုင်ချလိုက်သည်။

အသံခပ်ကျယ်ကျယ် လေချွန်လိုက်သည်။ ဘာသံဝါလိမ့်။ ပွဲတင်သံလား . . . ။ အသံသဲ့သဲ့က တုန်ဟည်းလာ၏။ ကြောက်စရာ့အသံ ကြောက်စရာ . . . ကြောက်တတ်သူ တစ်ယောက်အဖို့ သည်စကားလုံးက မလုံလောက် သေးပါ။

အင်း သည်တစ်ခါတော့ ဘယ်ဘက်ကို ထပ်သွားကြည့် ဦးမှဝါလဲ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



သူ မတ်တတ်ထရပ်လိုက်သည်။ သူ့မျက်နှာကို လေအေး တစ်ချက် ရိုက်ခတ်သွား၏။

"လူရှိလား"

သူတမင် အသံကို သိပ်မမြှင့်ဘဲ မေးလိုက်သည်။ အော်ပြောဖို့ လည်း မလိုအပ်ပါ။

ပြန်ဖြေသံ မကြားရ။

ဖြေမည့်သူလည်း မရှိပါ။

သူစိတ်ကို သေသေချာချာ တည်ငြိမ်အောင်ထားပြီး တွေးလိုက် သည်။ အထဲသို့ ဝင်လာခဲ့စဉ်တုန်းက တည့်တည့်မတ်မတ်ကြီး လျှောက်လာခဲ့သည်မှာ သေချာ၏။ ထို့နောက် . . . နောက်ဘက်သို့ လှည့်သည်။

BURMESE CLASSIC

ဟင့်အင်း . . ရှုပ်နေပြီ။

ထိုအချိန်တွင် ရထားဥသြသံကို သူ ကြားလိုက်ရ၏။ သူ အားတက် သွားသည်။

ဝင်ဒိုဗာမှ အေးလိစ်ဘူရီသို့ သွားသော ရထားက အိမ်ရှေ့ တံခါး ဘယ်ဘက်ခြမ်း အလယ်လောက်ဆီမှ ဖြတ်သွားခြင်း ဖြစ်သည်။

သူ လက်ညှိုးညွှန်လိုက်သည်။ ထိုင်နေရာမှ မတ်တတ် ရပ်လိုက်၏။ ခရေမရာဖြင့် ရှေ့သို့ တိုးလျှောက်ခဲ့သည်။ လမ်းကျဉ်း ကလေးထဲ ရောက်နေ သလို ခံစားရ၏။ နောက်ပြန် လှည့်ပြီး ညာဘက်ကို လျှောက်သည်။

ထိုအခိုက် . . .

သူ့နောက်ဘက်မှ တစ်စုစု လျှောတိုက်သွားသလို ခံစားရ ပြန်သည်။ ကုလားထိုင်နောက်မှီတ ကြိမ်ကွက်များကို လက်ညှိုးဖြင့် ခြစ်လိုက်၏။

"ငါ ဝက်ပါထဲ ရောက်နေတာများလား . . . မဟုတ်ပါဘူး၊ သောက်တလွဲ ဒီနေရာဟာ ကျိန်စာသင့်ခံထားရတဲ့ နေရာပဲ" ကယောင်ချောက်ချားဖြစ်ကာ ရိုက်မိုက်မဲမဲ လုပ်လိုက်မိ၏။ ကျယ်ကျယ်လောင်လောင် အော်ဟစ်လုနီးပါး ဖြစ်သွား သည်။ တံခါးကို ရှာဖို့ သူလုံးဝ မကြိုးစားတော့။



ရှာတွေ့တော့မှာ မဟုတ်ပါဘူး၊ ဗရှာနိုင်တော့ပါဘူး။ အလင်းရောင် ဘာသည်အထိ ကုလားထိုင်ပေါ်တွင် သူထိုင်ချလိုက်သည်။

သူထိုင်နေလိုက်သည်။

တိတ်ဆိတ်လွန်းနေ၏။ သူအိတ်ကပ်ကို နောက်တစ်ကြိမ် ရှာကြည့် ပြန်သည်။ လေချွန်သံ သဲ့သဲ့ကို ကြားနေရသည်။ သူ့ ဘယ်ဘက် တစ်နေရာရာ ဆီမှ . . .။ ထိုလေချွန်သံမှ လွဲ၍ လုံးဝ တိတ်ဆိတ်နေ၏။

အဲဒါ . . . ဘာဖြစ်နိုင်သလဲ . . .။

အစောင့်လည်း မဖြစ်နိုင် . . . ။

သူခေါင်းကို ငုံ့စောင်းပြီး လေချွန်သံကို သေသေချာချာ နားစိုက် ထောင်လိုက်သည်။ လေချွန်သံက လူတွေအများကြီးစုပြီး လေချွန်နေသည့် အသံမျိုး။

အဓိပ္ပါယ်မရှိလိုက်တာ . . .

ကုလားထိုင်က တံခါးနှင့်သုံးလေးကိုက်ထက် ပိုမဝေး။ သေချာသည်။

သူ မတ်တတ်ထရပ်လိုက်၏။ တစ်ခုခုက သူ့ကို ပွတ်တိုက် သွားပြန်သည်။

"ဘယ်သူလဲ"

"ဘယ်သူ လေချွန်တာလဲဟေ့"

"တံခါးဘယ်မှာရှိလဲ"

သွေးပျက်နေသည့် အရူးတစ်ယောက်လို အော်ဟစ်နေသည်။ အပြင်မှာသာ တစ်စုံတစ်ယောက် ရှိလျှင် သူ အော်ဟစ်နေသံကို ကြားသွားပေလိမ့်မည်။

သူ စမ်းတဝါးဝါး ဆက်သွားပြီး နံရံကို စမ်း၏။ သူ ဒီအတိုင်း ဆက်သွားနေပြန်၏။ သူ့ လက်ချောင်းထိပ်များနှင့် လျှောက်စမ်း နေမိသည်။

ထို့နောက် . . . ထွက်ပေါက်ကို တွေ့သွားသည်။

တံခါး . . . တံခါး ဒါ . . . တံခါးပဲ။

သူ့ကိုယ်သူ လမ်းကျဉ်းကလေးအတိုင်း လျှောက်နေမိသည်ကို

www.burmeseclassic.com

www.burmeseclassic.com



သိရသည်။ ချာခနဲလှည့်ပြီး နောက်ပြန်ပြေး၏။ ထို့နောက် . . . သူ သတိရ သွားသည်။

သူ . . . မှတ်ရုံဘူးထဲတွင် မီးခြစ်ဆံကတ်ကို ထားခဲ့မိသည်။

အရှုံးမို့လို့ ဓမ္မရတာလား . . .

သူ့လက်တွေ တုန်နေသောကြောင့် မီးခြစ်ဆံကတ်က လွတ်ကျ သွား၏။

သူ ဒူးထောက် ချလိုက်ပြီး ကြမ်းပြင်ပေါ်တွင် စပ်ပြီးရှာသည်။ ဒါ . . .ဒီနားမှာပဲ . . ဝေးဝေးတော့ ရောက်မသွားနိုင်ဘူး။

သူ့နဖူးပြင်ပေါ်တွင် အေးစက်သော အထိအတွေ့ တစ်ခုက လာထိကပ်လိုက်သလို ခံစားရ၏။ သူရှေ့သို့ အတင်းတိုးပြီး ထိုအထိအတွေ့ကို လိုက်ဖမ်းသည်။

ဘာကိုမှ မမိ။ သူစုန်လိုက်သည်။ သူ့မျက်နှာပေါ်တွင် မျက်ရည်များ စီးကျလာ၏။

"ဘယ်သူလဲ ၊ ငါ့ကို ကယ်ပါ။ ကယ်ပါ"

အော်ဟာစ်ပြီး ပတ်ချာလည် လှည့်ပြေးနေမိသည်။

လက်တွေကို ဆန့်တန်းပြီး လိုက်စမ်း၏။ နောက်ဆုံး သူတစ်ခု တစ်ခုကို တိုက်မိသည်။ ထိုင်ခုံ . . . ဒါ . . . ထိုင်ခုံ

သူ့နောက်မှာ လျှောက်နေသည့် တစ်စုံတစ်ရာက သူ့ကို လာထိ လိုက်၏။ သူအခန်းထဲမှာ အော်ဟာစ်နေမိသည်။

အော်သံက သူ့ဆီကို ကျယ်လောင်စွာ ပဲ့တင်လာပြန်၏။

သူ ချောင်ပိတ်မိနေပြီ။

အမှုစစ်က

"ဒီမှာ . . . မစ္စတာရန့်။ ဟိုအိမ်ကြီးဆီက အော်သံတွေ ကြားရ တယ်လို့ ခင်ဗျား ပြောခဲ့တယ်နော်။ အကျိုးအကြောင်း သိရအောင် ဘာဖြစ်လို့



သွားမကြည့်ရတာလဲ"

"နေဝင်ပြီဆိုရင် အဲဒီအိမ်ကြီးအနားကို ကျွန်တော်တို့ ဘယ်သူမှ သွားရဲကြဘူး"

ဟု မစ္စတာရန့်ဆိုသူ အိမ်နီးချင်းက ဖြေ၏။

"ငါသိပါတယ်၊ ဒီအိမ်ကြီးနဲ့ ပတ်သက်ပြီး ခင်ဗျားတို့ ဒီဝန်းကျင်က အသံတွေ အယူသည်းကြတာကို။ ဒါပေမဲ့ ခင်ဗျား တျူပ်ကို အဖြေမပေး သေးဘူး။ အော်သံကို ကြားနေရတာပဲ။ လူတစ်ယောက်အကူအညီ တောင်းနေတဲ့ အသံ . . .၊ သိသာတယ်များ။ ခင်ဗျား ရှောင်နေမယ့်အစား သွားကြည့်သင့် တောင်းတယ်" အမှုစစ်၏ အမေးကို မစ္စတာရန့်က ပြန်ဖြေသည်။

"နေဝင်ပြီဆိုရင် အဲဒီအိမ်ကြီးအနားကို ကျွန်တော်တို့ ဘယ်သူမှ မသွားရဲကြဘူး"

"ဓွေလည်ကြောင်ပတ် မလုပ်နဲ့များ။ ခင်ဗျားကို ပြောရဦးမယ်။ ဆရာဝန်ရဲ့ တွေ့ရှိချက်အရ မစ္စတာကော့(တ်) ဟာ ဝက်ရူးပြန်တယ်။ ဒါပေမဲ့ အချိန်မီ အကူအညီပေးရင် သူ အသက်ရှင်နိုင်တယ်။ သူ့ကို ကယ်နိုင်မယ်ဆိုတာ သိထားရင် . . ခင်ဗျား ဒီလိုသရဲဘော ကြောင်ကြောင် ရှောင်နေတာမျိုး လုပ်မှာလား"

မစ္စတာရန့်က မြေကြီးကို တွေတွေကြီး စိုက်ကြည့်ပြီး သူ့ဦးထုပ်ကို လက်ချောင်း တလေးများဖြင့် ပင့်ကာ ညှပ်ကိုင်လိုက်ရင်း

"နေဝင်ပြီဆိုရင် အဲဒီအိမ်ကြီးနားကို ကျွန်တော်တို့ ဘယ်သူမှ မသွားရဲကြဘူး" ဟု ထပ်ပြော၏။

* * *

www.burmeseclassic.com